
www.burmeseclassic.com
REAL EVENT CRIME MAGA ZINE
မိုးမင်း
အမြင့်
မဂ္ဂဇင်း
No. 8
AUGUST
2014
BURMESE CLASSIC
ဝါဇီကရကာ အားတိုးဆေး
ပိန်သူ ဝဖြိုး အလုံတိုးမည်။
အင်အားပြည့်စုံ အမောလုံ အားမကုန်နိုင်တဲ့ဆေး။ (အလုပ်ကြမ်းသမားများ၊ အားကစားသမားများ သိသိသာသာ အားတိုးသည်။)
ကိုက်ခဲ ညောင်းညာ အကြောနာကောင်းစွာပျောက်သည်။ (ဒူလာရောဂါ၊ ဗိုးယပ်ရောဂါ၊ အထိုင်များသူများ)
စားကောင်းအိပ်ပျော်သည်။ သီးဝမ်းသွားချောင်းသည်။ မျက်စေ့ကြည်သည်။
ဗိုးယပ်ပိန်၊ ဗိုးယပ်ခြောက် သွေးဆုံးရောဂါပျောက်သည်။
အလုံး / အမှုန့်
နှစ်မျိုးထုတ်သည်။
ဝီပေး ဓေတနာမှုန့်ဆေးဝါးထုတ်လုပ်ရေး
TMR-009604 (D115)
www.burmeseclassic.com

www.burmeseclassic.com

REAL EVENT CRIME MAGAZINE

အမြှင့် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ၊ အတွဲ (၂)၊ အမှတ်စဉ် (၈)

မဂ္ဂဇင်း

★ အယ်ဒီတာချုပ်

အောင်ကျော်ဇော

★ တာဝန်ခံအယ်ဒီတာ

ထက်ထက်ဦးဝေ (B.Sc.Physics)

★ အယ်ဒီတာအဖွဲ့

ဦးရဲလွင် (ရဲဘိုင်အို)

ညှိုမီအောင် (B.A.Myanmar)

အေးအေးဆိုင်

★ ထုတ်ဝေသူ

ဦးအောင်လွင် (၀၄၁၄၅)

★ ပုံနှိပ်သူ

ဦးမြင့်ဦး(၀၁၅၈၃)

သိန်းသန်းဦးပုံနှိပ်တိုက်

၁၁၉/၁၂၁-၃၄လမ်း၊ ရန်ကုန်။

★ မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော်

မင်းထက်နိုင်၊ ရဲသူ (ရန်ကုန်တက္ကသိုလ်)

ဒီဖိုင်း

စည်သူကျော်

ကွန်ပျူတာစာစီ နေမျိုးအောင်

တန်ဖိုး - ၃၀၀ အုပ်ရေ - ၁၀၀၀

**ကံ့ကော်ကျွင်စာပေ**

အမှတ်(၉၇-က)၊ (၃၉)လမ်း၊ ကျောက်တံတား

ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း-၃၈၅၃၆၉၉၊ ၀၉-၄၉၂၉၄၂၁၈

ဆောင်းပါး

- မောင်သိန်းနိုင် -- ၁၃
(စိတ်ကူးယဉ်ကြည့်ရအောင်)

နိုင်ငံတကာသတင်း

ဆောင်းဟေမန် -- ၁၅၁

ဝေဒင်

- သစ္စာမေတ္တာ ဆရာထွန်းလင်းကျော် --၁၅
နက္ခတ်ဗေဒင်လက္ခဏာပညာရှင်

- ထက်ထက်ဦးဝေ --- ၁၈
(တုန်ငွိမ်းမဲ့မေတ္တာရှင်) [အခန်းဆက်ဝတ္ထုရှည်]




www.burmeseclassic.com

www.burmeseclassic.com

## မှုခင်းဝတ္ထု


- မောင်ထည်ဝါ (ပျော်ဘွယ်) --- ၄၀
(မြို့ပတ်ရထားပေါ်မှာပွင့်တဲ့မေတ္တာပန်း)
- ကိုမိုး (ရွှေပြည်သာ) --- ၄၈
(မပြယ်လေသည့် ချစ်ရနံ့ခရေ)
- ရွှေညာမောင်ကြီး (မြစ်ငယ်) --- ၆၂
(ဘကြီးပြောတဲ့လောကသင်ခန်းစာ)
- မောင်ထွန်းညွှန့် (ကွမ်းခြံကုန်း) --- ၆၇
(ကံတူအကျိုးပေး)
- ဆုမွန်ဦး (ဟသ်ာတ) --- ၇၄
(အမှောင်တစ်စက် အမှားတစ်ထောင်)
- သီဟ်ားသန်းအောင် (မြင်းခြံ) --- ၈၄
(သံယောဇဉ်မဲ့အတ္တ)
- အောင်သာကျော် --- ၉၅
(တွယ်ရာမဲ့ပန်းဘဝ)
- ရှင်လွန်းမယ် --- ၁၀၂
(အကြွေပန်းရဲ့ ဒိုင်ယာရီ)
- ခင်ဦး (ပုတီးကုန်း) --- ၁၁၃
(မိန်းမသားလှည့်ကွက်)
- မောင်သာမန် (ဇီးကုန်း) --- ၁၂၂
(အနွမ်းပန်းတစ်ပွင့်၏ရာဇဝင်)
- အောင်ကျော်ဇော --- ၁၃၂
(ငြိုးမာန်ဖွဲ့မိုး)
- သရက်တန်းစိုးရွှေ (မြစ်ငယ်) --- ၁၄၀
(ကျမျက်ရည်လည်းမသုတ်နိုင် မြမျက်ရည်လည်းမဟုတ်နိုင်)








**ကာတွန်း** သူရိန်၊ ပေါက်ကျိုင်း၊

## ကဗျာ

ဆုမွန်ဦး (ဟသ်ာတ)၊ ဒီလူညှ၊ ညီလွမ်းရင့်၊ မောင်ကောင်းတင် (ကျောက်ဆည်)၊ နေယဉ်လှိုင်း (ပျဉ်းမနား)၊ မာန်အောင်မင်းနီ၊ ခိုင်လွမ်းသျှစ် (ပေါက်တော)၊ လမင်းသစ္စာ။

www.burmeseclassic.com

www.burmeseclassic.com

# လူကုန်ကူးမှုပပျောက်ဖို့ အတူတကွ ပူးပေါင်းတိုက်ဖျက်ကြပါစို့

## အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်အကူညီတောင်းပါ။

- ➢ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ (နေပြည်တော်) ၀၆၇-၄၁၂၂၀၁
- ➢ အထူးအဖွဲ့(မြစ်ကြီးနား) ၀၇၄-၂၂၃၃၆
- ➢ အထူးအဖွဲ့(ဗန်းမော်) ၀၇၄-၅၀၁၉၉
- ➢ အထူးအဖွဲ့(လွယ်ဂျယ်) ၀၈၂-၅၂၈၉၀ (မူဆယ်မှတစ်ဆင့်)
- ➢ အထူးအဖွဲ့(မူဆယ်) ၀၈၂-၅၂၈၉၀
- ➢ အထူးအဖွဲ့(လောက်ကိုင်) ၀၈၂-၇၂၀၀၃/၇၂၀၃၆
- ➢ အထူးအဖွဲ့(လားရှိုး) ၀၈၂-၂၃၀၀၇/၀၉၅၂၃၅၉၆၂
- ➢ အထူးအဖွဲ့(တောင်ကြီး) ၀၈၁-၂၀၀၇၆၄/၀၉၅၂၁၄၉၀၇
- ➢ အထူးအဖွဲ့(ကျိုင်းတုံ) ၀၈၄-၂၁၆၃၇/၀၉၅၂၄၂၅၀၄
- ➢ အထူးအဖွဲ့(တာချီလိတ်) ၀၈၄-၅၃၀၂၂
- ➢ အထူးအဖွဲ့(မြဝတီ) ၀၅၈-၅၀၂၆၈
- ➢ အထူးအဖွဲ့(မော်လမြိုင်) ၀၅၇-၂၆၉၈၃
- ➢ အထူးအဖွဲ့(ကော့သောင်း) ၀၅၉-၅၁၉၈၁
- ➢ အထူးအဖွဲ့(မြိတ်) ၀၅၉-၄၁၀၄၁/၄၁၀၀၄
- ➢ အထူးအဖွဲ့(ပုသိမ်) ၀၉၈၅၄၈၀၈၇/၀၉၅၀၁၂၈၁၉
- ➢ အထူးအဖွဲ့(ရန်ကုန်) ၀၁-၂၁၇၅၁၆/၀၉၅၁၂၈၈၂၆
- ➢ အထူးအဖွဲ့(ပဲခူး) ၀၅၂-၂၁၀၃၀/၂၁၂၅၉
- ➢ အထူးအဖွဲ့(စစ်တွေ) ၀၄၃-၂၃၆၂၅
- ➢ အထူးအဖွဲ့(မောင်တော) ၀၄၃-၅၅၀၈၉
- ➢ အထူးအဖွဲ့(ကလေး) ၀၉၄၇၀၇၂၂၀၂
- ➢ အထူးအဖွဲ့(မကွေး) ၀၆၃-၂၃၃၇၄/၂၅၀၁၆
- ➢ အထူးအဖွဲ့(မိတ္ထီလာ) ၀၆၄-၂၄၇၁၄/၂၃၀၅၄
- ➢ အထူးအဖွဲ့(မန္တလေး) ၀၂-၇၃၈၃၀
- ➢ UNIAP ၀၁-၂၅၄၈၅၂/၂၅၄၈၅၃


အထူးအဖွဲ့ - လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



# ဇာတ်မျော



❊ မောဟတောမှာ
လောဘဈေးတွေနဲ့
ဒေါသကတွေ ကိုယ်စီဝေကြ
အနိစ္စဆိုတာလည်းမေ့။

❊ နိစ္စရှုဝ
ချိုမြတဲ့ ပျားရည်စက်
တမ်းမက်စွာ ရှာဖွေရင်း
နှံ့တွင်းနက်တဲ့ဘဝ
ဒုက္ခဆိုတာလည်းမေ့။

❊ အတ္တခါးခါးတွေက
အသွားထက် "ဓားတစ်လက်" လို
အနတ္တဆိုတာလည်းမေ့။

❊ မေ့ခြင်းတွေ မရပ်သမျှ
ဘဝထပ်ထပ် သံသရာ
ခြာခြာလည် ချားရဟတ်
ဇာတ်မျောတွေ မောအောင် 'က' ရလိမ့်။ ။

နေယဉ်လှိုင်



www.burmeseclassic.com

www.burmeseclassic.com



# ဆုံတွေ့ခွင့်



* လွမ်းရတဲ့ရက်တွေ
ရေတွက်ရတာ
မောလှပြီ အချစ်ရေ။
* ပြန်ဆုံနိုင်ဖို့
ဘယ်သူ့ဆီမှာ
ခွင့်တောင်းရမှာလဲ။
* အဝေးတစ်နယ်ဆီမှာ
အလွမ်းတေးတွေ သီကျူး
ရာသီဦးဆိုတာ
ဘာမှန်းတောင်
မသိလိုက်ဘူး။
* အလွမ်းမှူး မှူးနေလို့
အချစ်ဦးနဲ့
တွေ့ချင်လှပြီ။ ။

မောင်ကောင်းတင်
(ကျောက်ဆည်)



www.burmeseclassic.com

www.burmeseclassic.com



# လမ်းပြ

❄ ရင်ထဲက အတိတ်ခါးခါးတွေကို
အန်ထုတ်ပစ်လိုက်တဲ့ခဏ
ဝေါခနဲဆို ရင်ထဲမှာပဲ
ဝေဒနာမိုးတွေ သွန်းဖြိုးခဲ့ပြီးပြီ။

❄ ဒီလိုနဲ့ပဲ
ရက်ကိုလစား လကိုနှစ်စားရင်းနဲ့
နေလာခဲ့ အတီးကျန်လမ်းပေါ်
ကြီးပြင်းခဲ့ ငါ့ဘဝ
လေခြွေရာ တိမ်တွေလို
တွယ်ရာမဲ့ မျောလွင့်ခဲ့ရပြီ။

❄ နေ့ခြေရာ ဘဝကြမ်း
သောကနဲ့ လူဖြစ်လာ
ဒုက္ခကိုပွေ့ဖက်
သံသရာ နွံဆင်းရဲ
ဆွဲထုတ်တဲ့ လက်တစ်ဖက်
ရုတ်တရက်ကိုင်ဆွဲ
ငါတက်ခဲ့တယ်။ ။

ညီလွမ်းရှင်



BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com



# အချစ်နှင့်အပြစ်

* အချစ်တွင်
အပြစ်မမြင်ရင်
ကြာပင်များရဲ့ထိပ်ဖျားက
ဖူးအုံကြီး။

* မချစ်မခင်
အပြစ်မြင်တဲ့အခါ
တမာပင်ထိပ်ဖျားက
ကြက်ဟင်းခါးသီး။

BURMESE CLASSIC

* အချစ်မပါဘဲ
အပြစ်ရှာချင်ရင်
အပ်ထွင်ရှာတစ်ပေါက်
မာရီယာနာချောက်လောက်နက်လို့။

* အချစ်မေတ္တာနဲ့
အပြစ်မရှာတဲ့ မျက်စိထဲမှာတော့
ဝေရတ်တောင်ကုန်းလည်း
ရေသည်မိန်းမရဲ့ ဆံထုံးပမာ
ငယ်သွားတာပဲဗျို့။ ။



မာန်အောင်မင်းနီ



www.burmeseclassic.com

www.burmeseclassic.com

# မှခင်း POINT အမြင်

## နားလည်မှု



* သမုဒ်တစ်ခွင်
ကူး၍နှင်ခိုက်
ရင်လှိုင်းကြီးစွာ
တိုက်ခတ်လာက
အဘယ်မှာ သုခရမည်နည်း။ ။

နိုင်လှမ်းသျှစ်
(ဓါတ်ဗေဒ)




www.burmeseclassic.com

www.burmeseclassic.com



# မညီတဲ့ ပြက္ခဒိန်

❄ ပြုံးရင်းပြုံးရင်း ပြုံပြုံလာတဲ့ အမှိုက်တွေလို
လမ်းကြိုလမ်းကြား အလေလိုက်နေတဲ့ မှတ်ဉာဏ်တွေနဲ့
ငါ့ကိုယ်ငါ ပြန်ငုံ့ကြည့်တော့လည်း
ထင်တာထက် ပိုထူးနေတာကို သောက်ခဲ့မိပြန်
'နားလည်မှု'တဲ့ ဓာတုဆေးဝါးတွေနဲ့
ရောင်းပန်းလှအောင် ပြင်ထားတဲ့ ဟင်းသီးဟင်းရွက်တွေလို
ရေစင်အောင်ဆေးတော့လည်း
ဒီရာသီမှာ
အရောင်လက်တာဆိုလို့
လက်ပွန်းတတီး ဒဏ်ရာနဲ့
ရောင်းတန်းဝင် အမာရွတ်တွေသာ
ငါ့မှာ ရဲရဲနီအောင် ပွင့်အာနေတော့
ဖုန်တထောင်းထောင်းနဲ့
(ငါ့)ရွက်စုတ်ပြက္ခဒိန်မှာ
ရက်ရာဇာကျဲကျဲနဲ့
ပြဿဒါးတွေသာ ခြေရာထပ်ခဲ့။ ။




ဒီလူည



www.burmeseclassic.com

www.burmeseclassic.com



# မိုး

❁ နွားသိုးနဲ့မိုး အစိုးမရတဲ့
မိုးလည်း အစိုးမရ
နွားသိုးလည်း အစိုးမရ
ဟိုင်တောင်မှာ မိုးတစ်မ
သည်မြောက်မှာ မိုးတစ်မ
ကြည့်နေရင်း အံ့ပျ
ခုချက်ချင်းပဲ ရွာပြီးချတော့မလို။

❁ ဒီလိုနဲ့.....
မိုးလေတွေ သူဝင်နှောက်
ဘယ်ဆီရောက်ရင်း ပျောက်လို့သွား
ခဲပုပ်ရောင် တိမ်လွှာတိမ်သားတွေ
မရွာနိုင်တော့ဘူးရယ်လို့
စိတ်နှလုံးကို တုံးတုံးချ
စိတ်ချလက်ချ
နေပစ်တော့မယ်ဆိုမှ
ဩော်.....
ပိုးပိုးပေါက်ပေါက်နဲ့
ဒိုးဒိုးဒေါက်ဒေါက်သည်းလို့ရွာ
မြေကမ္ဘာဟာ စိုးစိုးနစ်
ကြွက်စုတ်တစ်ကောင်ဖြစ်လို့နေ။ ။



ခိုမွန်ဦး([illegible])



www.burmeseclassic.com

www.burmeseclassic.com



# ကျော်ဖက်လို့မရတဲ့ စာမျက်နှာ



❋ အစွယ်ပျောက်ဆို
အရွယ်ထောက်ပြီလေ။
❋ တကယ်လျှောက်ရမည့်လမ်း
ရှယ်ထောက်ဆနေ။
❋ ပကာသန အားကိုးနဲ့ပေါ့
ထာဝရကို ခါးကြားထိုးစေ
မသေဘူး ဒီတစ်သက်။
❋ ခြေတစ်လှမ်းမလှမ်းမှ
နွေလမ်းစပြီပေါ့
ကြမ်းရှုဆက်ဆက်။ ။


**လမင်းသစ္စာ**



www.burmeseclassic.com

www.burmeseclassic.com





## မောင်သိန်းနိုင်

# စိတ်ကူးယဉ်ကြည့်ရအောင်

စိတ်ကူးယဉ်ခြင်းသည် မဖြစ်ပေါ်သေးသည်ကို ဖြစ်ပေါ်သယောင် စိတ်ဖြင့်မှန်းဆပြီး ကြည့်ရှုခြင်းနှင့် ကြံကွဲခြင်းတို့ကို ဖြစ်ပေါ်စေသည်။ လူတိုင်း စိတ်ကူးယဉ်တတ်ကြသည်။ လေယာဉ်၊ ဂစ်တာ၊ စက်ဘီး၊ [illegible]ကယ်၊ အဏုမြူ၊ လျှပ်စစ်မီး စသည်ဖြင့် မရေတွက်နိုင်သော ပစ္စည်းပစ္စယများသည် စိုက်ကူးယဉ်ခြင်းမှ တစိုက်မတ်မတ် ကြိုးစားခြင်းကြောင့် အကောင်အထည်ပေါ်လာခြင်းဖြစ်ပေသည်။

လူငယ်တို့ကလည်း လူငယ်တို့သဘာဝအတိုင်း စိတ်ကူးယဉ်ကြသည်။ လူကြီးများလည်း စိတ်ကူးယဉ်ကြသည်။ စိတ်ကူးယဉ်ပြီး အကောင်အထည်ဖော်ကြရာတွင် လောကကြီးအတွက် ကောင်းကျိုးများစွာဖြစ်ပေါ်ခဲ့သလို ဆိုးကျိုးများလည်း ဖြစ်ပေါ်ခဲ့သည်ကို လူတိုင်းအသိဖြစ်သည်။ ထိုထိုသော စိတ်ကူးယဉ်မှုများကို မည်သူမျှ ဝင်ရောက်တားဆီးပိုင်ခွင့်နှင့် တားဆီးနိုင်ခြင်းမရှိ။ လူတိုင်းလူတိုင်း လွတ်လပ်စွာ စိတ်ကူးယဉ်နိုင်ခွင့်ရှိသည်။ သို့သော် အရာရာတိုင်းကိုတော့ မဆိုလို။ ဥပမာဖြင့် ပြဆိုရပါလျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆/၅၁၁ ဆိုလျှင် မုဒိမ်းကျင့်ရန် ကြံစည်မှုဟု ဆိုနိုင်သည်။ စိတ်ကူးယဉ်ရာမှ စတင်ခြင်းဖြစ်သည်။ စိတ်ကူးယဉ်လွန်သွားပြီး ထိုစိတ်ကူးကို အကောင်အထည်ဖော်လိုက်သည်နှင့် မိမိရည်မှန်းထားသည့် အဆင့်ပင်မရောက်မီ ဆိုးကျိုးအဖြစ် ပြစ်မှုတစ်ခုကို ကျူးလွန်မိလျက်သားဖြစ်နေတော့သည်။ သို့ဖြစ်၍ စိတ်ကူးယဉ်ခြင်းသည် ကောင်းကျိုးကိုသော်လည်းကောင်း၊ ဆိုးကျိုးကိုသော်လည်းကောင်း ဖြစ်ပေါ်စေ

www.burmeseclassic.com

တတ်ကြောင်း ကနဦးက တင်ပြခဲ့ခြင်းဖြစ်သည်။

ယခုလည်း လွတ်လွတ်လပ်လပ် စိတ်ကူးယဉ်ကြည့်မိသည်။ ကျွန်တော်သည် ချဲထီလောင်းကစားခြင်းနှင့် ဖဲရိုက်ခြင်းကို လွန်စွာဝါသနာပါသူဖြစ်သည်။ လချီပြီး ဂဏန်းတစ်လုံးကို မွေးထိုးခဲ့သည်။ ထောင်မြင်ရာစွန့်လုပ်ငန်းဖြစ်သည်။ ရလိုက်လျှင်လည်း အချိုကြီး။ ဘဝတစ်ဆစ်ချိုးပင် ပြောင်းလဲနိုင်သည်။ ဖဲကိုလည်း ကောင်းကောင်းကစားတတ်သည်။ မျက်လှည့်ဆရာ ဖဲချပ်ကိုင်တာလောက်တော့ ပျင်းသည်ဟုပြောရမည်။ ကျွန်တော် ဖဲရိုက်တိုင်းနိုင်သည်။ လောဘသတ်ပြီး အနိုင်နှင့်ပိုင်းပြီးထနိုင်သည်။ ချဲထီကိုလည်းတွက်ချက်ပြီး မကြာခဏပေါက်လေ့ရှိသဖြင့် ရပ်ကွက်အတွင်း ဆရာတစ်ဆူဖြစ်နေသည်။ ဖြစ်ချင်တော့ ကျွန်တော် သဲသဲမဲမဲ လိုက်ထားသည့် ဂဏန်းပါသည့် အပတ်မှ ကျွန်တော်ထိုးထားသည့် ချဲဒိုင်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လာဖမ်းသွားကြသည်။ ကျွန်တော် အရှုံးမီးပိုင်းဖြစ်ရသည်။ ရှိတာပုံအောထားသည့်

အမှန်တော့သူတို့လူ့အခွင့်အရေးကို
ချိုးဖောက်နေကြသည်ဟု
ကျွန်တော်ထင်လာမိသည်။
အဘယ်ကြောင့်ဆိုသော်
ကျွန်တော့်လွတ်လပ်ခွင့်ကို သူတို့
လိုက်ပြီးနှောင့်ယှက်နေကြပြီလေ။
သည်အဖွဲ့ကို
တော်တော်ကြည့်မရဖြစ်ခဲ့သည်။
ပွဲလမ်းသဘင်ဆိုလည်း သူတို့က ......

အပိုင်ရထားသည့် ဂဏန်းဖြစ်သည်။

ဖမ်းဆီးခဲ့ကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို စိတ်နာသည်။ ကျွန်တော် ပြည်သူတစ်ယောက်ဖြစ်သည်။ ပြည်သူတစ်ယောက် ချမ်းသာမယ့်ဆဲဆဲအချိန်မှ ရွှေးပြီးလုပ်ရက်ကြသည်။ ဖဲရိုက်ပြီး ငွေပြန်ရာရပြန်သည်။ အကုသိုလ်သည် တစ်ခွေလုံးတစ်မျိုးလုံးများ လာလေသလားမသိ။ ကျွန်တော်အပါအဝင် ရောင်းရင်းငါးယောက် အဖမ်းခံရသည်။ လွန်လာပြီ။ နည်းနည်းတော့များလာပြီဟု ခံစားရသည်။ ကျွန်တော့်ကို ပစ်မှတ်ထားပြီး စောင့်ကြည့်အပြစ်ရှာနေသူများဖြစ်သည်။ ကျွန်တော် လုပ်စားကိုင်စားမကောင်းအောင် သူတို့လုပ်နေကြသည်။

အမှန်တော့ သူတို့ လူ့အခွင့်အရေးကို ချိုးဖောက်နေကြသည်ဟု ကျွန်တော်ထင်လာမိသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော့်လွတ်လပ်ခွင့်ကို သူတို့လိုက်ပြီးနှောင့်ယှက်နေကြပြီလေ။ သည်အဖွဲ့ကို တော်တော်ကြည့်မရဖြစ်ခဲ့သည်။ ပွဲလမ်းသဘင်ဆိုလည်း သူတို့က ယူနီဖောင်းတွေ ကားယားကားယား လူတွင်ကျယ်လုပ်ကြသည်။ သည်နားမလာနဲ့၊ ဟိုနားမလာနဲ့၊ မကပါနဲ့၊ မရပ်ပါနဲ့၊ ဟိုဘက်တိုးပါ၊ သည်ဘက်တိုးပါနှင့် တော်တော်မုန်းဖို့ကောင်းတဲ့လူတွေ။ သူတို့ကရော ပြည်သူထဲကလာကြတာ မဟုတ်သလိုပဲ။ သူများပျော်တာ မနာလိုမရှုဆိတ်ဖြစ်နေပုံရတယ်။

ရှိသေးတယ်။ ဆိုင်ကယ်စီး စီးပြန်ပြီ။ လမ်းကူးတာလည်း သူတို့က ဖမ်းလိုက်ပြန်တာပဲ။ ကျွန်တော့်ကို မဲနေပုံရပါတယ်။ ဘယ်လောက်ဆိုးလဲဆိုရင် ကျွန်တော် မကြာမကြာသွားသောက်တဲ့ အရက်ဆိုင်ကလိုင်စင်မဲ့ဆိုပြီးဖမ်းတယ်။ မရှိဆင်းရဲသားပဲဗျာ။ လိုင်စင်ဘယ်လုပ်နိုင်မှာလဲ။ လိုင်စင်မလုပ်နိုင်လို့ မလုပ်တာကို သူတို့က ကူညီပေးရမယ့်အစား ဖမ်းလိုက်ဆီးလိုက်တာမှဗျာ။ ကြားလို့မကောင်းဘူး အကြောင်



www.burmeseclassic.com

www.burmeseclassic.com



ပြချက်ကလည်း ကောင်းပါ့။

ရန်ဖြစ်လို့ဖမ်းတာ၊ လိုင်စင်မရှိလို့ဖမ်းတာ၊ ဆူညံနေလို့ဖမ်းတာ၊ အချိန်ကျော်ပြီးဖွင့်လို့ဖမ်းတာနဲ့ စုံနေတာပါပဲ။ သူတို့ကရော ဘာတွေကူညီလို့လဲ။ ဘယ်သူ့ကို ဘယ်လောက်ချကျွေးနေလို့လဲ။ ဖမ်းမယ်ဆီးမယ် ချည်းပဲ။

ဒါနဲ့ ကျွန်တော် အချုပ်ကလွတ်တော့ သူတို့ကို စိတ်နာနာနဲ့ ဖဲလည်းမရိုက်တော့ဘူး၊ ချဲလည်းမထိုးတော့ဘူး။ သူတို့ကိုလိုက်ကြည့်ပြီး မှားကွက်လိုက်ရှာတဲ့အလုပ်ကိုပဲ လုပ်တော့တယ်။ အိပ်လို့လည်းကောင်းကောင်းမရဘူး။ စားလို့လည်း ကောင်းကောင်းမဝင်ဘူး။ စိတ်နာကြည်းနေပုံက နိုင်းလောက်ရောက်နေတယ်။ ဒါနဲ့ ရဲတွေမရှိရင် ကောင်းမှာပဲလို့ စိတ်ကူးယဉ်ရင်း အိပ်ပျော်သွားပါရောဗျာ။

ပျော်လိုက်တာဗျာ။ ကျွန်တော်ရောက်သွားတဲ့ နိုင်ငံတစ်နိုင်ငံမှာ ရဲလုံးဝမရှိဘူးဗျ။ အံ့ရော။ လူရှုပ်တွေကို မြင်ချင်လို့တောင် မမြင်ရဘူး။ အဲဒီကလူတွေကလည်း လွတ်လပ်ပျော်ပါးကြသလားမမေးနဲ့။ ကြိုက်သလိုဝတ်၊ ဘယ်သူမှ ဘာမှမပြောဘူး။ ပြောမယ့်လူမရှိဘူး။ ကျွန်တော်က လွတ်လပ်မှုကို သိပ်ခုံမင်တဲ့လူဆိုတော့ သူတို့ကိုအားကျပြီး လိုက်ကြည့်တာပေါ့ဗျာ။ ဟိုမှာလို ကားကိုဖမ်းလိုက်၊ ဆိုင်ကယ်ကိုဖမ်းလိုက် မဟုတ်ဘူး။ စိတ်ကြိုက်စီး၊ ကြိုက်သလိုစီး၊ ဖမ်းမယ့်ရဲမှမရှိတာ။ ဘယ်လောက်ကောင်းလဲ။ ဒါမျိုးကိုကြိုက်တာ။ သည့်လိုနဲ့ လမ်းဘေးမှာ လွတ်လွတ်လပ်လပ်ချရောင်းတဲ့အရက်ဆိုင်ကို ကျွန်တော် လွတ်လွတ်လပ်လပ်ကြီးကို ဝင်သောက်ပစ်လိုက်တယ်။ အဲဒီကလူတွေကလည်းဗျာ လွတ်လပ်သလားမမေးနဲ့။ အချင်းချင်းအခန့်မသင့်လို့ ရိုက်ကြပုတ်ကြလည်း အရိုက်ခံရတဲ့သူက နေရာတင် ပွဲချင်းပြီးပဲ။ ရိုက်တဲ့သူတွေကလည်း ဘာမှမဟုတ်လိုက်သလို ပျော်ပျော်ပါးပါး အရက်ဆက်



သောက်နေလေရဲ့။ ဘယ်လောက်ကောင်းလိုက်လဲဗျာ။ စဉ်းစားသာကြည့်ပေတော့။

ဟိုမှာဆို သူတို့ကားယားကားယားနဲ့ ရောက်လာကြမှာမြင်ယောင်ပြီး တစ်ယောက်တည်း ပြုံးမိတယ်။ ကျွန်တော် တစ်ယောက်တည်းပြုံးလိုက်တာကို ကျွန်တော့်ရှေ့တည့်တည့်စားပွဲမှာထိုင်နေတဲ့လူက ဘာမပြောညာမပြောနဲ့ ကျွန်တော့်ပါးကို ဘယ်ပြန်ညာပြန်ရိုက်ရောဗျာ။ ကျွန်တော် ပြန်ရှင်းပြချိန်ကိုမရှိဘူး။ ဘေးကလူတွေကလည်း မမြင်သလိုနေကြတယ်။ သည်လူက ရိုက်လို့အားရမှ သူ့စားပွဲကို ပြန်ထိုင်ပြီး သူ့အရက်သူဆက်သောက်တယ်ဗျာ။ ကျွန်တော်လည်း လွတ်လွတ်လပ်လပ်ပဲ သည်နေရာက ထွက်ခွာလိုက်တယ်။

လမ်းပေါ် ငိုက်စိုက်နဲ့တွေးရင်း လျှောက်လာလိုက်တာ ကျွန်တော် အတွေးလွန်သွားပုံရပါတယ်။ တော်တော်မြန်တဲ့ ကားတစ်စီးကို မမြင်လိုက်ရဘူး။ ကံသီလို့ပေါ့။ ပွတ်ကာသီကာလေး လွတ်သွားတယ်။ ကားသမားလည်း အပြစ်ပြောလို့မရဘူးလေ။ သူ့အဒိုပ်ကိစ္စက သေရေးရှင်ရေး ဖြစ်ကောင်းဖြစ်နေမှာပေါ့။

www.burmeseclassic.com



ကျွန်တော်က အကောင်းမြင်ဝါဒသမားလေ။ လမ်းဆက်လျှောက်ရင်း ဖဲဝိုင်းတစ်ဝိုင်းတွေ့တော့ ကျွန်တော် ထိန်းထားသမျှ မနေနိုင်တော့ဘူး။ ပါတဲ့ပိုက်ဆံနဲ့ ဝင်ကစားလိုက်တာ နိုင်ပါလေရောဗျာ။ အဲဒီကလူတွေက ကျွန်တော့်လောက်မှ မတော်ကြတာပဲ။ ဘုံ၊ စံအတိုင်း အနိုင်ပိုင်းပြီး ဝိုင်းကထတာပေါ့။ ဒိုင်သုပ်တဲ့ ငနဲက ထအော်ပါလေရော။ သူလည်းအော်ရော. ကျန် တဲ့လူတွေက ကျွန်တော့်ကို ဝိုင်းသိပ်လိုက်ကြတာဗျာ။ ကျွန်တော်ထင်ပါတယ်။ သူတို့က ကျွန်တော့်ဆီက ပညာတွေယူချင်ပုံရတယ်။ ကျွန်တော်နဲ့ကစားရတာကို ဂုဏ်ယူနေကြပုံပေါ်တယ်။ ကျွန်တော်က ထုံးစံအတိုင်း လောဘသတ်ပြီးထလိုက်တော့ ဝိုင်းပျက်သွားပြီပေါ့။ သူတို့စိတ်ဆိုးမယ်ဆိုလည်း ဆိုးချင်စရာပါ။

အာလူး၊ ဘူးသီးတွေနဲ့ ဖုတ်ဖက်ခါထပြီး ကျေကျေနပ်နပ်ပါပဲ။ လမ်းဆက်လျှောက်မယ်သီချင်းလေးညည်းပြီး လျှောက်ခဲ့တယ်။ လမ်းလယ်မှာဗျာ။ ကပွဲတစ်ခုကို လူတစ်စုက လွတ်လွတ်လပ်လပ် ကျင်းပနေလိုက်တာ။ ပျော်စရာကြီး။ ဘယ်ရမလဲ။ ကျွန်တော်လည်း ဝင်နွှဲတာပေါ့။ ပျော်သလားမမေးနဲ့။ ကံကောင်းချင်တော့ အဲဒီမှာတွဲကတဲ့ အလှနတ်သမီးလေးနဲ့ ငြိသွားတယ်ဗျာ။ သူ့အိမ်လိုက်နေပြီး စားလိုက်၊သောက်လိုက်၊ ပျော်လိုက်ပါးလိုက်နဲ့။ သူကလည်း ကျွန်တော့်ကို ချစ်သလားမမေးနဲ့။ ဘာမှကို ချုပ်ချယ်တာမရှိဘူး။ ကျွန်တော် ညဥ့်နက်သန်းခေါင်မှ ပြန်လာလည်းမပြောဘူး။ တစ်ည ကျွန်တော် အပြင်ကနေ အိမ်ပြန်တာ စောသွားတယ်ထင်တယ်။ အလှနတ်သမီးလေးအိမ်မှာမတွေ့ဘူး။ ညတိုင်း ကျွန်တော်ကပဲ အိမ်ပြန်နောက်ကျလေ့ရှိတာကိုး။ တစ်ခါတလေလည်း သူ့အလှည့်ပေးရမှာပေါ့လို့ မျှမျှတတ တွေးလိုက်ပါတယ်လေ။ နှစ်ရက်သုံးရက်လောက်ကြာတော့ အလှနတ်



သမီးလေး ပေါ့ပါးလွတ်လပ်စွာ အိမ်ပြန်ရောက်လာတယ်။ သူ့ကိုကြည့်ရတာ ဘာမှမဟုတ်သလိုဘဲ။

မနေနိုင်လို့မေးကြည့်တော့ ဘော်ဘီနောက်လိုက်သွားရတာ ပျော်ရသလားမမေးနဲ့တဲ့။ အိမ်ကမွေ့ရာထက်တောင် သားနားသေးဆိုပဲ။ တော်တော်အဆင့်အတန်းမြင့်တဲ့မိတ်ဆွေပဲလို့ ကျွန်တော်တွေးမိတယ်။ တော်ရုံလူကို အကောင်းစားမွေ့ရာနဲ့ ဘယ်သိပ်ပါ့မလဲ။ ကိုယ့်နတ်သမီးလေး ရေမိုးချိုးနေတုန်း သန့်သန့်ပြန့်ပြန့်လူတစ်ယောက် အကောင်းစားဝတ်စုံနဲ့ အိမ်ပေါ်တက်လာတယ်။ ကိုရွှေဘော်ဘီဖြစ်မယ်ထင်တယ်။ ထင်တဲ့အတိုင်းပါပဲ။ မရွှေချောကအထွက် ကိုရွှေဘော်ဘီကအရောက်။ ရုပ်ရှင်ကားထဲကအတိုင်းပဲဗျာ။ ကျွန်တော်က ကိုရွှေဘော်ဘီရဲ့ပခုံးကိုဆွဲပြီး ထိုးဖို့ပြင်တုန်းရှိသေး။ ကိုရွှေဘော်ဘီရဲ့ လက်သီးတွေကနှင်းကျသလိုပဲ။ မိုးကျတာကမှ မြင်ရသေး။ နောက်ဆုံးမြင်လိုက်ရတာက သူတို့ ခါးဖက်ပြီး အခန်းထဲဝင်

www.burmeseclassic.com



သွားကြလေရဲ့။ အာလူးဘူးသီးတင် မကတော့ဘူး။ ဂလက်ဆီတို့၊ ဘလက်ဟိုးတို့နဲ့ပါ ရင်းနှီးသွားပြီးတဲ့နောက် မရွှေချောက တစ်ဖက်က အတွေးအခေါ်နိမ့်ရင် ဆက်စပ်လို့ မဖြစ်နိုင်ဘူးဆိုတဲ့စကားနဲ့ စိမ်းစိမ်းကြည့်ပြီးပြောတာကို လမ်းတစ်လျှောက်မှာ ပြန်လည်ကြားယောင်နေတယ်။

အကြံတစ်ခုရတာနဲ့ အားကိုးရှာကြည့်မယ်ဆိုပြီး ဟိုဝင်သည်ထွက် နည်းနည်းလုပ်လိုက်တယ်။ များများလေး စပ်စုကြည့်လိုက်တယ်။ ဘယ်သူမှ အဖက်မလုပ်ကြပါလား။ ဒါနဲ့ သူတို့အခက်အခဲဖြစ်ရင် ဘယ်လိုဖြေရှင်းကြမလဲဆိုပြီး စူးစမ်းကြည့်တယ်။ ကိုယ်နိုင်လောက်မယ့် ဝတီတစ်ကောင်ကိုဆွဲပြီး လမ်းပေါ်ကိုင်ပေါက်ပစ်လိုက်တယ်။ ကိုယ့်လူလည်း လမ်းပေါ်မှာ ကိုးရိုးကားရားနဲ့ပေါ့။ ဖြတ်သွားဖြတ်လာတွေက လှည့်တောင်မကြည့်ကြဘူး။ ကလေးတစ်သိုက်က လက်ခုပ်တီးပြီးဝိုင်းကြည့်နေကြတယ်။ ကလေးတစ်ယောက်က ဓားတစ်ချောင်းလာပေးတယ်။ လည်ပင်းကို သူ့လက်နဲ့ ရစ်ပြတယ်။ လက်ထဲတော့ ဓားရပြီ။ ဘာလုပ် ရမှန်းမသိဖြစ်နေတုန်း ကလေးတွေက ခဲနဲ့ဝိုင်းပေါက်လို့ လွတ်ရာကျွတ်ရာကို သုတ်ခြေတင်ခဲ့ရပြန်တယ်။ ပြေးရင်းနဲ့ မျက်နှာချင်းဆိုင်က အရှိန်ပြင်းပြင်းနဲ့ကားကို သတိထားလိုက်မိချိန်မှာပဲ ကိုယ့်ရဲ့အသံကို ကိုယ်နောက်ဆုံးကြားလိုက်ရတော့တယ်။

ကျွန်တော့်ကို ဝိုင်းကြည့်နေသူတွေရဲ့ မျက်လုံးတွေထဲမှာ စိတ်မကောင်းခြင်း၊ စာနာခြင်း၊ စိုးရိမ်ခြင်းတွေကိုတွေ့ရတော့ တော်တော်ပဲ အံ့သြမိပါတယ်။ "သက်သောင့်သက်သာရှိရဲ့လား သားလေး"ဆိုတဲ့ အသံကြားမှ အာရုံကို စုစည်းမိချိန်မှပဲ ကျွန်တော်က မျက်နှာကြက်အဖြူနဲ့ အဆောက်အအုံထဲ ရောက်နေတာကိုး။

ကျွန်တော့်ဘေးက တစ်ယောက်တစ်ပေါက်ပြောဆိုနေကြတဲ့ လူသံတွေကို ကြားနေပေမယ့် ဟိုကနေ သည်ကို ဘယ်လိုပြန်ရောက်လာတာလဲ။ အခုက ဟိုမှာပဲလား၊ သည်မှာလား။ မျက်ဆန်လည်ပြီး စဉ်းစားနေချိန် တင်ပါးမှာ စူးခနဲခံစားလိုက်ရပြီး ဟိုကိုပြန်ရောက်သွားတော့တယ်။

ဟာ.....ရောက်လာပြန်ပြီလားဆိုပြီး ကျွန်တော့်ကိုပဲ မဲပြီးဝိုင်းလိုက်နေကြတယ်။ ဘာအပြိုးမှမရှိပါဘဲ ဘာလို့ ဉပဒေမဲ့ ရက်စက်နေကြတာလဲ။ မင်းမဲ့စရိုက်ဆန်လိုက်ကြတာ။ ကျောက်ခေတ်လူသားတွေလား ထင်ရရဲ့။ ပြေးရင်းပြေးရင်းနဲ့ ပြေးလမ်းက ပိတ်သွားပြီ။ ဝိုင်းရိုက်မယ့်လူတွေကလည်း နီးလာပြီ။ ရဲစခန်းကို အကြောင်းကြားမှပဲဆိုပြီး ဖုန်းကိုအော်ပြီးခေါ်လိုက်ပါတယ်။

"သတိရလာပြန်ပြီ"လို့ ပြောသံကြားရပြန်ရော။ ဟိုမှာပြေးနေရတယ်။ သည်ကိုပြန်ရောက်တော့ အိပ်ရာထဲမှာ။ ဘာတွေလဲ။ သူတို့ပြောဆိုနေတဲ့အထဲက နောက်ဆုံးကြားလိုက်ရတဲ့စကားက အကြီးအကျယ် စိတ်လှုပ်ရှားသွားခဲ့တယ်။

"ငှက်ဖျားပိုးက သိပ်ကြောက်ဖို့ကောင်းတာ၊ ခင်ဗျားတို့ကောင်းလို့ ဒီကလေး အသက်ရှင်တာ၊ လူ့အခွင့်အရေးမှာ အသက်ရှင်ရပ်တည်နိုင်ရေးပဲ"

ကျွန်တော့်စိတ်ရဲ့ ဖြစ်စဉ်တွေကို ပြန်လည်နေကောင်းလာမှ ဆန်းစစ်မိတော့တယ်။ စိတ်ကူးနဲ့ ရဲကိုဖယ်ကြည့်မိတာကိုး။ စိတ်ကူးယဉ်ခြင်းသည် မဖြစ်ပေါ်သေးသည်ကို ဖြစ်ပေါ်သယောင် စိတ်ဖြင့်မှန်းဆပြီး ကြည်နူးခြင်းနှင့် ကြေကွဲခြင်းတို့ကို ဖြစ်ပေါ်စေသည်။ စိတ်ကူးနဲ့သေဆုံးကြည့်ဖို့ပဲ ကျန်တော့သည်ဟုတွေးရင်း။ ။

**မောင်သိန်းနိုင်**

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





## တုန့်ိင်းမဲ့မေတ္တာရှင် အခန်းဆက်ဝတ္ထုရှည် (ယခင်လမှအဆက်)

ထက်ထက်ဦးဝေ

ခင်ဝေမှာ ငယ်သော်လည်း သွက်လက်၏။ စီးပွားရေးကို နားလည်ပြီး လာဘ်မြင်၏။ ထို့ကြောင့်လည်း မိခင်၏ လက်ကသုံးတောင်ဝှေးသဖွယ် အားကိုးနေရခြင်းပင်ဖြစ်သည်။

"ဖိုးထူး သူကဘယ်သူလဲ"

ဖိုးထူးနှင့်အတူပါလာသူကို ကြည့်ပြီး ခင်ဝေက မေးလိုက်၏။

"ကျွန်တော့်သူငယ်ချင်းပါ အစ်မ၊ သူ့နာမည်က သံချောင်းပါ၊ သူကလည်း ကျွန်တော့်လိုအကြော်ရောင်းချင်လို့ ခေါ်လာတာပါ"

ခင်ဝေက သံချောင်းကို သေသေချာချာ အကဲခတ်လေ့လာလိုက်၏။

"နေပါဦး၊ သူ့အိမ်ကရော သဘောတူလို့လား ဖိုးထူး"

"သံချောင်းက အဘွားနဲ့နေရတာပါ အစ်မ၊ ဆင်းရဲပါတယ်၊ ကျောင်းပိတ်တုန်း ဝင်ငွေရအောင်



ရှာပြီး အဘွားကိုကျွေးချင်လို့တဲ့၊ ဒါ ကြောင့်ပါ"

ဘဝသမားချည်း လာစုနေကြသည်ဟု ဆိုရပေမည်။ အထူးသဖြင့် သံချောင်းမှာ ကိုယ့်လုပ်အားဖြင့် ရှာဖွေကျွေးမွေးချင်စိတ်လေးရှိသူဖြစ်သောကြောင့် လေးစားမိ၏။

"အေးလေ၊ ဒါဆိုလည်း လုပ်ပေါ့"

သည့်နောက် ကလေးများကို စုစည်းပြီး ဖောက်သည်လုပ်၍ ရောင်းခိုင်းသဖြင့် အမြတ်များများ ကျန်လာတော့သည်။ မနက်ပိုင်းတွင် စောစောထ၍ အကြော်ကြော်ရာတွင်လည်း ခင်ဝေမှာ ဝီရိယ ကောင်းလှသည်။ အလုပ်တွင် လောဘရှိသည်က ဘဝတွင် တိုးတက်ရန် အခွင့်ကောင်းတစ်ရပ်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

"အစ်မခင်ဝေ၊ ကျွန်တော်က မီးထိုးပေးမယ်၊ ဟော့.....သံချောင်း မင်းက ထင်းခွဲလိုက်"

နံနက်ခင်းစောစောတွင် အကြော်ဆိုင်လေးမှာ ဖောက်သည်များနှင့် စည်ကားနေကြ၏။ ပိုင်းဝန်းကူညီသူများကြောင့် ဒေါ်ကျော့မေပင် လုပ်စရာအလုပ် မရှိတော့ပေ။

"အေးမိန့် ဖြူမက အစ်မနဲ့ ကူလိုက်ကြ၊ အဘွားက ဘာမှ မလုပ်ပါနဲ့၊ သားတို့ရှိပါတယ်ဗျာ"

"ဟုတ်ပါတယ်၊ အဘွားကို ဩော်မယ်၊ ဒီမှာပဲထိုင်နေပါ"

"အစ်မခင်ဝေကို သမီးတို့ကူ ညီပါ့မယ်၊ စိတ်ချပါ အဘွား"

ကလေးများမှာ တစ်ယောက်တစ်လက် လုပ်နေကြ၍ ဒေါ်ကျော့မေအတွက် စိတ်ချမ်းသာစရာဖြစ်ခဲ့ရ၏။ အကြော်သည်ဘဝ သုံးနှစ်အတွင်းတွင် အကြော်ဆိုင်လေးမှာ



ရောင်းအားတက်လာခဲ့၏။ လူသိများလာသည့်အပြင် သူတို့သားအမိမှာ ဆက်ဆံရေးကောင်းမွန်သဖြင့် ရပ်ကွက်ထဲမှ အားပေးမှုကို ရရှိခဲ့သည်။

"ခင်ဝေလေးက သိပ်တော်တယ်၊ သူ့ခမျာ အကြော်ကြော်လိုက်၊ ဈေးရောင်းလိုက်၊ ဈေးပြေးလိုက်နဲ့၊ ဖင်လည်းပေါ့တယ်ကွယ်၊ သူရှိနေတော့ အမေသက်သာတာပေါ့"

ဒေါ်ကျော့မေက မုန့်ကြိတ်ရန် ဆန်ကွဲများကို ပြာနေရာမှ ခင်ဝေမရှိခိုက် ချီးကျူးစကားပြောလိုက်သည်။ ယဉ်မေမှာ စက်ချုပ်ဆိုင်သွားရန် သနပ်ခါးသွေးနေ၏။ ခင်ဝေကို ချီးကျူးနေသည့် မိခင်၏စကားကြောင့် မကျေမနပ်ဖြစ်မိရ၏။ ယဉ်မေကို ခင်ဝေလောက် အားမကိုးရဘူးဟူသည့် သဘောမျိုး သက်ရောက်နေသော မိခင်ဖြစ်သူ၏အပြောကို မကျေနပ်မိပေ။

"သူ့သူငယ်ချင်းက ဖိုးထူးတို့တစ်သိုက်ပေါ့ကွယ်၊ ထင်းခွဲ၊ ရေခပ်၊ မီးမွှေး၊ ဘူးသီးလှီး၊ အကြော်ဆယ်ကြနဲ့၊ အကြော်ရောင်းတမ်းကစားနေကြသလား အောက်မေ့ရတယ်၊ အင်း..ခင်ဝေလေး လာဘ်မြင်တတ်မှုကြောင့် အကြော်က အမြတ်တော်တော်ကျန်တယ်၊ ဒီကောင်မလေးဟာ စီးပွားရေးအကွက်မြင်တတ်သားပဲ"

ယဉ်မေမှာ မခံနိုင်သည့်အဆုံး မိခင်ဖြစ်သူ ကြားသိစေရန် အော်ပြောလိုက်မိ၏။

"သိပါတယ်နော်၊ သိပါတယ် အမေက ယဉ်မေထက် ခင်ဝေကို ပိုချစ်နေတယ်မဟုတ်လား"

မိခင်ထံတွင် အံ့အားသင့်



www.burmeseclassic.com

www.burmeseclassic.com

သည့် မျက်ဝန်းမျိုးကို တွေ့လိုက်ရသည်။ သို့သော် ပြောစရာစကားများကို ယဉ်မေက ရင်ထဲတွင် အောင့်အည်းမထားနိုင်အောင်ဖြစ်ခဲ့ရ၏။

"ယဉ်မေလည်း စက်ချုပ်ဆိုင်ဖွင့်ရင် အမေ့ကို ဒီ့ထက်စိတ်ချမ်းသာအောင် ထားနိုင်မှာပါနော်"

မခံချင်စိတ်ဖြင့် ပြန်ပြောမိရာ မိခင်ဖြစ်သူမှာ သူမ၏သွားများပေါ်သည်အထိ ပြုံးပြလိုက်မိသည်။

"အေးလေ၊ ကြည့်ရသေးတာပေါ့အေ"

မိခင်၏အပြုံးသည် ယဉ်မေကို ပြက်ရယ်ပြုနေသလိုမျိုးဖြင့် ယုံကြည်မှုမရှိသည့်ပုံကို တွေ့လိုက်ရ၏။ သူမတွင် လက်ဆုပ်လက်ကိုင်ပြစရာ ပိုင်ပိုင်နိုင်နိုင် မရှိသေးသည့်အတွက် 'စောင့်ကြည့်ပေါ့'ဟူသည့် စကားကို ရင်တွင်းမှပင် ထပ်ခါတလဲလဲပြောနေမိပြီး ကြုံးဝါးထားလိုက်မိ၏။

ယဉ်မေမှာ စိတ်ဆိုးဆိုးဖြင့် မိခင်ကို နှုတ်မဆက်ဘဲ စက်ချုပ်ဆိုင်သို့ ထွက်လာခဲ့သည်။ အပျိုကြီးမစန်းမြ၏ စက်ချုပ်ဆိုင်လေးတွင် ယဉ်မေက အောက်ခြေသိမ်းအကုန်လုပ်ခဲ့ရသည်။ လက်ချုပ်ပညာကို အရင်သင်ပေးပြီး သူ့ဆိုင်မှ အပ်ထည်များကို ခါးချည့်လုမတတ် လက်ချုပ်လိုက်ခဲ့ရ၏။ အပျိုကြီးက စည်းစနစ်ကျသည်။ သူမကြိုက်သည့်အခါ ပြန်နိုင်းတတ်သေး၏။

"ယဉ်မေရေ ငါ့ညီမ လက်ချုပ်လိုက်တာ တွန့်တယ်ကွယ်၊ အစကို မတွန့်စေနဲ့လေ၊ ပြန်ဖြုတ်ပြီး လုပ်ပေးပါဦး"

အပြောချိုချိုနှင့် မကောင်းမချင်း ပြင်ခိုင်းတတ်၏။ သည်တော့ အပင်ပန်းမခံလိုသည့်အတွက် တစ်ခါတည်းနှင့် ကောင်းအောင်လုပ်ရတော့သည်။ အိမ်တွင် အကျီပြ၍ လက်ချုပ်ချုပ်လျှင် ဖြစ်သလိုလုပ်ခဲ့သမျှ အပျိုကြီးရှေ့တွင် အပိုးကျိုးခဲ့ရသည်။

"စက်ဆိုင်တွေ နာမည်ပျက်တာ ပုံမကျတာရယ်၊ လက်ချုပ်လိုက်ရင် မသေသပ်တာတွေကြောင့်ရယ်ပေါ့ကွယ်၊ လက်ချုပ်လိုက်ရင် ငွေအပ်လေးနဲ့ ချုပ်ရိုးမပေါ်အောင်လိုက်ရတယ်၊ တချို့က ဖြစ်သလိုချုပ်ပြီး အရေးမထားတော့ ဝတ်တဲ့သူတွေက နှစ်ခါမလာကြတော့ဘူးပေါ့၊ တစ်ခါတည်းနဲ့ လန့်သွားကြတယ်လေ"

ဤသို့ ဂရုစိုက်တတ်သည့်အတွက် အပျိုကြီးဆိုင်တွင် အပ်ထည်များစွာကျလာသည်။ နာမည်ရလာ၍ နေ့ရောညပါ မအားတော့ပေ။

"ယဉ်မေ အိမ်ကို ဒီညပြန်မလာဘူးလို့ ပြောလာရဲ့လား"

"ဟုတ်ကဲ့ အစ်မစန်းမြ၊ ယဉ်မေ ပြောလာပါတယ်"

"ဒေါ်လေးစိတ်ပူမှာစိုးလို့ပါကွယ်၊ ဒီည အစ်မနဲ့ယဉ်မေတို့ ညဥ့်နက်ကြလိမ့်မယ်ထင်ပါရဲ့၊ အသင်သမားတွေကိုတော့ အားနာလို့ မခေါ်တော့ဘူး၊ သူတို့က ခရီးဝေးက လာကြရတာမဟုတ်လား"

အသင်များမှာ မနက် ၉ နာရီမှ ည ၇ နာရီအထိ အလုပ်လုပ်ကြရသည်။ အဝေးကလာကြ၍ အကူခေါ်လျှင်လည်း စိတ်ပါမည်မထင်ကြပါ။ စက်ချုပ်ဆိုင်မှာ ည ၉ နာရီတွင်ပိတ်၏။

ယဉ်မေမှာ ဆိုင်တွင် အပ်ထည်ကျသည့်အခါမျိုး၊ ရာသီအလိုက် ပွဲလမ်းသဘင်ရှိသည့်အချိန်မျိုးတွင် ညလုံးပေါက်ကူလုပ်ခဲ့ရ၍ အိမ်ကိုပင်မပြန်နိုင်တော့ပေ။ အပျိုကြီးမှာလည်း ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီသဘောမျိုးဖြင့် ယဉ်မေ၏လုပ်ရည်ကိုင်ရည်ကိုသိနေ၍ အားကိုးမိ၏။ မနက်ည ထမင်းကျွေးသည့်အပြင် အဝတ်အစားကအစ ဆင်ယင်ရှာသည်။

"ဒီမှာပဲနေသွားပါလား ယဉ်မေရယ်၊ ဒေါ်လေးကို အစ်မပြောပေးပါ့မယ်ကွယ်"

"အမေက သားသမီးတွေကို သူ့မျက်စိအောက်မှာပဲ ထားချင်တာပါ အစ်မရယ်၊ ယဉ်မေ ပြန်

မလာသေးရင် လည်တာဆန့်ဆန့်နဲ့ ထမင်းစားစောင့်နေတတ်တယ်လေ"

"အေးလေ၊ ဒေါ်လေးက မုဆိုးမဘဝနဲ့ အိမ်ထောင်သစ်မထူတာပဲကြည့်တော့၊ သားသမီးအပေါ် သိပ်ကိုသံယောဇဉ်ကြီးရှာတာပါ"

အပျိုကြီးထံတွင် အကျႌချုပ်လာသင်သူ သုံးဦးရှိရာ သင်ကြားသမျှကို ယဉ်မေက ဘေးမှနေ၍ ထိုင်ကြည့်ပြီး စာတွေ့လက်တွေ့ သဘောမျိုး မှတ်ယူရသည်။ စက်ချုပ်သင်သူများ ယူလာသော စက္ကူစ၊ ပိတ်စပိုများဖြင့် သင်မှတ်ခဲ့ရသည်။ ယဉ်မေမှာ ပစ္စည်းမဝယ်နိုင်သည့်အတွက် အားလုံးက စာနာ နားလည်ကြသည်။ ယဉ်မေအတွက် ပိုယူလာပေးကြ၏။

"ကျေးဇူးတင်ပါတယ် အစ်မတို့ရယ်"

သူတို့အားလုံးသည် ယဉ်မေအတွက် မမေ့နိုင်စရာ ကျေးဇူးရှင်များဖြစ်ကြသည်။

"ယဉ်မေက တို့နောက်မှလာသင်ပြီး တို့တစ်တွေထက် တတ်လွယ်တယ်နော်၊ ကြိုးစားထား ယဉ်မေ၊ ကြိုးစားထား"

"ပညာတစ်ခုတတ်ဖို့ဆိုတာ စိတ်နဲ့ဆန္ဒသာ အဓိကပါကွယ်၊ တတ်ချင်စိတ်ရှိရင် မြန်မြန်တတ်လွယ်တာပဲ၊ ယဉ်မေကို တစ်ခုချီးကျူးတာက ပညာတစ်ခုကို ရဲရဲဝံ့ဝံ့ အသုံးချရဲတဲ့ သတ္တိမျိုးရှိတယ်၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ကြောင့်ဆိုရင် မမှားပါဘူး၊ ပေါက်ပေါက်နဲ့စန္ဒာက လက်မခံကြဘူး။ ငါ ညှပ်လိုက်ရင် မှားမလားဆိုတဲ့ ဇဝေဇဝါအတွေးမျိုးတွေ ရှိထားကြတော့ တတ်သင့်သလောက် ပိုတတ်မလာကြဘူးပေါ့ကွယ်"

ပေါက်ပေါက်နှင့်စန္ဒာတို့က အပျိုကြီး၏စကားကြောင့် ရယ်လိုက်၏။

"ယမင်းကျတော့ သေသေချာချာ မစဉ်းစားမတွက်ချက်ဘဲ ရမ်းညှပ်ချလိုက်တာပဲ၊ အသေအချာ တွက်ချက်ပြီးမှ အလုပ်တစ်ခုကို လုပ်ရတယ်ကွဲ့"

"ဟုတ်ကဲ့ အစ်မ"

သည်တော့ ယဉ်မေမှာ စက်ချုပ်ပညာနှင့်ပတ်သက်ပြီး အခြားသူတွေထက် ပို၍အတတ်လွယ်ခဲ့သည်။ တစ်ခါတစ်ရံတွင် အပ်ထည်များကိုပင် အပျိုကြီးက မျက်နှာလွှဲရသည်အထိ တစ်စတစ်စ တိုးတက်ခဲ့သည်။

"အဲဒီလို လွယ်လွယ်တတ်မြောက်တာဟာ ယဉ်မေရဲ့ကြိုးစားမှုလည်းပါတယ်နော်၊ ခြောက်လဆိုတဲ့ကာလဟာ အသင်တစ်ယောက်အတွက် တတ်မြောက်သင့်တဲ့ အချိန်တစ်ခုပဲကွယ်၊ ပုံစံအမျိုးမျိုးကို ထွင်ချုပ်တတ်ဖို့ အရည်အသွေးလည်း ကိုယ့်မှာရှိနေရမယ်၊ 'တီထွင်ကြံဆနည်းလမ်းရ' ဆိုတဲ့စကားဟာ တို့လိုစက်ချုပ်သူတွေအတွက် လိုက်နာသင့်တဲ့စကားပဲ ယဉ်မေ"

"ဟုတ်ကဲ့ အစ်မစန်းမြ၊ ယဉ်မေ လိုက်နာပါ့မယ်"

သည်လိုနှင့် ယဉ်မေကိုယ်တိုင် ချုပ်ပေးထားသော ထဘီ၊ အကျႌလေးများကို မိခင်နှင့် ညီမဖြစ်သူတို့က ဝတ်နိုင်ကြပေပြီ။

"အမေ့သမီးက ဘယ်ဆိုးလို့လဲ၊ ပုံကျသားပဲ"

"ဟုတ်တယ်နော် အမေ၊ ခင်ဝေ့အကျႌလည်း ပုံကျတယ်၊ အစ်မ ယဉ်မေက ဘယ်ဆိုးလို့တုန်း၊ ဟီ.. ဟီ"

အစ်မလက်ရာလေးကို သဘောကျပြီး အကြော်ဆိုင်လေးတွင် ခင်ဝေတို့က ကြွားလုံးထုတ်ဦးမည်ဟု တွေးခဲ့မိ၏။ မိခင်ကတော့ ဤသို့ညည်းတွားလိုက်မိသည်။

"အင်း.....အတန်းပညာအရ ဆယ်တန်းအောင်လိုက်ရင် ဘယ်လောက်ကောင်းမလဲကွယ်၊ အလုပ်တစ်ဖက်နဲ့ ဘွဲ့တစ်ခုရအောင် ဆက်တက်ဖို့စဉ်းစားဦး ယဉ်မေ"

တက္ကသိုလ်ဝင်တန်း အောင်စာရင်းများထွက်သည့်အခါတွင် ယဉ်မေ့အမည်မှာ ပါမလာခဲ့ပေ



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ပညာရေးထက် စီးပွားရေးတွင် အောင်မြင်အောင်လုပ်မည်ဟု ဆုံးဖြတ်ပြီး ဆယ်တန်းကို ဆက်မဖြေတော့ပေ။ မိခင်ဖြစ်စေချင်သည့်ဆန္ဒကို မလုပ်နိုင်သည့်အတွက် စိတ်မကောင်းဖြစ်နေရသည်ကတော့ အမှန်ဖြစ်သည်။

♛♛♛♛♛

"ဈေးထဲမှာ အပ်ချည်လုံးသွားဝယ်ပေးပါဦး ယဉ်မေရယ်၊ အပ်ထည်တွေက ဒီညနေအမီပေးရမှာဆိုတော့ မြန်မြန်ပြီးမှဖြစ်မှာကွဲ့၊ သူတို့က ဘုရားဖူးထွက်မယ့်သူတွေလေ"

ချုပ်လက်စအထည်ကို ဘေးချပြီး အပျိုကြီးအနီးသို့ ရောက်သွားခဲ့သည်။ ပေးလာသည့် တစ်ထောင်တန်တစ်ရွက်ကို လှမ်းယူလိုက်စဉ် အပျိုကြီးက ထပ်မှာပြန်သည်။

"အရောင်ကို သေသေချာချာတိုက်ပြီးမှဝယ်နော်၊ မမှားစေနဲ့၊ ဩော်.....ဇစ်တစ်တွဲပါ ဝယ်လာခဲ့ဦး၊ ရော့.....ငွေထပ်ယူသွားလိုက်"

"ဟုတ်ကဲ့ အစ်မစန်းမြ၊ ယဉ်မေ အရောင်တိုက်ပြီးမှဝယ်မှာပါ၊ မမှားစေရပါဘူး"

အပျိုကြီးပေးလိုက်သည့်ငွေများကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး ဈေးသို့ထွက်ခဲ့သည်။ ဈေးမှာ အနည်းငယ်လှမ်းသဖြင့် ခြေလှမ်းသွက်သွက်လျှောက်နေရ၏။

"နေကလည်း ပူလိုက်တာနော်၊ ထီးယူမလာမိတာ မှားတာပဲ"

ဆယ့်ငါးမိနစ်ခန့်လျှောက်ပြီးမှ ဈေးသို့ရောက်သွား၏။ ယဉ်မေတို့ အပ်ချုပ်ဆိုင်များမှာ စတိုးဆိုင်များကို အားကိုးကြရသည်။ ဈေးမှန်၊ ပစ္စည်းမှန်သည့်အပြင် ဖောက်သည် ဈေးပေးတတ်၍ အပြင်ဆိုင်များထက် ဈေးသက်သာ၏။



"ဒီအရောင်နဲ့ တစ်ထပ်တည်း ပဲ ညီမ"

"နည်းနည်းနုနေသလိုပဲ၊ ဟော.....ဟိုအရောင်ကမှ တူတာပါ"

ချည်လုံးနှင့် ဇိပ်စအရောင်ကို တူ၊ မတူ တိုက်ကြည့်ပြီး ရှာဖွေဝယ်ရ၏။ စေ့စပ်သေချာသော အပျိုကြီး၏စိတ်ကြိုက်ဖြစ်စေရန် ယဉ်မေတို့က နောကျေပြီးသားဖြစ်သည်။ နာရီဝက်ခန့်အကြာတွင် ပစ္စည်းအစုံရ၍ ဈေးမှပြန်ထွက်လာခဲ့၏။

"လှလိုက်တာနော်"

ယဉ်မေမှာ ဈေးထဲမှအထည်ဆိုင်များတွင် ချိတ်ထားသော အင်္ကျီလေးများကို ငေးကြည့်ရင်း ရင်ထဲမှ ရေရွတ်မိသည်။ ထိုဆိုင်ရှေ့တွင် အထည်ဝယ်နေကြသော မိန်းကလေးများမှာ ကျပ်တစ်ထောင်တန်များကို အထပ်လိုက်ရေတွက်ကာ ဈေးဝယ်နေသည့်အတွက် အားကျစိတ်ဖြစ်ရ၏။

"သူတို့များကျတော့ ကံကောင်းလိုက်တာနော်၊ အတိတ်က လှူခဲ့တဲ့အကျိုးကြောင့်ထင်ပါရဲ့"

လမ်းတစ်လျှောက်တွင် ၎င်း



www.burmeseclassic.com

www.burmeseclassic.com



အရွယ် မိန်းကလေးများကိုတွေ့တိုင်း လွန်စွာမှက်ကောင်းကြသူများပါတကားဟု ယဉ်မေက တွေးမိသေးသည်။ ဈေးထဲတွင် ရောင်စုံမိန်းကလေးများကို တွေ့ရသည့်အခါ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်ပြီး စိတ်မကောင်းဖြစ်မိ၏။

"ငါ့အရွယ်မိန်းကလေးတွေများ ရွှေတွဲလဲ၊ ငွေတွဲလဲနဲ့ လှလိုက်ကြတာနော်၊ လူတွေဟာ အသက်ရှူပုံချင်းတူကြပေမယ့် ကုသိုလ်ကံချင်း မတူညီကြပါလား၊ ချမ်းသာသူတွေက တိုက်ဆောက်၊ ကားစီးနိုင်ကြပေမယ့် ဆင်းရဲသူတွေကျတော့ ဖိနပ်တောင် ဝယ်မစီးနိုင်ကြပါလား၊ အတိတ်ကံချင်း မယှဉ်နိုင်ကြပါလားနော်"

ဤသို့ တွေဝေစဉ်းစားကြည့်ရင်း လမ်းဖြတ်ကူးစဉ် တစ်ဖက်မှလာသော ကားတစ်စီးကို သတိမပြုမိပေ။

"ကျွီ....."

"အမယ်လေးတော့်....."

ကားကိုမမြင်မိ၍ တိုက်မိမလိုဖြစ်သွားခဲ့သည်။ ယဉ်မေမှာ ကား၏ရှေ့တွင် လန့်ဖျပ်ပြီး မျက်လုံးကို စုံမှိတ်ထားလိုက်မိ၏။ ကားမှာ ဘရိတ်မိ၍သာ ယဉ်မေ ကံကောင်းခဲ့ရသည်။ သို့မဟုတ်ပါက တစ်ခုခုဖြစ်မည်ပင်။ သို့သော် မျက်နှာပေါ်တွင် သွေးမရှိတော့လောက်အောင် ကြောက်လန့်သွားမိသည်။ ထိုအချိန်တွင် ကားပေါ်မှ ယောကျ်ားတစ်ဦး ဆင်းလာ၏။

"ဘာဖြစ်သွားသေးလဲ မိန်းကလေး၊ ဘယ်နားနာသွားလဲဟင်"

ယဉ်မေ့လက်ကို ကိုင်မည်ပြုပြီးမှ တစ်ဝက်တစ်ပျက်နှင့် ရပ်သွား၏။ ယဉ်မေကလည်း ထိုလူ့မျက်နှာကို မော့ကြည့်မိသည်။

"ဟင့်အင်း ဘာမှမဖြစ်ပါဘူး၊ ယဉ်မေ ကြောက်လို့အော်မိတာပါရှင်၊ ရပါတယ်"

ထိုသို့ပြောပြီး အားယူထလိုက်စဉ် ပြန်လဲကျသွား၏။ ကိုလူချောမှာ ယဉ်မေကို အတင်းပင်တွဲထူပြီး လက်ကိုမလွှတ်တမ်းကိုင်ထားခဲ့၏။

"ဘယ်ထိသွားသလဲမသိဘူး၊ ကလေးမ နာရင်နာတယ်ပြော၊ ရုတ်တရက် သွေးပူနေတော့ နာလို့နာမှန်းသိမှာမဟုတ်ဘူး၊ အတွင်းကြေသွားရင် ဘယ်လိုလုပ်မလဲ၊ ဟော့.....ကားဆရာ ဆင်းဦး၊ ဒီကလေးမကို ဆေးခန်းတစ်ခုခုဆီကို ခေါ်သွားမယ်"

ကားမောင်းသူက ကြောက်လန့်တကြားဖြင့် ဆင်းလာခဲ့သည်။ ယာဉ်တိုက်မှုဖြစ်သည်ထင်ပြီး ဈေးအတွင်းရှိလူများက ဝိုင်းအုံကြည့်ကြ၍ တစ်ခဏအတွင်း၌ပင် လမ်းပေါ်၌ လူပြည့်သွား၏။ ယဉ်မေက ဆေးခန်းမသွားလိုကြောင်းပြောခဲ့ရာ.....

"ဒါဆိုလည်း မိန်းကလေးကို အိမ်အထိလိုက်ပို့ပေးပါရစေလား၊ ဆေးခန်းသွားချင်လည်း ပြောနော်၊ လာလေ.....အစ်ကို့ကားပေါ်တက်၊ လူတွေဝိုင်းအုံလာကြပြီ"

ကိုလူချောက ယဉ်မေ၏မျက်နှာလေးကို စူးစိုက်ကြည့်နေခဲ့၏။ စိတ်ဝင်စားသွားပုံမျိုးကိုလည်းတွေ့လိုက်ရသည်။ ယဉ်မေကိုလိုက်ပို့ရန် ကားပေါ်သို့ ခေါ်တင်လိုက်၏။ ယဉ်မေကလည်း မငြင်းမိခဲ့ပေ။

"ကျွန်မအိမ်ကို လိုက်ပို့ပေးနော်"

"စိတ်ချ၊ အိမ်တိုင်ရာရောက်ကို ပို့ပေးမှာပါ၊ လက်ဖျားနဲ့တောင် မတို့ပါဘူး"

လက်ဖျားနှင့်မတို့ဘူးသာဆိုသည်။ ယဉ်မေ့တစ်ကိုယ်လုံးကိုတွဲခေါ်လာ၏။ ထိုလူ၏ အကြည့်စူးစူးများကြောင့် ယဉ်မေမှာ ဖျတ်ခနဲရင်ခုန်သွားရပြန်သည်။ နှလုံးသားတွင် တစ်ကြိမ်တစ်ခါမျှ မဖြစ်ပေါ်မခံစားဘူးသည့် ခံစားချက်ကြောင့် ရင်ခုန်သံမြန်နေတော့၏။

ယဉ်မေမှာ ကုမ္ပဏီတစ်ခုမှ ပစ္စည်းပို့သည့် ကိုလူချောတို့၏ကားလေးပေါ်သို့ အလိုလိုရောက်သွားတော့သည်။ ကားစီးနိုင်သည့်ခွင့်အရေးသည် ယဉ်မေအဖို့ အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com

ပင် မမက်ခဲ့ဖူးပါ။ ထိုလူ၏ကြိုဆိုမှုအား လက်မကမ်းလျှင် ယဉ်မေ ညှိုးရာကျပေလိမ့်မည်။ သူ၏ရိုးသားသော မျက်ဝန်းတစ်စုံကြောင့် ကားပေါ်သို့ တက်လိုက်ခဲ့မိ၏။

အပျိုကြီး၏ အပ်ချုပ်ဆိုင်ရှေ့တွင် ကားကိုရပ်တန့်လိုက်သည့်အခါ ဆိုင်အတွင်းရှိလူများက အံ့သြသော မျက်လုံးများဖြင့်ကြည့်နေကြ၏။ ယဉ်မေမှန်းသိကြသည့်အခါ အပြေးလေးထွက်လာကြသည်။

"ဟင်.....ယဉ်မေ ကားစီးလာတယ်တော့"

"နင့်အသိလား ယဉ်မေ"

"ဘာဖြစ်လာသလဲ ယဉ်မေရယ်၊ အစ်မစန်းမြ ရင်တွေတုန်လိုက်တာဟယ်"

ခြေထောက်ထော့နင်းထော့နင်းဖြင့် လမ်းလျှောက်လာသော ယဉ်မေ့နံဘေးတွင် ကိုလူချောက အသာအယာ တွဲခေါ်လာ၍ အပျိုကြီးက မေးလိုက်၏။

"ဈေးနားမှာ ကားနဲ့တိုက်မိလိုဖြစ်သွားလို့ပါခင်ဗျာ၊ စိုးရိမ်စရာမရှိပါဘူး၊ ခြေထောက်နာသွားတာက သူ့ဘာသာ ချော်လဲသွားတာပါ"

ကိုလူချောက ဖြစ်ပျက်သမျှကို အပျိုကြီးအား ရှင်းပြနေသည်။ တစ်ယောက်တစ်မျိုးစီ မေးနေကြသည့် မေးခွန်းများကို ယဉ်မေ ဖြေချိန်မရလိုက်ပေ။

"တော်ပါသေးရဲ့၊ ကျွန်မဖြင့် စိုးရိမ်သွားလိုက်တာ၊ အခုလို အိမ်တိုင်ရာရောက် လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်၊ ယဉ်မေရော ခြေထောက်နာတာ သက်သာရဲ့လား"

"သက်သာပါတယ် အစ်မစန်းမြ၊ တကယ်တော့ ယဉ်မေ့ရဲ့ အပြစ်ပါ၊ ငေးပြီးလမ်းကူးလို့ ဒီကအစ်ကို့ကားနဲ့ တိုက်မိမလိုဖြစ်ခဲ့ရတာပါ"

"ဆေးခန်းသွားချင်သေးလား ခင်ဗျာ"

ဝတ္တရားအရ မေးလိုက်သော်လည်း အပျိုကြီးက ယဉ်မေထံသို့ အကြည့်ကိုပို့လိုက်၏။ ယဉ်မေမှာ ကြောက်စိတ်ထက် ရှက်စိတ်ကပိုနေတော့သည်။

"မလိုတော့ပါဘူး အစ်ကို၊ ယဉ်မေ ဘာမှမဖြစ်တော့ပါဘူး"

"ဒါဆို ကျွန်တော့်ကိုခွင့်ပြုကြပါဦးနော်၊ နောက်လည်းလာကြည့်ပါဦးမယ်"

"ဟုတ်ကဲ့ရှင့်"

အားလုံးကိုနှုတ်ဆက်၍ ကားပေါ်သို့ ပြန်တက်သွား၏။ အပျိုကြီးက ကားနားအထိ လိုက်ပို့ပေးခဲ့သည်။ ကိုလူချောက ကားထွက်ခါနီးတွင်

"အစ်ကိုသွားမယ် ယဉ်မေ"

"ဟုတ်ကဲ့ရှင့်"

ထိုစကားလေး ခြောက်လုံးနှင့်အတူ ကိုလူချော၏အကြည့်တစ်ချက်က ယဉ်မေ၏နှလုံးသားထဲသို့ ခုန်ဝင်လာခဲ့ကြသည်။ အပြင်းထန်ဆုံး လှုပ်ရှားသွားသည့် မြေငလျင်တစ်ခုပမာ ယဉ်မေ၏နှလုံးသားလွင်ပြင်တွင် တဆတ်ဆတ်လှုပ်ရှားသွားခဲ့သည်။ အချစ်ကို ပထမဆုံးတွေ့ရသည့် ရင်ခုန်သွားရသော အပျိုစင်လေးယဉ်မေ ဖြစ်နေခဲ့၏။

♛♛♛♛♛

ထို့နောက်ပိုင်းတွင် ကိုလူချောမှာ ယဉ်မေရှိရာသို့ ချောင်းပေါက်လုမတတ် ရောက်လာတော့သည်။

"ယဉ်မေရေ အပြင်မှာ ဧည့်သည်လာနေတယ်"

"ဟယ်.....အစ်ကိုပါလား"

အကျီအစကို ညှပ်နေရာမှ ထလာရ၏။ အပျိုကြီးက ပလတ်စတစ်ထိုင်ခုံတစ်လုံးအား ဆိုင်အပြင်ရှိ နေရာလွတ်တွင် လာချပေးခဲ့သည်။

"သက်သာတယ်နော် ယဉ်မေ"

"ကောင်းသွားပါပြီ အစ်ကို၊ ဒါနဲ့ ကားပါမလာဘူးလား"

"ကားမထွက်ရဘူးလေ၊ တစ်


www.burmeseclassic.com

www.burmeseclassic.com



ရက်အနားရတယ်"

"ဩော်.....ဩော်"

ဆိုင်ထဲရှိ မိန်းကလေးများမှာ ပြုံးစိစိဖြင့် နားထောင်နေကြ၏။ အပျိုကြီးကတော့ နှစ်ဆိုင်ကျော်က အအေးဆိုင်မှ အအေးတစ်လုံးသွားယူခိုင်းပြီး ညွှန်ခံ၏။

"အားနာစရာဗျာ"

"ရပါတယ်ရှင်"

"သောက်ပါဦး အစ်ကို၊ အစ်မစန်းမြကို အစ်ကိုနဲ့ မိတ်ဆက်ပေးရဦးမယ်၊ အစ်မက ဒီဆိုင်ပိုင်ရှင်ပေါ့၊ ယဉ်မေတို့က အစ်မဆီမှာ စက်ချုပ်ပညာလာသင်နေတဲ့တပည့်တွေပါ၊ ညီအစ်မလို ချစ်ကြတယ်"

ကိုလူချောဓါ်အမည်ကိုသိနိုင်ရန် ယဉ်မေက ဦးစွာမိတ်ဆက်ပေးလိုက်သည်။ ယဉ်မေဖောက်လိုက်သည့် မြောင်းအတိုင်း ရေကာစီးဝင်လာတော့သည်။

"ဟုတ်လား၊ ကျွန်တော့်နာမည်က ထွန်းအောင်ကျော်ပါ၊ ကုမ္ပဏီကားကိုမောင်းပါတယ်၊ တစ်ယောက်တည်းနေတယ်လေ၊ ရန်ကုန်မှာက မိဘဆွေမျိုးသားချင်းတွေ မရှိပါဘူး"

ကိုလူချောကလည်း မခေပေ။ သူ့တွင် အိမ်ထောင်မရှိကြောင်း သွယ်ဝိုက်ပြောပြခဲ့၏။ အပျိုကြီးက ကျေနပ်သွားပုံရသဖြင့် ယဉ်မေတို့ အေးအေးဆေးဆေးစကားပြောရန်အလိုက်သိစွာ ထသွား၏။

"အချိန်ရရင် ဒီနားက လက်ဖက်ရည်ဆိုင်ကို သွားကြရအောင်လား"

မငြင်းချင်သော်လည်း အလုပ်ချိန်တွင် အပြင်ထွက်လျှင် အပျိုကြီးက ကြိုက်မည်မဟုတ်ပေ။

"ယဉ်မေ လက်ဖက်ရည်ဆိုင်မထိုင်တတ်ဘူး အစ်ကို၊ အစ်ကိုသောက်ချင်ရင် မှာပေးမယ်လေ"

"နေပါစေတော့ ယဉ်မေရာ"

ထွန်းအောင်ကျော်၏ ရင်ထဲတွင် ရိုးအလွန်းသူလေးဟု ထင်မြင်မိသွားသည်။ ယဉ်မေနှင့် နှစ်ဦးတည်း လွတ်လွတ်လပ်လပ် စကားပြောနိုင်ရန် တောင်းဆိုလိုက်ပေမယ့် မအောင်မြင်ခဲ့ပေ။

"ယဉ်မေရေ ကိုထွန်းအောင်ကျော်နဲ့ လိုက်ချင်ရင် လိုက်သွားလေ၊ အစ်မစန်းမြ မင်းရဲ့ပိတ်စကို ကိုင်ပေးထားပါ့မယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် အစ်မစန်းမြရယ်"

အပျိုကြီးမှ ချက်ဆိုနားခွက်က မီးတောက်သေးသည်။ ယဉ်မေလို နုံချာသူမျိုးမဟုတ်ပေ။ တမင်ပင် လိုက်သွားစေရန် ဖန်တီးပေးခဲ့လေသလားမသိ။

"ခဏနော် အစ်ကို"

"အစ်မကြီးလည်း လိုက်ခဲ့လေဗျာ"

"လွတ်လွတ်လပ်လပ်သာ သွားကြပါရှင်၊ အပ်ထည်တွေအရေးကြီးနေလို့ မလိုက်ပါရစေနဲ့"

သည်တော့ လက်ဖက်ရည်ဆိုင်လေးသို့ နှစ်ယောက်သားထွက်သွားကြ၏။ ဆိုင်ထဲရောက်တော့လည်း မျက်လုံးပေါင်းများစွာ၏ အကြည့်များကို ရင်ဆိုင်လိုက်ရပြန်သည်။

"ယဉ်မေ ဒီနေ့ အကြော်မကြော်ဘူးလား"

လက်ဖက်ရည်ဆိုင်ပိုင်ရှင် အမျိုးသမီးက တအံ့တဩဖြင့်မေးလိုက်၏။ ကိုလူချော၏ရှေ့တွင် အကြော်သည်ဘဝကို လူသိခံ၍ မဖြစ်ပေ။ ပျက်ယွင်းသွားသောမျက်နှာကို ပြင်လိုက်ပြီး ချက်ချင်းပြန်ဖြေလိုက်၏။

"မသိဘူးလေ၊ ယဉ်မေ မကြည့်ခဲ့မိဘူး"

ဆိုင်ပိုင်ရှင်အမျိုးသမီးမှာ ယဉ်မေ၏အဖြေကြောင့် ဇဝေဇဝါဖြစ်သွားပုံရသည်။ အနားသို့ပြန်မလာတော့ပေ။ သည်တော့မှ ကိုလူချောသိစေရန် ပြောပြလိုက်၏။

"ဆိုင်နားမှာရှိတဲ့ အကြော်ဆိုင်လေးကို မေးနေတာလေ၊ အကြော်ကြော်သလားတဲ့၊ ယဉ်မေမှ မကြည့်ခဲ့ဘဲ အစ်ကိုရယ်၊ ဘယ်သိပါ့မလဲ"

ရင်တုန်တုန်ဖြင့်ပင် ဖြေရှင်း

www.burmeseclassic.com

ချက်ကို ကပျာကယာထုတ်လိုက်ရ၏။ ထို့ကြောင့် လက်ဖက်ရည်ကို မြန်မြန်သောက်ပြီး ဆိုင်ထဲမှထွက်ခဲ့ရတော့သည်။

"လိုက်မပို့နဲ့တော့ အစ်ကို၊ ဒီကပဲလှည့်ပြန်တော့၊ ယဉ်မေ့ဘာသာ ပြန်လို့ရပါတယ်ရှင်"

အပျိုကြီးတို့အတွက် ဝယ်ပေးလိုက်သည့် လက်ဖက်ရည်ပါဆယ်လေးထုပ်ကို တစုတစည်းတည်းကိုင်ကာ ထိုနေရာမှ အမြန်ဆုံးပြန်ပြင်လိုက်၏။

"ဒါဆို အစ်ကိုသွားပြီနော်"

"ဟုတ်ကဲ့ရှင့်"

၎င်း၏ဘဝမှန်ကို ကိုလူချောသိသွားမည်ကို ရင်တုန်ကြောက်ရွံ့နေရသည့်စိတ်များ လမ်းပေါ်သို့ရောက်မှ ပျောက်ကွယ်ခဲ့ရ၏။ မည်သည့်အခါမှ သူမ၏အကြော်သည် ဟော့ဒ်စက်ကွင်းမှ လွတ်ကင်းပါမည်နည်းဟု တွေးခဲ့မိပြန်၏။ အကြော်သည်ဘဝကို မမေ့သော်လည်း အကြော်သည်မဟု အခေါ်ခံနိုင်ပေ။ ထိုဘဝမှလွတ်မြောက်စက်ချုပ်ဆိုင်ဖွင့်နိုင်မှ ဖြစ်ပေမည်၊ ဆိုင်မြန်မြန်ဖွင့်မှ အကြော်သည်ဘဝမှ လွတ်မြောက်နိုင်မည်သည်ဟု ဆုံးဖြတ်လိုက်တော့၏။

"ငါ့ညီမတော့ ကံကောင်းတာပေါ့၊ ဒီလူကြည့်ရတာ ယဉ်မေ့ကို မျက်စိကျနေတဲ့ပုံပဲ"

"မဟုတ်တာ အပျိုကြီးရယ်"

"ဟုတ်တယ်အေ့၊ မယုံရင်စောင့်ကြည့်နေ၊ ကိုယ်တော်ချောက တစ်နေ့နေ့ ရင်ဖွင့်ပြောလာလိမ့်မယ်"

အပျိုကြီး၏စကားကို ယဉ်မေမယုံချင်ပါ။ ကိုလူချောသည် ယဉ်မေထက် အသက်ထက်ဝက်ကျော်ကြီးသည့် ယောကျ်ားတစ်ယောက်ဟု သိခဲ့ရ၏။ ပြီးတော့လည်း ယဉ်မေလို ဆင်းရဲချို့တဲ့သူကို ချစ်ရဲလိမ့်မည်မထင်ပါ။ ဘဝနှစ်ခုက မိုးနှင့်မြေလို ကွာခြားနေသည်ဟု စဉ်း စားကြည့်နေခဲ့၏။

"အဖြေတောင်းရင် ပြန်ချစ်လိုက် ယဉ်မေ၊ အချိန်မဆွဲနဲ့၊ သူများနောက်ပါသွားလိမ့်မယ်၊ ခုခေတ်က မြန်လေကောင်းလေပဲ"

"ဟဲ့.....အို.....ဒီကလေးမလေးတွေ၊ ဘာတွေပြောနေတာလဲ၊ ယောကျ်ားတစ်ယောက်ကို ခုတွေ့ ခုကြိုက်၊ ခုညားလို့မရဘူး၊ သူ့ရဲ့စိတ်နေစိတ်ထားကို လေ့လာရမယ်၊ မျိုးရိုးကိုကြည့်ရမယ်၊ လူပျိုလား၊ အိမ်ထောင်သည်လားဆိုတာခွဲခြားလေ့လာရဦးမယ်"

"အစ်မကလည်း ကိုယ်ကမှုနေရင် သူများနောက်ပါသွားလိမ့်မယ်၊ ဒီတော့ အဖြေပေးပြီးမှ လေ့လာလို့မရဘူးလား"

"တယ်.....ဒီကောင်မလေးတွေ၊ သွားစမ်း.....ကိုယ့်အလုပ်ကိုယ်လုပ်ကြ"

အပျိုကြီးလှမ်းငေါက်လိုက်မှ အလုပ်သင်သုံးယောက်မှာ အနားက ထွက်သွားကြတော့သည်။ ဒါတောင် အလုပ်လုပ်ရင်း မသိမသာ ခိုးနားထောင်နေကြသေး၏။

"ကိုလူချောအကြောင်း စုံစမ်းကြည့်ဦး ယဉ်မေ၊ အချစ်မျက်ကန်းတစ်ယောက်လို အလောတကြီးဆုံးဖြတ်မိရင် တစ်ချိန်မှာ အမှားတွေ့တတ်တယ်နော်၊ ငါ့ညီမက အတွေ့အကြုံနုသေးတော့ ဆုံးဖြတ်ချက် မမှားစေချင်ဘူး"

အပျိုကြီးက ထိုသို့သတိပေးပြောဆိုခဲ့သည်။ ယဉ်မေ၏ခံစားမှုကို အပျိုကြီးက မသိရှာပေ။ သူ့ကို ရင်ဖွင့်ပြီး ပြောမပြချင်သည်က အမှန်ပါ။ ယဉ်မေ၏ဘဝမှာ ဆုပ်ရူးစားရူးဖြစ်နေရ၏။

♛♛♛♛♛

"ယဉ်မေ့ကို လက်ထပ်ပြီး မယားမှတ်မှတ်၊ သားမှတ်မှတ် ပေါင်းပါ့မယ်ကွယ်"

ထိုသို့ပြောလာချိန်တွင် ချစ်သူမရှိသေးသည့် ယဉ်မေအဖို့ အံ့သြဝမ်းသာခဲ့ရ၏။ သို့သော် တစ်ချိန်တည်းတွင် ဝမ်းနည်းလာပြန်၏။

www.burmeseclassic.com

ကိုလူချောနှင့်လက်ထပ်လျှင် ဦးဆုံး အသိပေးရမည့်သူမှာ အမေသာ ဖြစ်သည်။

ထိုကိစ္စကို မိခင်ဖြစ်သူအား မည်သို့ဖွင့်ပြောပြရပါမည်နည်း။ လူပုံအလယ်တွင် ချပြရန် ဘယ်လိုမှ မဖြစ်နိုင်သည့် ဆင်းရဲလှသောမိခင်၊ ပြီးတော့ ပြိုကျယိုင်နဲ့နေသော အမိုးမလုံသည့် အိမ်ကလေးနှင့် လမ်းထိပ်ရှိ အကြော်တဲလေးများသည် အမေပိုင်ဆိုင်သော ဥစ္စာပစ္စည်းများ အဖြစ် အမှန်အတိုင်းပြောပြရန် ယဉ်မေမှာ ရှက်နေမိ၏။

"ယဉ်မေ့ရဲ့မိဘတွေက ဒီမှာ ပဲလား"

ရုတ်တရက်မေးလိုက်သည့် မေးခွန်းကြောင့် ယဉ်မေမှာ အဖြေ ရခက်နေ၏။

"တောင်းရမ်းလက်ထပ်မယ် လေ"

"ဟိုလေ.....ယဉ်မေက မိဘ မရှိတဲ့ တစ်ကောင်ကြွက်ပါ အစ်ကို၊ နယ်မှာ အမျိုးတွေနဲ့နေတာပါ၊ ဒါကြောင့် ရန်ကုန်မြို့မှာ အခြေချဖို့ စက်ချုပ်လာသင်တာလေ၊ ရှင်းရှင်းပြောရရင် အမျိုးတွေက ယဉ်မေ့ကို နှိမ့်ချဆက်ဆံတာကို မခံနိုင်လို့ ကိုယ့်ဘဝတိုးတက်အောင် အရဲစွန့်ပြီး ထွက်လာရတာပါရှင်"

"သြော်.....ဒါကြောင့် အပျိုကြီးတို့နဲ့ အတူတူနေတာကိုး၊ ယဉ်မေ့ရဲ့ဘဝလေးကိုသိရလို့ အစ်ကို စိတ်မကောင်းလိုက်တာကွာ၊ ပိုပြီး သနားလာရတယ်"

လိမ်ညာပြောမိသည်ကို အမေ ခွင့်လွှတ်နိုင်ပါစေဟု စိတ်ထဲမှသာ တောင်းပန်စကားဆိုမိ၏။ ထို့ကြောင့်လည်း ကိုထွန်းအောင်ကျော်



မှာ ယဉ်မေ့အပေါ်တွင် အသနား ပိုခဲ့ကာ အကြင်နာများတိုးလာပြီး နောက် မြန်မြန်ဆန်ဆန်ပင် လက်ထပ်ဖို့ဖြစ်လာရတော့သည်။

"ယဉ်မေ့ကို အုပ်ထိန်းတဲ့ အပျိုကြီး မစန်းမြဆီမှာ လူကြီးစုံရာနဲ့ လာတောင်းမယ်နော်၊ အစ်ကို စီစဉ်လိုက်တော့မယ်"

"ဖြည်းဖြည်းပေါ့ အစ်ကိုရယ်"

"မဖြည်းနိုင်တော့ဘူးကွာ၊ ယဉ်မေလည်း အသက်နှစ်ဆယ် ပြည့်ပြီပဲ၊ အစ်ကို့အသက်က သုံးဆယ်ကျော်နေပြီ၊ အိမ်ထောင်ပြုဖို့ အကောင်းဆုံးအရွယ်ပဲကွာ"

"ယဉ်မေ့ကို တစ်ပတ်ပဲအချိန် ပေးပါ အစ်ကို၊ နော်"

"ကတိနော်"

"အင်း.....စိတ်ချ"

ကိုလူချောက ယဉ်မေ့ကိုချစ် စကားမပြောပါဘဲနှင့် အဆင့်ကျော် ကာ လက်ထပ်ရန် တောင်းဆိုခဲ့၏။ ယဉ်မေ၏မျက်ဝန်းလေးများက ကို လူချောကိုချစ်နေကြောင်း ပြသနေ သဖြင့် အဖြေတောင်းရန်ပင် လို မည်မထင်ပါ။ နှစ်ဦးစလုံး၏စကား ပြောနေသော မျက်လုံးလေးများက တစ်ဦးကိုတစ်ဦး သက်သေပြနေကြ သည်။ သို့သော်လည်း တောင်းရမ်း လက်ထပ်လိုသူ၏ဆန္ဒကို ယဉ်မေ တစ်ယောက် အကောင်အထည် မဖော်နိုင်ပြန်ပေ။ အမိကမှာ ဆင်း

www.burmeseclassic.com



ခဲ့လွန်းသော မုဆိုးမအမေကြောင့်ပင်။

"အစ်မယဉ်မေကို ယောကျ်ားတစ်ယောက်နဲ့ လက်ဖက်ရည်ဆိုင်ထိုင်နေတာ တွေ့ခဲ့တယ်လို့ ဆိုင်မှာအကြော်လာစားတဲ့သူတွေက ပြောကြတယ်၊ ဟုတ်လား အစ်မ"

ခင်ဝေက ကြားလာသည့်သတင်းကို ထုတ်ဖော်ပြောပြလိုက်၏။ ဒေါ်ကျော့မေက ယဉ်မေကိုတစ်ချက်လှမ်းကြည့်ပြီး ပင့်သက်ချည်ကိုချ၏။

"အပျိုကြီးအသိပါဟာ"

"တစ်ခါတည်းမဟုတ်ဘူးတဲ့နော်"

"လက်ဖက်ရည်ဆိုင်ဆိုတာယောကျ်ားလေးတွေ အထိုင်များတာနော်၊ ကောင်းကောင်းဆိုးဆိုးသူတို့ရဲ့ပါးစပ်ဖျားမှာရှိကြတယ်၊ ကိုယ်က မိန်းကလေးဆိုတာလည်းမမေ့နဲ့ ယဉ်မေ၊ အမေ ဒါပဲသတိပေးပါရစေ"

မိခင်က ထိုသို့ပြောလိုက်၍ယဉ်မေ၏ မိခင်ထံဖွင့်ဟမည့်စကားများက လည်ချောင်းဝတွင်ပျောက်ကွယ်သွားကြရသည်။ ဒီပုံအတိုင်းဆိုလျှင် ယဉ်မေအိမ်ထောင်ပြုရန်ထုံးဝသဘောတူမည်မဟုတ်ပါ။

"ကိုယ့်ကို အလကားသင်ပေးတဲ့ အပျိုကြီးမျက်နှာကိုထောက်ဦး၊ အခြေအနေနဲ့ ဆိုင်ဖွင့်ပြီး ခွဲထွက်နိုင်ဖို့က ဘယ်မှာလဲ အရင်းအနှီး၊ ဆိုင်မပြောနဲ့၊ စက်တစ်လုံးတောင်ဝယ်နိုင်လို့လား၊ ကိုယ့်ဘာဝကိုယ်သိစမ်းပါအေ"

"ဒါဆိုလည်း အမေ့အိမ်ကိုခဏအပေါင်ထားပြီး စက်ချုပ်ဆိုင်ထောင်မယ်လေ"

အပျော်အပြက်သဘောမျိုးဖြင့်မိခင်၏စိတ်ကို တီးခေါက်ကြည့်မိသည်။ သို့သော် မိခင်ဖြစ်သူ၏စကားက ပြတ်သားလှ၏။

"အိမ်ကိုတော့ မထိပါနဲ့အေ၊ ဒါလေးက ညည်းအဖေရဲ့ အမွေပစ္စည်းလေးပါ၊ ကျုပ်တော်သေချင်သေသွားပါစေ၊ အိမ်လေးကိုတော့ရောင်းတာ၊ ပေါင်တာတွေ မလုပ်ပါရစေနဲ့ ယဉ်မေရဲ့"

နောက်ပြောင်ပြောဆိုမိသည်ကိုပင် မိခင်ဖြစ်သူက အပြောမခံနိုင်ခဲ့ပေ။ သည်တော့ ယဉ်မေမှာမိခင်ကို အားကိုးလိုစိတ်မရှိအောင်ဖြစ်ခဲ့ရသည်။

"သိပါတယ်၊ အမေဟာ ယဉ်မေ့ကို အမြဲအပြစ်မြင်နေတာပဲ၊ ဆိုင်မဖွင့်နိုင်ဘဲနဲ့ ဘာဖြစ်လို့ စက်ချုပ်သင်ခိုင်းခဲ့သေးသလဲ၊ ယဉ်မေ့ဘဝက ခြေထောက်မပါဘဲ လမ်းလျှောက်သင်နေတဲ့သူနဲ့ ဘာထူးသေးလဲ၊ သူများတကာခိုင်းဖို့ မွေးလာတာလားဟင်"

မျက်ရည်ကျပြီး ပြန်ပြောလိုက်မိ၏။ ဒေါ်ကျော့မေမှာ သမီးကြီး၏အရိုင်းစိတ်ကို မည်သို့မျှ ပြန်မပြောရှာပေ။ ခင်ဝေကလည်း အစ်မ၏မျက်ရည်များကို မြင်လိုက်ရ၍ စိတ်မကောင်းဖြစ်သွားရသည်။

သည့်နောက် ယဉ်မေသည်မိခင်ကို အားကိုးယုံကြည်စိတ်မရှိအောင်ဖြစ်လာ၍ စိတ်လိုက်မာန်ပါပြုမူရန် ဆုံးဖြတ်လိုက်တော့သည်။

"ဟင်း.....ယောကျ်ားယူရင်လည်း သားသမီးကို တင့်တင့်တယ်တယ် လုပ်ပေးနိုင်မှာမဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် အစ်ကို့နောက်ကိုလိုက်သွားမယ်၊ သဘောတူချင်တူ၊ မတူချင်နေ"

♛♛♛♛♛

တစ်ပတ်ပြည့်သည့်နေ့တွင်ယဉ်မေက စတင်ပြီး မိခင်ကိုအရွဲ့တိုက်သည့်စိတ်ဖြင့် ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ရန် ကြိုးစားခဲ့တော့သည်။

"ယဉ်မေလေ အပျိုကြီးကိုလည်း ဒုက္ခမပေးချင်တော့ပါဘူး၊ ယဉ်မေနဲ့ အစ်ကိုတို့ တရားရုံးမှာလက်ထပ်ပြီး အစ်ကို့နောက်ကို ယဉ်မေ လိုက်ပါရစေတော့၊ ယဉ်မေ့ကိုသာ ခေါ်သွားပါနော် အစ်ကို"

ထိုစကားကြောင့် ထွန်းအောင်ကျော်မှာ စိတ်မကောင်းဖြစ်သွားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့အနေနှင့် ချစ်သူကို ဤသို့ ဖြစ်သလိုသဘောမထားရက်ပေ။ လူကြီးစုံရာနှင့် တောင်းရမ်းယူရန် စီစဉ်ထားပြီးဖြစ်၏။

"ဘာဖြစ်လို့လဲ ယဉ်မေ၊ အစ်ကို့အနေနဲ့ ယဉ်မေ့အပေါ် ဒီလို မလုပ်ရက်ဘူး၊ အပျိုကြီးက သဘောမကျလို့လားကွာ"

"မဟုတ်ပါဘူး အစ်ကိုရယ်၊ အစ်ကိုနဲ့မခွဲနိုင်လို့ပါနော်၊ ဒါကြောင့် မြန်မြန်လက်ထပ်ချင်တာ"

"မိပိုလေး၊ ဒီကဖြင့် လန့်သွားတာပဲကွာ၊ ဒါဆိုလည်း ယဉ်မေ့သဘောပဲလေ၊ အစ်ကို့ရဲ့မိဘ၊ ဆွေမျိုးတွေကလည်း အဝေးမှာဆိုတော့ မင်္ဂလာပွဲလည်း လာနိုင်မှာ မဟုတ်ပါဘူး"

ထိုစကားလေးဖြင့် ယဉ်မေသည် မိခင်နှင့် ညီမတို့ကိုဥပေက္ခာပြုမိပြီး အိမ်ထောင်ပြုလိုက်တော့သည်။

"ပျော်လားဟင် ယဉ်မေ"

"ပျော်လည်းပျော်တယ်၊ ဝမ်းလည်းနည်းတယ်၊ ကြောက်လည်း ကြောက်တယ် အစ်ကိုရယ်"

ရင်ထဲမှခံစားချက်ကို ပြောပြမိ၏။

"အပျိုကြီးကတော့ ယဉ်မေ့ကို စိတ်ဆိုးနေမှာပဲနော်"

"ယဉ်မေ့ကိုတင်မဟုတ်ဘူး၊ အစ်ကို့ကိုပါ စိတ်ဆိုးနေမှာပဲ၊ ဒီကောင်မလေးလုပ်တာနဲ့ အပြစ်ပြောစရာ ဖြစ်ကုန်ပြီ"

ယဉ်မေ၏နဖူးလေးကို ဖွဖွထုကာ ပြောလိုက်၏။ ယဉ်မေက စဉ်းစားကြည့်မိသည်။ ခုချိန်ဆိုလျှင် အပျိုကြီးကို ဒုက္ခပေးမိသလိုဖြစ်နေပေပြီ။ အချိန်ကုန်သည်အထိ ပြန်မလာသည့်အတွက် အမေ့ထံအသိပေးနေမည်လားဟု တွေးကြည့်မိ၏။ ထိုအချိန်တွင် မိခင်၏ဒေါသနှင့် အပြစ်တင်စကားများ၊ ပြီးတော့ မျက်ရည်များနှင့် လုံးထွေးနေမည့်ပုံကို မြင်ယောင်နေမိတော့သည်။ ခံစားမှုအားလုံးအတွက် ယဉ်မေက ကျေနပ်နေမိသည်။

"ယဉ်မေလေ အစ်ကို့နောက်ကို လိုက်ခဲ့ရလို့ ဝမ်းမနည်းဘူး အစ်ကို၊ ယဉ်မေဒီလိုလုပ်သွားလို့ ဘယ်သူမှ ဝမ်းနည်းကြမှာမဟုတ်ဘူး၊ အပြစ်တင်၊ စိတ်မကောင်းဖြစ်ကြလည်း ခဏပေါ့ အစ်ကိုရယ်"

တကယ်တမ်း မိခင်၏ခံစားမှုသောကကို ယဉ်မေ မသိခဲ့ပေ။ အပျိုကြီးမစန်းမြထံမှ ယဉ်မေ လင်နောက်လိုက်သွားသည့်သတင်းကို ကြားရစဉ်အခိုက်အတန့်၌ ဒေါ်ကျော့မေမှာ မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရ၏။ သူ့အနေနှင့် အားထားရမည်ဟု ထင်ထားသည့် သမီး၏ မိုက်လုံးကြီးမှုအတွက် ယူကျုံးမရဖြစ်ခဲ့ရသည်။

"ဒေါ်လေးအပြစ်ပါ အပျိုကြီးရယ်၊ တစ်နေ့က သူ့ကို ဒေါ်လေးဆူမိတယ်၊ အိမ်ကိုပေါင်ပြီး စက်ဆိုင်ဖွင့်ပေးဖို့ ပြောခဲ့တယ်လေ၊ ဒါနဲ့ပဲ ဒေါ်လေးက သူ့အဖေရဲ့အမွေပစ္စည်းလေးမို့ မလုပ်ဖို့ ကရုဏာဒေါသနဲ့ ပြောလိုက်မိခဲ့တယ်၊ ဒါကြောင့် စိတ်ဆိုးပြီး လင်နောက်လိုက်သွားတာပဲဖြစ်ရမယ်၊ အီး....ဟီး.....ဟီး"

ထိုသို့ပြောပြခဲ့၍ အပျိုကြီးလည်း စိတ်မကောင်းဖြစ်သွားရသည်။ အတောင်အလက်စုံ၍ မိဘအရိပ်အောက်မှ ခွဲထွက်သည့်တိုင် သားသမီးများအနေနှင့် မိဘအပေါ် ငဲ့ကြည့်သင့်၏။ ယဉ်မေသည် လော့လော့ရင်း တက်ကျိုးရသလို အပျိုကြီးကိုယ်တိုင် ပညာစုံသင်ပေးခဲ့ခြင်းမှာလည်း သဲထဲရေသွန်ဖြစ်သွားခဲ့ရသည်။ ထိုစက်ချုပ်ပညာနှင့် မိသားစုကို လုပ်ကျွေးခွင့်မရခဲ့ပေ။ ခင်ဝေလည်း အစ်မ၏လုပ်ရပ်ကြောင့် စိတ်မကောင်းဖြစ်နေရသည်။

"ခင်ဝေလေ အပင်ပန်းခံပြီး အကြော်ရောင်းနေတာ တစ်ချိန်မှာ အစ်မအတွက် စက်ချုပ်ဆိုင်လေး ဖွင့်နိုင်ဖို့ပါ အစ်မစန်းမြရယ်၊ ငွေငွေလျှံလေးတွေ စုထားပြီး ထ… ပေးနိုင်အောင်လို့ပါရှင်၊ အခုတော့ ခင်ဝေ့ရဲ့မျှော်လင့်ချက်တွေ သဲထဲ…

www.burmeseclassic.com



ရေသွန်ဖြစ်သွားပါပြီ''

''ယဉ်မေရဲ့ယောကျ်ားက သဘောကောင်းရှာပါတယ်ကွယ်၊ သူတို့ပြန်လာရင် တစ်မျိုးတစ်ဖုံ စီစဉ်ပေးမှာပါ''

''မထင်ပါဘူး အစ်မစန်းမြ ရယ်၊ အင်း...ခင်ဝေ့ဘဝကလည်း အကြော်တောထဲက ထွက်နိုင်မှာ မဟုတ်ပါဘူး၊ အမေက ရှိနေသေးတယ်လေ၊ တစ်ကိုယ်ကောင်းဆန်စိတ်ရှိတဲ့ အစ်မယဉ်မေကို မမျှော်လင့်တော့ပါဘူး၊ ကိုယ့်ဘာသာ အကြော်ရောင်းနေတာကမှ စိတ်ချမ်းသာဦးမယ်''

ဟင်းခန့် သက်ပြင်းတစ်ချက်ကို ချလိုက်၏။ အပျိုကြီးအနေဖြင့် ကာယကံရှင် အုပ်ထိန်းသူများကို အကြောင်းကြားပြီးဖြစ်၍ ခေါင်းပေါ့သွားရသော်လည်း ယဉ်မေ့အပေါ် စိတ်ဆိုးခဲ့မိသည်။ ညီမသာဖြစ်လျှင် ရှာဖွေပြီး စိတ်လိုက်မာန်ပါ ရိုက်နှက်ဆုံးမမိမည်လားမသိပေ။

''အင်း...ယဉ်မေ....ယဉ်မေ၊ အပျိုကြီးကိုပါ ဒုက္ခပေးသွားပါလားနော်၊ နင်ကတော့ ခုချိန်ဆို ပျော်နေလောက်ရောပေါ့။ စက်ချုပ်ပညာကို ခင်ဝေကို သင်ပေးလိုက်တာကမှ ဒေါ်လေးအတွက် အမိုသဟဲချွေးမယ်၊ မိဘကို ပြန်ငဲ့မကြည့်တဲ့ သမီးမိုက်ပါလားနော်''

ယဉ်မေ၏သတင်းကို စုံစမ်းသော်လည်း သတင်းအစအနပင် မရခဲ့ပေ။ ယဉ်မေသည် အားလုံးကို ခြေရာဖျောက်ထားခဲ့၏။ ထွန်းအောင်ကျော် အလုပ်လုပ်သည့် ကုမ္ပဏီ၏လိပ်စာကို မေးမြန်းမထားမိသည့်အတွက် လမ်းစပျောက်ခဲ့ရသည်။

''ညည်းတို့ရော မသိကြဘူးလားအေ၊ နည်းနည်းပါးပါး လေ့လာထားဦးမှပေါ့''

အလုပ်သင်မိန်းကလေးများက ခေါင်းခါပြကြသည်။ သူတို့လည်း တကယ်ပဲမသိကြတာလား၊ မသိချင်ယောင်ဆောင်ကြသလားတော့ မသိပေ။ အပျိုကြီး မည်သို့ပင်မေးမေး ''ဘူး''ခံနေကြ၏။

''ငါ့လက်ထဲကနေ ထွက်သွားတော့ ငါ့မှာတာဝန်ရှိနေတယ်၊ ယဉ်မေရဲ့အမေဆိုရင် ငိုလိုက်တာအေ၊ စိတ်မကောင်းဘူး၊ သနားစရာအကောင်းဆုံးက သူ့ညီမ ခင်ဝေလေးပဲ''

''အကြော်ကြော်ရတဲ့ဒဏ်က သိပ်ဆိုးတယ်နော်၊ မီးဖိုနားမှာ နေရလို့လားမသိဘူး၊ အသားတွေ မည်းပြီး ရောဂါထူလာတယ်''

''ရောဂါမထူဘဲ နေမလားအေ၊ ပြာတွေ၊ မီးခိုးတွေ ရှူနေရမှတော့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေရတတ်တာပေါ့၊ ပြီးတော့ ဆံပင်တွေလည်း အဖြူမြန်ပြီး ခဏလေးနဲ့ အိုစာတာမျိုး ဖြစ်သွားတယ်လေ''

ထို့ကြောင့်လည်း ခင်ဝေမှာ ချောင်းတဟွတ်ဟွတ်နှင့် တဖြည်းဖြည်း ပိန်လာ၏။ ဒေါ်ကျော့မေလည်း ထို့အတူပင်။

''အိမ်ထောင်ကျသွားတဲ့ ယဉ်မေတစ်ယောက် အမေနဲ့ညီမကို သိတတ်ပါစေ၊ အကြော်သည်ဘဝကို ကယ်တင်နိုင်ပါစေ၊ မိဘအပေါ် ကျေးဇူးပြန်ဆပ်နိုင်ပါစေ''

ထိုသို့သော ဆုတောင်းပေးမှုကြောင့် မစန်းမြကို မိန်းကလေးများက ပြုံးစစနှင့်ကြည့်ကာ ပြန်ပြောကြတော့သည်။

''အစ်မကသာ အဲဒီလို ဆုတောင်းနေတာ၊ ဟိုတစ်ယောက်က ခုလောက်ဆိုရင် သူ့ယောကျ်ားရင်ခွင်ထဲမှာ ပျော်လို့ရွှင်လို့၊ ဘာကိုမှ သတိရတော့မှာမဟုတ်ဘူး''

''ဟုတ်ပ၊ ဒီအချိန်မှာ ကြားလေသွေးရင်တောင် ဝေးတယ်လို့ ထင်နေကြမှာ၊ ဟီး.....ဟီး''

''တယ်.....ဒီကောင်မလေးတွေ၊ အရှက်ကိုမရှိကြဘူး၊ ကိုယ့်အလုပ် ကိုယ်လုပ်ကြစမ်း၊ အပ်ထည်တွေ များနေပြီနော်''

သည်တော့မှ အပြောကိုရပ်ကာ အလုပ်ကို ဆက်လုပ်ကြတော့သည်။ မစန်းမြကိုယ်တိုင်လည်း ယဉ်မေအကြောင်းကို ဆက်မတွေး



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ စက်ခုံပေါ် ဝင်ထိုင်လိုက်ရ၏။

♛♛♛♛♛

"ယဉ်မေရေ..အစ်ကို အလုပ်သွားပြီဟေ့"

ယဉ်မေမှာ မီးဖိုချောင်ထဲမှ လုပ်လက်စအလုပ်ကို ခဏထားခဲ့ပြီး အိမ်ရှေ့ခန်းဆီသို့ ထွက်လာခဲ့သည်။

"ယဉ်မေက အစ်ကို ရေချိုးလို့မပြီးသေးဘူးထင်နေတာ၊ မြန်လိုက်တာ အစ်ကိုရယ်"

"ဒီနေ့ အလုပ်စောစောဝင်ရမှာလေ၊ အစ်ကို ခွင့်ယူထားတုန်းက ကိုမြအောင်ကြီးက အစားဝင်ပေးထားတော့ အခုအစ်ကို့အလှည့်ပေါ့ကွာ"

အိမ်ထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့မည်ဖြစ်၍ အားငယ်ခြင်းဖြစ်မိသော်လည်း မညည်းညူချင်တော့ပါ။ ရှုံးပိတ်ရက်မြန်မြန်ရောက်ပါစေဟုသာ မျှော်လင့်နေမိသည်။

"အစ်ကိုအလုပ်ပြီးတာနဲ့ ပြန်လာခဲ့မယ်နော်၊ နေ့လယ်ကျရင် အိပ်ရေးဝဝ အိပ်နေတော့၊ အိမ်အပြန်မှာ ဘာဝယ်ခဲ့ရဦးမလဲ၊ ယဉ်မေစားချင်တာရှိရင် ပြောလေ"

"ရေခဲသေတ္တာထဲမှာ စားစရာအပြည့်ရှိနေတာပဲ အစ်ကိုရယ်၊ ယဉ်မေ ဘာမှမစားချင်တော့ပါဘူး၊ အိမ်ကိုသာ မြန်မြန်ပြန်လာနော်"

ထွန်းအောင်ကျော်က ယဉ်မေ၏နဖူးပေါ်သို့ နှုတ်ဆက်အနမ်းတစ်ချက်ပေးကာ အလုပ်ဆီသို့ထွက်ခဲ့၏။ အိမ်ရှေ့တံခါးဝတွင် ကျန်ရစ်ခဲ့သည့် ယဉ်မေအဖို့ ခင်ပွန်းသည်ကို မျှော်ကြည့်နေရုံမှတစ်ပါး အနားတွင် အချိန်ပြည့်နေထိုင်ခွင့်မရခဲ့ပေ။

အိမ်ထောင်ဦးကာလတွင် ယဉ်မေအဖို့ ပျော်စရာနှင့် စိတ်ချမ်းသာစရာချည်း ဖြစ်ခဲ့ရသည်။ သူမအားကိုးအားထားပြုမိသော ခင်ပွန်းသည်မှာ ယဉ်မေ့ဘဝအတွက် အဖော်မွန်ကောင်းနှင့် ယောကျ်ားကောင်းပီသသူတစ်ယောက်ဖြစ်၏။ ယဉ်မေ၏ဘဝလေးသည် ရွှေပင်နားတော့ ရွှေကျေးလေးဖြစ်ခဲ့ရ၏။

"ဟောဒါ ယဉ်မေ့အတွက် အစ်ကိုဝယ်လာတာ၊ မလှဘူးလားဟင်"

ထွန်းအောင်ကျော်လက်ထဲတွင် ပြိုးပြိုးပြက်ပြက်နှင့်ရွှေရောင်တောက်နေသည့် ရွှေထည်ပစ္စည်းများကို တွေ့မြင်ခဲ့ရသည်။

"ဟယ်.....လှလိုက်တာ အစ်ကိုရယ်၊ ဒါတွေက ယဉ်မေဝတ်ဖို့လားဟင်"

"ဒါပေါ့၊ အစ်ကိုရဲ့ဇနီးလေးအတွက် ချစ်သက်လက်ဆောင်လေ၊ ဒီနေ့ဟာ အစ်ကိုနဲ့ ယဉ်မေတို့ရဲ့ အိမ်ထောင်သက် သုံးလပြည့်တဲ့ အထိမ်းအမှတ်နေ့လေကွာ"

"အင်း.....ဘာလိုလိုနဲ့ ယဉ်မေတို့ လက်ထပ်ခဲ့တာ သုံးလတောင်ရှိနေပြီပဲ၊ ဘာမှမကြာလိုက်သလိုပါပဲလားနော်"

ထွန်းအောင်ကျော်က ဘဏ်တွင်စုဆောင်းထားသည့်ငွေများအနက် ယဉ်မေအတွက် ရွှေဆွဲကြိုးတစ်ကုံး၊ လက်ကောက်နှစ်ကွင်းနှင့် လက်စွပ်နှစ်ကွင်းကိုဝယ်၍ သူကိုယ်တိုင် ဝတ်ဆင်ပေးခဲ့သည်။

"ဒီလက်ကောက်နဲ့ လက်စွပ်တွေက ယဉ်မေနဲ့အတော်ပါပဲလား၊ အစ်ကိုက မှန်းတတ်သားပဲ"

"အဲဒါ အပ်ချည်ကြိုးနဲ့ ယဉ်မေ့ရဲ့လက်တွေကို တိုင်းပြီးဝယ်ခဲ့လို့ပေါ့ကွာ"

"ကြည့်စမ်း၊ အစ်ကိုကဘယ်အချိန်မှာ တိုင်းလိုက်မှန်းတောင် ယဉ်မေ မသိလိုက်ရဘူး"

"မသိဆို တိတ်တိတ်လေး တိုင်းထားလို့လေ၊ ဟဲ.....ဟဲ"

ကြည့်နေသော မှန်လေးထဲတွင် ပြောင်းလဲသွားသော သူမ၏အလှကို တွေ့မြင်နေရသည်။ ယခင်က ယဉ်မေဘဝနှင့် ယခုယဉ်မေဘဝက များစွာခြားနားနေပေပြီ။ လုပစိုပြည်မှုအပေါင်းဖြင့် ပြည့်စုံပြီး စိတ်ချမ်းမြေ့မှုကြောင့် ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



လာသည့် အလှပိုင်ရှင် ယဉ်မေကို တွေ့မြင်သူတိုင်းက အံ့သြကြမည် ပင်။

''ဟော.....ကိုထွန်းအောင် ကျော်က အပြုအစုကောင်းလို့ထင် တယ်၊ မယဉ်မေက အရင်ကလို မဟုတ်တော့ဘူး''

''မင်းကလည်း ရှင်းရှင်းပြော စမ်းပါကွာ၊ အရင်က ဆေးမစားမိ ပုံ၊ အခု ဆေးစားပြီးပုံ၊ ဘယ်တူပါ တော့မလဲ''

''ဟော့ကောင်တွေ ဘာဆေး လဲကွာ၊ ညွှန်းပါဦး''

''အေး...သိချင်ရင် မယဉ်မေ ကို မေးကြည့်လေ''

ထွန်းအောင်ကျော်၏အပေါင်း အသင်းများက အိမ်လည်လာရင်း စကြနောက်ကြ၏။

''ကိုထွန်းအောင်ကျော်တို့လင် မယားကို ကြည့်လိုက်ရင် စိတ်ချမ်း သာတယ်ဗျာ၊ခင်ဗျားတို့နှစ်ယောက် စလုံးမှာ ဆွေမျိုးအသိုင်းအဝိုင်းတွေ မရှိကြတော့ ရှင်းတယ်၊ ပေးကမ်း ထောက်ပံ့စရာ မလိုဘူးပေါ့ဗျာ''

''ကျွန်တော်က ပေးကမ်း ထောက်ပံ့ချင်တယ် ကိုမျိုးမင်းရာ၊



မရှိတော့လည်း တွေ့ရာအဘိုးအို၊ အဘွားအိုတွေနဲ့ သာသနာပြုပုဂ္ဂိုလ် တွေကို တတ်အားသမျှ လှူဒါန်းနေ ရတယ်''

''သာဓုပါဗျာ၊ သာဓု..သာဓု''

ထိုစကားလေးကို ကြားလိုက် ရသဖြင့် ယဉ်မေမှာ မိခင်နှင့်ညီမ တို့အား ချက်ချင်းသတိရသွားခဲ့ သည်။ ၎င်းတွင် ဆွေမျိုးဟူ၍ အမေ နှင့်ခင်ဝေတို့ရှိနေသည်ကို ကိုထွန်း အောင်ကျော်သာသိလျှင် သူ့ဆန္ဒ ကိုဖြည့်ဆည်းပေးနိုင်မည်ပင်။ စိတ် မကောင်းဖြစ်မိ၍ စကားဝိုင်းမှထ လာကာ အိပ်ခန်းထဲတွင်လဲလျောင်း ၍ အတိတ်ကို ပြန်လည်စဉ်းစားနေ ခဲ့မိသည်။

''အင်း..အမေ..အမေ၊ သမီး ကို စိတ်ဆိုးနေမလား၊ ငါသာ အစ် ကို့ကို ဖွင့်ပြောပြခဲ့ရင် အမေနဲ့ခင် ဝေတို့ကို ထောက်ပံ့နိုင်မှာပဲ၊ ဒါမှ မဟုတ်ရင် အိမ်မှာခေါ်ထားရင် တောင်ရတယ်၊ အခုတော့အကြော် သည်ဘဝမှာပဲ ရုန်းကန်နေကြရရှာ မှာပဲ''

မျက်ရည်များက ချက်ချင်းပင် ဝဲတက်လာကြသည်။ မိဘအပေါ် ယဉ်မေတစ်ယောက် မသိတတ်ရာ ကျလွန်းနေခဲ့၏။ တစ်ကိုယ်ကောင်း ဆန်ပြီး ကိုယ်လွတ်ရုန်းထွက်ခဲ့ ခြင်းကြောင့် သားသမီးဝတ္တရား မကျေသလို ဖြစ်နေခဲ့ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

"သမီးတစ်ယောက်ကောင်း စားရင် မိဘအတွက် ဟင်းကောင်း တစ်ခွက်တော့ စားရတာပဲဗျာ၊ အဘရဲ့သမီးကြီးက ဈေးလမ်းမှာ နေတယ်လေ၊ နေ့တိုင်းလည်း ဟင်း ပို့တယ်၊ လတိုင်းလည်း ထောက်ပံ့ တယ်၊ ဒီသမီးကြီးကြောင့် အဘ တို့မိသားစု အဆင်ပြေနေကြတာ ပေါ့ကွယ်"

အိမ်နီးချင်း အဘိုးအိုတစ် ယောက်ထံမှ နေ့စဉ်ကြားနေကျ စကားတစ်ခွန်းပဲဖြစ်၏။ ထိုစကား သာမကပါ။ ဘုရားရှိခိုးတိုင်းလည်း သမီးကြီးအတွက် မေတ္တာပို့၊ ဆု တောင်းပေးနေသံကို ကြားရသည်။ ထိုဆုတောင်းသံလေးကို ကြားရ တိုင်း ယဉ်မေမှာ မိခင်ကြီး ဒေါ် ကျော့မေကို သတိရမိ၏။ ညီမဖြစ် သူ ခင်ဝေကိုလည်း သနားသွားမိ ၏။

"ဩော်.....ယဉ်မေက အိပ် နေတာကိုး၊ ဘာဖြစ်လို့လဲ ညီမ"

"ခေါင်းကိုက်လို့ပါ အစ်ကို"

"ဒါဆို ညကျရင် ဆေးခန်း သွားရအောင်နော်၊ ဟိုကောင်တွေ တော့ ပြန်သွားကြပြီ၊ လှဲနေဦးနော်၊ အစ်ကို သံပရာရည် သွားဖျော် လိုက်ဦးမယ်"

ထွန်းအောင်ကျော် အခန်းထဲ မှထွက်သွားစဉ် မျက်ရည်များကို ကမန်းကတန်း သုတ်လိုက်ရသည်။



ဖနီးအပေါ် ခင်ပွန်းကောင်းပီသ သည့် လင်ယောကျ်ားအား ယဉ်မေ က အဖြစ်မှန်ကို ပြောမပြဝံ့ပေ။ မိမိ အပေါ် စိတ်ဆိုးသွားမည့်ထက် အကြော်သည်ဘဝအား ဖုံးကွယ် ထားခြင်းကို အထင်သေး၍ စိတ် ပျက်သွားမည်ကို စိုးရိမ်နေခဲ့သည်။

"အစ်ကိုသာသိရင် ငါ့လုပ်ရပ် ကို စိတ်နာသွားမှာအမှန်ပဲ၊ အကြော်သည်ကိုယူလိုက်မိလို့ သူ ရှက်နေမလား၊ သူ့အချစ်ကို လိမ် ညာယူမိလို့ ငါ့ကိုမုန်းသွားရင်..... အို...မပြောတာဘဲကောင်းပါတယ် လေ၊ အပျိုကြီးဆီကိုသာ တစ် ခေါက်သွားပြီး စုံစမ်းကြည့်ဦးမယ်"

ထုတ်မပြောဝံ့၍ ထိုသို့ဆုံးဖြတ် လိုက်ရ၏။ သည့်နောက် ထွန်း အောင်ကျော်ဖျော်လာသည့် သံပရာ ရည်အေးအေးလေးကို သောက်မိ စဉ် ယဉ်မေ၏အသိစိတ်၌ မိခင်နှင့် ညီမကို မေ့ပျောက်သွားပြန်တော့ သည်။

"အချဉ်ပြေပြေလေးဖျော်လာ တယ် ယဉ်မေ၊ ဒါမှ ခေါင်းထဲ မကြည်လင်တာ ပျောက်မှာပေါ့ နော်၊ ဖြည်းဖြည်းသောက်"

ကြင်နာယုယသည့် အားကိုး ဖော်လင်သားရှိနေမှတော့ သူမ အတွက် မည်သည့်အနှောင့်အဖွဲ့မှ မလိုအပ်ပဲဟု ယဉ်မေက ဆင်ခဲ့မိ၏။

"အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ယဉ်မေ"

"ယဉ်မေ့ကို ချစ်တယ်နော်"

ထွန်းအောင်ကျော်က စူးစမ်းသည့်အကြည့်နှင့် သူ၏ရင်ခွင်ထဲသို့ ဆွဲယူပွေ့ဖက်လိုက်ချိန်တွင် မျက်နှာထဲမှ လက်ကျန်မျက်ရည်စက်လေးများမှာ ပါးပြင်ပေါ်သို့ စီးကျသွား၏။

"ချစ်တာပေါ့ ယဉ်မေရယ်၊ ချစ်လွန်းလို့လည်း ယဉ်မေ့ကိုလက်ထပ်ခဲ့တာပေါ့၊ ဒီကလေးမ ဘာတွေတွေးပြီး ဝမ်းနည်းနေတာလဲ၊ လာ.....ခြံထဲမှာ ဆင်းထိုင်ကြရအောင်ကွာ၊ ပန်းလေးတွေပွင့်နေတာကို မြင်ရရင် စိတ်က အလိုလို အေးချမ်းသွားလိမ့်မယ်"

သည်လို အလိုက်သိတတ်သည့် လင်သား၏ ပြုစုယုယမှုကို ခံစားနေရ၍ အမှန်တရားကို ဖွင့်ပြောရန် ယဉ်မေအနေဖြင့် ရင်လေးနေရပြန်၏။ မိခင်နှင့် ခင်ဝေတို့၏ဘဝ အဆင်ပြေကြပါစေဟု တိုးတိတ်စွာ ဆုတောင်းနေရုံမှတစ်ပါး မည်သည့်အရာမှ လုပ်မပေးနိုင်ခဲ့ပေ။ သားသမီးကောင်းတစ်ဦး၏ တာဝန်နှင့်ဝတ္တရား မကျေပွန်နိုင်ခဲ့ကြောင်း သူမကိုယ်သူမ ဆင်ခြင်မိခဲ့၏။

♛♛♛♛♛

**ချစ်တာပေါ့ ယဉ်မေရယ်၊**
**ချစ်လွန်းလို့လည်း**
**ယဉ်မေ့ကို**
**လက် ထပ်ခဲ့တာပေါ့၊**
**ဒီကလေးမ**
**ဘာတွေတွေးပြီး**
**ဝမ်းနည်းနေတာလဲ၊**
**လာ.....ခြံထဲမှာ**
**ဆင်းထိုင်ကြရ အောင်ကွာ၊**
**ပန်းလေးတွေ**
**ပွင့်နေ တာကို**
**မြင်ရရင် စိတ်က........**

အပျိုကြီးမစန်းမြထံ တကယ်တမ်း ရောက်ဖြစ်ချိန်မှာ အိမ်မှထွက်သွားပြီး တစ်နှစ်ပြည့်ချိန်မှပင်ဖြစ်၏။ ဘာလိုလိုနှင့် ယဉ်မေ၏ အိမ်ထောင်သက်မှာ တစ်နှစ်ပင်ပြည့်ပေပြီ။ စိတ်ထဲတွင် ဘာမျှမကြာလိုက်ဟု ထင်မိ၏။ ရောက်ရောက်ချင်း အပျိုကြီးက ယဉ်မေအား ရုတ်တရက် မှတ်မိပုံမရပေ။ အကျီလာအပ်သည့်သူဟုပင် ထင်နေသည်။ နောက်တော့မှ ယဉ်မေ့ကို မှတ်မိသွားခဲ့၏။ .

"ဟယ်.....ယဉ်မေ၊ ညည်း ယဉ်မေဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် အပျိုကြီးရယ်၊ တစ်နှစ်ပဲမတွေ့ရတာနဲ့များ မမှတ်မိတော့ဘူးလား"

"ညည်းက အရင်လို ပိန်ပိန်ပါးပါး မဟုတ်တော့ဘူး၊ ကြည့်ပါဦး လှလို့၊ ဝလို့၊ အသားကလည်း ဖြူလာတယ်၊ တကယ့်သူဌေးမကြီး ဖြစ်နေပြီပေါ့နော်"

ယဉ်မေမှာ ဖယောင်းပုဆိုးခင်းထားသည့် ကြမ်းပြင်ပေါ် ထိုင်ချလိုက်သည်။

"ပေကုန်ပါဦးမယ် ယဉ်မေရာ၊ ဒါနဲ့ ကိုထွန်းအောင်ကျော်ရော ပါမလာဘူးလား"

"ဟင့်အင်း၊ အစ်ကိုကအလုပ်မအားလို့ ယဉ်မေတစ်ယောက်

www.burmeseclassic.com





တည်းပဲ ထွက်လာတာ၊ ဟိုအထည် ချုပ်သင်နေတဲ့ အသင်လေးသုံး ယောက်ရော မရှိကြတော့ဘူးလား"

"သူတို့က ဆိုင်တောင်ဖွင့်နေကြပြီလေ၊ အခု အသင်နှစ်ယောက်တော့ရှိတယ်၊ ဒါတွေထားလိုက်ပါဦး၊ ညည်း ဒေါ်လေးတို့ဆီ ရောက်ခဲ့သေးလား"

ယဉ်မေ၏လက်နှစ်ဖက်ကိုဆွဲကိုင်ကာ အားမလိုအားမရဖြင့်မေးခဲ့၏။

"မရောက်သေးဘူး အပျိုကြီး၊ ဒါကြောင့်မို့ အပျိုကြီးဆီကို စုံစမ်းချင်လို့ လာတာပါ"

"မိုက်လိုက်တာ ယဉ်မေရယ်၊ ကိုယ့်မှာ အမေတစ်ယောက်လုံးရှိနေပါလျက်နဲ့ ဘာကြောင့် လင်နောက်လိုက်ပြေးသွားရတာတုံး၊ ဟိုက တောင်းရမ်းယူမယ့်ဟာကို၊ ညည်းအမေဆို ငိုလိုက်တာမှ သနားစရာအေ၊ သူ့မှာ ညည်းကိုပဲ အားခဲထားရှာတာပါ၊ အခုလည်း ကျန်းမာရေးမကောင်းရှာဘူး"

ယဉ်မေမှာသူမ၏ဆန္ဒအတိုင်း နှစ်ဦးသဘောတူ လက်ထပ်ခဲ့မိ၍ အပျိုကြီး၏အဆူကိုခံရတော့သည်။ အပျိုကြီးက သူမ၏အဖြစ်ကို ဘာမျှမသိပေ။ သည်တော့ အပျိုကြီး၏ ပြစ်တင်စကားကို ငြိမ်ခံနေရသော်လည်း စိတ်မကောင်းမဖြစ်မိခဲ့။ ယခုထက်တိုင် မိခင်ကို မိဘဝတ္တရား မကျေပွန်သူဟု ထင်မြင်ယူဆပြီး အပြစ်မြင်နေဆဲပင်ဖြစ်သည်။

"ဒေါ်လေးဆီကို သွားလိုက်ဦးလေ၊ မနေ့ကတောင်ဒီကိုရောက်လာပြီး ယဉ်မေ့ကို သတိရလိုက်တာ၊ အဆင်မှပြေရဲ့လားဆိုပြီး ငိုနေရှာသေးတာ၊ မိဘမေတ္တာပေါ့အေ၊ မိဘမျက်ရည်တစ်စက် သားသမီးဆင်းရဲတစ်သက်တဲ့၊ ညည်း ဝဋ်လည်လိမ့်မယ်နော်"

"အခု အချိန်မရလို့ နောက်တော့မှသွားပါ့မယ် အစ်မစန်းမြရယ်၊ အမေ့ကိုသာ ယဉ်မေအဆင်ပြေတဲ့အကြောင်း ပြောပြပေးပါနော်၊ ပြီးတော့ ဒီငွေတွေကိုလည်း အမေ့ကို ပေးပေးပါ"

အိတ်ထဲမှငွေနှစ်သောင်းကို အပျိုကြီးလက်ထဲသို့ ထည့်ပေးလိုက်သည်။ အပျိုကြီးမှာ ယဉ်မေ ထုတ်ပေးသော ငွေများကိုဆုပ်ကိုင်ပြီး ပင့်သက်မောကို ချလိုက်၏။

"ပြောပြရုံနဲ့ ညည်းအမေက ကျန်းမာလာမှာမဟုတ်ဘူး ယဉ်မေ၊ သူကိုယ်တိုင် သမီးကြီးရဲ့မျက်နှာကိုတွေ့ရမှ စိတ်ချမ်းသာပြီး ကျန်းမာလာမှာအေ့၊ ဒီငွေတွေကို အမေ့လက်ထဲ သမီးကြီးကိုယ်တိုင်ထည့်

www.burmeseclassic.com

www.burmeseclassic.com

ပေးတာက ပိုကောင်းမယ်လို့ထင်တယ်''

"စိတ်ချပါ အစ်မစန်းမြ၊ ယဉ်မေ သွားသင့်သွားချိန်တန်ရင် မဖြစ် မနေကိုသွားမှာပါ၊ အခုတော့ ယဉ် မေ့ကို ကူညီပါနော်''

"ဒေါ်လေးအပေါ် ညည်းစိတ်ဆိုးနေသလား ယဉ်မေ၊ ညည်းဒီလိုသုံးဖြတ်သွားတာ ဒေါ်လေးက သူ့ကြောင့်တဲ့၊ ညည်းတို့သားအမိကြားမှာ ဘာတွေဖြစ်ကြသလဲဆိုတာကျုပ်မသိပေမယ့် ညည်းအနေနဲ့ မိဘအပေါ်တော့ မငြိုငြင်စေချင်ဘူး''

ယဉ်မေသည် ထိုကိစ္စများကို အပျိုကြီးအားဖွင့်မပြောပြချင်တော့ပါ။ သို့သော်လည်း.....

"သမီးတစ်ယောက် မိုက်မဲခဲ့တယ်ဆိုတာ ဝတ္တရားမကျေပွန်တဲ့ မိဘကြောင့်ပဲဖြစ်မှာပါ အစ်မစန်းမြ သားသမီးကို ယဉ်မေ့လို အားမငယ်စေချင်ဘူး၊ ကဲပါလေ ယဉ်မေ အိမ်ပြန်တော့မယ်၊ အပျိုကြီးသာ အမေ့ကို နှစ်သိမ့်လိုက်ပါဦးတော့နော်''

မြန်မြန်ဆန်ဆန်ပင် ငွေပေးပြီး ပြန်ရန်ပြင်ခဲ့၏။ တက္ကစီပေါ်ရောက်သည်အထိ အပျိုကြီးက လိုက်ပို့ပေးရင်း အချိန်ရရှိခိုက် ယဉ်မေအား ဆုံးမရှာသည်။

"မိဘအပေါ်စိတ်မနာကောင်းဘူး ယဉ်မေ၊ ညည်းလည်း သားသမီးမွေးလာမှာပဲ၊ အဲဒီအချိန်မှာ ကိုယ်က မိဘနေရာကိုရောက်တော့မှ ကိုယ်ချင်းစာတရား ထားတတ်လာလိမ့်မယ်''

ယဉ်မေက ဘာမှပြန်မပြောဘဲ နားထောင်နေခဲ့၏။

"ဒေါ်လေးဘဝက သနားစရာပါအေ၊ သူ့မှာ အရွယ်ရှိချိန်မှာ မုဆိုးမဘဝကို ရောက်ခဲ့ပေမယ့် ညည်းတို့ညီအစ်မကြောင့် နောက်အိမ်ထောင် မထူခဲ့ဘူး၊ သူသာ တစ်ကိုယ်ကောင်းဆန်ခဲ့ရင် ညည်းတို့ညီအစ်မ ပထွေးကြောင့် စိတ်ညစ်နေရမှာအမှန်ပဲ၊ သူ့ရဲ့မေတ္တာကို အစ်မရှင်းပြတာ သဘောပေါက်တယ်မဟုတ်လား ယဉ်မေ''

"သဘောပေါက်ပါတယ်ရှင်၊ ဒါပေမဲ့ ယဉ်မေဟာ အမှတ်သည်းခြေရှိတဲ့ မိန်းကလေးပါ အစ်မစန်းမြ၊ ကိုယ့်ကိုပြောထားတဲ့ စကားတစ်ခွန်းကို သေတဲ့အထိ စွဲမှတ်တတ်တဲ့သူပါ''

အပျိုကြီးက စိတ်ညစ်သွားဟန်ဖြင့် စကားဆက်မပြောတော့ပေ။ တစ်ဖက်သတ် တစ်ယူသန်စိတ်ရှိနေသော ယဉ်မေ့ကို နားဝင်အောင်ဖျောင်းဖျရန် မတတ်နိုင်ခဲ့ပေ။ မိခင်က သူမ,ဖြစ်လိုသည်ကို မဖြည့်ဆည်းပေးနိုင်ခဲ့၍ စိတ်နာခဲ့လေသလားဟု ထင်ရ၏။ ထိုစဉ်

အပျိုကြီးက
စိတ်ညစ်သွားဟန်ဖြင့်
စကားဆက်မပြောတော့ပေ။
တစ်ဖက်သတ်
တစ်ယူသန်စိတ်ရှိနေသောယဉ်မေ့
နားဝင်အောင်ဖျောင်းဖျရန်
မတတ်နိုင်ခဲ့ပေ။
မိခင်က
သူမ,ဖြစ်လိုသည်ကို
မဖြည့်ဆည်းပေးနိုင်ခဲ့၍
စိတ်နာခဲ့လေသလားဟု .......



www.burmeseclassic.com

www.burmeseclassic.com



တက္ကစီတစ်စီး ရောက်လာ၏။

"သားသမီးယူနော် ယဉ်မေ၊ မြေးကိုတွေ့ရင် ဒေါ်လေးက သိပ်ချစ်မှာပဲကွယ်"

"အမေက ယဉ်မေထက် ခင်ဝေမွေးတဲ့ကလေးကို ပိုချစ်မှာပါ၊ အမေ့ဘဝမှာ ယဉ်မေက အရေးမကြီးပါဘူး၊ အပစ်ပယ်ခံဘဝမို့ ကိုယ့်သားသမီးကို ယဉ်မေ့လိုအား မငယ်စေချင်ဘူး"

"အိုကွယ်.....သားသမီးကို မချစ်တဲ့မိဘရယ်လို့ ရှိကြသလား၊ ယဉ်မေရဲ့အတွေးတွေက တစ်ဖက်စွန်းရောက်နေပြီကွယ်"

ရပ်တန့်လာသော တက္ကစီပေါ်တက်ကာ ကားထွက်ခါနီးတွင် ယဉ်မေက အပျိုကြီးကို နှုတ်ဆက်စကားဆိုလိုက်သည်။

"ယဉ်မေပဲ အပျိုကြီးဆီ ဆက်သွယ်မယ်နော်၊ သွားပြီ"

"အေး...အေး၊ မကြာမကြာ လာနော်"

ယဉ်မေက သူမ သွားမည့် နေရာကို ယာဉ်မောင်းအား ပြောလိုက်၏။ သူမ နေထိုင်သည့်လိပ်စာကို အပျိုကြီးအား မပေးခဲ့ပေ။ အပျိုကြီးက မိခင်ဖြစ်သူကိုပြောလျှင် အိမ်သို့ရောက်လာကြပေလိမ့်မည်။ အပျိုကြီးနှင့် မိခင်တို့ လိုက်လာပါက သူမ၏ လိမ်ညာမှုကို ကိုထွန်းအောင်ကျော်က သိသွားပေတော့မည်။ ထိုသို့မသိစေလို၍ နေရပ်လိပ်စာကို မပြောပြခဲ့ပေ။



သူငယ်ချင်းများနှင့် ကွဲကွာရမည့်အရေးအတွက် ထွန်းအောင်ကျော်မှာ စိတ်မကောင်းဖြစ်နေခဲ့သည်။ ရန်ကုန်မြို့မှာကျန်သူကျန်၊ နယ်သို့သွားရသူ သွားရဖြင့် တကွဲတပြားစီ

"ယဉ်မေ့ကို ခွင့်လွှတ်ကြပါ
တော့၊ ယဉ်မေ့ဘဝမှာ အစ်ကိုသာ
အရေးအကြီးဆုံးပါပဲ၊ အစ်ကို့ရဲ့
အမုန်းကို ယဉ်မေ မခံစားပါရစေ
နဲ့၊ ယဉ်မေ့ကိုသာ နားလည်ပေးကြ
ပါတော့"

မိခင်နှင့် ညီမဖြစ်သူတို့အား
ယဉ်မေက စိတ်ထဲမှ တောင်းပန်
နေမိ၏။

ထို့နောက် မိခင်နှင့် အပျိုကြီး
ရှိရာသို့ ယဉ်မေက မသွားဖြစ်တော့
ပေ။ သူတို့ကတော့ ယဉ်မေ့ကို မ
သို့ထင်ကြမည်မသိပါ။

"ယဉ်မေရေ အမေစန်းမြ



www.burmeseclassic.com

www.burmeseclassic.com

ကို တစ်ခေါက်လောက် မင်းသွားသင့်တယ်၊ တို့တစ်တွေ ညားကတည်းက အစ်မစန်းမြနဲ့ မတွေ့ကြတာမဟုတ်လား''

ထွန်းအောင်ကျော်မှာ ယဉ်မေတစ်ဦးတည်း အပျိုကြီးထံသို့ သွားခဲ့သည်ကို မသိရှိခဲ့ပေ။ ယဉ်မေကလည်း ဖွင့်မပြောပြခဲ့။

''အပျိုကြီးက ပြောင်းသွားပြီ အစ်ကိုရဲ့၊ သူ့ဆိုင်မှာက လူသစ်တွေ ဆက်ဖွင့်နေကြတာလေ''

''မင်းရောက်ခဲ့ပြီးပြီလား''

''စျေးသွားတုန်းကအသိတစ်ယောက်နဲ့တွေ့လို့ ကြားခဲ့တာပါ''

မုသားမပါ လင်္ကာမချောဆိုသည့်စကားရှိထား၏။ အံ့သြနေရှာသော ထွန်းအောင်ကျော်က ဆက်မမေးတော့ပေ။

''သီတင်းကျွတ်တုန်းက အစ်မစန်းမြကို ယဉ်မေ သွားကန်တော့သင့်တယ်ကွာ''

''သွားရင် ယဉ်မေ့ကိုဆူမှာပေါ့ အစ်ကိုရဲ့''

''ဆူလည်း ခဏပေါ့ကွာ၊ အခုတော့ ယဉ်မေရောအစ်ကိုပါ ရှိုင်းရာကျတာပေါ့၊ ဘာပဲပြောပြော အစ်မစန်းမြက ယဉ်မေ့ကို စက်ချုပ်ပညာသင်ပေးခဲ့တဲ့



ဆရာမလေ''

''အခု သူမှမရှိတော့တာ၊ ဘယ်မှာသွားရှာရမှာလဲ အစ်ကိုရဲ့''

''အစ်ကိုတို့အလုပ်ဌာနက ဝန်ထမ်းတွေကို နယ်ကိုခွဲလွှတ်လိမ့်မယ်လို့ ကြားနေရတယ်၊ မော်လမြိုင်၊ ပဲခူး၊ မန္တလေးနဲ့ တောင်ကြီးတဲ့''

''ဟယ်.....ဒါဆိုရင် ယဉ်မေပါ လိုက်ရမှာပေါ့နော်''

''ဒါပေါ့''

ထွန်းအောင်ကျော်က မည်သို့ခံစားနေရမည်မသိပါ။ ယဉ်မေကတော့ သူမ မရောက်ဖူးသေးသည့်ဒေသကို ရောက်ရမည်ဆို၍ ပျော်နေခဲ့၏။

''ယဉ်မေလေ ရန်ကုန်မြို့ကို တောင်နှံ့အောင်ရောက်ဖူးတာမဟုတ်ဘူး အစ်ကို၊ ပဲခူးတို့၊ မန္တလေးတို့က ဘုရားပေါတယ်တဲ့၊ အဲဒီမြို့နှစ်မြို့ကိုပဲ သွားရပါစေလို့ ဆုတောင်းမိတယ်''

သူငယ်ချင်းများနှင့် ကွဲကွာရမည့်အရေးအတွက် ထွန်းအောင်ကျော်မှာ စိတ်မကောင်းဖြစ်နေခဲ့သည်။ ရန်ကုန်မြို့မှာကျန်သူကျန်၊ နယ်သို့သွားရသူ သွားရဖြင့် တကွဲတပြားစီ ဖြစ်ကြရပေမည်။ ပြောင်းရွှေ့ရမည်ဆိုသည့်သတင်းကြောင့် ခုကတည်းက ကြိုတင်၍ စိတ်မကောင်းဖြစ်နေခဲ့သည်။

**ရွှေလဆက်ဖတ်ပါရန်**

**လေးစားစွာဖြင့်**

**- ထက်ထက်ဦးဝေ**

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





# မြို့ပတ်ရထားပေါ်မှာ မွှင့်တဲ့မေတ္တာပန်း

မောင်ထည်ဝါ(ပျော်ဘွယ်)

ကျွန်တော်သည် အင်္ဂါနေ့တိုင်း စာရေးဆရာ မောင်သာကျော်၊ ကိုမိုး (ရွှေပြည်သာ)တို့နှင့်အတူ ရန်ကုန်၊ ကျောက်တံတားမြို့နယ်၊ ကုန်သည်လမ်းနှင့် လမ်း ၄၀ ထောင့်ရှိ စာရေးဆရာများဆုံတွေ့ရာ လေအန်ကုန်း လက်ဖက်ရည်ဆိုင်သို့ သွားရောက်လေ့ရှိသည်။ ဆရာ နန္ဒာမိုးကြယ်ဦးဆောင်သော စာရေးဆရာ၊ ဆရာမများသည် လေအန်ကုန်းဟု အမည်ပေးထားသော လက်ဖက်ရည်ဆိုင်ကလေးတွင် အင်္ဂါနေ့မှ သောကြာနေ့ နံနက် ၉နာရီမှ စတင်ကာ တွေ့ဆုံကြသည်။



စာရေးဆရာများ တစ်ဦးနှင့်တစ်ဦး စာပေရေးရာများ ဆွေးနွေးဖလှယ်ခြင်း၊ သာမှုနာမှုရှိလျှင်လည်း ဝိုင်းဝန်းကူညီခြင်းများပြုသည်။ စာပေဆိုင်ရာ သတင်းများလည်း ကြားသိရခြင်းကြောင့် စာရေးဆရာအတော်များများ လာရောက်ကြသည်။

ယနေ့ကား အင်္ဂါနေ့ဖြစ်၍ ကျွန်တော့်လည်း ထုံးစံအတိုင်း လေ အန်ကုန်းသို့ သွားရောက်ရန်အတွက် လမ်းထိပ်ရှိ ဟောဝန်နန်း လက်ဖက်ရည်ဆိုင်သို့ အိမ်မှထွက်လာခဲ့သည်။ ကျွန်တော် ဆိုင်ကိုရောက်တော့ ဆရာ ဦးဝင်းလှိုင်(မြစ်ခြေ) နှင့်အတူ မြင်းမူ အေးဆောင်၊ မောင်သာ ကျော်တို့ကိုတွေ့ရသည်။

''ဆရာ ဘာသောက်မလဲ၊ ကြိုက်တာမှာလေ''

ဦးဝင်းလှိုင်(မြစ်ခြေ)က ပြောသည်။ ဦးဝင်းလှိုင်ကား ရွှေပြည်သာမြို့မှ စာရေးဆရာများအား ဤ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်၌ နေ့စဉ်လက် ဖက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံကျွေးမွေး အလှူ ပေးနေသော စေတနာ ရှင်ဖြစ်သည်။

"မုန့်ဟင်းခါး ပဲ ကြော်နဲ့ တစ်ပွဲ"

ထိုသို့မှာလိုက်၏။ ခဏကြာတော့ စားပွဲ ထိုးက မုန့်ဟင်းခါးတစ် ပွဲ လာချပေးသည်။

"ဆရာကိုထည်ဝါ၊ ဒီနေ့မြို့ထဲကို ရထား နဲ့သွားကြမယ်ဗျာ၊ ကားနဲ့သွားရတာ ကား တွေကကျပ်တော့ ကား ပေါ်မှာ အချိန်တွေကုန် တယ်၊ အင်းစိန်ခုံးတံတား၊ လှည်း တန်းခုံးတံတား၊ ဟံသာဝတီအဝိုင်း၊ မြေနီကုန်းမီးပွိုင့်တွေမှာ ကားတန်း ကြီးက အရှည်ကြီး၊ မီးပွိုင့်ဖြတ်ဖို့ အချိန်တော်တော်ကြာကြာ စောင့် ရတယ်၊ ဒီနေ့တော့ ရထားနဲ့သွား ကြတာပေါ့ဗျာ"

ဆရာမောင်သာကျော်ကပြော ဆိုသည်။

"ခင်ဗျားရထားက အချိန်မှန် လို့လား၊ ရထားမှာက အထုပ်တွေ၊ အထမ်းတွေ၊ ဈေးသည်တွေနဲ့ပြည့် ကျပ်နေတာပဲ၊ အဲ.....ဒီကြား ထဲမှာ ရထားပျောက်တတ်သေး တယ်၊ ရထားပျောက်လို့ကတော့ ရှာလည်းပြီးသာမှတ်ပေတော့၊ ကားက တစ်စီးမဟုတ်တစ်စီး လာသေးတယ်"

"ဆရာကိုထည်ဝါက အခု ရထားစနစ် တစ်ခေတ်ပြောင်းသွား တာ မသိသေးဘူးကိုး၊ အခုဆိုရင် ရထားတွဲတွေ သန့်ရှင်းတယ်၊ အချိန်လည်း မှန်တယ်၊ ရထား ခေါက်ရေလည်း တိုးချဲ့ပြေးဆွဲပေး တယ်၊ အထူးရထားဆိုတာလည်း ရှိသေးတယ်၊ အထူးတွဲချိတ်ဆွဲပေး တယ်၊ အေးရာအေးကြောင်း သွား ချင်ရင် ကျပ် ၂၀၀ ပေးပြီး အထူး တွဲမှာစီးရုံပဲ၊ ရိုးရိုးတန်း ဆိုရင် ကျပ် ၁၀၀ ပေးရ တယ်၊ မြို့ထဲကိုလည်း အချိန်စောစောရောက် တယ်"

ဆရာမောင်သာ ကျော်က ရထားစနစ် တစ်ခေတ်ပြောင်းလာ ပြီဖြစ်ကြောင်း အားပါး တရ ပြောပြနေသော ကြောင့် ကျွန်တော်လည်း ဆရာမောင်သာကျော် နှင့်အတူ ရထားစီးရန် ဆုံးဖြတ်လိုက်၏။ ကျွန် တော်နှင့် ဆရာမောင် သာကျော်တို့ ဆရာ ဦးဝင်းလှိုင်အား နှုတ် ဆက်ခဲ့ပြီးနောက် ၁၂၄ မြောက် ပိုင်းခရိုင် အထူးကားကြီးဖြင့် တညင်းကုန်းဘူတာသို့ လိုက်ပါ လာခဲ့သည်။

♛♛♛♛♛

တညင်းကုန်းဘူတာရောက် တော့ ကိုမိုး(ရွှေပြည်သာ)က အထူး ရထားတွဲလက်မှတ်သုံးစောင် ဝယ် ယူထားပြီး ကျွန်တော်တို့ကို စောင့် နေလေ၏။ တညင်းကုန်းဘူတာမှာ ကုန်စိမ်းရထား ဆိုက်ကပ်သောဘူ တာဖြစ်၍ ကုန်စိမ်းရောင်းသူ၊ ဝယ်



www.burmeseclassic.com

www.burmeseclassic.com

သူများဖြင့် စည်ကားအသက်ဝင်နေ၏။ ဘေးထွက်ပစ္စည်းအမှိုက်များ ထုပြောလှသဖြင့် ရထားဝန်ထမ်းများက နေ့ညမပြတ် အမှိုက်များကို သိမ်းဆည်းနေရသည်။ ဘူတာ ပလက်ဖောင်းများ နိမ့်ကျယိုယွင်းနေပြီဖြစ်၍ ပြုပြင်မှုများ ပြုလုပ်ပေးရန် လိုအပ်လျက်ရှိနေသည်။

ကြည့်မြင်တိုင်ဘူတာမှ
ရထားထွက်လာသောအခါ
လက်မှတ်စစ်
ဝန်ထမ်းတစ်ယောက်
ကျွန်တော်တို့တွဲပေါ်သို့
တက်ရောက်လာပြီး
ခရီးသည်များထံလိုက်လံ၍
လက်မှတ်များကို
စစ်ဆေးပါတော့သည်။
ခရီးသည်များလည်း.....

ကျွန်တော် ဘူတာအကြောင်း' တွေးနေစဉ်မှာပင် ရန်ကုန်ဘက်သို့ ဆက်လက်ထွက်ခွာမည့် အထူးရထားတွဲတစ်စီး ဝင်ရောက်လာ၏။ ခရီးသည်များ ဆင်းသူကဆင်း၊ တက်သူကတက်ဖြင့် အလုအယက် ပြေးတက်နေကြသဖြင့် ခြေချော်လက်ချော်ဖြစ်ပြီး ပြုတ်ကျမှာစိုးရိမ်ရသည်။ ကျွန်တော်နှင့် ဆရာမောင်သာကျော်တို့မှာ နောက်ဆုံးမှသာ ရထားပေါ်သို့ တက်ခဲ့ရသည်။ ကိုမိုးကတော့ လူငယ်ပီပီ လျင်မြန်စွာ ရထားတွဲပေါ်သို့ တက်ရောက်နိုင်ခဲ့သော်လည်း ထိုင်ခုံနေရာ တစ်နေရာစာသာ ရရှိ၏။ ကျွန်တော်တို့ကို သူ့နေရာမှာဝင်ထိုင်ဖို့ ကိုမိုးက နေရာဖယ်ပေးပါသည်။ ဆရာမောင်သာကျော်ကဝင်ထိုင်လိုက်၏။ ကျွန်တော်နှင့်ကိုမိုးက သူ့အနီးတွင် မတ်တတ်ရပ်လိုက်ပါခဲ့ကြသည်။

"ကျွန်တော်က တညင်းကုန်းက အင်းစိန်ဘူတာအထိထိုင်မယ်၊ ကိုထည်ဝါက အင်းစိန်က ကြည့်မြင်တိုင်အထိထိုင်၊ ကိုမိုးက ကြည့်မြင်တိုင်က ဘူတာကြီးအထိထိုင်ပေါ့ဗျာ"

ထိုင်ခုံတစ်ခုကို ခရီးသည်သုံးဦး မျှဝေထိုင်ကြဖို့ ဆရာမောင်သာကျော်က ခွဲတမ်းချပေးပါသည်။

ဆရာမောင်သာကျော်၏ မျှတသော ခွဲတမ်းချပေးမှုကို ရထားပေါ်ရှိ ခရီးသည်များက သဘောကျနှစ်ခြိုက်ပြီး ပီတိလွှမ်းသော မျက်လုံးများဖြင့် ဆရာမောင်သာကျော်အား ဝိုင်းဝန်းကြည့်နေကြသည်။ ကျွန်တော်တို့ရထားသည် အောင်ဆန်း၊ ဖော့ကန်ဘူတာများကို ဖြတ်ကျော်၍ အင်းစိန်ဘူတာသို့ ဝင်ရောက်လာ၏။ ဆရာမောင်သာကျော်က ထိုင်ခုံမှထပေးပြီး ကျွန်တော့်ကို ထိုင်ခုံ၌ ထိုင်စေပါသည်။ သူလည်း ကျွန်တော့်အနီးတွင် မတ်တတ်ရပ်၍ လိုက်ပါလာခဲ့သည်။ ရထားကြည့်မြင်တိုင်ဘူတာသို့ ရောက်သောအခါ ကျွန်တော်လည်း ထိုင်ခုံမှထပေးပြီး ကိုမိုးအား ထိုင်ခုံ၌ထိုင်စေ ခဲ့ပါသည်။ ကျွန်တော်နှင့်ဆရာမောင်သာကျော်တို့ မတ်တတ်ရပ်၍ လိုက်ပါခဲ့ကြသည်။

ကြည့်မြင်တိုင်ဘူတာမှရထားထွက်လာသောအခါ လက်မှတ်စစ်ဝန်ထမ်းတစ်ယောက် ကျွန်တော်တို့တွဲပေါ်သို့ တက်ရောက်လာပြီး ခရီးသည်များထံ လိုက်လံ၍ လက်မှတ်များကို စစ်ဆေးပါတော့သည်။ ခရီးသည်များလည်း မိမိတို့ဝယ်ယူထားသော လက်မှတ်များကို ထုတ်ယူစစ်ဆေးကြည့်ရှုကြပြီး လက်မှတ်စစ်ရောက်လာသောအခါ ပြသနိုင်ရန် အသင့်ပြင်ဆင်ထားကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် အနီးဝန်းကျင်ရှိ ခရီးသည်များကိုလည်းကောင်း၊ လက်မှတ်စစ်ဝန်ထမ်းကိုလည်းကောင်း သတိထားကြည့်နေမိပါသည်။ ကျွန်တော့်ဘေးတွင်ရပ်နေသော လူငယ်တစ်ယောက်ကို လက်မှတ်စစ်ဝန်ထမ်းက .....

"မင်းလက်မှတ်က ကျပ် ၁၀၀ တန် လက်မှတ်ဖြစ်နေတယ်၊ ဒီလက်မှတ်နဲ့ ဒီတွဲမှာစီးလို့မရဘူး၊ ရိုးရိုးတန်းတွဲမှာ စီးရမယ်၊ ဒီတွဲက အထူးတွဲဖြစ်တယ်၊ ကျပ် ၂၀၀ တန် လက်မှတ်ပါမှ စီးလို့ရတယ်၊ ကျပ် ၂၀၀ တန်လက်မှတ်မပါတဲ့အတွက် ဒဏ်ငွေ ကျပ် ၂၀၀၀ ပေးဆောင်ရမယ်"

ဟု ပြောဆိုနေသည်။ ထိုအခါ ခရီးသည်လူငယ်က.....

"ရထားကထွက်နေပြီဖြစ်လို့ မီရာတွဲကို တက်စီးခဲ့ရတာပါ၊ နောင်ကို အခုလိုမဖြစ်စေရပါဘူး၊ အခုတစ်ကြိမ်တော့ ခွင့်လွှတ်ပေးဖို့ လက်မှတ်စစ်ကြီးကို တောင်းပန်ပါတယ်ခင်ဗျာ"

ဟု တောင်းပန်စကားဆိုနေ၏။ လက်မှတ်စစ်ဝန်ထမ်းက.....

"ညီလေးက ရထားမမီမှာစိုးလို့ ရရာတွဲကို တက်စီးခဲ့ရတယ်ဆိုတာ ဦးလေး နားလည်ပါတယ်၊ ဦးလေးအနေနဲ့ ရိုးရိုးသားသားပြောပြတဲ့ ညီလေးကို ခွင့်လွှတ်ပေးချင်ပါတယ်၊ ဦးလေးက တစ်ဦးတစ်ယောက်ကို ခွင့်လွှတ်ပေးလိုက်ရင် နောက်လူတွေကိုလည်း ခွင့်လွှတ်ပေးရမှာပါ၊ ဦးလေးတို့ နိုင်ငံ့ဝန်ထမ်းဆိုတာ တစ်ယောက်အတွက် ကြည့်လို့မရဘူး၊ နိုင်ငံတော်အတွက် ပြန်ကြည့်ရမယ်၊ နားလည်ပေးပါ ညီမောင်ရာ၊ ဒဏ်ငွေကျပ်နှစ်ထောင်ကို ပေးဆောင်လိုက်ပါ"

ထိုသို့ရှင်းပြပြီး တိုက်တွန်းပြောဆိုနေ၏။ ထိုလူငယ်က ဒဏ်ငွေကျပ်နှစ်ထောင်ကို ပေးဆောင်လိုက်သဖြင့် ပြဿနာမှာ ပြီးဆုံးသွားလေ၏။

ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ထိုင်လျက် နို့စို့ကလေးကို ချီထားသော အမျိုးသမီးကတော့ သူ့လက်မှတ်ကို ကြည့်လိုက်ပြီးနောက် မျက်နှာအနည်းငယ်ပျက်နေသည်ကို တွေ့ရသည်။

အသက်အရွယ်က သုံးဆယ်ဝန်းကျင်ခန့်ရှိ၏။ သူ့ဘေးမှာ အပြာရောင် ကျွန်ကျောင်းအိတ်တစ်ခု။ အိတ်ထဲမှာကလေးအသုံးအဆောင်ပစ္စည်းများ ထည့်ထားဟန်တူ၏။ အဝတ်အစားကလည်း နွမ်းနွမ်းဖတ်ဖတ်။ ချို့တဲ့နွမ်းပါးပုံရ၏။

လက်မှတ်စစ်ဝန်ထမ်းသည် ခရီးသည်များကို တစ်ယောက်ပြီး တစ်ယောက် စစ်ဆေးလာခဲ့ရာ ကလေးချီထားသော အမျိုးသမီးထံကို ရောက်လာ၏။ လက်မှတ်စစ်ဝန်ထမ်းက "လက်မှတ်ပြပါ"ဟု ပြောဆိုသဖြင့် ကျပ် ၁၀၀ တန် လက်မှတ်ကို ပေးလိုက်၏။

"ဒီလက်မှတ်က ကျပ် ၁၀၀ တန်လက်မှတ်ပဲ၊ ဒီတွဲမှာ စီးလို့မရဘူး၊ ဒီတွဲက အထူးတွဲ၊ ကျပ် ၂၀၀ တန်လက်မှတ်ပါမှ စီးလို့ရတာ၊ လက်မှတ်မပါတဲ့အတွက် ဒဏ်ငွေ

လက်မှတ်စစ် ဝန်ထမ်းသည် ခရီးသည်များကို တစ်ယောက်ပြီး တစ်ယောက် စစ်ဆေးလာခဲ့ရာ ကလေးချီထားသော အမျိုးသမီးထံ ကို ရောက်လာ၏။ လက်မှတ်စစ် ဝန်ထမ်းက "လက်မှတ်ပြပါ" ဟု ပြောဆိုသဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ကျပ် ၂၀၀၀ ဆောင်ရမယ်''

လက်မှတ်စစ်ဝန်ထမ်းကပြောပြသည်။

''ကျွန်မ ကလေးနေမကောင်းလို့ ကလေးဆေးရုံကို လာပြတာပါ၊ လက်မှတ်ပါရင် စီးလို့ရတယ်ပြောလို့ စီးခဲ့တာပါ၊ ဒဏ်ငွေဆောင်စရာငွေမပါတော့လို့ ခွင့်လွှတ်ဖို့တောင်း ပန်ပါတယ်''


ကလေးအမေမိန်းကလေးက တောင်းပန်စကားဆို၏။

''မသိလို့စီးမိပါတယ်လို့ ပြောလို့မရဘူး၊ လက်မှတ်မပါရင်ဒဏ် ငွေဆောင်ရမှာပဲ၊ မဆောင်နိုင်ရင် ရုံးရောက်မှရှင်းပေတော့''

လက်မှတ်စစ်က ထိုသို့ပြောဆိုပြီးနောက် လက်ကိုင်ဖုန်းဖြင့် ရဲတွဲသို့ အကြောင်းကြားလိုက်၏။

♛♛♛♛♛

ထိုအချိန်တွင် ရထားမှာလည်း ပန်းလှိုင်လမ်းဘူတာ၊ အလုံလမ်းဘူတာတို့ကို ဖြတ်ကျော်လာပြီး ရှမ်းလမ်းဘူတာသို့ ဝင်ရောက်နေပြီဖြစ်သည်။ ကလေးအမေအမျိုးသမီးသည် ရထားပေါ်မှ ဆင်းဖို့အတွက် ရထားတံခါးပေါက်ဆီသို့ အတင်းတိုးသွားပြီး ရှမ်းလမ်း ဘူတာတွင် ဆင်းရန်ကြိုးစား လေ၏။



ထိုအခါ လက်မှတ်စစ်ဝန်ထမ်းကလည်း ထိုအမျိုးသမီးဆင်းမရ အောင်လက်ဖြင့် တားဆီး၏။ ထိုကလေးအမေအမျိုးသမီးကလည်း တားဆီးထားသောလက်များကို တွန်းဖယ်၍ ရထားပေါ်မှ ဆင်းရန် အတင်းရုန်းကန်နေ၏။

လက်မှတ်စစ်ဝန်ထမ်းနှင့် ကလေးအမေ အမျိုးသမီးတို့ ဆွဲလားရုန်းလားဖြစ်နေကြလေ၏။

''ရှင် ကျွန်မလက်ကို မဆွဲပါနဲ့၊ ဘာသဘောနဲ့ဆွဲတာလဲ''

အသံတွေဆူညံနေ၏။ ထိုသို့ ဆွဲလားရုန်းလား ဖြစ်နေကြစဉ် ရထားလုံခြုံရေးတပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီးတစ်ဦး ရောက်ရှိလာ၏။

''ကိုရဲကြီးရေ လက်မှတ်မပါလို့ ဒဏ်ဆောင်ဖို့ပြောတာ လက်မခံဘဲ ရထားပေါ်က ဆင်းပြေးဖို့ လုပ်နေတယ်''

လက်မှတ်စစ်ဝန်ထမ်းက လုံခြုံရေးရဲတပ်ကြပ်ကြီးအား အခြေအနေကို ရှင်းပြ၏။

''ကျွန်မက မသိလို့ တွဲမှားပြီး စီးမိတာပါ၊ ဒဏ်ငွေဆောင်ဖို့ငွေကလည်း ကျပ် ၈၀၀ပဲကျန်တော့တယ်၊ ကလေးနေမကောင်းလို့ ကလေးဆေးရုံကို လာပြတာ၊ ခွင့် လွှတ်ဖို့ပြောတာ မရဘူး၊ ဘူတာ ရောက်လို့ ဆင်းဖို့လုပ်တော့ သူက ကျွန်မလက်ကို ဆွဲထားတယ်၊ ကျွန်မလက်ကိုဆွဲတာ

www.burmeseclassic.com

မကျေနပ်ဘူး၊ ဘာသဘောနဲ့ လက်ကိုဆွဲရတာလဲ၊ သက်ဆိုင်ရာကို ကျွန်မတိုင်မယ်''

ကလေးအမေအမျိုးသမီးက ဒေါသပြင်းစွာ ပြောဆိုနေ၏။

''ကျွန်တော် သူ့လက်ကိုမဆွဲဘူး၊ ဒဏ်မဆောင် ဘဲ ရထားပေါ်က မဆင်းဖို့ တားဆီးတာပဲ''

လက်မှတ်စစ်က ရှင်းပြခဲ့၏။

ရဲတပ်ကြပ်ကြီးလည်း ကလေးအမေအမျိုးသမီးက ဒေါသသံနှင့်အတူ ပြန်ပြောနေသော စကားတွေကြောင့် ဘာပြောရမည် မသိအောင် ဖြစ်သွားလေ၏။

''ဒီမှာ တူမကြီး၊ ကိုယ့်မှာ အခက်အခဲရှိနေရင် ကူညီချင်လာ အောင် ပြေပြေပြစ်ပြစ် ပြောမှပေါ့၊ တူမကြီးက ပါးရိုက်ချင်တယ်၊ နားရိုက်ချင်တယ်ဆိုတော့ ဘယ်လိုလုပ် အဆင်ပြေမလဲ၊ လက်မှတ်စစ်ဆိုတာ ရထားပေါ်မှာ သူ့ အလုပ်သူ လုပ်နေတာ၊ သူ့ကို သွားလုပ်ရင် တာဝန်ဝတ္တရားနှောင့် ယှက်တာမျိုးဖြစ်သွားမှာပေါ့၊ တူမကြီးမှာ ကျပ် ၂၀၀တန် လက်မှတ်မပါလို့ ဒဏ်ဆောင်ရမယ်လို့ပြောတာ သူ့တာဝန်သူလုပ်တာပဲ၊ မသိလို့ တွဲမှား စီးမိတာပါ ပြောလို့မရဘူး၊ ရထားဥပဒေကခွင့်မလွှတ်ဘူး၊ လက်မှတ်စစ်က ဌာနဆိုင်ရာ စည်းကမ်းအရ



ဆောင်ရွက်တာ၊ သူ့တာဝန်သူ ဆောင်ရွက်တာပဲလေ''

ရဲတပ်ကြပ်ကြီးက ရှင်းလင်းပြတော့မှ ကလေးအမေ အမျိုးသမီးလည်း ဘာစကားမှမပြောတော့ဘဲ ငြိမ်ကျသွားလေ၏။ သူ့ဘက်က စကားပြောလွန်သွားကြောင်း သတိထားမိလေ၏။ သူ့အမှားသူသိသွားသော ကလေးအမေအမျိုးသမီးက..

''ဆရာကြီးရယ် အဆင်ပြေအောင် ညှိနှိုင်းပေးပါ၊ ကျေးဇူးမမေ့ပါဘူး၊ ကလေးကိုဆေးရုံပြရမှာမို့ ကျွန်မတော့ သေချင်တာပါပဲ ဦးလေးရယ်''

ကလေးအမေက ရှင်းပြပြောဆိုရင်း တရှုပ်ရှုပ်ငိုနေလေ၏။ ကလေးပွေ့ချီရင်း တရှုပ်ရှုပ်ငိုနေသော အမျိုးသမီးကိုကြည့်၍ ရထားပေါ်မှ ခရီးသည်များလည်း စိတ်မကောင်းဖြစ်နေကြသည်။ ရဲတပ်ကြပ်ကြီးကတော့ ဒဏ်ငွေမဆောင်နိုင်ရင် စည်းကမ်းအရ ရထားရဲ့စခန်းကို ခေါ်သွားရမှာပဲ၊ စခန်းရောက်မှ ညှိနှိုင်းပြီး ကူညီပေးရမှာပဲဟုဆို၏။

ထိုစဉ်ကာလ အသက်ငါး ဆယ့်ငါးနှစ်ခန့်၊ အသား ဖြူဖြူ အရပ်ရှည်ရှည်၊ ကိုကြီအဖြူ



www.burmeseclassic.com

www.burmeseclassic.com



ယောဂီရောင်လုံချည်နှင့် စာကြည့် မျက်မှန် တပ်ဆင်ထားသော အမျိုးသမီးကြီးတစ်ဦး ရောက်လာပြီး ရဲတပ်ကြပ်ကြီးအား မေးလိုက်သည်။

''ကျွန်မ ဒီအမျိုးသမီးအတွက် ဒဏ်ငွေကျပ် ၂၀၀၀ ဆောင်ပေးချင်ပါတယ်၊ ပေးဆောင်လို့ရပါလား''

''ဟုတ်ကဲ့ ရပါတယ်ခင်ဗျ၊ ပေးဆောင်နိုင်ပါတယ်''

ထိုသို့ပြန်လည်ဖြေကြား၏။ အမျိုးသမီးကြီးက ငွေကျပ် ၂၀၀၀ ကို ရဲတပ်ကြပ်ကြီးမှတစ်ဆင့် ပေးလိုက်ရာ လက်မှတ်စစ်ဝန်ထမ်းက ငွေလက်ခံရရှိကြောင်း လက်ခံဖြတ်ပိုင်းကို ပြန်ပေးပါ၏။

ဒဏ်ငွေဆောင်ရမည့်ပြဿနာ ပြီးငြိမ်းသွားပြီဖြစ်လို့ အားငယ်နေသော ကလေးအမေ အမျိုးသမီး၏ မျက်နှာမှာလည်း တိမ်မှောင်တွင်းမှ ထင်းလွတ်လာသော လပြည့်ဝန်းကဲ့ သို့ ကြည်လင်ဝင်းပလာသည်။

''ကူညီပေးတာ ကျေးဇူးတင်ပါတယ် အစ်မကြီးရယ်၊ ဒါမှမဟုတ်ရင် ကျွန်မရဲစခန်းကို လိုက်သွားရမှာ''

ကူညီသူအမျိုးသမီးကြီးက ကြည်နူးမှုအပြုံးများဖြင့် ထပ်ဆင့်အိနုပြုံးပြန်၏။

''ကဲ.....ရော့ ငွေငါးထောင်၊ ကလေးဆေးကုဖို့အတွက် ပေးလိုက်မယ်''

စေတနာရက်ရောစွာဖြင့်ပြော၍ ငွေကျပ်ငါးထောင်ကို ကလေးအမေ အမျိုးသမီးသို့ ပေးလိုက်၏။

''ကျေးဇူးကြီးလိုက်တာ အစ်မ ကြီးရယ်၊ အစ်မကြီးကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူး''

ကလေးအမေက ထိုသို့ပြောဆိုပြီး ကူညီသူအစ်မကြီးအား ထိုင်၍ဦးချကန်တော့နေလေ၏။

''ရပါတယ် ညီမရယ်၊ မကန်တော့ပါနဲ့၊ အခွင့်ကြုံလို့ ညီမကို ကူညီခွင့်ရတာကိုပဲ အစ်မကြီး ဝမ်းသာပါတယ်''



ရထားပေါ်ရှိ ခရီးသည်များက ဂုဏ်သရေရှိအမျိုးသမီးကြီး၏ ကူညီပံ့ပိုးမှုနှင့် ကလေးအမေက ရှိခိုးဦးချ ကန်တော့နေသည့် မြင်ကွင်းကို ကြည့်ရှုနေရင်း ရင်ထဲမှာ ဝမ်းသာပီတိတွေ တဖွားဖွားဖြစ်နေကြလေ၏။

ရထားသည်လည်း ရန်ကုန်ဘူတာကြီးသို့ ဆိုက်ရောက်နေပြီဖြစ်၍ ကျွန်တော်တို့လည်း ရထားပေါ်မှ ဆင်းသက်၍ လေအန်ကုန်းဆီသို့ ခရီးဆက်ခဲ့ပါတော့သည်။

•

**မောင်ထည်ဝါ (မျော်အွယ်)**

www.burmeseclassic.com

ကိုမိုး (ရွှေပြည်သာ)

# မပြယ်လေသည့်ချစ်ရင်
# ခရေ





www.burmeseclassic.com

www.burmeseclassic.com





-ပြယ်လေသည့် ချစ်ရန့်ခရေ

ကိုမိုး (ရွှေပြည်သာ)

ခရေ...

ကိုယ်ထယ်ပေးထားတဲ့ ပါတီတံဆိပ်ဆက် လေးနဲ့ မင်းနွာကိုယ်က သိပ်ကြိုက်လိုက်တာ မဲကွာ။ ဘာလို့ အစိမ်းရောင်ကိုမှ ထယ်ပေးရ တာလဲလို့ ကိုယ့်ကိုမေးသွားတယ်နော်။ နှစ်ယောက်တည်း အတူရှိချိန်တုန်းက ကိုယ်မဖြေ ဖြစ်ခဲ့ဘူး ခရေ။ အခု စာထဲကနေ ဖြေပါရ စေ။ အစိမ်းရောင်ဆိုတာက စိမ်းကားတတ် အောင် သင်ပေးချင်တဲ့သဘောပါ။ ကိုယ့်အစိမ်း ရောင်က သိမ်မွေ့တဲ့အစိမ်းတော့ မဟုတ်ဘူး နော်။ ဒီလမ်း ခရေ့အနေနဲ့တော့ ကိုယ့်ကို စိမ်းကားလိုက်စေပါကွာ။ အချိန်တို့ ဒီလောက်ညီအမျိုးသား နီးစပ်ကြခဲ့ရတာ သဘာဝတော့မကျလှဘူးဆိုတာ ရှေ့ကိုင်းလက်ခံနားလည် သင့်ပါတယ်။

ပြီးတော့ အဖြူရောင်ဇိနပ်လေးတစ်ရန်
ယ်ပေးတုန်းကလည်း အကြောင်းရှိနေခဲ့ပါ
ယ်။ နောက်သုံးဆစ်ချိုးထီးလေး လက်
ဆောင်ပေးခဲ့တုန်းကလည်း ခရေက ဘာလို့
နက်ရောင်အကွက်စိပ်ကိုမှ ပေးရတာလဲတဲ့။ တို့
ရေကို အမြဲညီအစ မဆောင်မှုက်ပေးနိုင် ခဲ့ဘူး။
ရှက်ကျားပဲ လုပ်ဆောင်ပေးနိုင်လို့
ကွက်ကိုရွေးချယ်ခဲ့တာပါ။ အနက်နဲ့အဖြူဆို
တာ ဆန့်ကျင်ဘက်သဘောကိုဆောင်တယ်။
မို့ ခရေက မကိုက်ဖက်တဲ့ ဆန့်ကျင်ဘက်
သားနှစ်ဦး ဖြစ်နေခဲ့လို့ပဲလေ။

ဖြူစင်တဲ့ ကိုယ့်နှလုံးသားကို မင်းဇိနပ်
ဖြူရောင်လေးနဲ့ နင်းဖြတ်သွားခွင့်ရအောင်
ဆောင်ပေးခဲ့မိတာပဲ ခရေ။ အနက်ကွက်
တော့ ကိုယ်တတ်နိုင်သလောက် လုံခြုံမှု
ရတာပါ။ အစိမ်းရောင်ဝမ်းဆက်ရဲ့သဘော
တော့ စိမ်းကားသင့်တဲ့ ရည်ရွယ်ချက်ကို လှလှ
ရင်ဆိုင်ဖြတ်သန်းနိုင်အောင် အင်အားတစ်
ခု ဖြစ်စေဖို့ပါ။

ဒီစာဟာ ကိုယ် ခရေ့ကို နောက်ဆုံးပြော ခွင့်ရတဲ့ စကားတွေပဲဖြစ်မယ်လို့ ယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မနက်ဖြန်မှာ ခရေမသိ သေးတဲ့ ကျွန်းတစ်ခုမှာ ကိုယ်အလုပ်ပြောင်း ရွှေ့ခဲ့ပြီလေ။

ကောင်းမွန်တဲ့ လူသားအပျိုစင်ဇိနပ် ကလေးဘဝကို အပြစ်ကင်းစွင်းတဲ့ အမျိုးသား တစ်ယောက်နဲ့ ဘဝဖြတ်သန်းခွင့်ကြုံပါစေလို့ တို့ဆန္ဒပြုလိုက်ပါတယ်။

(ကို KO)

"ဘာစာတွေမို့ ဒီလောက် အသည်းအသန် ရေးနေတာလဲ မောင်"


အိမ်အပေါ်ထပ်ကို ရုတ်တရက် တက်လာသော ဇနီးသည်က လှမ်းမေးလိုက်ရာ အပေါ်ထပ် ဘုရားကျောင်းဆောင်ဘေး ခေါင်း ရင်းခန်းရှိစားပွဲ၌ ရေးလက်စစာကို ကမန်းကတန်းပင် စာအုပ်တစ်အုပ် နှင့် ဖိထားလိုက်ရသည်။ ထိုစားပွဲ အနီးမှာပင် အိမ်မျက်နှာစာအလှ ပြတင်းပေါက် သုံးပေါက်ရှိနေ သည်။ အေးနိုင်က ထိုစာရွက်ကို ဇနီးသည် သိရှိသွားမည်စိုးရိမ်၍ ပြတင်းပေါက် တံခါးတစ်ခုကို မသိ မသာဖွင့်၍ စာရွက်ခေါက်လေး အတိုင်းအိမ်ရှေ့ အဖီချဆွဲထား သောသွပ်မိုးပေါ်ပစ် ချလိုက်သည်။

ဇနီးသည်က စားပွဲအနီးသို့ ရောက်မလာသော်လည်း သူအိမ် အောက်ထပ်ဆင်းမိစဉ် ကြည့်ရှုမိ မည်ကို စဉ်းစားမိ၍ ခေတ္တခဏ သွပ်အမိုးပေါ် ပစ်ချထားခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



လည်းဖြစ်ပေသည်။

"မောင် ဒီနေ့ အလုပ်ပြောင်းရတော့မယ်ဆို၊ အရင်ကုမ္ပဏီမှာ မဆင်းတော့ဘူးဆိုရင် စောစောသွားပါလား၊ ရေချိုးတော့လေ"

"ဟုတ်တယ် ယုရေ၊ ဒီနေ့ မောင်နောက်ကုမ္ပဏီမှာ အလုပ်ဆင်းရမှာ၊ ထမင်းကျက်နေပြီလား"

"ကျက်နေပြီ၊ ရေချိုးပြီးထမင်းဘူးထည့်ယူသွားရုံပဲ"

"အေး....ဒါဆို မောင်ရေချိုး လိုက်တော့မယ်"

အိမ်အောက်ထပ်သို့လှေကားအတိုင်း ဆင်းလာခဲ့လိုက်ပြီး နောက်ဖေးရေကန်မှာ ရေလောင်းချိုးချလိုက်သည်။ ရေချိုးနေစဉ်မှာပင် မိုးက သဲသဲမဲမဲ ရွာချလိုက်သည်။ အိမ်အပေါ်ထပ်တွင် စာအုပ်များ ရှင်းလင်းသိမ်းဆည်းလေ့ရှိသော ဖနီးသည်ကို မသိစေချင်သောစာတွေ့ မိသွားမည်စိုး၍ သွပ်အမိုးဝေါ် ပစ်ချထားခဲ့မိကာမှ ပိုဆိုးလေတော့သည်။

ရေချိုးပြီး၍ အိမ်အပေါ်ထပ်ကို အေးနိုင် ကမန်းကတန်းပင် ပြန်တက်ခဲ့လိုက်သည်။

ဖနီးသည် အတွင်းခန်းထဲသို့ ရောက်နေခဲ့၍ သွပ်ပြားပေါ်မှ သူ့စာရွက်ခေါက်ကို ငုံ့ကြည့်မိလိုက်သည်။ ရေစီးနှင့်အတူ စာရွက်ခေါက်က မျောပါသွားခဲ့ရကာ တစ်စစီ၊ တစ်နေရာစီမှာ အပိုင်းအစများအဖြစ် ပျက်စီးကျန်ရှိခဲ့တော့သည်။

♛♛♛♛♛

သည်နေ့ ရုံးပိတ်ရက်တနင်္ဂနွေနေ့ဖြစ်သည်။ ယခင်ကုမ္ပဏီမှ အလုပ်သစ်ဆီသို့ အေးနိုင် ပြောင်းလုပ်ခဲ့သည်မှာ တစ်နှစ်ကျော်ကျော်မျှ ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ အိမ်သားများက အပြင်သွားနေခဲ့စဉ် အိမ်သို့ ဧည့်သည်စုံတွဲတစ်တွဲ ရောက်ရှိလာသည်။ Taxi ကားပေါ်မှ ဆင်းလာသူ အမျိုးသားနှင့် အမျိုးသမီးအား ကြည့်လိုက်မိရာ သူငယ်ချင်းလှထွန်းနှင့် သူ့ဖနီးသီတာတို့ ဖြစ်နေသည်။

"ဟော့ကောင် လှထွန်းကြီး၊ မင်း ဒီကို ပြန်ရောက်နေတာကြာပြီလား"

"သိပ်မကြာသေးဘူးကွ၊ သီတာက မင်းဆီသွားချင်တယ်ဆိုလို့ ကားငှားပြီး ထွက်လာခဲ့ကြတာ၊ မင်းအလုပ်ပြောင်းသွားတာတောင်မပြောဘူးကွာ၊ မင်းအရင်ကုမ္ပဏီကိုလည်း ငါသွားမေးသေးတယ်၊ ဟော့ကောင်ရေ အရင်ရုံးက ကျန်ခဲ့တဲ့လူတွေက မင်းအသစ်ပြောင်းတဲ့ ကုမ္ပဏီကို မသိဘူးဘဲကွ"

"ဟုတ်တယ်ကွ လှထွန်းရေ၊ ငါ ဘယ်သူ့ကိုမှ မပြောပြမထားဘူး"



www.burmeseclassic.com

www.burmeseclassic.com



“အေးကွာ၊ ငါလည်း ရန်ကုန်ရောက်တုန်းရောက်ခိုက် မင်းနဲ့တွေ့ချင်လွန်းလို့ အိမ်ကို လာခဲ့တာပဲ”

အေးနိုင်က ဆက်တီစားပွဲခုံရှိ ရေနွေးကြမ်းဓာတ်ဘူးကိုဖွင့်ပြီး ပန်းကန်လုံးများထဲ ငှဲ့ချပေးလိုက်သည်။

“ဟော့ကောင်ကြီး.....ရေနွေး သောက်ကွာ၊ ရော့..သီတာရောပဲ”

“တခြားတော့မဟုတ်ဘူးကွ အေးနိုင်ရေ၊ ငါတို့ (၅၂)လမ်းမှာ တိုက်ခန်းလေးတစ်ခန်း ဝယ်ထားလိုက်တယ်၊ သုံးလွှာမှာပါ၊ အဲဒါ မင်းကို အိမ်တက်အလှူလေးဖိတ်ချင်လို့၊ မင်းကတော့ ငါတို့လင်မယားရဲ့ တစ်ဦးတည်းသော ဧည့်သည်လည်းဖြစ်နေတော့ လာဖြစ်အောင် လာခဲ့နော် ဟော့ကောင်”

**အလုပ်အတူတူ လုပ်ခဲ့ကြသော မိန်းကလေး အုပ်စုအဖွဲ့ဖြစ်သည်။ မိန်းကလေး သုံးယောက် အုပ်စုနှင့် အေးနိုင်က ဦးစွာ ခင်မင် ခွင့်ရခဲ့ပြီး လုထွန်းသို့တစ်ဆင့် မိတ်ဆက် ရင်းနှီးခဲ့ရမှ.....**

“ဘယ်နေ့လုပ်မှာလဲကွ”

“လာမယ့်တနင်္ဂနွေနေ့ကွာ၊ မင်းလည်း ရုံးပိတ်ရက်ဖြစ်နေလို့ အားမှာပါ၊ ငါ လိပ်စာရေးပေးခဲ့မယ်”

“ကိုအေးနိုင်နော် သီတာတို့ကို ခင်တယ်ဆိုရင် လာရမယ်”

“အေးပါဟာ၊ ငါလည်း နင်တို့နဲ့ မတွေ့ရတာ အတော်ကြာနေပြီ၊ လာခဲ့ရမှာပေါ့”

ပြီးနောက် အေးနိုင်က ကော်ဖီဖျော်တိုက်သည်။ သူငယ်ချင်းနှစ်ယောက် စကားဖောင်ဖွဲ့ ပြောဆိုနေသည်ကို သီတာက ပြုံးပြုံးလေးပင် ထိုင်ကြည့်နေရှာသည်။ နောက်ထပ် မိနစ်အနည်းငယ် အတွင်းမှာပင် လုထွန်းနှင့်သီတာတို့ အိမ်ပြန် ကြတော့သည်။

သူတို့လင်မယား အိမ်အလည်ရောက်ရှိခဲ့၍ အေးနိုင်အတွက် အဟောင်းဖြစ်ရပ်တချို့ အသစ်ပြန် ဖြစ်ရပြန်သည်။ ခရေနှင်းအိနှင့် သီတာတို့က အထည်ချုပ်စက်ရုံတစ်ခုတွင် အလုပ်အတူတူ လုပ်ခဲ့ကြသော မိန်းကလေးအုပ်စုအဖွဲ့ ဖြစ်သည်။ မိန်းကလေးသုံးယောက် အုပ်စုနှင့် အေးနိုင်က ဦးစွာခင်မင် ခွင့်ရခဲ့ပြီး လုထွန်းသို့တစ်ဆင့် မိတ်ဆက် ရင်းနှီးခဲ့ရမှ သီတာနှင့် လုထွန်း အိမ်ထောင်ဖက်အဖြစ် ပေါင်းသင်း ခွင့်ရခဲ့ခြင်းဖြစ်ပေသည်။ ယခင်က လုထွန်း ကုမ္ပဏီတစ်ခု၏ ဝန်ထမ်း အဆင့်မျှသာဖြစ်သော်လည်း ယခု သီတာနှင့် လက်ထပ်ပြီးခါမှ နိုင်ငံခြားသို့ တစ်ခေါက်သွားခွင့် ကြုံခဲ့ရသည်။ ရင်းနှီးခဲ့ဖူးသူ သီတာကိုလည်း အိမ်ထောင်ဖက် ကောင်းသူငယ်ချင်းနှင့် မိတ်ဆက် ပေးခွင့် ကြုံခဲ့ရကာ စီးပွားရေးအဆင်ပြေသည်ဟု မြင်တွေ့ရပါ၍ ကျေနပ်ဝမ်းသာရပါသည်။

သို့သော် သူတို့လင်မယားပင် မသိရှိခဲ့သောသူနှင့် ခရေတို့၏ သံယောဇဉ်ဇာတ်လမ်းက အတွေးမှတစ်ဆင့် ပုံရိပ်အဖြစ် ပြန်ပေါ်လာသည်။

♛♛♛♛♛

ဂိုဒေါင်တစ်ခု၏ စာရင်းကိုင်အဖြစ် တာဝန်ယူထားရသော အေးနိုင်က ရုံးစားပွဲ၌ အလုပ်လုပ်ကိုင်နေစဉ်.....

“အစ်ကို ညီမတို့ ဒီနေ့ All Night ဆင်းရမှာမို့ အိမ်ကိုဖုန်းဆက်ခွင့်ပေးပါနော်”

အသံကြား၍ လှည့်ကြည့်မိ



www.burmeseclassic.com

www.burmeseclassic.com

ရာ အထည်ချုပ်စက်ရုံမှ အလုပ်သမား မိန်းကလေးသုံးယောက်ကို သူတွေ့ခွင့်ရသည်။ တစ်ခဏတာအတွင်းမှာပင် မိန်းကလေးတို့၏ အလှအပက အေးနိုင်ကို ညို့ယူဖမ်းစားနိုင်လှသည်ဟုလည်း ဆိုနိုင်ပါသည်။ အသံရှင်ဟုထင်ရသော မိန်းကလေးက ရုပ်ရည်နှင့် ခန္ဓာကိုယ်က လိုက်ဖက်လှသည်ဟု သုံးသပ်မိသည်။ ဆံပင်ရှည်ရှည်နှင့် တစ်ယောက်၊ မျက်နှာဝိုင်းဝိုင်းနှင့် အဖော်တစ်ယောက်လည်း ပါရှိခဲ့ရာ.....

"အစ်ကို့သူငွေးက တခြားလူတွေကို ဖုန်းပေးမဆက်နဲ့လို့ မှာထားတယ်ကွ၊ ဒါပေမဲ့ သိပ်မကြာဘူးဆိုရင်တော့ ဆက်ပါ၊ ညဘက်အလုပ်ဆင်းရမယ်ဆိုတော့ အိမ်ကိုတော့ အကြောင်းကြားသင့်တာပေါ့"

"ဟုတ်ကဲ့ အစ်ကို၊ ကျေးဇူးအထူးပဲတင်တယ်နော်"

ပြောရင်းကမှ မိန်းကလေးတစ်ယောက်က ဖုန်းကိုကောက်ကိုင်ရင်း ဖုန်းခလုတ်များကိုနှိပ်ယူလိုက်သည်။ သူတို့အိမ်အနီးရှိ တယ်လီဖုန်းအိမ်များကို ဖုန်းဆက်ပြီး အကြောင်းကြားခဲ့ခြင်းဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် အခြားသူ တစ်ဦးထံသို့လည်း ဖုန်းဆက်သွယ်လိုက်ပါ၏။ ထိုဆက်သွယ်လိုက်သူမှာ အလှဆုံးဟု အေးနိုင်မြင်မိသော မိန်းကလေးက သူ့ရည်းစားကို စက်ရုံအနီး ခဏလာခဲ့ရန် မှာကြားခြင်းပင်ဖြစ်သည်။ သူတို့သုံးယောက် ဖုန်းဆက်စကားပြောပြီးသည်နှင့်...

"အစ်ကို ညီမတို့နဲ့ လက်ဖက်ရည် သောက်လိုက်ခဲ့ပါလားဟင်၊ တစ်ခါတည်း မိတ်ဖြစ်ဆွေဖြစ် ညီမတို့သုံးယောက်စလုံးနဲ့ မိတ်ဆက်ထားချင်လို့ပါ"

သုံးယောက်စလုံး၏ အပြုံးဆင့်ဖော်ရွှေမှုကို အေးနိုင် ငြင်းပယ်နိုင်စွမ်းမရှိခဲ့ပေ။ မြင်မြင်ချင်း ရင်ခုန်မိသူတစ်သိုက်နှင့် လက်ဖက်ရည် အတူတူသောက်ခွင့်ရခြင်းတွင် လုပ်ကိုင်လက်စအလုပ်များ ခေတ္တထားခဲ့၍ အပြင်ဘက်ဆိုင်တစ်ခုသို့ သူလိုက်ပါခဲ့မိတော့သည်။

ဂိုဒေါင်အပြင်ဘက် လက်ဖက်ရည်ဆိုင်မှာ ထိုင်နေမိစဉ် ချောချော လှလှမိန်းကလေး၏ ရည်းစားဆိုသူ ကားနှင့်ရောက်ချလာသည်။ ထိုသူက မိန်းကလေးသုံးယောက်အနက် အငယ်ဆုံး၊ အချောအလှဆုံး နှင်းအိဆိုသူမိန်းကလေး၏ လက်ရှိချစ်သူအဖြစ်နားလည်မှုရနေသူဖြစ်သည်။ ထိုစားပွဲဝိုင်းမှာပင် နှင်းအိ၊ ခရေနှင့် သီတာဟူ၍ မိန်းကလေးသုံးဦးက တစ်ယောက်စီ မိတ်ဆက်ခဲ့သည်။ အေးနိုင်ကလည်း သူ့နာမည်ကို ထုတ်ဖော်မိတ်ဆက်ခဲ့ပါ၏။ နှင်းအိရည်းစားဆိုသူက ကုမ္ပဏီတစ်ခု၏ မန်နေဂျာဟု သိခွင့်ရပါသည်။

သည်လိုနှင့် အေးနိုင်က ကုမ္ပဏီဝင်းကြီး၏ စာရင်းကိုင်၊ မိန်းကလေးသုံးယောက်က ဝင်းထဲရှိ ဂိုဒေါင်တစ်ခုတွင် အလုပ်လာလုပ်နေသော အထည်ချုပ်ဝန်ထမ်းများဖြစ်ကာ ခင်မင်သိကျွမ်းရင်းနှီး၍ မိတ်ဆွေများဖြစ်ခဲ့ရပေသည်။

> ဂိုဒေါင်အပြင်ဘက် လက်ဖက်ရည်ဆိုင်မှာ ထိုင်နေမိစဉ် ချောချော လှလှမိန်းကလေး၏ ရည်းစားဆိုသူ ကားနှင့်ရောက်ချလာသည်။ ထိုသူက မိန်းကလေးသုံးယောက်အနက် အငယ်ဆုံး၊ အချောအလှဆုံး နှင်းအိဆိုသူမိန်းကလေး၏ လက်ရှိချစ်သူအဖြစ်.....

www.burmeseclassic.com



အေးနိုင်တို့ကုမ္ပဏီဝင်းကြီးက ဂိုဒေါင်(၆)လုံးရှိနေသည်။ ထိုဂိုဒေါင်(၆)လုံးတွင် အခြားအပ်ကုန်ပစ္စည်းများလည်း လက်ခံထားခဲ့ရပေရာ ကျောင်းနေဖက်သူငယ်ချင်း လှထွန်းကလည်း ပစ္စည်းလာအပ်ထားသော ကုမ္ပဏီ၏ တာဝန်ခံအဖြစ်နှင့် အေးနိုင် ပြန်ဆုံခွင့်ရသည်။ သို့ဖြစ်ပေရာ လှထွန်းကပါ ခရေတို့ မိန်းကလေးအုပ်စုနှင့် မိတ်ဆွေအဖြစ် ရင်းနှီးခဲ့ရသည်။

တစ်ခါတစ်ရံ နှင်းအိဆိုသော မိန်းကလေး၏ချစ်သူက ကုမ္ပဏီမှ ကားသုံးစွဲခွင့်ရပါလျှင် သူတို့သုံးယောက် အိမ်အပြန်ခရီးကို တာဝန်ယူပို့ဆောင်ပေးလေ့ရှိခဲ့သည်။ နှင်းအိနှင့် ခရေတို့က ညီအစ်မအရင်းတော်စပ်ခဲ့ကာ သီတာက အိမ်နီးချင်းဖြစ်ကြောင်း သိခွင့်ရပါသည်။ သူတို့သုံးယောက်နှင့် အေးနိုင်က အနားရချိန်တွင် လက်ဖက်ရည်ဆိုင် အတူထိုင်လေ့ရှိခဲ့ရာ နောက်ပိုင်း လှထွန်းပါ ပါဝင်လာတတ်ခဲ့ပြီး သီတာနှင့် အဆင်ပြေခဲ့ကာ ရည်းစားအဆင့် ရောက်ရှိခဲ့ပေသည်။

ခရေနှင့်နှင်းအိက မုဆိုးမ အမေကြီးနှင့် အတူနေရသူများဖြစ်သည်။ ညီအစ်မနှစ်ယောက်၏ လုပ်အားခနှင့် အိမ်တာဝန်ကိုရော၊ မိခင်၏တာဝန်ကိုပါ ယူထားရသည်ဟု အေးနိုင်သိရှိရသည်။ အထည်ချုပ်တွင် ပိုင်ရှင်တာဝန်ပေးချက်အရ အချိန်ပိုများပါ လုပ်ဆောင်ခဲ့ရကာ ဘဝရုန်းကန်နေရသူ ညီအစ်မများဖြစ်ကြပေသည်။ နေကုန်အလုပ်ဆင်းရသူများဖြစ်ခဲ့ရကာ ငွေရေးကြေးရေး အဆင်ပြေသော နှင်းအိ၏ရည်းစားဆိုသူကို အစ်မဖြစ်သူခရေက ကျေကျေနပ်နပ်ခွင့်ပြုပေးထားခဲ့ရပါသည်။

ကုမ္ပဏီ၌ မန်နေဂျာအဆင့်ရှိသော အမျိုးသားတစ်ယောက်ကို ညီမက ချစ်သူအဖြစ် ရွေးချယ်ထားခဲ့ပါ၍ ထိုအမျိုးသား၏ ပိုးကြေးပန်း ကြေးလက်ဆောင်ပစ္စည်းများ၊ ရုံဖန်ရံခါ လိုက်ပို့ပေးရှာသော ကားစီး ခွင့်ရမှုတို့ကြောင့် အိမ်စရိတ်ချို့တဲ့ ရှာသော ခရေနှင့်နှင်းအိတို့ ညီအစ်မ ကျေနပ်နှစ်သက်နေရသည်ဟု နားလည်မိပါသည်။

သည်လိုနှင့် ယခင်က မိန်းကလေးသုံးယောက်သား တွဲသွားတွဲလာ လုပ်ခဲ့သော်လည်း နောက်ပိုင်း အထည်ချုပ်စက်ရုံ၏ အနားပေးချိန်၊ စကားပြောဆိုခွင့်ရချိန်တို့တွင် လှထွန်းနှင့်သီတာကတစ်တွဲ၊ နှင်းအိတို့စုံတွဲကတစ်တွဲ ခွဲထွက်သွားခဲ့ရပါ၍ အေးနိုင်က ခရေအတွက် သီးခြားမိတ်ဆွေတစ်ယောက်အဖြစ် ဆက်ဆံခဲ့ရသည်။



♛♛♛♛♛

အထည်ချုပ်စက်ရုံမှာ တစ်



www.burmeseclassic.com

www.burmeseclassic.com

နှစ်စာမျှသာ ဂိုဒေါင်ငှားရမ်းလုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။ ပိုင်ရှင်မှလုပ်ငန်းပြောင်းရွှေ့ဖြစ်ခဲ့ရာ အထည်ချုပ်ဝန်ထမ်းများလည်း သီးခြားအလုပ်ရုံများဆီသို့ ပြောင်းရွှေ့ခဲ့ကြရပါသည်။ တစ်ခဏတာမျှ သိရှိရင်းနှီးခွင့်ရသူများနှင့် ဝေးကွာခဲ့ရလေပြီ။ လှထွန်း၏တာဝန်ကလည်း ပစ္စည်းကုန်ဆုံး၍ သူ့ကုမ္ပဏီ၏ အခြားတာဝန်များကို ထမ်းဆောင်ရန် ရုံးချုပ်သို့ ပြန်သွားခဲ့ရပါ၏။ လှထွန်းမှာကား လူပျိုလူလွတ်ဖြစ်နေခဲ့၍ သီတာနှင့် သီးခြားချိန်းတွေ့နေဆဲဟု သိခွင့်ရပါသည်။

တွေ့ဆုံကြုံကွဲဟု ဆိုရိုးစကားရှိသော်လည်း နှလုံးသားထဲ အရိပ်လိုထင်ကျန်ခဲ့ရသော ခရေ၏ပုံရိပ်က အေးနိုင်မျက်လုံးထဲက ပျောက်မရနိုင်အောင်ပင် ရှိနေခဲ့သည်။ အရင်ကတည်းက ပန်းချီအခြေခံနားလည်နေသူ အေးနိုင်က စက္ကူအဖြူပေါ်တွင် မိန်းကလေးတစ်ယောက်၏ပုံကို ခဲတံနှင့် ရေးခြစ်မိသည်။ မျက်ခုံးမွေးထူထူ၊ မျက်နှာပေါက်အကျ၊ ဆံပင်ပုံစံကအရှည်၊ နှာတံသွယ်သွယ်နှင့် ပါးလျသော နှုတ်ခမ်း၊ အလွတ်ရနေသော မျက်နှာအလှကို ပီပီပြင်ပြင် ရေးခြယ်ခဲ့မိရာ ခရေ၏ပုံတူပန်းချီကားချပ်က စက္ကူဖြူပေါ်မှာ ပုံရိပ်အဖြစ် ထင်ရှားလာခဲ့ရသည်။ ပန်းချီပုံကသက်မဲ့ဖြစ်သော်လည်း သူ့ကိုကလူကျီစယ်မှုပြုနေသယောင် ထင်ရသည်။ ကုမ္ပဏီဂိုဒေါင်ဝင်းထဲ အလုပ်ပါးနေချိန် စိတ်ရှိသမျှရေးခြစ်မိသော လက်ဖြစ်ပန်းချီကားက မေ့လျော့နေသင့်သူကိုပင် သတိတရဖြစ်စေပါသည်။ သည်နေ့အတွက် အလုပ်ဆင်းချိန်ကား နီးကပ်လာခဲ့ပြီပင်။

"ကလင်.....ကလင်"

အိမ်ပြန်ခါနီးမှာပင် ဖုန်းသံတစ်ခုက ဝင်ရောက်လာသည်။ ဖုန်းခွက်ကို သူကောက်ကိုင်လိုက်ပြီး...

"ဟယ်လို..--ဂိုဒေါင်ဝင်းကပါ"

"ဟိုလေ.....ကို ကိုအေးနိုင်ရှိသလားလို့"

တစ်ဖက်မှ မိန်းကလေးတစ်ယောက်၏အသံ ပေါ်လာသည်။

"ဟုတ်တယ်၊ ကျွန်တော် အေးနိုင်ပါခင်ဗျာ"

"အစ်ကိုရေ ခရေဆက်နေတာလေ"

နို့ဆီပုံးထဲ သကြားပိသာလိုက် လောင်းချထည့်လိုက်သည့်နှယ်ပင်။ အေးနိုင် ထိုအသံကြောင့် ဝမ်းသာလုံးဆို့သွားရလောက်ပါသည်။ ရင်ခုန်သံစည်းချက်ကို ပြန်လည်ထိန်းသိမ်းလိုက်ရပြီး.....

"ဒါကြောင့် ဒီအသံကြားဖူးတယ်လို့ ထင်နေတာ၊ ကဲ..ခရေညည်း ဘယ်ကဆက်နေတာလဲ"

"အခု ခရေတို့ရုံးက မော်တင် ထီရုံးကြီးရဲ့ အပေါ်ထပ်မှာပါ၊ ဒီနေ့ ခရေ အလုပ်ဆင်းပြီ အစ်ကို၊ အမြဲတမ်း အိုဗာတိုင်ဆင်းနေကျဆိုတော့ အိမ်ပြန်လို့မကောင်းဘူး၊ ပြီးတော့ နှင်းအိကိုလည်း သူ့ဘဲကြီးကလာ ခေါ်သွားတယ်၊ သီတာကတော့ ခရေတို့စက်ရုံမှာ အလုပ်မဝင်ဘူးလေ၊ ကိုလှထွန်းကြီးနဲ့တော့ တွေ့နေတယ်လို့ ဟိုတစ်နေ့ကပြောတယ်၊ သိလား အစ်ကို၊ အဲဒါ ခရေ့ကို လာကြိုပါလားဟင်၊ မော်တင် ကမ်းနားထိပ်က ကားဂိတ်မှာ စောင့်နေမယ်လေ"

"ဪ...အေး...အေး၊ လာခဲ့မယ် ခရေ၊ ကိုယ်လည်း အခုပဲ အလုပ်ဆင်းတော့မလို့၊ ဒါဆိုစောင့်နေပေး၊ အခုလာခဲ့ပြီနော်"

"ရှင်....."

ဖုန်းကို ကမန်းကတန်းပင် ဖုန်းခွက်ပေါ် ပစ်ချလိုက်သည်။ လွယ်အိတ်ကို ဆွဲလွယ်ပြီး ရုံးခန်းထဲကထွက်သည်။ ဂိုဒေါင်ဝင်းတံခါးရှေ့ရှိ အစောင့်ကို နှုတ်ဆက်ပြီး ကားလမ်းမဆီ အေးနိုင် ခပ်သွက်သွက်ပင် လျှောက်ခဲ့တော့သည်။ ထိုနေ့က မော်တင်ကား



www.burmeseclassic.com

www.burmeseclassic.com



ဝိတ်ဆီ အရင်သွား ခဲ့လိုက်သည်။ ခရေနှင့်တွေ့ဆုံ၍ စားသောက်ဆိုင်တစ်ခုတွင် အကြာကြီး စကားပြောခွင့်ရသည်။ နှင်းအိနှင့်အတူတူ အိမ်ပြန်ရမည်ဖြစ်၍ ညီအစ်မနှစ်ယောက် ပြန်ဆုံတွေ့ရန် ချိန်းထားသည့် အချိန်အထိ နှစ်ဦးသား အချိန်ဖြုန်းခဲ့ရသည်။

သည်လိုနှင့်ပင် အေးနိုင်၏ အချိန်တချို့ကို ခရေက ခေါ်ယူအသုံးပြုခဲ့လေသည်။ နဂိုကမှ ကျေနပ်ပီတိဖြစ်ရသူ အေးနိုင်က ညဘက်အိမ်ပြန်ချိန်ကို နောက်ကျခံခဲ့ကာ မြို့ထဲအတူ လျှောက်လည်သွားလာခွင့်ရခြင်းအပေါ် ကြည်နူးစွာ လိုက်လျောမှုပြုခဲ့လေသည်။ ရံဖန်ရံခါ ရုပ်ရှင်ကြည့်ခြင်းများလည်း ကြုံဆုံခဲ့မိဖြစ်တော့သည်။

တစ်ရက် ညနေဘက် နှင်းအိတို့သမီးရည်းစား တွေ့ဆုံချိန်ကို စောင့်ပေးခဲ့ရင်း မြို့ထဲ လမ်းတစ်ခု ထဲဖြတ်သွားဖို့ အေးနိုင်က ခရေကို ခေါ်ခဲ့လိုက်မိသည်။

"ဒီလမ်းကြားထဲကို ဘာလို့ဝင်ရတာလဲ ကိုရယ်၊ ဆိုင်တစ်ဆိုင်မှာ ထိုင်ရရင် ပြီးတာပဲကို"

ထိုနေ့က မိုးတဖွဲဖွဲရွာနေသည်။

"ဒီလိုပါ ခရေရယ်၊ ထီးတစ်ချောင်းတည်းနဲ့ နှစ်ယောက်အတူ လျှောက်ခွင့်ရတုန်း ကြာကြာလေး လျှောက်ရအောင် ဒီလမ်းဝင်လိုက်၊ ဟိုဘက်လမ်းဝင်လိုက် သွားကြည့်မလားလို့ပါ"

"ဟာ...ဒီလိုဆို မသွားတော့ဘူး၊ ခရေခြေညောင်းအောင် လျှောက်ခေါ်နေတာပဲ၊ လူလည်ကြီးနော်"

"စတာပါ ခရေရယ်၊ ဟိုရှေ့မှာ ဖိနပ်ဆိုင်တစ်ဆိုင်ရှိတယ်၊ အဲဒီမှာ ခရေ့အတွက် ဖိနပ်ဝယ်ပြီး လက်ဆောင်ပေးမလို့"

"ခရေကြားဖူးတယ် ကိုရဲ့၊ ရည်းစားကို ဖိနပ်လက်ဆောင်ဝယ်မပေးရဘူးတဲ့၊ ဖိနပ်လက်ဆောင်ရတဲ့ မိန်းကလေးက အဲဒီလူကိုထားခဲ့ပြီး ထွက်ပြေးသွားတတ်တယ်တဲ့"

"ဒါတွေ ကိုယ်အယူမသီးပါဘူး ခရေရယ်၊ မင်းကို ဖိနပ်အဖြူလေးတစ်ရန်လောက် ဝယ်ပေးချင်လို့ပါ"

သည်လိုနှင့် နှစ်ယောက်သား ဖိနပ်ဆိုင်ထဲ ရောက်ခဲ့တော့သည်။

"ဘယ်လိုဖိနပ်လိုချင်တာလဲ၊ စိတ်ကြိုက်ကြည့်လို့ရပါတယ်၊ ကျား စီး၊ မစီး အစုံရှိတယ်"

"ဟိုလေ ဒီလိုပါ ညီမ၊ ကလေးစီးဖိနပ်များရှိသလားလို့၊ ရတန်းအရွယ်လောက် မိန်းကလေးစီးဖိနပ်လေးတွေ ပြပေးပါလား"

ထိုသို့ ဈေးရောင်းသူကို အေးနိုင်က ပြောလိုက်မိရာ.....

"အား....."

ခရေက ဗိုက်ကြောကိုပါ လိမ်ဆွဲပစ်လိုက်သည်။

အမှန်ဆိုလျှင်လည်း ထိုသို့ပြောမိသည်က လွန်အံ့မထင်ပေ။ ခရေ့ခြေထောက်က ရတန်းအရွယ် မိန်းကလေးငယ်များစီးလေ့ရှိသည့် အရွယ်အတိုင်းအတာမျှသာဖြစ်၏။ ထိုနေ့က အဖြူရောင် ဖိနပ်လှလှ လေးတစ်ရန်ကို အေးနိုင်စိတ်ကြိုက် ဝယ်ယူခဲ့မိသည်။

♛♛♛♛♛

ခရေ အလုပ်မဆင်းရသည့် တနင်္ဂနွေနေ့သည် အေးနိုင်အတွက် အထူးအချိန်ပိုဆင်းရသောနေ့များ ဖြစ်ခဲ့ရသည်။ ရုပ်ရှင်ကြည့်ခြင်း၊ ပန်းခြံတစ်ခုခုတွင် အချိန်ဖြုန်းနေခြင်း၊ စေတီတစ်ဆူဆူ၌ ဘုရား အတူဖူးဖြစ်ရင်း နံနက်စာကို အဆင်ပြေသည့် နေရာတစ်နေရာတွင် အတူစားသောက်ခဲ့ကြကာ လျှောက်လည်ပတ်နေခဲ့သည်။

ထိုသို့ကြည်နူးဖွယ်ရာ နေ့ရက်လေးများအဖြစ် ဖန်တီးမှုပြုခဲ့ဖြစ်ရင်း တစ်ရက် ပန်းခြံက ခုံတန်းမှာတွင် အတူထိုင်စကားပြောခဲ့မှ...



www.burmeseclassic.com

www.burmeseclassic.com



“ခရေ ကိုယ်နဲ့မင်းနဲ့မှာ ကိုယ်က မလွှတ်လပ်သူပါ၊ မင်းကို အခုလို တွဲသွားတွဲလာ လုပ်ပေးနေရပေမယ့် ကိုယ့်ချစ်သူအစစ်လေးပဲလို့ စိတ်ထဲထည့်ထားပြီး နှစ်နှစ်ကာကာ ချစ်တာပါကွာ၊ တကယ်တော့ အားနာနေမိတယ်”

“ဘယ်တတ်နိုင်ပါ့မလဲ ကိုရယ်၊ ခရေကိုယ်တိုင်က ဘယ်လိုချစ်မိသွားလဲဆိုတာ မသိတော့ဘူး၊ ခရေတို့အိမ်ရှေ့မှာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ရှိတယ် ကို၊ အဲဒီဆိုင်က စိုင်းထီးဆိုင်သီချင်းတစ်ပုဒ်ဖွင့်ရင် ခရေ အရမ်းခံစားရတာပဲ သိရဲ့လား”

“ဘာသီချင်းလဲ ခရေရဲ့”

“အဲဒီသီချင်းနာမည်က အချစ်ကိုဦးစားပေးခဲ့သူဆိုတဲ့သီချင်းပဲ ကို၊ ကိုနဲ့ခရေတို့ရဲ့အဖြစ်နဲ့ တူနေလို့ ခရေ အိပ်ရာထဲ အိပ်ပျော်နေရင်တောင် အဲဒီသီချင်းဖွင့်ထားရင် ငြိမ်ပြီးနားထောင်နေမိတတ်တယ်”

“ဘယ်အခွေမှာပါတာလဲ ခရေရဲ့”

“အခု နောက်ဆုံးထွက်ထားတဲ့ ချယ်ရီကိုသာပန်ပါကွယ်ဆိုတဲ့ အခွေမှာ ပါတယ်လေကွာ၊ သီချင်းအားလုံး ၁၂ ပုဒ်ပါတယ်၊ အဲဒီသီချင်းက ၇ ပုဒ်မြောက်မှာရှိတယ် ကို၊ အဲဒီသီချင်းခွေကို အိမ်ရှေ့လက်ဖက်ရည်ဆိုင်က ဆောင်းဘောက်နဲ့ဖွင့်ထားရင် အရမ်းကောင်းတာ”



ထိုနေ့က ပန်းခြံ၊ ရုပ်ရှင်ရုံ၊ စားသောက်ဆိုင် အစုံသွားရောက်ခဲ့ပြီး ညနေဘက် ခရေနှင့်လမ်းခွဲခဲ့ကာ အေးနိုင် အိမ်ပြန်ခဲ့ပါသည်။ အင်းစိန်ခုံးကျော်တံတားအနားသို့ အရောက် စိုင်းထီးဆိုင်၏ ချယ်ရီကိုသာပန်ပါကွယ် ကက်ဆက်ခွေတစ်ခွေကို သူဝယ်ယူခဲ့မိဖြစ်သည်။

ကုမ္ပဏီ၌ အလုပ်များနေသယောင် အကြောင်းပြခဲ့ကာ ညမိုးချုပ်မှ အိမ်ပြန်ရောက်လာတတ်သူကို အိမ်သားများက ထူးထူးခြားခြား မေးမြန်းလေ့မရှိတတ်ပေ။ ရွှေပြည်သာအိမ် ပြန်ရောက်ချိန်က ၉ နာရီထိုးခါနီးလောက်ရှိနေခဲ့လေပြီ။ ညဘက် ကိုယ့်ဘာသာကိုယ် ထမင်းခူးခပ်စားသောက်ပြီး အိမ်အပေါ်ထပ် နောက်ဖေးအခန်းမှာ ကက်ဆက်ဖွင့်နားထောင်ကြည့်မိသည်။

အိမ်သားအားလုံး အိပ်ရာကိုယ်စီဝင်ခဲ့ပြီပင်ဖြစ်ရာ အချစ်ကိုဦးစားပေးခဲ့သူ သီချင်းနေရာအရောက် ကက်ဆက်ခွေကို ရစ်ယူလိုက်သည်။ သင့်တော်သော အသံထုတ်ပြီး နားဆင်ကြည့်မိဖြစ်ရာ သီချင်းပါ စာသားအချက်အလက်များက အောက်ပါအတိုင်းပင်ဖြစ်သည် –

“ဟိုတုန်းကမတွေ့ခဲ့ရင် အချစ်ဇာတ်လမ်းက တစ်မျိုးတစ်ဖုံ



www.burmeseclassic.com

www.burmeseclassic.com



ခြစ်ကောင်းဖြစ်နိုင်သည်။ ဒီလို အချိန်မှ တွေ့ခွင့်ရခဲ့ပါ၍ မပြတ် သွားဖြစ်ရသည်။ ဘဝ"က်"ကို ကြည်နူးခြင်းတစ်ဝက်နှင့် အံ့သြမိ သည်။ ငယ်ရွယ်သူဖြစ်၍ အချစ် ဆက်ကို အလေးသာပေးခဲ့မိဖြစ် သည်။ လူတိုင်း တစ်ချိန်ချိန်မှာ အချစ်ကို ရင်ဆိုင်ကြရစမြဲဖြစ် သည်။ ဘာကြောင့် အားနည်းသူကို န်းရတာလဲ။ ဘာပဲဖြစ်ဖြစ် ကြောက်စိတ်တွေ ကွယ်ပျောက်ရ သည်။ အချစ်ကိုသာ ကိုး ကွယ်ရာ ဟု ထင်မှတ်မိသည်။

လူတိုင်း လျှောက်ရသော မ်းများက ပြည့်စုံသည်ဟူ၍မရှိ၊ မျှော်လင့်သလောက် အဆင်မပြေ သော်လည်း ကြုံဆုံရမှုနှင့် အတွေ့ ထိက ကျေနပ်စရာ ကောင်းနေ ပြန်သည်။ ရည်မှန်းချက်ရှိခဲ့ပါ င် တကယ်စွန့်စားသူ သူရဲ ကောင်းများ ရှိတတ်သည်။ ထို့ ကြောင့် အချစ်ကို ဦးစားပေးရ သည်က မှန်ကန်သည်"ဟု အဆုံး တ်ထားသည်။

အေးနိုင်အနေဖြင့် စဉ်းစား ကြည့်ခဲ့ပါမှ နောက်ထပ် အချစ် စ်နှင့် လည်ပတ်ခွင့်ရခြင်းဟူ သာ အကြောင်းရင်းကို (သို့ တ်) ဘဝက်တရားကို ကြည် ခြင်းတစ်ဝက်နှင့် အံ့သြစွာ ရင် ိုင်ကြုံရသည်ဟု ဆိုနိုင်သည်။ ရည်မှန်းချက်အတွက် ကြင်နာသူ ကို တကယ်စွန့်စားသည့် သူရဲ ကောင်းများရှိခဲ့သည်ဟု သီချင်းစာ သားက အဖြေရှိခဲ့ရာ အေးနိုင် သီ ချင်းကို အထပ်ထပ်အခါခါ ပြန် နားထောင်ကြည့်သည်။ သီချင်း ခေါင်းစဉ်က အချစ်ကိုဦးစားပေးခဲ့ သူဖြစ်နေသည်။ အချစ်ကို ဦးစား ပေးခဲ့မိသူက ခရေလား၊ သူကိုယ် တိုင်ကရော အချစ်ကို ဦးစားပေးခဲ့ မိသည်လားဟု ပြန်စဉ်းစားသည်။

သူ့အနေနှင့် ဦးစားပေးသင့် သည်က လက်ရှိမိသားစုမျှသာဖြစ် ပါသည်။ ခရေနှင့်တွဲခုတ်မိသည်က တစ်ခဏတာမျှ သာယာမှုကို ရှာ ဖွေကြည့်မိခြင်းမျှသာဖြစ်သည်ဟု ဦးနှောက်က အဖြေပေးခဲ့လေ သည်။

ဦးစားပေးနှစ်ခု မတူညီခြင်း တွင် သူ ပြတ်ပြတ်သားသား ဆုံး ဖြတ်ချက်တစ်ခုချဖို့ လိုအပ်လာပြီ ပင်။

♛♛♛♛♛

ကုမ္ပဏီ၏ အလုပ်ပိတ်ရက် တနင်္ဂနွေနေ့သို့ ရောက်ရှိခဲ့ပြန်၏။ သည်နေ့ လှထွန်းတို့လင်မယား၏ အိမ်သစ်တက်ပွဲသို့ အေးနိုင်တစ်ဦး တည်း ရောက်ရှိလာခဲ့သည်။

၅၂လမ်းထဲ သူ့လမ်းလျှောက် ဝင်သွားခဲ့ပြီး အိမ်နံပါတ်များကိုရေ တွက်ကြည့်ခဲ့က လှထွန်းအိမ်န

ဘဝက်တရားကို ကြည်နူးခြင်းတစ်ဝက်နှင့် အံ့သြစွာ ရင်ဆိုင်ကြုံရသည်ဟု ဆိုနိုင်သည်။ ရည်မှန်းချက်အတွက် ကြင်နာသူကို တကယ်စွန့်စားသည့် သူရဲကောင်းများရှိခဲ့သည်ဟု သီချင်းစာသားက အဖြေရှိခဲ့ရာ......



www.burmeseclassic.com

www.burmeseclassic.com



ပါတ်အရောက် သုံးလွှာတိုက်ခန်းသီ လှေကားအတိုင်း လျှောက်တက်ခဲ့မိဖြစ်သည်။ တိုက်ခန်းတံခါးကို အသာအယာလေးထု၍ အသံပေးလိုက်သည်။

"ကျွီ....." ဟူသောအသံနှင့်အတူ တံခါးပွင့်သွားပြီး.....

"လာပါပြီရှင်၊ ဒီမှာ ကိုအေးနိုင်ရောက်ပြီ ကိုထွန်း"

"လာ.....ဟော့ကောင်၊ အထဲဝင်"

လှထွန်းက အေးနိုင်လက်ကိုဆွဲပြီး အိမ်ထဲဝင်ခိုင်းလိုက်သည်။

"ဟော့ကောင်အေးနိုင်ရေ မနက် **အရှုထ်ဆွမ်း** သံဃာတော် သုံးပါးပင့်ပြီး **ဒံပေါက်ဆွမ်း**ကပ်တယ်ကွ၊ ဒီက **အိမ်နီးချင်းတွေ**လည်း တချို့လာတယ်၊ တချို့ကျတော့လည်း မလာကြဘူးပေါ့၊ မင်းကတော့ ငါတို့လင်မယားရဲ့ အထူးဖိတ်ထားတဲ့ ဧည့်သည်ပဲ၊ လာကွာ၊ ဒံပေါက်စား၊ သီတာရေ.. ငါ့သူငယ်ချင်းအတွက် တစ်ပွဲထည့်ခဲ့လိုက်ပါကွာ"

ထမင်းစားပွဲ၌ သူငယ်ချင်းနှစ်ယောက် အတူထိုင်၍ စကားစမြည်လည်းပြောဆိုကြရင်း ဒံပေါက်ကိုလိုက်ပွဲနှင့်တကွ အေးနိုင် အဝစားခဲ့သည်။

"ကိုအေးနိုင်ကြီး ခဏနေရင် သီတာတို့ကားနဲ့ ခဏလိုက်ခဲ့၊ ခရေ တို့အိမ်ကို သွားဖို့ရှိတယ်၊ ကိုထွန်း နိုင်ငံခြားကဝယ်လာတဲ့ လက်ဆောင်တွေ သူတို့အိမ်သွားပို့မလို့"

"ဟုတ်တယ်ကွ အေးနိုင်ရ မင်းမိတ်ဆွေဟောင်းတွေပဲကွာ၊ ဟိုမှာ အကြာကြီးမနေပါဘူး၊ ပစ္စည်းပို့ပေးပြီးပြန်မယ်၊ ရောက်ဖူးတာပေါ့၊ မဟုတ်ဘူးလား"

နှစ်ဦးစလုံးက ရင်းနှီးသူလင်မယားဖြစ်နေခဲ့ရာ ငြင်းပယ်၍မကောင်းဖြစ်ရသည်မို့ အေးနိုင်ခေါင်းညိတ်လိုက်မိသည်။

> ခရေနှင့်အတူ
> ကားဂိတ်အနီးသို့
> လိုက်ပို့ပေးခဲ့မိချိန်က
> လမ်းအတွင်းရှိအိမ်သို့
> တစ်ခါမျှမရောက်ဖူးခဲ့ပေ။
> ခရေ့ကိုလိုက်ပို့ပေးခွင့်
> အကြောင်းတိုက်ဆိုင်ခဲ့လျှင်လည်း
> ဆင်းမည့်
> ကားဂိတ်နားရောက်လျှင်
> သူမနှင့်အတူ လိုက်မဆင်းရန်၊
> မှတ်တိုင်အနီး
> ရောက်လာပြီဆိုသည်နှင့်.....

ခရေနှင့်အတူ ကားဂိတ်အနီးသို့ လိုက်ပို့ပေးခဲ့မိချိန်က လမ်းအတွင်းရှိအိမ်သို့ တစ်ခါမျှမရောက်ဖူးခဲ့ပေ။ ခရေ့ကိုလိုက်ပို့ပေးခွင့် အကြောင်းတိုက်ဆိုင်ခဲ့လျှင်လည်း ဆင်းမည့်ကားဂိတ်နားရောက်လျှင် သူမနှင့်အတူ လိုက်မဆင်းရန်၊ မှတ် တိုင်အနီး ရောက်လာပြီဆိုသည်နှင့် မသိရှိသူကဲ့သို့ ဟန်ဆောင်နေရန်၊ လက်ပြနှုတ်ဆက်ခြင်းမျိုးကိုလည်း မပြုလုပ်ရန် ကြိုတင်မှာကြားထားခဲ့သည်သာဖြစ်ပါသည်။

ယခုတွင်မတော့ ခရေနေထိုင်သည့်အိမ်အထိပါ ရောက်ရှိခွင့်ကြုံရမည်ဖြစ်ပေရာ ထိုအခွင့်အရေးအတွက် သူ ဝမ်းသာရမည်လား၊ လိုက်ပါမသွားဘဲ နေခဲ့ရမည်လားတွေဝေနေရပါ၏။

"ကိုထွန်းရေ ပြီးရင်သွားကြမယ်လေ"

"အေးလေ၊ သီတာပြီးရင်သွားကြတာပေါ့၊ တိုက်အောက်မှာခေါ်ထားတဲ့ Taxi က အဆင်သင့်စောင့်နေပြီ"

"ကဲ....အေးနိုင်ရေ၊ ထတော့ သူငယ်ချင်း၊ သီတာ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေအိမ်သွားကြမယ်၊ ခဏလိုက်ခဲ့ပေးဦးပေါ့''

နိုင်ငံခြားမှပြန်လာခါစ သူငယ်ချင်းကို အားနာစိတ်ဖြစ်ရသည်မို့ အေးနိုင် ထိုခရီးစဉ်တွင် လိုက်ပါခဲ့မိဖြစ်သည်။



♛♛♛♛♛

''ကိုအေးနိုင်၊ ဒါ ခရေတို့အမေလေ၊ မေမေမွှေးတဲ့''

''ဪ...ဟုတ်ကဲ့ပါအမေ၊ ကျွန်တော် အေးနိုင်ပါ၊ ခရေတို့၊ နှင်းအိတို့နဲ့လည်း သိပါတယ်''

''အေး.....အေးပါ ငါ့တူရယ်၊ မင်းတို့လာပေမယ့် အိမ်မှာသူတို့ မရှိကြဘူး၊ အငယ်မနှင်းနှင်းက တော့ ဆင်းနေကျအလုပ် ဆက်ဆင်းနေရတယ်၊ ခရေကတော့ အလုပ်သစ်အတွက် ခဏအပြင် သွားတာပါ၊ ခဏကြာရင် ပြန်ရောက်လိမ့်မယ်ထင်တယ်''

''မေမေမွှေး ဒါက ခရေနဲ့ နှင်းအိတို့အတွက် လက်ဆောင်တွေပါ''

ခရေတို့အမေထံ သီတာက လက်ဆောင်ပစ္စည်းအထည်များ၊ ရေမွှေးပုလင်းများပါသည့် အထုပ်နှစ်ထုပ်ကို လှမ်းပေးလိုက်သည်။

''အေး....အေး သမီး၊ သူတို့ လာရင် အမေပေးလိုက်မယ်လေ''

အဖေမရှိတော့သော မိခင်မုဆိုးမကြီးနှင့် အတူနေရရှာသော ခရေတို့ညီအစ်မ နေထိုင်သည့်အိမ်လေးက သာမန် သွပ်မိုးအိမ်လေးတစ်လုံးမျှသာဖြစ်သည်။ မိဘလက်ထက်က ဆောက်လုပ်ထားခဲ့၍ အသင့်အတင့် ဟန်မပျက်နေနိုင်သော ပုံသဏ္ဌာန်ရှိနေသည်။ ခရေတို့နေအိမ်က သီတာ့အတွက် ဝင်ထွက်သွားလာနေကျအိမ်ပင် ဖြစ်နေခဲ့ရာ အတွင်းခန်းထဲ စပ်စပ်စုစုဝင် ရောက်ကြည့်ရှုနေသည်။ ခရေနှင့်နှင်းအိတို့ပိုင် ပစ္စည်းတချို့ကိုလည်း ကိုင်ကြည့်နေပြန်ရာ.....

''ဟယ်.....ဒီမှာ ထီးအနက် ကွက်လေးပါ လား၊ ဒီထီးက ဘယ် သူ့ထီးလဲ မေမေမွှေး''

အတွင်းခန်းထဲမှ ဆွဲယူထွက် လာခဲ့လိုက်ပြီး သီတာက ထီးကို ဖွင့်ဆောင်းကြည့်လိုက်သည်။ ထီးအတွင်းထဲမှာ Koဟု ကော်ရက် ရှင်ပင်နှင့် ရေးထိုးထားသည်ကို အေးနိုင်မြင်တွေ့ခွင့်ရသည်။

''အဲဒါ ခရေ့ထီး သမီးရေ၊ သူက ဝယ်ထားပြီး မဆောင်းဘဲ ထားထားတာပဲ''

သီတာက ထီးကိုပိတ်လိုက်ပြီး နဂိုပုံစံအတိုင်း ပြန်ခေါက်သိမ်းခဲ့ကာ အတွင်းခန်းထဲ ပြန်ထည့်ထားလိုက်သည်။ ပြီးနောက်.....

''မေမေမွှေး ဒီဖိနပ်သေးသေးလေးကတော့ ခရေ့ဖိနပ်ဆိုတာ သေချာတယ်၊ အံမာ....ဖိနပ်မှာ Ko လို့ ရေးထားတယ် မေမေမွှေး၊ ဒီဟာမ မရိုးတော့ဘူးနဲ့တူတယ်နော်''

''မပြောတတ်ပါဘူး သမီးရယ်၊ အမေ့မှာက သူတို့နှစ်ယောက် ရှာဖွေကျွေးတာ စားနေရတာပါ''

အေးနိုင်က Ko ဆိုသော စာသားအဓိပ္ပာယ်ကို သိရှိနေခဲ့ရာ

www.burmeseclassic.com

အလိုလိုနေရင်း မလုံမလဲဖြစ်နေခဲ့ရသည်။ စိတ်ထဲမှလည်း.....

“သြော်....ခရေရယ်၊ ဖိနပ်လက်ဆောင်ဝယ်ပေးရင် ချစ်သူကိုထားခဲ့ပြီး ထွက်ပြေးတတ်တယ်ဆိုတဲ့ အယူအဆကြောင့် မစီးရက်ဘဲများ ထားတာလားကွယ်”ဟုတွေးနေမိသည်။



ထိုစဉ်မှာပင် အိမ်အတွင်းခန်းထဲ ဝင်လိုက်ထွက်လိုက်လုပ်နေခဲ့သော သီတာ့ကို လှထွန်းကလှမ်းပြောလိုက်သည်။

“သီတာရေ ပြီးရင်ပြန်ကြမယ်နော်၊ ငါတို့ မြို့ထဲမှာ ပစ္စည်းဝယ်ဖို့ရှိသေးတယ်မဟုတ်လား”

“သြော်....ပြန်ကြတော့မလို့လား၊ ခရေက ပြောသွားတယ်၊ ဒီနေ့ ဧည့်သည်တွေလာဖို့ရှိ တယ်တဲ့၊ ဒါကြောင့် သူ (၁၀)နာရီပြန်ရောက်မယ်လို့ မှာသွားတယ်၊ နောက်ပြီး ခရေက ဒီနေ့မှ ထူးထူးခြားခြား အစိမ်းရောင်ဝမ်း ဆက်လေး ဝတ်သွားတာကွဲ့၊ သီတာတို့ အိမ်သစ်ကိုလည်း ရောက်ဖူးချင်တယ်လို့ပြောနေတယ်”

“စောင့်လို့တော့မရတော့ဘူးအဒေါ်၊ Taxi က မနက်ပိုင်းတစ်ပိုင်းစာ ဖြတ်ငှားထားရတာ၊ နောက် တစ်ခေါက်လာခဲ့ရင် ခရေတို့ ရှိ၊ မရှိ ဖုန်းဆက်ပြီးမှလာခဲ့မယ်လေ”

“အေးလေကွယ်၊ မင်းတို့ပြန်မယ်ဆိုတော့လည်း ဘယ်တတ်နိုင်ပါ့မလဲ”

သည်လိုနှင့် လှထွန်း၊သီတာနှင့် အေးနိုင်တို့ မေမေမွေးကိုနှုတ်ဆက်ခဲ့ကာ အိမ်ရှေ့လမ်းပေါ်ရှိ Taxi ကားပေါ်ပြန်တက်ခဲ့ကြသည်။ ကားအနား အေးနိုင်ရောက်စဉ်မှာပင် တိုက်တိုက်ဆိုင်ဆိုင် စိုင်းထီးဆိုင်သီချင်းသံက လက်ဖက်ရည်ဆိုင်မှ ပေါ်ထွက်လာသည်။

“ရည်မှန်းချက်အတွက် ကြင်နာသူကို တကယ်စွန့်တဲ့ သူရဲကောင်းတွေ ရှိခဲ့လည်းကွယ်.....”

ကားတံခါးအနီးရောက်နေသော်လည်း အေးနိုင်က ကားထဲမဝင်ဘဲဖြစ်နေခဲ့ရာ.....

“ဟေ့ကောင် အေးနိုင်၊ ကားပေါ်တက်လေကွာ၊ ဘာလုပ်နေတာ လဲ”

အသံကြားတော့မှ ကမန်းကတန်း ကား

www.burmeseclassic.com

www.burmeseclassic.com

တံခါးဖွင့်၍ သူဝင်ထိုင်သည်။ ရုတ်တရက် ခရေ့ အမေ၏ စကားသံကို လည်း ပြန်ကြား ယောင်သည်။

"အချိန်ရရင် စောင့်ပါလား ကွယ်၊ ဒီနေ့ ခရေက အစိမ်းရောင် ဝမ်းဆက်လေး ဝတ်သွားတယ်၊ သူ (၁၀)နာရီလောက်ဆို ပြန်ရောက် မယ်လို့ မှာသွားတယ်"

တစ်ဆက်တည်း လက်ပတ် နာရီကိုပါ အချိန်စစ်ဆေးကြည့် လိုက်မိသည်။ အချိန်က ၁၀ နာရီ ထိုးဖို့ ငါးမိနစ်မျှသာလိုတော့သည်။

♛♛♛♛♛



ခရေ့အတွက် နောက်ဆုံး နှုတ်ဆက် အသိပေးသည့် စာလွှာ လေးသည် အသေအချာရေးထား ခဲ့ပြီးဖြစ်သော်လည်း ပိုင်ရှင်ထံသို့ မရောက်ခဲ့ဘဲ သွပ်ပြားအမိုးပေါ် တွင်ပင် ရေစိုပျက်စီးခဲ့ရပေသည်။ စာအဖြစ်နှင့် မရောက်ရှိသကဲ့သို့ လူကိုယ်တိုင်လည်း တစ်ခေါက် မျှသွား မတွေ့ခဲ့။ အခုတော့ တိုက် တိုက်ဆိုင်ဆိုင် အိမ်အထိပင် ရောက်ခွင့်ရခဲ့ပြီး လက်ဆောင် ပေးခဲ့ဘူးသည့် ပစ္စည်းလေးများက အတိတ်ကို ပြန် ဆွပေးနေသ ယောင် ဖြစ်ရသည်။

မြို့သစ်ရပ်ကွက် ဂဝံလမ်း မညီမညာကို Taxi ကားလေးက အိပ့်အိပ့်နှင့် လမ်းမပေါ်ရောက် အောင် ရုန်းထွက်ခဲ့ရသည်။ ဂဝံ လမ်းနှင့် ကတ္တရာလမ်းဆုံရာသို့ အရောက် ကတ္တရာလမ်းမပေါ် ကားကလူ မ်းတက်ရင်း ဖြတ် အကွေ့မှာပင် ထိုလမ်းဆုံဂိတ်ရှိ ဘတ်စ်ကားတစ်စီးပေါ်မှ မိန်း ကလေးတစ်ဦး ဆင်းလာနေ သည်ကို အေးနိုင် တွေ့လိုက်ရ သည်။

ထိုမိန်းကလေးက ဆံပင်ရှည် ရှည်၊ အစိမ်းရောင်ဝမ်းဆက်လေး ဝတ်ထားသော မြန်မာဆန်သည့် မိန်းမလှလေးတစ်ဦးဖြစ်သည်။

Taxi ကားလေးကမူ မဟူရာ လမ်းမပေါ်အရောက် မြားတစ်စင်း နှယ် အရှိန်ကိုမြှင့်၍ မောင်းထွက် သွားလေတော့သည်။

"ဝူး....."

သွပ်ပြားအမိုးပေါ်တွင်ပင်
ရေစိုပျက်စီးခဲ့ရပေသည်။
စာအဖြစ်နှင့်
မရောက်ရှိသကဲ့သို့
လူကိုယ်တိုင်လည်း
တစ်ခေါက်မျှသွားမတွေ့ခဲ့။
အခုတော့တိုက်တိုက်ဆိုင်ဆိုင်
အိမ်အထိပင်
ရောက်ခွင့်ရခဲ့ပြီး....

***ကိုမိုး (ရွှေပြည်သာ)***



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ဘကြီးပြောတဲ့လောက သင်ခန်းစာ

ရွှေညာမောင်ကြီး
(မြစ်ငယ်)

အချိန်ကား နေဝင်ဖျိုးဖျ.....

တောစောင့်နတ် ဘိကြုကြီးသည် တောခင်းလှည့်လည်ရန် ထွက်လာခဲ့သည်။

"အလို.....ခင်ဖြူ၏စက်ကွင်း လူသားတစ်ယောက် သက်ဆင်း ဝင်ရောက်နေပြန်ပါပကော၊ ငါ မကယ်က ဤလူသား ဘဝဆုံးတော့မည်"

ဘိကြုကြီးက လူငယ်နှင့်မျက် နှာချင်းဆိုင်၍ စကားဆိုသည်။

"အို .....အသင်လူသား၊ သင် ချီတက်လာခဲ့သော ပန်းတိုင်မြို့တော်ဆိုသည်မှာ ပဟေဠိဆန်၍ အသိမဲ့သော မြို့တော်ဖြစ်လေသည်၊ သူ့ထံသို့ ချီတက်ကြသော လူသား အပေါင်းတို့မှာ.....


အချို့.....နီးစေ၍
အချို့.....ဝေးစေသည်၊
အချို့.....မြန်စေ၍
အချို့.....နှေးစေသည်၊
အချို့.....လွယ်စေ၍
အချို့.....ခက်စေသည်၊
အချို့.....လမ်းခရီးမှာပင် ကျဆုံးစေသည်၊

ခိုင်မြဲသော ဖွဲ၊ လုံ့လ၊ ဝီရိယရှိသူများကိုသာ သူတို့ထံသို့ရောက်စေသည်၊

ခိုင်မြဲသော ဖွဲ၊ လုံ့လ၊ ဝီရိယရှိသူများကို ထာဝစဉ်အမြဲ လက်ခံထားလေ့ရှိသည်၊

ခိုင်မြဲသော ဖွဲ၊ လုံ့လ၊ ဝီရိယပျက်သူများအား နေရာဟောင်းသို့ ပြန်၍လွှတ်လေ့ရှိသည်၊

စိတ်အာရုံအလိုသို့ လိုက်သဖြင့် အသင်လူသားသည် ခိုင်မြဲသော ဖွဲ၊ လုံ့လ၊ ဝီရိယတို့ ပျက်သုဉ်းနေပြီဖြစ်သဖြင့် လမ်းခရီးမှာပင် ကျဆုံးခြင်းသို့ ရောက်ပေတော့မည်၊



အို.....အသင်လူသား၊ သင်နှင့် ချစ်ရည်လူးနေသော ခင်ဖြူဆိုသူသည် လူသားအစားကြူးခဲ့သော ဘီလူးမသာ ဖြစ်လေသည်၊ အလင်းရောင်သုဉ်း၍ အမှောင်ဖုံးသောအခါ သင့်အား ဘဝဆုံးအောင် စီရင်

www.burmeseclassic.com



ပေလိမ့်မည်၊

ငါတောစောင့်နတ်က အသင်လူသားအား အမှန်ကိုသိရအောင် ပြပေမည်၊ သင်၏ရှေ့ဘဝကိုကြည့်ပေတော့၊

"ခင်ဖြူ"၏အကျင့်ဆိုးများကြောင့် လူတွေပျက်စီးနေရသည်ကား ဤသို့တည်း....."

တစ်တောလုံး မှောင်သွားသည်ဟု ထင်လိုက်ရသည်။ ထို့နောက် ပိတ်ကားပေါ်တွင် ရုပ်ရှင်ကြည့်ရသည့်အလား အစီအရီနှင့် ပေါ်လာကြသည့် ပုံရိပ်များမှာ.....

♛♛♛♛♛

အစတော့ ပျော်၍ကခုန်နေကြသည်။ ဦးနှောက်တွေ၊ ဉာဏ်တွေ ရွှင်လာသည်။ ကျန်းမာရေးတွေ ကောင်းလာသည်ဟု ထင်ရသည်။ နောက်တော့ မွဲပြာလာကြသည်။ ချည့်နဲ့လာသည်၊ စာရိတ္တတွေ ပျက်လာသည်၊ ရာဇဝတ်မှုတွေ ကျူးလွန်လာသည်၊ ပေါကြောင်ကြောင်တွေ ဖြစ်လာသည်။ တချို့က ရူးသွားကြသည်၊ တချို့က သူတောင်းစားဖြစ်သွားကြသည်၊ တချို့က ပိုးဟပ်ဖြူလိုဖြစ်ပြီး လူစဉ်မမီကြတော့။ လူကောင်းတွေက နှာခေါင်းရှုံ့ကြသည်၊ ရှောင်ကွင်းသွားကြသည်။ အရွယ်မတိုင်မီ သေမင်း၏ခေါ်ရာနောက် ကောက်ကောက်ပါအောင် လိုက်ပါသွားရသည်။

အဲဒီနောက်တော့ အရိုးပုံကြီး တစ်ပုံပေါ်လာသည်။ အရိုးပုံကြီး တလှုပ်လှုပ်တရွရွ ဖြစ်လာသည်။ အရိုးရုပ်တွေအဖြစ် မတ်တတ်ရပ်လာကြသည်။

♛♛♛♛♛

မောင်ဝဏ္ဏအား ဝိုင်းအုံကြည့်နေကြပြီးနောက် ဝမ်းနည်းကြောင်းပြောကြသည်။ နောက် ဒီတောမှာ မပျော်နှင့်၊ မြန်မြန်ထွက်သွားပါဟူသော အဓိပ္ပာယ်ဖြင့် လက်များကို ခါယမ်း၍ပြကြလေသည်။ နောက်တော့ ဗုန်းဗုန်းလဲကြကုန်ကာ အရိုးပုံကြီး ပြန်၍ဖြစ်သွားလေသည်။



မောင်ဝဏ္ဏ ငိုင်နေရာမှ သတိ ရလာသည်။

"အစ်ကို...ဘယ်လိုဖြစ်သွားတာလဲ အစ်ကိုရယ်"

ခင်ဖြူက မေးလိုက်သည်။ ပြီးတော့ မောင်ဝဏ္ဏနဖူးမှ ချွေးများကို ယုယစွာ သုတ်ပေးနေခဲ့သည်။

"အတွေးတွေသိပ်ပြီးခေါင်မနေပါနဲ့ အစ်ကိုရယ်၊ လက်တွေ့ခံစားနေရတဲ့ ချမ်းသာသုခထက် မတိကျတဲ့ စိတ်ကူးထဲက ချမ်းသာသုခကို မျှော်ကိုးမနေပါနဲ့ အစ်ကို"

သနားစဖွယ် ခင်ဖြူက ပြောနေသည်။

မောင်ဝဏ္ဏသည် သံယောဇဉ်တွယ်နေမိပြီဖြစ်သော်လည်း ခင်ဖြူ့ဆီက လျင်မြန်စွာရုန်းထွက်ကာ ပန်းတိုင်မြို့တော်သို့ ခရီးဆက်ခဲ့သည်။

"အဲဒီအချိန်မှာ လူလေးတို့သာ မောင်ဝဏ္ဏလိုဖြစ်ခဲ့ရင် ဘယ်လိုဆုံးဖြတ်ကြမလဲ"

"ကျွန်တော်တို့လည်း မောင်ဝဏ္ဏလိုပဲ ပန်းတိုင်မြို့တော်ကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ခရီးဆက်မှာပေါ့''

''ခင်ဖြူဟာ တကယ်တော့ ချစ်ရတဲ့သူမှမဟုတ်ဘဲ၊ လူသားစားတဲ့ ဘီလူးမကြီးပဲဟာ၊ သူ့ကိုချစ်ရင် ကျွန်တော်တို့သေကုန်မှာပေါ့ ဘဘကြီး''

''အေး.....အေး၊ သာဓု..... သာဓု.....သာဓု''

''ပုံပြင်လေးရဲ့အဓိပ္ပာယ်ကို ရှင်းပြပါဦး ဘဘကြီး''

''အေး...အေး၊ ရှင်းပြမယ်''

♛♛♛♛♛

''ငြိမ်းချမ်းသာယာအေးမြပြီး လိုလေသေးမရှိ အားလုံးပြည့်စုံနေတဲ့ 'အေးသာရွာ'ကို လူလေးတို့ မှတ်မိကြသေးလား''

''မှတ်မိပါတယ် ဘဘကြီး''

''အေး.....အဲဒီ အေးသာရွာဆိုတာ အခြားကိုပြောတာမဟုတ်ဘူး၊ မိဘနှစ်ပါးနဲ့ ဆွေမျိုးတွေရဲ့ လောင်းရိပ်အောက်မှာ မင်းတို့လေးတွေ ကလေးဘဝနဲ့ အေးချမ်းစွာ နေရတာကို ပြောတာကွဲ့''

''သဘောပေါက်ပါပြီ ဘဘကြီး''

''မောင်ဝဏ္ဏလေးဟာ အေးသာရွာက ပန်းတိုင်မြို့တော်ရှိရာကို ခရီးထွက်တာဟာ အခြားကိုပြောတာမဟုတ်ဘူးကွဲ့၊ မင်းတို့လေးတွေ အချိန်တန်၊ အရွယ်ရောက်လို့ ကိုယ့်အိုး၊ ကိုယ့်အိမ် ဖြစ်တဲ့အခါ ကိုယ်စီကိုယ်င ကိုယ်ထူးကိုယ်ချွန် ချီတက်ကြရမယ့် မင်းတို့လေးတွေရဲ့ ဘဝခရီးကို ပြောတာပဲကွယ်''

''ကျွန်တော်တို့သဘောပေါက်ပါပြီ ဘဘကြီး''

''မောင်ဝဏ္ဏလေး ခရီးထွက်လာတော့ ဘယ်သူနဲ့စတွေ့တုံး''

''လူအတုရွာက လူအတုကြီးနဲ့ စတွေ့ပါတယ် ဘဘကြီး''

''လူအတုဆိုတာ ကောင်းသလား''

''မကောင်းပါဘူး ဘဘကြီး၊ လူအတုတွေဟာ ပတ်ဝန်းကျင်က လူအများကို ဆင်းရဲဒုက္ခဖြစ်စေပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ လူအတုမဖြစ်အောင် ကြိုးစားပါ့မယ် ဘဘကြီး''

''အေး.....အေး၊ သာဓု..... သာဓု.....သာဓု''

''အဲဒီနောက် မောင်ဝဏ္ဏ လျှောက်တဲ့လမ်းမှာ ဘာတွေတွေ့တုံး''

''ပထမ ရွှံ့ညွှန်အိုင်၊ နောက် ခယောင်းတော၊ နောက် ဆူးလေတော၊ နောက် သာယာဖြောင့်ဖြူးတဲ့လမ်းများကို တွေ့ပါတယ် ဘဘကြီး''

''အေး.....အခြားကိုပြောတာ မဟုတ်ဘူး၊ မင်းတို့လေးတွေ မျှော်လင့်ချက်ပန်းတိုင်ကို ချီတက်ကြတဲ့အခါမှာ ပန်းခင်းသောလမ်းချည်း မဟုတ်ဘဲ ဆူးခင်းသောလမ်းလည်း တွေ့ရမယ်၊ ဒါဟာ လောကရဲ့ နိယာမ၊ သဘာဝဖြစ်တယ်၊ အဲဒီ အခါမှာ ခိုင်မြဲသော ဇွဲ၊ လုံ့လ၊ ဝီရိယ ရှိရမယ်၊ ဒါမှသာ မျှော်လင့်ထားတဲ့ပန်းတိုင်ကို ရောက်နိုင်မယ်''

''ကောင်းလှပါပြီ ဘဘကြီး''

''မောင်ဝဏ္ဏ ညောင်ပင်

အေး.....
အခြားကိုပြောတာမဟုတ်ဘူး၊
မင်းတို့လေးတွေ မျှော်
လင့်ချက်ပန်းတိုင်ကို
ချီတက်ကြတဲ့ အခါမှာ
ပန်းခင်းသော
လမ်းချည်း မဟုတ်ဘဲ
ဆူးခင်းသောလမ်းလည်း တွေ့ရမယ်၊
ဒါဟာ လောကရဲ့ နိယာမ၊
သဘာဝဖြစ်တယ်၊
အဲဒီ အခါမှာ.....



www.burmeseclassic.com

www.burmeseclassic.com



အောက်ရောက်တော့ ဘယ်သူတွေနဲ့တွေ့တုံး"

"လူအစစ်ရွာက လူအစစ်တွေနဲ့ တွေ့ပါတယ် ဘဘကြီး"

"လူအစစ်တွေရဲ့သဘောဟာ ဘယ်လိုရှိတယ်ဆိုတာ ဘဘကြီးကို ပြောပြစမ်းပါ"

"လူအစစ်ဟာ ပတ်ဝန်းကျင်ကို အေးမြသာယာစေပါတယ်၊ လူသားကမ္ဘာကြီးရဲ့ သာယာတဲ့နိဗ္ဗာန်ကို လူအစစ်များကသာ ဆောင်ရွက်ကြမှာဖြစ်ပါတယ်၊ လူအစစ်တစ်ယောက်ဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ပတ္တမြားနဲ့တူပါတယ်၊ ဒါကြောင့် ကျွန်တော်တို့တစ်တွေ လူအစစ်ဖြစ်အောင် ကြိုးစားပါ့မယ် ဘဘကြီး"

"အေး...သာဓု... သာဓု..... သာဓု"

"----"

"ခရီးသည်လေးမောင်ဝဏ္ဏနောက် ဘာနဲ့တွေ့သေးသလဲကွဲ့"

"ကြီးကျယ်တဲ့တောအုပ်ကြီးနဲ့ ခင်ဖြူကိုတွေ့ပါတယ် ဘဘကြီး"

"အေး.....ဟုတ်တယ်၊ အဲဒီကြီးကျယ်တဲ့ တောအုပ်ကြီးဆိုတာ တခြားကိုပြောတာမဟုတ်ဘူး၊ မျှော်မှန်းချက်ပန်းတိုင်ကို ချီတက်ကြမယ့် မင်းတို့လေးတွေ ဖြတ်သန်းလျှောက် သွားကြရမှာဖြစ်တဲ့ အာရုံခံစားမှု တောကြီးကို ပြောတာပဲ"

"ခင်ဖြူဆိုတာကကော ဘဘကြီး"



"တောသမီးပျိုလေး ခင်ဖြူဆိုတာလည်း အခြားမဟုတ်ဘူး၊ အာရုံခံစားမှုရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ လွန်ကြူးသေရည်နဲ့ မူးယစ်ဆေးဝါးကို ပြောတာကွဲ့"

"အဲဒါကြောင့် လွန်ကြူးသေရည်နဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို လွတ်အောင်ရှောင်ပါ့မယ်လို့ ကျွန်တော်တို့ ကတိပေးပါတယ် ဘဘကြီး"

"အေးကွယ်၊ ကောင်းလှတဲ့ စိတ်ဓာတ်တွေပါပဲ"

"----"

"လူလေးတို့ တောစောင့်နတ် ဘိကြဆိုတာ မှတ်မိကြသေးလားကွဲ့"

"မှတ်မိပါတယ် ဘဘကြီး"

"အဲဒါ အခြားကိုပြောတာ မဟုတ်ဘူး၊ ဘိကြဆိုတာ ဘကြီးကို ပြောတာပဲကွဲ့"

"ဟား...ဟား...ဟား ကျွန်တော်တို့က အဟုတ်နတ်မင်းကြီး မှတ်နေတာ၊ အဲဒါမှ တို့ဘဘကြီး"

ထိုသို့ဆိုကာကလေးများမှာ အလွန်သဘောကျပြီး လက်ခုပ်လက်ဝါးတီး၍ ကောင်းချီးပေးကြသည်။


"ကမ္ဘာတစ်လွှား မူးယစ်ဆေးဝါးအန္တရာယ်ကို ကာကွယ်ရမည်"

**ရွှေညာမောင်ကြီး(မြစ်ငယ်)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# ကံအကျိုးပေး

မောင်ထွန်းညွန့် (ကွမ်းခြံကုန်း)

ဤလောကမြေမဟီတွင် နေထိုင်ကြသော လူသားအားလုံးတို့သည် ကံ,ကံ၏ အကျိုးပေး သလောက် အသက်အတို၊ အရှည် နေရတတ်သည်။ ဘုံဗွမ္မတာမှာ ကြုံရလေသမျှ ချစ်ကြွေး၊ ဝဋ်ကြွေး၊ အပြစ်ကြွေးများ ပါလာခဲ့လျှင်သည် ဘဝတွင် အကျေဆပ်ရန် အရေးကြီးသည်။ ဆပ်နိုင်သမျှ ကျေ အောင်ဆပ်ကြရန်လည်း လိုအပ် ပေသည်။

ရှေးဘဝကံဟောင်းများ ပါလာပါက ထိုကံကို ပြန်ဆပ်ရမည်ဖြစ် ပါသည်။ ယခုလတင်ပြမည့် ဇာတ်လမ်း မှတ်တမ်းတစ်ပုဒ်က တော့ တကယ့်အဖြစ်အပျက်ကို ကျောရိုးပြုပြီး အချစ်။ အပြစ်၊ အမုန်း သံသရာကြွေး ရှေးဟောင်းဘဝက ပါလာပြီလား ဆိုလျှင်.....

♛♛♛♛♛



ဒေါ်နှင်းဆီနှင့် သမီးဖြစ်သူ ဘောဘီကျော်သိုက်တို့ နှစ်ဦးတည်း နေထိုင်ကြသည်။ သမီးဖြစ်သူမှာ နှလုံးရောဂါဝေဒနာခံစားရ၍ မောပန်းခြင်း၊ နှလုံးကျုပ်ခြင်း၊ အသက်ရှူမဝခြင်း ရောဂါဝေဒနာ ခံစားနေရသဖြင့် အောက်ဆီဂျင်ဘူးဖြင့် အသက်ကိုလု၍ ရှူနေရချိန်ဖြစ်၏။

ဒေါ်နှင်းဆီက ဗေဒင်ဆရာကြီး ထက်အောင်လွင်ထံ သမီးဖြစ်သူ ဤရောဂါနှင့် သေနိုင်၊ မသေနိုင်၊ ခန္ဓာပျက်ကိန်း ရှိနိုင်သလားဟု မေးကြည့်သည်။

"ဒီနှလုံးရောဂါနဲ့ မသေဘူး၊ ဒီလက္ခဏာရှင်တို့ဟာ ရေနစ်သေဆုံးရတတ်တယ်

www.burmeseclassic.com



ဒေါ်နှင်းဆီရဲ့''

"ဒီတစ်ခါတော့ ဆရာမှားပြီ၊ ကျွန်မသမီးလေးက မြန်မာပြည်မှာရော၊ နိုင်ငံခြားမှာရော ဆုတွေ အများကြီးရထားတဲ့ ရေကူးချန်ပီယံဖြစ်ပါတယ်၊ ရေနစ်သေရမယ်ဆိုတော့ မဖြစ်နိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူး ဆရာရယ်''

"ဒီမှာ ဒေါ်နှင်းဆီ၊ ခင်ဗျား မိဘလက်ထက်ကတည်းက ကျုပ်ကို အားကိုးလာတာ၊ ခင်ဗျားသမီး အထိဆို သုံးဆက်မြောက် မျိုးဆက်သစ်ထဲရောက်လာပြီ၊ ခင်ဗျား စိတ်ဒုက္ခရောက်အောင် ဟောပြောဖို့ အကြောင်းလည်းမရှိဘူး၊ ဆရာ့အနေနဲ့ ဒေါ်နှင်းဆီရဲ့ တစ်ဦးတည်း သောသမီးလေး ရေကူးချန်ပီယံဖြစ်တာကိုကြည့်ပြီး ပြောနေတာ မဟုတ်ပါဘူး၊ သူ့လက္ခဏာမှာပါတဲ့ လမ်းကြောင်းကိုကြည့်ပြီး ဟော လိုက်တာပါ''



"ဟုတ်ပါတယ် ဆရာရယ်၊ အခုလည်း နှလုံးအထူးကုဆရာဝန်ကြီးနဲ့ စမ်းသပ်ကြည့်ရှုဖို့ ထွက်လာရာက သမီးကို ဆရာဝန်ကြီးဆေး ခန်းမှာထားခဲ့ပြီး သမီးလေးရဲ့ လက်ဝါးပုံစံ ဘယ်ညာကို နိုပ်ယူပြီး ဆရာ့ဆီ ရောက်လာရတာပါ၊ ဆရာ့ အနေနဲ့ ကျွန်မသမီးလေးကို မကယ်နိုင်တော့ဘူးလား''

"ဒေါ်နှင်းဆီ မြတ်စွာဘုရားနဲ့ ရဟန္တာတို့တောင် မလွန်ဆန်နိုင်တဲ့ သံသရာဝဋ်ကို တားလို့မရပါဘူး၊ သေနိုင်တာက ရေနစ်ပြီးသေနိုင်တယ်၊ သေနိုင်တဲ့အချိန်ကာလကို တိုင်းတာစစ်ဆေးကြည့်တော့လည်း လပိုင်းအတွင်းလောက်မှာဖြစ်နိုင်တယ်''

**ခင်ဗျား**
**စိတ် ဒုက္ခရောက်အောင်**
**ဟောပြောဖို့ အကြောင်းလည်း**
**မရှိဘူး၊**
**ဆရာ့ အနေနဲ့**
**ဒေါ်နှင်းဆီရဲ့**
**တစ်ဦး တည်း သော**
**သမီးလေး**
**ရေကူး**
**ချန်ပီယံဖြစ်တာကိုကြည့်ပြီး**
**ပြောနေတာ.....**

ဒေါ်နှင်းဆီလည်း ဝမ်းနည်းပက်လက်မျက်ရည်သုတ်ပြီး ဗေဒင်ခန်းမှ ပြန်လည်ထွက်ခွာသွားခဲ့၏။

ဤအဖြစ်အပျက်များကို မေ့ပျောက်လုမတတ် အမှတ်မရတော့



www.burmeseclassic.com

www.burmeseclassic.com



ပါ။ သည်ကနေ့ ဥပုသ်နေ့ဖြစ်၍ ထုံးစံအတိုင်း ကိုးထပ်ကြီးဘုရားပေါ်တက်၍ (၇)ရက်သားသမီးများအတွက် မေတ္တာပို့၊ အမျှအတန်းပေးဝေပြီး အိမ်သို့ လမ်းလျှောက်ကာ ပြန်လာခဲ့သည်။

အိမ်ရောက်တော့ တစ်ကိုယ်လုံးချွေးများရွှဲနစ်နေသည်။ အသက်အရွယ်က စကားနည်းနည်းပြောလာလေတော့ အိမ်ရှေ့က ပက်လက်ကုလားထိုင်ပေါ်တွင် ခေတ္တအမောဖြေနေရသည်။ ခဏကြာတော့ ချစ်ဇနီး ထွေးက သုတိသံသာလေးဖြင့် ပြောခဲ့၏။

"ကိုင်း....ကိုကိုထွန်း၊ ရောဂါကို ကြိုဆိုပါ၏ လုပ်မနေနဲ့၊ ချွေးသုတ်ပြီး မြန်မြန်ရေချိုး၊ ဟိုမှာအဆင်သင့်လုပ်ထားပြီးပြီ"

အိမ်ရောက်တော့
တစ်ကိုယ်လုံး
ချွေးများရွှဲနစ်နေသည်။
အသက် အရွယ်က
စကားနည်းနည်း
ပြောလာလေတော့
အိမ်ရှေ့က......

ထုံးစံအတိုင်း ကျွန်တော်လည်း ချစ်ဇနီးကို ဘာတစ်ခွန်းမှ မပြောဘဲ ရေချိုး၊ အဝတ်အစားလဲကာ သတင်းစာဟောင်းများကိုရှင်းလင်းရင်း သည်နေ့ထုတ်သတင်းစာကို စိမ်ပြေနပြေဖတ်တော့သည်။

သာရေး၊ နာရေး၊ လူမှုရေးနှင့် ခေါင်းကြီးပိုင်းမျက်နှာဖုံးသတင်း၊ အယ်ဒီတာ့အာဘော်၊ လူထုအော် သံ၊ နိုင်ငံခြားသတင်း၊ ရုပ်ရှင်ကြော် ငြာ၊ စီးပွားရေးကြော်ငြာ၊ စုံစမ်းမေးမြန်းခြင်းသည်းခံပါ၊ ပြန်လည် သတိပေးရှင်းချက်မှစ၍ ဘာတစ်ခုမှမချန် အကုန်ဖတ်သည်။ သည်လိုနှင့် နာရေးကြော်



www.burmeseclassic.com

www.burmeseclassic.com

ဝြာဘက်သို့ ရောက်သွားသောအခါ ကျွန်တော်၏မျက်လုံးမှာ ရီဝေသွားခဲ့သည်။

လက္ခဏာဖတ်သူတစ်ယောက်အနေဖြင့် ဖြစ်ပေါ်လာတော့မည့် မရှောင်လွှဲနိုင်သော သူမ၏ကံကြမ္မာကို ကြိုတင်သိထားခဲ့ပါသော်လည်း ယခုပြန်လည်သိလိုက်ရသည့်အခါတွင်မူ စိတ်မကောင်း ခြင်းကြီးစွာဖြစ်မိသော်လည်း ဘဝရေးကံ ပါလာပြီလားဆိုလျှင် ဘယ်လိုမှ မတတ်နိုင်တော့ပါ။



♛♛♛♛♛

ဘေဘီကျော်သိုက်....ဘေဘီကျော်သိုက်.....

နုနုနယ်နယ် သွက်လက်ဖျတ်လတ်သော ချစ်စဖွယ်မျက်နှာနှင့် မိန်းကလေး။ သူမ၏ လှုပ်ရှားမှုကို ပြန်၍မြင်ယောင်လာပါသည်။ မှတ်မှတ်ရရ လွန်ခဲ့သည့် ၁၉၇၈ ခုနှစ်၊ ဇွန်လ (၁၆)ရက်နေ့ကဖြစ်ပါသည်။

ရန်ကုန်မိုးသည် မိုးဦးသက်တမ်း အနည်းငယ်ရလာပြီဖြစ်သောကြောင့် သူ့အစွမ်းကို ပြနေလေသည်။ မိုးကလည်း သည်းရသည့်အထဲ လေကပါ သရမ်းနေသည်။ နေ့ကလည်း မိုးသည်းထန်စွာရွာ သည့်နေ့ရက်ဖြစ်ပြီး လကုန်ခါနီး ရက်ဖြစ်သည်။ ယခင်က ဤနေ့ ဤရက်မျိုးတွင် လက္ခဏာဗေဒင် လာမေးသူတွေ များပြားနေသည်။

ညနေ ၅ နာရီပင် ကျော်လွန်နေချေပြီ။ အလုပ်မသိမ်းရသေး။ မေးမည့်သူ သုံးဦးကျန်သေးသည်။

"ကဲ....ကဲ ကောင်းပါတယ်၊ ဘာယတြာမှ ချေစရာမလိုဘူး၊ ကံနည်းနည်းညံ့နေတာကို နေ့စဉ် ဗုဒ္ဓဂုဏ်တော်ကိုးပါး ပုတီးစိပ်ပြီးကုစားလိုက်ပါ"

ထိုသို့ပြော၍ အဆုံးသတ်လိုက်သည်။ နောက်ဆုံးကျန်သည့်သူတစ်ယောက်ဖက်လှည့်၍.....

"ကဲ.....သမီး၊ ဒေါ်နှင်းဆီရဲ့သမီးမဟုတ်လား၊ သမီးဘာပြောချင်လို့လဲ"

"အခုတလော အိပ်မက်တွေ မကောင်းလွန်းလို့ ဆရာ့ဆီလာခဲ့တာ"

ဘေဘီကျော်သိုက်၏မျက်နှာကို စေ့စေ့ကြည့်မိသည်။ အတော်ကလေး ချောင်ကျနေသည်။ နားထင်ကလေးတွေကျနေသည်။ မျက်ကွင်းလေးတွေ မသိမသာညိုနေသည်။ ကျွန်တော်သည် လွန်ခဲ့သော သုံးလခန့်က သူ့အမေကိုဟောပြောခဲ့သည်ကို သူ့သမီးစိတ်ဆင်းရဲမည်စိုး၍ သူမကို ပြန်မပြောခဲ့ပါ။

♛♛♛♛♛

"ဟေ့....ဘေဘီကျော်သိုက်၊ ရေမှာပျော်တဲ့ ဖျံမလေးကွ၊ လာမကြောနဲ့၊ မောသွားမယ်၊ လာမကြွားနဲ့၊ နားသွားမယ်"

ဦးဝိစာရလမ်း၊ အမျိုးသားရေကူးကန်တွင် အော်ဟစ်အားပေးသံ

www.burmeseclassic.com



တို့ ဆုံနေသည်။ ထိုနေ့ပြိုင်ပွဲတွင် ဘောဘီကျော်သိုက် ပထမရသည်။ ဒါမဆန်းပါ။ ဘောဘို့ထံတွင် ရေကူးပြိုင်ပွဲပေါင်းစုံမှ ရရှိခဲ့သည့် ဆုတံဆိပ်တွေ အများကြီးရှိ၏။ နိုင်ငံခြားပြိုင်ပွဲများ၊ ပြည်တွင်းပြိုင်ပွဲများမှရသော ဆုများဖြစ်သည်။

ဘောဘီကျော်သိုက်သည် ရေကူးရင်း ရေမှာမြူးနေသော လျှန်းထက်အောင်နှင့် ဆုံစည်းခဲ့ကြသည်။ အချစ်ဦးမို့ ရူးမတတ်ချစ်သည်၊ အပျော်လွန်ကြသည်။ အချစ်နယ် ခရီးကျွံခဲ့ကြသည်။

မကြာမီ ပြဿနာနှစ်ခုတက်လာသည်။ တစ်ခုက ဘောဘီနှင့် လျှန်းထက်အောင်တို့ အချစ်နယ်ကျွံခဲ့သည့် ပြဿနာ။ နောက်တစ်ခုက လျှန်းထက်အောင် နိုင်ငံခြားသဘော်လိုက်သွားသည့်ပြဿနာ။ ဘောဘီ ဘာလုပ်ရမည်မသိ။ ဖခင်ဖြစ်သူသိလျှင် အချစ်ဆုံးသမီးမို့ အချစ်ကြီး၍ အမျက်ကြီးပြီး သူ့ကို သတ်တော့မည်။ ပြီးတော့ ဖခင်က သူ့ကိုယ်သူလည်း သတ်သေတော့မည်ထင်သည်။ ဖခင်ဖြစ်သူမှာ ဒေါသကြီးပြီး အရှက်လည်းကြီးသည်။

သည်တော့ သူမ၏အတွေးများထဲတွင် အဆွေးတွေ၊ ပူလောင်မှုတွေ ရှုပ်ထွေးနေတော့သည်။

ကျွန်တော့်ထံလက်ဗွေဖာကြည့်ပြီး ဇူလိုင်လ (၉)ရက်နေ့တွင် ပင်လယ်ကမ်းခြေတစ်ခုတွင် စိတ်ပြေလက်ပျောက် ရွက်လှေအပျော်စီးရာမှ မထင်မှတ်ဘဲ ရုတ်တရက် ရေ ထဲသို့ ပြုတ်ကျသွားသည်။ ရေကူး ချန်ပီယံတစ်ဦးဖြစ်၍ ရေနစ်သေစရာအကြောင်းမရှိသော်လည်း ကျန်းမာရေးမကောင်းသည့်အတွက် ရေကူးနေရင်းက ကြွက်တက်ပြီး ရေနစ်သေဆုံးသွားသည်ဟု သိရသည်။


ကံ,ကံ၏အကျိုးပေးဟု ဆိုရမည်။ ကံတရားကို မည်သူမျှကျော်လွန်၍မရ။ ကံပြုသမျှခံရမည်မှာ အမှန်ပင်ဖြစ်သည်။

**မောင်ထွန်းညွန့် (ကွမ်းခြံကုန်း)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ဆုမွန်ဦး (ဟင်္သာတ)

အမှောင်တစ်စက်

# အမှားတစ်ကောင်





www.burmeseclassic.com

www.burmeseclassic.com



## အမှောင်တစ်စက် အမှားတစ်ထောင်

ဆုမွန်ဦး (ဟသာတ)

"ကလင်.....ကလင်.....
ကလင်"

စားပွဲပေါ်တွင်ချထားသောဖုန်း
မြည်သံကြောင့် ချယ်ရီ ဖုန်းကို
ကောက်ကိုင်လိုက်သည်။

"ဟယ်လို.....ပြောပါရှင်၊
ကျွန်မ ချယ်ရီပါ"

"ဟဲ့.....မိချယ်ရီ၊
ငါပါဟ၊ နင်ကလည်း
ငါ့အသံတောင်မမှတ်
မိဘူးလားဟဲ့"

"ဪ.....မေလား"

"အေး.....ဟုတ်တယ်
နင် အားလား"

"အေး.....အား
တယ်၊ ဒါဆို သူငယ်ချင်း
ငါ့ဆီကိုလာခဲ့ဟယ်၊ ငါ
ထမင်းချက်ထားလိုက်
တယ်၊ ထမင်း ဒီမှာစား၊
နင်က ဥပဒေဝန်ထမ်း
အရာရှိဆိုတော့ ငါ နင်နဲ့တိုင်ပင်
စရာကိစ္စတစ်ခု အရေးတကြီးရှိလို့
ဒါပဲ၊ ဆက်ဆက်လာခဲ့နော်"

"___"

"ဪ.....အေး အေး၊ ဒါနဲ့
ချယ်.....ချယ်ရီ"

ဖုန်းထဲမှ စကားမပြတ်သေး။
မေ၏စကားသံက ပျောက်၍သွား
သည်။



"ဟယ်လို.....မေ.....မေ၊
သူငယ်ချင်း.....မေ"

ချယ်ရီ အကြိမ်ကြိမ်ခေါ်ကြည့်
၏။ မရ။

"ဟင်.....စကားပြောနေရင်း
မေ့အသံက ပျောက်သွားတယ်၊ မေ
ဘာဖြစ်တာလဲ၊ မေ...မေ တစ်ခုခု
တော့ဖြစ်နေပြီထင်တယ်၊ ငါအခု
ချက်ချင်းသွားမှ"

ထိုမှ ချယ်ရီ
တစ်ယောက် မေ
ရှိနေသော ရန်ကုန်
သစ်ရပ်ကွက် လေး
တစ်ခုဆီသို့ တက္ကစီ
ငှား၍ ထွက်လာခဲ့
သည်။ ထုံးစံအတိုင်း
ကားတွေက ရန်ကုန်
မြို့အနှံ့ ပိတ်နေ
သည်။

"အို.....အရေး
ကြီးပါတယ်ဆိုမှ
ကားတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ပိတ်လိုက်တာ၊ ကားဆရာ တခြားနေရာက လှည့်ပြီး မောင်းလို့မရဘူးလားရှင်၊ ကျွန်မ အရေးကြီးနေလို့ပါ"

"မြင်တဲ့အတိုင်းပဲ အစ်မကြီး၊ ကားတွေက ဒီနေရာတင်မကဘူး၊ ရန်ကုန်တစ်မြို့လုံးမှာ ပိတ်နေတာ၊ သိပ်အရေးကြီးနေရင်တော့ လေယာဉ်ပဲငှားပြီးသွားတော့ဗျာ"

"ဒီမှာ ကားဆရာ၊ ဘာစကားပြောတာလဲ၊ လေယာဉ်ငှားပြီး စီးနိုင်မှတော့ ရှင့်တက္ကစီကို ငှားတော့မလား၊ ရှင် စကားကောင်းကောင်းပြောနော်"

"ကျုပ်က အမှန်ပြောတာပါဗျာ၊ ဒေါသမကြီးပါနဲ့"

သည်လိုနှင့် ရန်ကုန်သစ်မှ မေ့အိမ်လေးဆီ ရောက်သွားတော့ ခြံထဲမှာ လူတွေက ပြည့်ကျပ်နေသည်။

"ဟင်.....မေ ဘာဖြစ်တာပါလိမ့်၊ ခြံထဲမှာ လူတွေလည်း ရှုပ်ယှက်ခတ်နေပါလား"

ကားပေါ်မှဆင်းရင်း ခြံထဲကို ခပ်သွက်သွက်ဝင်သွားသည်။

"အမယ်လေး.....ဖြစ်မှဖြစ်ရလေ တူမလေးရယ်"

မေ့ရဲ့အဒေါ် ဒေါ်ယုခင်၏ ငိုသံသဲ့သဲ့ကြားရတော့သည်။ ချယ်ရီက လူအုပ်တွေကြား တိုးဝှေ့ဝင်လိုက်သည်။

"ပစ္စည်းယူပြီး ရက်ရက်စက်စက် သတ်သွားတာတဲ့ဗျ"

"ဟင်...မေ...မေ၊ အမယ်မလေး...ဓားအထိရာတွေနဲ့ပါလား မေရယ် ဘယ်လိုဖြစ်ရတာလဲ၊ လွန်ခဲ့တဲ့နာရီပိုင်းလောက်ကမှ ငါ့ဆီကို ဖုန်းခေါ်သေးတယ်၊ မဟုတ်ဘူး... မဖြစ်နိုင်ဘူး"

ချယ်ရီ တုန်တုန်ယင်ယင်နှင့် ဒေါ်ယုခင်ဆီပြေးသွားသည်။

"အန်တီယု မေဘယ်လိုဖြစ်တာလဲ အန်တီရယ်"

"မသိပါဘူး သမီးရယ်၊ အန်တီတို့လဲမသိဘူး၊ ပြန်လာတော့ တူမလေးကို ခေါ်မရလို့ ခြံတံခါးဖွင့်ပြီးအကြည့်မှာ ဓားအထိရာတွေနဲ့ သွေးအိုင်ထဲလဲနေတဲ့ တူမလေးကို အခုလို မကြည့်ရက်စရာ မြင်ရတာပါပဲတွယ်"

"ဒါ...ဒါ လုံးဝမဖြစ်နိုင်ဘူး အန်တီယု၊ မေ သမီးဆီကို လွန်ခဲ့တဲ့ နာရီပိုင်းလောက်ကမှ ဖုန်းဆက်တယ်၊ သူ့ဆီကိုလာခဲ့ဖို့ပြောပြီး ထမင်းချက်ထားမယ့်အကြောင်း ဖုန်းပြောရင်း အသံကပြတ်သွားတယ်၊ ဒါနဲ့ သမီးလည်း မေတော့ တစ်ခုခုဖြစ်နေပြီထင်လို့ ချက်ချင်းထပြီး ထွက်လာခဲ့တာ၊ ကားတွေကလည်း ပိတ်နေလို့ နာရီဝက်လောက် ပိုပြီးနောက်ကျသွားတယ်၊ အခု...အခုဖြစ်သွားတာက တစ်နာရီ၊ နှစ်နာရီအတွင်းလေးလောက်ပဲရှိမယ်"

"အင်း.....သမီးပြောသလိုဆိုရင် တူမလေးမေဟာ ခုနာရီပိုင်းလောက်ကမှ အသတ်ခံလိုက်ရတာဖြစ်မယ်၊ အဖြစ်ဆိုးလိုက်တာ တူမလေးရယ်"

"ဒီကိစ္စ သမီး လုံးဝမကျေနပ်ဘူး၊ သမီးသူငယ်ချင်းမေကို ရက်ရက်စက်စက် သတ်သွားတဲ့ တရားခံကို သမီး မမိမိအောင်ဖော်ထုတ်မယ်"

♛♛♛♛♛

မေနှင့်ချယ်ရီမှာ ကျောင်းနေဖက်သူငယ်ချင်းများဖြစ်ကြ၏။ အခြေခံပညာအထက်တန်းကျောင်းတွင်သာမက တက္ကသိုလ်ဆက်တက်ကြတော့လည်း မေနဲ့ချယ်ရီက အတူတူရယ်သာဖြစ်သည်။ ချယ်ရီက ဥပဒေဘာသာယူတော့ မေက မြန်မာစာဘာသာတွဲကိုယူသည်။ ကျောင်းပြီးတော့ ချယ်ရီက ဥပဒေဝန်ထမ်းတစ်ဦးအဖြစ် အလုပ်တစ်ခုလုပ်ကိုင်သလို မေကတော့ အလုပ်မလုပ်၊ ဆယ်တန်းကျောင်းသား၊ ကျောင်းသူလေးများကို Guide အဖြစ် စာလိုက်သင်ရင်း အဒေါ်ဖြစ်သူ ဒေါ်ယုခင်နှင့်ဦးလေးဖြစ်သူ ဦးဖုန်းဆင့်တို့နှင့်နေထ



www.burmeseclassic.com

www.burmeseclassic.com




သည်။

မိဘများ တစ်ဦးမှမရှိကြတော့။ လွန်ခဲ့တဲ့ သုံးနှစ်ခန့်က အထက်အညာဒေသဘက်သို့ ဇနီးမောင်နှံ ဘုရားဖူးသွားကြရာမှ ကားမှောက်၍ နှစ်ဦးစလုံး ဆုံးပါးသွားတော့သည်။ ထိုအခါ တူမလေးကို အဒေါ်ဖြစ်သူ ဒေါ်ယုခင်က ကျွေးမွေးစောင့်ရှောက်ခဲ့၏။ ဒေါ်ယုခင်နှင့် ဦးဖုန်းဆင့်တို့တွင် သားသမီးဟူ၍ မရှိကြ။ ထို့ကြောင့် မေ့အား သမီးရင်းလေးတစ်ဦးပမာ ချစ်ခင်ကြ၏။

ဒေါ်ယုခင်သည် ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ကိုင်၏။ ဦးဖုန်းဆင့်မှာတော့ အရောင်းအဝယ်ကိစ္စနှင့် နယ်သွားသည့်အခါသွား၍ မြို့ထဲသို့ သွားသည့်အခါသွားသည်။ တစ်ခါတစ်ရံတွင်မူ ဦးဖုန်းဆင့်မှာ နှစ်ပတ်သုံးပတ်မျှခန့်ပင် ကြာတတ်၏။ ထိုသို့ခရီးသွားသည့်ရက်များတွင် အိမ်၌ တူမဖြစ်သူ မေနှင့် ဒေါ်ယုခင်တို့နှစ်ယောက်သာရှိတတ်ကြသည်။ မေသည် မိန်းကလေးပီသ၏။

တစ်ခါတစ်ရံ စာသင်သွားသည့်အခါများသာ အပြင်သို့ထွက်တတ်သော်လည်း ကျန်သောအချိန်များတွင် အိမ်၌သာနေရင်း အိမ်မှုကိစ္စများနှင့်သာ အချိန်ကုန်နေတတ်သူဖြစ်သည်။ ချက်ရေးပြုတ်ရေး ကိစ္စများကို မေကစီစဉ်သည်။ ရုတ်တရက် မေ ဤသို့ အသတ်ခံလိုက်ရသည့်အတွက်



ချယ်ရီတစ်ယောက် အိပ်မက်တစ်ခုနှယ်သို့ ယုံမရဖြစ်နေလေသည်။

"မေမဆုံးခင် ငါနဲ့တွေ့ချင်တယ်၊ တိုင်ပင်စရာ အရေးကြီးတဲ့ကိစ္စတစ်ခုခုရှိလို့ဆိုတာ ပြဿနာတစ်ခုခု ရှိနေတဲ့ပုံပဲ၊ ဒီကိစ္စကို ငါ့ကိုသူမပြောခင် လူသတ်သမားက လက်ဦးမှုရယူရင်း နှုတ်ပိတ်လိုက်တာပဲဖြစ်မယ်၊ ဒါဆို မေ့ကိုသတ်တဲ့ တရားခံဟာ ဘယ်သူလဲ၊ မေ ဘယ်လိုပြဿနာတွေရှိနေတာလဲ၊ မေ့ကိုသတ်တာ ဘယ်သူလဲ၊ ငါစုံစမ်းရမယ်၊ ငါဖော်ထုတ်ရမယ်"

ထို့ကြောင့်လည်း ချယ်ရီတစ်ယောက် မေ့ထံသို့ ရောက်ခဲ့စဉ်က မေ့အိပ်ခန်းတွင် ရှာဖွေရင်း မေ အသတ်ခံရသည့် မွေ့ရာအောက်မှ ဒိုင်ယာရီစာအုပ်ငယ်လေး တစ်အုပ်ကို ယူဆောင်လာခဲ့သည်မဟုတ်ပါလား။ ထိုကိစ္စကိုတော့ ချယ်ရီမှ တစ်ပါး ဘယ်သူမှ မသိကြ။ ချယ်ရီပဲလေ။ ဥပဒေဝန်ထမ်း အကျိုးဆောင်တစ်ဦးပဲ။ ဒီလောက်တော့ အကွက်မြင်ရမှာပေါ့။ မဟုတ်ဘူးလား။

♛♛♛♛♛♛

တစ်နေ့ ဒေါ်ယုခင်မှာ အလုပ်သွားနေ၏။ မေမှာလည်း မီးဖိုထဲတွင် ထမင်းဟင်းများ ချက်ပြုတ်နေ၏။ ဤအချိန်အခါသည် ဦးဖုန်းဆင့်အတွက် ရေကန်အသင့်၊ ကြာအသင့် မင်္ဂလာအချိန်ဟုဆိုပါက ရ



www.burmeseclassic.com

www.burmeseclassic.com

မည်ဖြစ်၏။ ဦးဖုန်းဆင့် မီးဖိုထဲသို့ ဝင်လာသည်။

"မေ....."

"ရှင်.....ဦး၊ ပြောပါ"

"မေ့ကို ဦးပြောထားတဲ့ကိစ္စ ဘယ်လိုလဲလို့"

"ဘာကိစ္စလဲဦး"

"မသိချင်ဟန်ဆောင်မနေပါနဲ့ မေရယ်၊ ဦး မေ့ကိုချစ်တယ်လို့ပြော ထားတဲ့ကိစ္စလေ"

"အို.....ဦးရယ် မပြောသင့်တဲ့ ကိစ္စတွေ မပြောပါနဲ့၊ သမီးက ဦး နဲ့အဒေါ်တို့ကို မိဘလို နေလာခဲ့ တာ၊ သမီးကို ငရဲကြီးအောင်မလုပ် ပါနဲ့၊ ပြီးတော့ သမီးက အဲဒီလို ခပ်လွယ်လွယ်မိန်းကလေးတစ်ဦး မဟုတ်ဘူး၊ ဒီစကားတွေဟာ ဦး ပြီးတော့ သမီးမှာလည်း ရည်ရွယ် ထားတဲ့သူရှိတယ်၊ သမီး သူနဲ့ မကြာခင် လက်ထပ်ကြမှာပါ"

"ဘာ...ဘာကွ၊ နင့်မှာရည်း စားရှိတယ်ဟုတ်လား၊ ဘယ်က ကောင်လဲ၊ နင့်အဒေါ်ရောသိလား၊ အို.....မလိုဘူးကွာ၊ မေ ဘယ် ယောက်ျားကိုမှ မယူရဘူး၊ ယူခွင့် လည်းမပေးဘူး၊ မေ့ကို ဦး.....ဦး တကယ်ချစ်တယ်၊ ဒါပဲ"

စကားဆုံးတော့ ဦးဖုန်းဆင့် ထမင်းဟင်းချက်နေသော မေအား နောက်မှသိုင်းဖက်၍ အနမ်းမိုးတွေ တရစပ်ရွာသွန်းပစ်လိုက်သည်။

"ဦး.....ဦး၊ အဲဒီလိုမလုပ်ပါ နဲ့၊ သမီးကို လွှတ်.....လွှတ်ပါ"

"မလွှတ်ဘူးကွာ.....မလွှတ် မယ်"



"လွှတ်ပါ ဦးရယ်၊ အဒေါ်သိ ရင် သမီးပါ ဒုက္ခရောက်ကုန်တော့ မယ်၊ သမီးတောင်းပန်ပါတယ် ဦး ရယ်၊ လွှတ်.....လွှတ်ပါ"

ဦးဖုန်းဆင့် ဖက်ထားသော မေ့ကို လွှတ်ပေးလိုက်သည်။ မေ တစ်ယောက် ကြုံကြုံပါအောင်ငို ချလိုက်တော့၏။

"အဟီးဟီး.....သမီးဘဝက ဆိုးလိုက်တာ၊ အဖေနဲ့အမေတို့ရေ သမီးကိုလည်း တမလွန်ခေါ်သွားပါ၊ မထားခဲ့ပါနဲ့၊ ခုတော့ သမီးဘဝ ပျက်တော့မယ်၊ ဟီး...ဟီး...ဟီး"

"အေး.....ငိုမနေနဲ့၊ ဒီ အကြောင်းတွေ နင့်အဒေါ်ကို ပြန် မပြောနဲ့နော်၊ ကြားလား၊ အေး..... နင်ပြန်ပြောလို့ သွားရင်တော့ နင့်ကို ခတိုင်းမထားဘူး၊ သတ် ယ်၊ ကြားလား၊ ပြီးတော့ ငါ နင့်ကိုချစ်တယ်ဆိုတာ အပျော် ဘာမဟုတ်ဘူး၊ နင့်အဒေါ်ကို ပြီး တရားဝင်ဇနီးမယားတစ် ာက်အဖြစ်နဲ့ယူမှာ၊ အဲဒါကို နင် သေချာချာစဉ်းစားထား၊ ဒါပဲ"

♛♛♛♛♛

တစ်နေ့ မေတစ်ယောက် မြို့ သို့ ကျူရှင်ပြရန် ထွက်လာ ည်။

တက္ကသိုလ်တက်စဉ်က မိမိ

www.burmeseclassic.com



အား တစ်ဖက်သတ်ချစ်ခဲ့သော သက်ထွန်းဆိုသူနှင့်တွေ့၏။ သက်ထွန်းမှာ တက္ကသိုလ်နောက်ဆုံးနှစ်တွင် စုမေဟူသော သူငယ်ချင်းမတစ်ယောက်နှင့် လက်ထပ်သွားခဲ့သည်။ သို့သော် သက်ထွန်းမှာ အိမ်ထောင်ရေးကံမကောင်း။ အိမ်ထောင်သက် တစ်နှစ်ခန့်အရကာလ တစ်ခုတွင် စုမေ ဆုံးသွားသည်။ ထိုမှ သက်ထွန်းသည်လည်း စိတ်လေကာ နယ်ဒေသတစ်ခုရှိ မိဘများထံသို့ ပြောင်းရွှေ့ဖာတ်မြုပ်သွားခဲ့သည်။

ခု ရန်ကုန်တွင် သူငယ်ချင်းတစ်ဦးထံတွင် သက်ထွန်းနေရင်း အလုပ်တစ်ခုလုပ်နေသည်ဆို၏။ မေ့ကိုတွေ့တော့ အတိတ်ကဇာတ်လမ်းတွေက အသစ်ဖြစ်လာသည်။

"မေ နင်ခု ဘယ်မှာနေလဲဟင်"

"ငါလား။ ရန်ကုန်သစ်မှာနေတယ် သက်ထွန်း"

"နင် အိမ်ထောင်တွေဘာတွေကျနေပြီလား မေ"

"မကျပါဘူး၊ အဖေအမေတွေလည်း ဆုံးကုန်ပြီမို့ ငါ့အဒေါ်နဲ့နေတယ်"

"ဒါဆို ငါအိမ်လည်တွေဘာတွေ လာလို့ရမလား"

"မလာနဲ့၊ ငါ့အဒေါ်နဲ့ဦးလေးက စည်းကမ်းကြီးတယ်၊ ရှုပ်ရှုပ်

တစ်ဖက်သတ်ချစ်ခဲ့သော
သက်ထွန်းဆိုသူနှင့်တွေ့၏။
သက်ထွန်းမှာတက္ကသိုလ်နောက်ဆုံးနှစ်တွင်
စုမေဟူသောသူငယ်ချင်းမတစ်ယောက်နှင့်
လက်ထပ်သွားခဲ့သည်။ သို့သော်.....

ယှက်ယှက် မကြိုက်ဘူး"

"ဩော်.....ဒါနဲ့ မေ့ကို ငါ အရင်က ချစ်တဲ့စိတ်တွေဟာ ခုထိ မပြောင်းလဲသေးဘူး မေရယ်၊ ငါ့ကိုစဉ်းစားပေးပါ"

"တော်စမ်းပါသက်ထွန်းရယ်၊ နင်တို့ယောကျ်ားတွေဟာ အားလုံးအတူတူပါပဲ၊ တစ်ယောက်မရှိလို့ တစ်ယောက်ကိုလှမ်းတာ ငါသိပါတယ်၊ နင်တကယ်လို့သာ ငါ့ကိုချစ်ရင် စုမေကို ဘာလို့လက်ထပ်သွားသလဲ၊ တော်ပါဟာ၊ ဒီစကားတွေလာပြောမနေပါနဲ့၊ အားလုံးပြီးခဲ့ပါပြီ၊ ငါသွားမယ်"

"ဒါဆို ငါ့ကို လိပ်စာတော့ ပေးထားခဲ့ပါဟာ"

"အေး.....ပေးတော့ပေးခဲ့မယ်၊ ဒါပေမဲ့ နင် အိမ်ကိုတော့ မလာနဲ့နော်၊ ငါက ငါ့အဒေါ် ဦးလေးတွေရဲ့မျက်နှာ ကြည့်နေရတာ ငါ့ကို အခက်တွေ့အောင်တော့ နင် မလုပ်ပါနဲ့"

စကားဆုံးတော့ မေတစ်ယောက် ထွက်လာခဲ့တော့သည်။

♛♛♛♛♛

ဦးဖုန်းဆင့်တစ်ယောက် ခရီးသွားရန်ကိစ္စရှိသည်ဆို၍ နယ်ဒေသတစ်ခုဘက်သို့ ခရီးထွက်ခွာသွားသည်မှာ ငါးရက်ခန့်ရှိပြီဖြစ်သည်။ မေမှာ မီးဖိုထဲတွင် ထမင်းဟင်းများချက်ပြုတ်နေ၏။ ဒေါ်ယဉ်ကတော့ သည်နေ့ ကုမ္ပဏီတွင် အစည်းအဝေးရှိသည်ဆို၍ မေထည့်ပေးသော ထမင်းချိုင့်ကိုယူကာ ထွက်သွားလေတော့သည်။

ထိုအခိုက် ခြံတံခါးဆီမှ ဘဲလ်မြည်လာသည်။ မေသွား၍ဖွင့်ပေးလိုက်သည်။ သက်ထွန်းဖြစ်နေသည်ကို တွေ့လိုက်ရသည်။

"မေ....."

"ဟဲ့.....သက်ထွန်း၊ နင်ဘာဖြစ်လို့လာတာလဲ၊ မနေ့ကညီးက

www.burmeseclassic.com



ငါပြောပြီးသားလေ၊ နှင် အိမ်ကို လိုက်မလာပါနဲ့လို့၊ တော်သေးတာပေါ့၊ အခေါက ဒီနေ့ ကုမ္ပဏီကို စောစောသွားလို့၊ ဒါမှမဟုတ်လို့ တွေ့သွားရင် ငါတော့ဒုက္ခပဲ၊ ဖို့ကို တစ်မျိုးမြင်ကြတော့မှာ၊ ပြီးတော့ ရှုပ်ရှုပ်ယှက်ယှက်လုပ်တယ်ဆိုပြီး အဆုခံရဦးမယ်၊ သွားပါတော့၊ နှင် ပြန်ပါတော့"

"အဲဒီလိုကြီးတော့ မနှင်ပါနဲ့ မေရယ်၊ ဖို့ကို အိမ်ရှင်ပီပီ အိမ်ထဲကိုတော့ ဝင်ခွင့်ပြုပါ။ ငါ စကားပြောချင်လို့ပါ"

"နှင် အိမ်ထဲဝင်လို့မဖြစ်ဘူး၊ အိမ်မှာ ဘယ်သူမှမရှိကြဘူး၊ နှင်ဝင်ရင် ပတ်ဝန်းကျင်က ငါ့ကိုတစ်မျိုးထင်မှာပေါ့၊ နှင့်ကို ငါ အပြီးတစ်ခါတည်း ပြောထားလိုက်မယ်၊ နှင် ဒီအိမ်ကို ဘယ်တော့မှမလာနဲ့၊ ဒါပဲ"

စကားဆုံးတော့ မေ ဖေါ်သထွက်ရင်း အိမ်ထဲပြန်ဝင်သွားသည်။ သက်ထွန်းတစ်ယောက် မေ့ကိုငေးမောကြည့်ရင်း ကျန်နေခဲ့၏။ တစ်ခဏကြာမှ ငေးငေးငူငူဖြင့် အိမ်ခြံဝဆီမှ လှည့်ပြန်လာခဲ့တော့၏။

သက်ထွန်း မေတို့ခြံရှေ့မှ လှည့်ပြန်သွားသည်ကိုတော့ အိမ်နီးချင်းအချို့က တွေ့လိုက်သလို နေ့စဉ် ရပ်ကွက်ထဲပဲပြုတ်လှည့်ရောင်းနေသော ဒေါ်ထုးမေဆိုသည့် ပဲပြုတ်သည်အဘွားကြီးကလည်း လူစိမ်းတစ်ယောက်ဖြစ်သည့် သက်ထွန်းကို သတိထားမိလိုက်သည်။

မေမှာ ဧည့်ခန်းထဲတွင် မီးမှုတိုက်နေ၏။ ထိုအချိန် ဦးဖုန်းဆင့် နယ်မှပြန်လာသည်။ သို့သော် အကြံနှင့်ဖြစ်၏။

မေမှာ မီးဖိုထဲ၌ ချက်ပြုတ်ပြီး သွား၍
ဧည့်ခန်းတွင်ထိုင်ကာ
သူငယ်ချင်း ချယ်ရီထံသို့
ဖုန်းဆက် နေ၏။
ချယ်ရီမှာ ဥပဒေဝန်ထမ်း
အကျိုးဆောင်တစ်ဦးဖြစ်သည်။
ထို့ကြောင့် မိမိ၏
လူမှုရေးပြဿနာ များကို ......

ဤအချိန်တွင် မေတစ်ဦးတည်း ရှိနေမည်ကို ဦးဖုန်းဆင့်သိနေသည်ဖြစ်၏။ ထို့ကြောင့် အိမ်ရှေ့တံခါးမှမဝင်ဘဲ အိမ်နောက်ဘက်ခြံမှလှမ်းဝင်ခဲ့သည်။ ပြီးတော့ မီးဖိုဆောင်ဘေး ဂိုဒေါင်ထဲမှနေ၍ မေ၏အခြေအနေကို အကဲခတ်၏။

မေမှာ မီးဖိုထဲ၌ ချက်ပြုတ်ပြီး သွား၍ ဧည့်ခန်းတွင်ထိုင်ကာ သူငယ်ချင်း ချယ်ရီထံသို့ ဖုန်းဆက်နေ၏။ ချယ်ရီမှာ ဥပဒေဝန်ထမ်း အကျိုးဆောင်တစ်ဦးဖြစ်သည်။ ထို့ကြောင့် မိမိ၏ လူမှုရေးပြဿနာများကို မည်သို့ဖြေရှင်းရမည်ကို သူငယ်ချင်းထံ ရင်ဖွင့်ပြောပြရင်း တိုင်ပင်ရန် အိမ်သို့ခေါ်လိုက်၏။

ဤသည်ကိုအကြံနှင့်လျှောက်လာရင်း တိတ်တဆိတ်နားထောင်နေသော ဦးဖုန်းဆင့်က ခိုး၍နားထောင်နေသည်။ ချယ်ရီသည် ဥပဒေဝန်ထမ်းတစ်ဦးဖြစ်၏။ သူ မေ့အပေါ်တွင် ကျူးလွန်ထားသော အပြစ်ကို မေတစ်ယောက် မိမိက ကြိမ်းမောင်းခြိမ်းခြောက်ထား၍ ဇနီးဖြစ်သူ ဒေါ်ယုခင်အား ပြောမပြရဲသော်လည်း သူငယ်ချင်းဖြစ်သူ ချယ်ရီကိုတော့ ပြောပြမည်ဖြစ်လေသည်။ ထိုအခါ မိမိ၏အပြစ်များက ဖုံးမရဖိမရ ပေါ်လာတော့မည်ဖြစ်တော့၏။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် မေဖုန်းဆက်နေခိုက် အနားတွင်ရပ်လိုက်၏။ မေမှာ ရုတ်တရက် ခရီးသွားနေရာမှ မိမိနားတွင် ဘွားခနဲပေါ်လာသော ဦးဖုန်းဆင့်အားတွေ့သည်တွင် ထိတ်လန့်ကြောက်ရွံ့ အံ့ဩသွားခဲ့၏။

"ဟင်....ရှင်...ရှင်၊ ဘယ်... ဘယ်လို....."


"အံ့ဩသွားလား မေ၊ ဟုတ်တယ်၊ ဦး ခုပဲပြန်ရောက်တယ်၊ မင်းသူငယ်ချင်း ချယ်ရီဆီကို ဖုန်းဆက်နေတာတွေလည်း ဦးအားလုံးကြားပြီးပြီ၊ ဘာလဲ မင်းအဒေါ်ကိုမပြောရဲလို့ မင်းသူငယ်ချင်း ဥပဒေဝန်ထမ်းကို အသိပေးအကူအညီတောင်းဖို့မဟုတ်လား၊ ဟား..... ဟား.....ဟား၊ ခုမှတော့ မထူးတော့ပါဘူးကွာ"

"အို.....မလုပ်နဲ့၊ ရှင်မယုတ်မာနဲ့နော်၊ ကျွန်မကို လွှတ်...လွှတ်ပါ"

ဦးဖုန်းဆင့် မေ့ကို နောက်မှ သိမ်းဖက်၍ ပါးစပ်ကိုပိတ်လိုက်သည်။ ပြီးတော့ တွန်းလှဲလိုက်သည်။

ထို့နောက်....ထို့နောက်.....

ပြစ်မျိုးမှဲ့မထင် ခြောက်ပြစ်ကင်း ပန်းလေးတစ်ပွင့်က လေမခ၊ မိုးမကြမ်းဘဲ ညှိုးညှိုးနွမ်းနွမ်း ကြွေ



ဝယ်ကြွေ၍သွားတော့သည်။

"ရှင် လူ.....လူယုတ်မာကြီး၊ ကျွန်မကို သတ်သာသတ်ပစ်လိုက်တော့၊ ရှင့်ကို ကျွန်မ တိုင်မယ်၊ ခုပဲ ကျွန်မသူငယ်ချင်း ချယ်ရီတစ်ယောက်ရောက်လာတော့မှာ၊ အီး.....ဟီး.....ဟီး"

"အေး.....ငါကလည်း ငါလိုချင်တာရပြီ၊ သွားမယ်၊ ဒါပေမဲ့ နင့်ကို အရှင်မထားဘူး"

အနားရှိ စားပွဲပေါ်တွင် ညကပန်းသီးခွဲစားရင်း တင်ထားခဲ့သော ဓားကိုယူလိုက်သည်။ ထို့နောက် မေ၏ရင်ညွန့်တည့်တည့်ဆီသို့ ထိုးချလိုက်တော့၏။

"အား.....အား၊ အမယ်လေး ကယ်ကြပါဦးရှင်"

♛♛♛♛♛

သဲလွန်စဖြစ်လာမည့် ကိစ္စတို့ကို ရှင်းလင်းလိုက်၏။

ထို့နောက် ပုံမပျက် ဣန္ဒြေအပြည့်ဖြင့် ဇနီးသည်ရှိနေသည့် ကုမ္ပဏီသို့ နယ်သို့သွားနေရာမှ ယခုမှပင် ပြန်ရောက်သည့်ပုံစံဖြင့်

www.burmeseclassic.com



ဝင်လိုက်၏။

"ယု....."

"ဟင်.....ကိုဖုန်းဆင့်၊ ရှင်ဘယ်တုန်းက ပြန်ရောက်လဲ"

"ခု ရန်ကုန်ပြန်ရောက် ရောက်ချင်း ယုဆီဝင်လာတာ"

"ဒါဆို ခဏစောင့်နော်၊ ယုတို့ ရုံးဆင်းတော့မယ်"

တစ်ခဏကြာတော့ ဒေါ်ယုခင်တို့ ကုမ္ပဏီမှ ရုံးဆင်း၏။ ဦးဖုန်းဆင့်နှင့် ဒေါ်ယုခင်တို့ အိမ်သို့ ပြန်လာခဲ့ကြလေသည်။

ခြံထဲသို့ဝင်လိုက်သည်နှင့် ရဲများ၊ လူများက တစ်ခြံလုံးပြည့်နေ၏။ မေ့သူငယ်ချင်း ချယ်ရီကိုလည်း တွေ့ရလေသည်။ ထိုမှ မေတစ်ယောက် အသတ်ခံရကြောင်း သတင်းဆိုးကြီးကို ကြားလိုက်ရတော့၏။

ရဲများက စစ်ချက်ယူကြ၏။ မသေဆုံးမီ နာရီပိုင်းအလိုက မေသည် သူငယ်ချင်းဖြစ်သူ ချယ်ရီထံ တိုင်ပင်စရာရှိ၍ လာခဲ့ရန် မှာကြားသေးကြောင်း သိရသည်။

အနီးအနားပတ်ဝန်းကျင်အိမ်များကတော့ ထိုနေ့မနက်က မေတို့ခြံဝတွင် လူစိမ်းတစ်ယောက်နှင့် မေ စကားပြောနေပြီး ခဏအကြာတွင် မေ့ကိုမတွေ့ရဘဲ ခြံဘက်မှ လူစိမ်းတစ်ယောက် ပြန်ထွက်သွားသည့်အကြောင်း သတင်းပေးကြ၏။

ခြံထဲသို့ဝင်လိုက်သည်နှင့် ရဲများ။ လူများက တစ်ခြံလုံး ပြည့်နေ၏။ မေ့သူငယ်ချင်းချယ်ရီကို လည်း တွေ့ရလေသည်။ ထိုမှ မေတစ်ယောက် အသတ်ခံရကြောင်း

BURMESE CLASSIC

ထို့နောက် ရဲတပ်ဖွဲ့ဝင်များက အမှု၏ကွင်းဆက်များကို ဖော်ထုတ်နိုင်ရန် လိုအပ်သည်များကိုဆောင်ရွက်ရင်း အလောင်းအား ရင်ခွဲစစ်ဆေးရန် ဆေးရုံသို့ သယ်ယူသွားကြတော့၏။

♛♛♛♛♛

နံနက်ဦးအရုဏ်သည် အပြစ်ကင်းစင်သူတစ်ယောက်ပမာ လန်းလန်းဆန်းဆန်း နိုးထလာ၏။ ဦးဖုန်းဆင့်နှင့် ဒေါ်ယုခင်တို့နေသော တိုက်ကလေးပေါ်သို့ နေခြည်နုနုနံနက်ခင်းစိမ်းစိမ်းများက အဆီးအတားမဲ့စွာ ဖရိုဖရဲကျရောက်လာ၏။ ခြံတံခါးဝမှ လူခေါ်ခေါင်းလောင်း ဘဲလ်သံလေးတစ်ခုက သစ်လွင်နေသော နေ့လေးတစ်ခုထဲသို့ အတားအဆီးမဲ့စွာ ကျရောက်လာလေသည်။

"ကလင်.....ကလင်"

ဦးဖုန်းဆင့် တံခါးကိုဖွင့်ပေးလိုက်၏။ ရဲတပ်ဖွဲ့ဝင်များကိုတွေ့ရ၍ ဦးဖုန်းဆင့် မျက်နှာပျက်သွားခဲ့၏။ ပျက်သွားသောမျက်နှာကို မသိမသာ ပြင်ဆင်လိုက်ရင်း.....

"ဩော်...ရဲအရာရှိတို့ပါလား၊ ဘာကိစ္စများရှိကြလို့လဲဗျ"

"ဩော်.....မေအသတ်ခံရမှုနဲ့ပတ်သက်ပြီး လူသတ်တရားခံကို ဖမ်းဆီးဖို့လာခဲ့တာပါ"

"ဗျာ....လူသတ်တရားခံဟုတ်လား၊ ဒါ.....ဒါနဲ့ နေပါဦးဗျ၊ မေ့ကိုသတ်တဲ့ လူသတ်တရားခံဟာ ဘယ်သူမို့လဲခင်ဗျ"

"အင်း.....မေ့ကိုသတ်တဲ့ လူသတ်တရားခံဟာ တခြားလူတော့ မဟုတ်ဘူး၊ ဦးဖုန်းဆင့်ကိုယ်တိုင်ပါပဲ"

"ဗျာ....ကျုပ်က မေ့ကိုသတ်တယ်၊ ကြံကြံစည်စည်ဗျာ၊ ကျုပ်တို့လင်မယားက သမီးလေးမေ့ကို တုန်နေအောင်ချစ်ကြတာ၊ ဘာလို့ ကျုပ်ကသတ်ရမှာလဲဗျ၊ ခင်ဗျားတို့ ဘာတွေလာပြီး စွပ်စွဲနေကြတာလဲ"

"ဒီမှာ ဦးဖုန်းဆင့်၊ ကျုပ်တို့ စွပ်စွဲနေတာမဟုတ်ပါဘူး၊ ကျုပ်တို့မှာ ခိုင်လုံတဲ့ သက်မှတ်သက်သေ



www.burmeseclassic.com

www.burmeseclassic.com

တွေ၊ သက်ရှိ သက်သေတွေ ခိုင်ခိုင်လုံလုံရှိနေလို့ပါပဲ၊ ဟောဒီ မှာကြည့်ပါ၊ ဒီကြယ်သီးလေးဟာ အခင်းဖြစ်တဲ့နေ့က ခင်ဗျားနဲ့မေ လုံးထွေးသတ် ပုတ်ကြရင်း ခင်ဗျား အင်္ကျီက ပြုတ်ကျန်ခဲ့တဲ့ အင်္ကျီ ကြယ်သီးလေးပါ၊ ခင်ဗျား ဘာငြင်း ဦးမလဲ၊ နောက် တစ်ခုက ဟောဒီ မေ့ရဲ့ ဒိုင်ယာရီ စာအုပ်လေးပါပဲ''

ရဲအရာရှိက ဦးဖုန်းဆင့်၏ အမူအရာကို အကဲခတ်လိုက်သည်။ ဦးဖုန်းဆင့်မှာ ဂနာမငြိမ် ဖြစ်နေခဲ့၏။

''ဒီဒိုင်ယာရီ စာအုပ်ထဲမှာ မေ က သူ့ကို ခင်ဗျား က ခြိမ်းခြောက် ပြီး ခြေတော်တင်ဖို့ ကြိုးစားနေပုံကို သတိကြီးစွာ ကာကွယ်နေရတဲ့ အကြောင်း ရေးထားခဲ့တယ်၊ ဒီစာအုပ်ကို မေ အသတ်ခံရတဲ့နေ့က သူ့ သူငယ် ချင်း ချယ်ရီရောက်လာရင်း ချယ် ရီဟာ မေ့မွေ့ရာ အောက်က တွေ့လို့ ယူလာပြီး လူသတ် တရားခံကို ခြေရာခံဖမ်းဆီးနိုင်ဖို့ ကျုပ်တို့ဆီ ပေးအပ်ခဲ့တာပါ၊ ဒါကြောင့် ဒီအကြောင်းတွေ အားလုံးကို ဆက်စပ်လိုက်ရင် မေ့ကိုသတ်တဲ့လူဟာ ခင်ဗျားဆို တာ သေချာသွားပါပြီ''

ရဲအရာရှိက ခဏနားလိုက်ပြီး



ဆက်ပြောခဲ့သည်။

''ပြီးတော့ မေအသတ်ခံ ရတာဟာ ရိုးရိုးအသတ်ခံရတာ မဟုတ်ပါဘူး၊ အဓမ္မပြုကျင့်ခံ ရပြီးမှအသတ် ခံခဲ့ရတာပါ၊ ဒီ အဖြေကိုတော့ မကြာခင်စီအိုင်ဒီ (မှုခင်းတပ်ဖွဲ့)က ထွက်လာမယ့် လက်ဗွေရာနဲ့ ဆေးစစ်ချက်အဖြေ လွှာတွေက ဖော်ပြကြပါလိမ့်မယ်၊ ကဲ.....ခုတော့ ဦးဖုန်းဆင့် ကျုပ် တို့နဲ့ ရဲစခန်းလိုက်ခဲ့ပါ''

ရဲအရာရှိ၏ စကားဆုံးတော့ ဒေါ်ယုခင်က.....

''ရက်စက်လိုက်တာ ကိုဖုန်း ဆင့်ရယ်၊ တကယ် တော့ ကျွန်မ တူမလေးကို ရက်ရက် စက်စက် သတ်ခဲ့တဲ့ တရားခံဟာ ရှင်ပဲကိုး၊ ရှင်ဟာ မင်းသားခေါင်း ဆောင်းတဲ့ ဘီလူးတစ် ကောင်ပဲ၊ ရက်ဖို့ ကောင်းလိုက်တာရှင်၊ ကျွန်မက ဘုရားမှတ်လို့ ကိုးကွယ်ခဲ့တာ၊ ခုဖွတ် ထွက်မှ တောင်ပို့မှန်း သိရတော့တယ်၊ ကိုယ် မွေးတဲ့ သမီးကိုမှ ဒီလို ပြစ်မှုမျိုး ကျူးလွန်ရ တယ်လို့၊ ရှင်ဟာ ခွေး တစ်ကောင်လောက်မှ တန်ဖိုးမရှိတဲ့လူပဲ၊ ထွီ.....''

ရဲတပ်ဖွဲ့ဝင်များက ဦးဖုန်းဆင့် ကို လက်ထိတ်ခတ်လိုက်၏။ ဦး ဖုန်းဆင့်ကတော့ ကျူးလွန်မိသော အမှုများအတွက် ကျေသည်အထိ ပေးဆပ်ရတော့မည်သာဖြစ်တော့ သည်။

**ဆုမွန်ဦး (ဟသ်ာတ)**

www.burmeseclassic.com

သိကြားသန်းအောင် (မြင်းခြံ)

# သံယောဇဉ်





www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်မဲ့အတ္တ

သိန်းသန့်အောင် (မြင်းခြံ)

အမှန်အတိုင်းဆိုလျှင် သူတို့နှစ်ဦးက တူညီသင့်မြတ်သော အဆင့်တွင်ရှိကြပါသည်။ သူတို့နှစ်ဦးဆိုသည်က အောင်မျိုးထိုက်နှင့် ခင်ဆွေဝင်းတို့ကို ဆိုလိုခြင်းဖြစ်ပါ၏။ သင့်မြတ်သော အဆင့်ဆိုသည်က လူမှုရေးနှင့် စီးပွားရေးတို့ကို ဆိုလိုခြင်းဖြစ်ပါ၏။

ထိုသို့သောအကြောင်းများ၏ တိုက်ဆိုင်မှုကြောင့်ပင် သူတို့နှစ်ဦးမှာ ချစ်သူတို့ဘဝသို့ ရောက်ခဲ့ကြသည်ဟု ဆိုရခြိမ့်မည်ပင်။

အဆုံးဆိုရလျှင် သူတို့၏မိဘများကိုယ်တိုင်က သဘောတူကြည်ဖြူကြသည်။ ဆင်းရဲချမ်းသာမရွေး တစ်လင်တစ်မယားစနစ်ကိုသာ လိုချင်ကြသည့် လူလတ်တန်းစားများသာ ဖြစ်ပါချေ၏။ သို့ဆိုပါလျှင် သူတို့နှစ်ဦး၏ အချစ်ရေးကား အဆင်ပြေစရာအတိပြီးနေသည်ဟု ထင်စရာအကြောင်းရှိနေသည်ကတော့ အမှန်။ သို့ရာတွင် လူတိုင်းလူတိုင်း၌ ကိုယ်စီယုံကြည်ကိုးကွယ်မှု အယူအဆများကား ကွဲပြားခြားနားနေကြသည်ကလည်း ရှိတတ်ကြပါသည်။ ထိုကွဲပြားခြားနားမှု အကျိုးတရားများကြောင့် မနှစ်မြို့ဖွယ် အကြောင်းတရားများ ဖြစ်လာခဲ့ရခြင်းက သည်ဇာတ်လမ်း ဖြစ်ပေါ်လာခဲ့သည့် အကြောင်း ရင်းပင်ဖြစ်ပါသည်။



နှစ်ဦးနှစ်ဖက်မိဘများ၏ သဘောတူညီချက်ဖြင့် စကားကမ်းလှမ်းအကြောင်းကြား အသိပေးခြင်းအား လူသိထင်ရှားလုပ်ခဲ့ကြသည်။ ကောင်းလေစွ၊ နတ်လူ သာဓုခေါ် စရာအဖြစ်မျိုးသာဖြစ်ခဲ့ပါသည်။ ပတ်ဝန်းကျင် အသိုင်းအဝိုင်းကလည်း

www.burmeseclassic.com

သည်ကလေးနှင့်သည် ကလေး ရှေးရေစက်အကြောင်း ဆက်လို့ ပေါင်းဖက်ကြရတော့မည် ဟု ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြပါသည်။ ဩော်...သည်ကလေးတွေ အတွက်တော့ နားအေးရပြီဟော့လို့ သဘောထား ဝမ်းသာနေကြပြီ။ ထို အခြေအနေအတိုင်းဆိုလျှင်တော့ အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ သည်သုံးချက် မပိုင်လျှင် နောင်ပြင်နိုင်ခံက်သည့် အမျိုးဟု သဘောထားကြသည်ပင် မဟုတ်ပါလား။

"ဟဲ့.....အေးရီ၊ နင့်သားကို အိမ်ထောင်ချပေးဖို့ကိစ္စအတွက် ဗေဒင်လေးဘာလေး မေးကြည့်ပါဦးလားလို့၊ ခုကိစ္စက အိမ်ထောင်ရေးနော်၊ မတော်မတည့်တွေနဲ့ အိမ်ထောင်ချထားလိုက်မိရင် ညည်းတို့သား အကျိုးနည်းအိုးကွဲဖြစ်ရမှာ၊ သားသမီးအရေးဆိုတာ မိဘတွေမှာ ကောင်းအမွေခံ၊ ဆိုးအမွေခံယူ အပြောခံရမှာနော်"

မိန်းမချင်းဆိုတော့လည်း သူပြော ကိုယ်ပြော စကားပြောလာကြပြီ။ ဒေါ်အေးရီကလည်း ဗေဒင်ဝါသနာပါသလားမမေးနဲ့။ ဗေဒင်နဲ့ နတ်ဆိုရင် ရှေ့တန်းက ထားတတ်ကြတာကလား။

"အေး.....ဟုတ်ပါရဲ့၊ ညည်းပြောမှ ငါလည်း သတိရတော့တယ်၊ နတ်နဲ့နဂါး မလှည့်စားကောင်းဘူးအေ့၊ ဟိုဘက်ရွာက ဗေဒင်ဆရာ ဦးထင်ကျော်ကိုသွားပြီးမေးစမ်းဦးမှ၊ မတော်မတည့်များ ဖြစ်ခဲ့ရရင် သားလေးအတွက် ကျုပ်ပဲရင်လေးရမှာ၊ သားလေးရဲ့မွေးဇာတာနဲ့ ကောင်မလေးမွေးဇာတာကိုပြောပြီး ဦးထင်ကျော်ကို သွားမေးရဦးမယ်၊ ဟုတ်တယ်၊ ဒါက အရေးကြီးတယ်"

ဤသို့သော အကြံပေးများကြောင့် ဒေါ်အေးရီတစ်ယောက် ဗေဒင်ဆရာ ဦးထင်ကျော်ရှေ့မှောက်သို့ ရောက်သွားခဲ့ရတော့၏။ ဗေဒင်ဆရာထံမှအပြန်ဝယ် ဒေါ်အေးရီ အကြီးအကျယ် ရောဂါရလာ၊ သယ်လာခဲ့တော့သည်။ ဦးထင်ကျော်က သတို့သမီးနှင့် သတို့သားတို့၏နေ့နံများအား တွက်ချက်လျက် အတိအကျ ဟောကိန်းထုတ်လိုက်လေတော့၏။

"ဟာ.....ခင်ဗျားက ခင်ကောင်းတစ်ယောက်ပဲဗျ ကိုယ့်သားရဲ့ အိမ်ထောင်ရေးမှာ လျစ်လျူ



www.burmeseclassic.com



ချွမထားဘဲ ခုလိုကလေးရဲ့နောင်ရေးကို တွက်ချက်လေ့လာခြင်းအကျိုးကို ကောင်းကောင်းကြီးသက်ရောက်ခဲ့ရတာကလား၊ ကြည့်စမ်း၊ သတို့သမီးနေ့နံနဲ့ ခင်ဗျားသားနေ့နံကို တွက်ချက်ကြည့်လိုက်တော့ အကြီးအကျယ်ကို မရဏကိန်းဆိုက်နေတာပါပဲလား၊ ခင်ဗျားခုလိုဗေဒင်လာမေးတာ ခင်ဗျားတို့လင်မယားရော၊ သားလေးအတွက်ပါ အလွန်အင်မတန် ကံကောင်းတယ်မှတ်ပါ၊ ဒီနေ့နံရှင် သတို့သမီးနဲ့ ခင်ဗျားသား ထိမ်းမြားလက်ထပ်ပေးလိုက်မယ်ဆိုရင်တော့....."

ဗေဒင်ဆရာ ဆက်မပြောသေးသော်လည်း သူ့စကား၏နောက်ကွယ်စကားလုံးများက ကြောက်ခမန်းလိလိပါကလား။ သူဆက်ပြောမည့် စကားလုံးများကိုပင် ဒေါ်အေးရီ ဆက်နားထောင်ဖို့ ရင်ဖိုနေလှပြီ။ ဗေဒင်ဆရာ ဆက်ပြောလိုက်သည့်စကားကို ကြားလိုက်ရတော့ ဒေါ်အေးရီ မျက်လုံးပြူးသွားရပြီပေါ့။

ဗေဒင်ဆရာ
ဆက်မပြောသေးသော်လည်း
သူ့စကား၏
နောက်ကွယ်
စကားလုံးများက
ကြောက်ခမန်းလိလိပါကလား။
သူဆက်ပြောမည့်
စကားလုံးများကိုပင်
ဒေါ်အေးရီဆက်နားထောင်ဖို့
ရင်ဖိုနေလှပြီ။
ဗေဒင်ဆရာဆက်
ပြောလိုက်သည့်စကားကို
ကြားလိုက်ရတော့.....

"ဒီနေ့နံပါတဲ့ သတို့သမီးနဲ့ ခင်ဗျားသား အသက်နှစ်ဆယ့်သုံးနှစ်မကျော်ခင် ထိမ်းမြားလက်ထပ်ပေးလိုက်မယ်ဆိုရင် သူတို့နှစ်ဦးသေကွဲ ကွဲရင်ကွဲ၊ ဒါမှမဟုတ် ရှင်ကွဲ ကွဲမှာ ကျိန်းသေပဲဗျ၊ အေး... သူတို့ကံဇာတာများ နိမ့်မကျဘဲ မြင့်တက်နေရင်တောင် သတို့သားရဲ့မိဘနှစ်ပါးမှာ ထိခိုက်လာနိုင်စရာကိန်းမြင်နေရတယ်၊ ဒါ ကျုပ်ကပြောတာမဟုတ်ဘူး၊ ဗေဒင်ကိန်းခန်းအရ အမြင်ကိုပြောတာ၊ တစ်ခုတော့ရှိတယ်၊ အသက် နှစ်ဆယ့်သုံးနှစ်ကျော်သွားရင်တော့ ဘာမှမဖြစ်နိုင်ဘူး၊ အိမ်ထောင်ပြု ရတယ်"

ဗေဒင်မေးမြန်းပြီးအပြန်မှာတော့ ဒေါ်အေးရီတစ်ယောက် စိတ်သောကတွေရောက်လိုက်သည်မှာ မပြောပါနဲ့တော့။ ဇာစ်စဉ်ပိုင်းအခြေအနေအရ သားလေးတို့ချစ်ခြင်းအတွက် ကျေကျေနပ်နပ် ခွင့်ပြုမိခဲ့ချေပြီ။ ခုတော့ တစ်မျိုးဖြစ်နေပါပေါ့လား။ ငါ ဘယ်လိုလုပ်ရပါ့။ ဒေါ်အေးရီရင်ဝယ် ဗလောင်ဆူခဲ့ချေပြီတကား။

♛♛♛♛♛

"အို..အမေရယ် အိမ်ထောင်ပြုတာကို ဗေဒင်ဆရာက နေ့နံမတည့်ဘူးဆိုတာနဲ့ မင်္ဂလာအခမ်းအနားကို ဖျက်သိမ်းရမယ်ဆိုတာ လူကြားလို့မှမကောင်းတာ၊ နောက်ပြီး သူ့မိဘတွေနဲ့ လူသိရှင်ကြားစေ့စပ်ကြောင်းလမ်းထားတာမဟုတ်လား၊ သားတော့ ရှက်တယ်"

"ဟဲ့...ခုဟာက ရှက်ရုံတင်



www.burmeseclassic.com

www.burmeseclassic.com

ရှက်ရမှာ၊ ဆရာပြောသလိုဆို အသက်တောင်ဆုံးရှုံးဖို့ကိန်းရှိနေတာအေ့၊ နောက်တစ်ခု ဆရာဟောကိန်းထုတ်ထားတာက ကလေးတွေ မထိခိုက်ရင်တောင် သတို့သားမိဘနှစ်ပါးကို ထိခိုက်နိုင်တယ်ဆိုပဲ၊ မင်းခုမှ နှစ်ဆယ့်နှစ်နှစ်ပဲရှိသေးတာ၊ တစ်နှစ်တော့ စောင့်လိုက်ပါဦး သားရယ်၊ ငါတို့တော့ အသက်မသေခံနိုင်ပေါင်တော်''

ဒေါ်အေးရီက ဗေဒင်ဟောကိန်းနှင့်ပတ်သက်ပြီး သားဖြစ်သူအား ပြောပြနေခြင်းပင်ဖြစ်ပါလေ၏။ အောင်မျိုးထိုက်အနေဖြင့် မိဘဖြစ်သူအား အတိုက်အခံပြော၍ မဖြစ်သဖြင့် ခေါင်းကိုကုတ်ကာသာ အခက်တွေ့နေတော့သည်။ မိမိအချစ်ရေးတွင် လူငယ်ချင်းသာမက လူကြီးချင်းပါ စောစောပိုင်းက အဆင်ပြေနေပါလျက် ဗေဒင်ဆရာအတွက်ဇယားကြောင့် အခက်များဖြင့် တွေ့နေရပါပကောလား။ ချစ်တဲ့သူ ခင်ဆွေဝင်းကို ဘယ်လိုပြောရပ့ါ။ သို့ပေမယ့် သူ့မိဘတွေကိုယ်တိုင်က ထိုကိစ္စအတွက် ဘယ်သို့ဘယ်ပုံဆောင်ရမည်ကို အဖြေရှာမရသေး။ လေအေးအေးဖြင့်သာ မြွေမသေ၊ တုတ်မကျိုး အချိန်ကို ဆွဲထားလိုက်တော့သည်။

တစ်နေ့တော့ မမျှော်လင့်သော ဖြစ်ရပ်တစ်ခုက သူတို့၏ စိုးရိမ်စိတ်များအား နှိုးဆွ၊ နိုးကြားလာစေခဲ့ရတော့သည်။ ဖြစ်ချင်တော့ အောင်မျိုးထိုက်ဖခင် ဦးအောင်မောင်းမှာ မော်တော်ဆိုင်ကယ် အက်ဆီးဒင့်ဖြစ်သဖြင့် လက်တစ်ဖက်ကျိုးသွားရတော့သည်။ ဒါကို ဒေါ်အေးရီအနေဖြင့် အတိတ်နိမိတ်ကောက်ကာ သားတို့မင်္ဂလာဆောင်ရေးကို နောင်ရေးအတွက် ရှေ့ပြေးသတိပေးလိုက်ခြင်းဖြစ်မည်ဟု တစ်ထစ်ချယုံကြည်သွားလျက် မင်္ဂလာကိစ္စအား အပြီးအပိုင်ဖျက်သိမ်းလိုက်လေတော့၏။ နှစ်ဖက်မိဘများ၏သဘောတူ စေ့စပ်ကြောင်းလမ်းခြင်းအား ဖျက်သိမ်းပစ်လိုက်ခြင်းက ခင်ဆွေဝင်းနှင့် အောင်မျိုးထိုက်တို့နှစ်ဦးအတွက် ရတက်မအေးစရာဖြစ်ခဲ့ရသည်။ အချစ်စိတ်သွေး၏ လှုံ့ဆော်မှုကြောင့် တူနှစ်ကိုယ် အိမ်ထောင်ရေးထူထောင်ရန်အတွက် မိဘများနှင့်ဝေးရာသို့ နှစ်ဦးသဘောတူ ထွက်ပြေးသွားခဲ့ကြတော့သည်။ ဦးအောင်မောင်းနှင့် ဒေါ်အေးရီတို့ လင်မယားမှာမူ တောက်တခေါက်ခေါက်ဖြင့် အကြောက်တရားများ ကြီးစိုးစွာ ကျန်ရစ်ခဲ့လေတော့သတည်း။

♛♛♛♛♛

ကံကောင်းထောက်မသည်ဟုပင် ဆိုရချိမ့်မည်။ အောင်မျိုးထိုက်တို့နှစ်ယောက် မန္တလေးမြို့ရှိ သူငယ်ချင်းတစ်ယောက်အိမ်သို့ သွား

မမျှော်လင့်သောဖြစ်ရပ်တစ်ခုက သူတို့၏စိုးရိမ်စိတ်များအားနှိုးဆွ
နိုးကြားလာစေခဲ့ရတော့သည်။
ဖြစ်ချင်တော့အောင်မျိုးထိုက်ဖခင်ဦးအောင်မောင်းမှာမော်တော်ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်သဖြင့်လက်
တစ်ဖက်ကျိုးသွားရတော့သည်။
ဒါကိုဒေါ်အေးရီအနေဖြင့်အတိတ်နိမိတ်ကောက်ကာ......




www.burmeseclassic.com

www.burmeseclassic.com



ရောက်ခိုလှုံကြသည်။ သူငယ်ချင်းကလည်း ကောင်းပါသည်။ အောင်မျိုးထိုက်တို့နှစ်ယောက်အား အိမ်ပေါ်တင်ကျွေးရုံမက အလုပ်ပင်ရှာပေးရှာသည်။ အောင်မျိုးထိုက်သူငယ်ချင်း သူရကျော်မှာ တစ်ချိန်က မြစ်ဆိပ်သွား၍ ရေဆင်းချိုးကြရာ သူရကျော်မှာ ရေနစ်ခဲ့တော့သည်။ ရေလယ်ခေါင်တွင် ရေနစ်နေသော သူရကျော်အား အောင်မျိုးထိုက်က ကြိုးစားပမ်းစား ကယ်ခဲ့၍သာ သူရကျော် အသက်ရှင်ခဲ့ရခြင်း ပင်ဖြစ်ပေသည်။ ထိုကျေးဇူးကိုထောက်ရှု သိတတ်စွာဖြင့် သူရကျော်မိဘများကိုယ်တိုင်က အောင်မျိုးထိုက်တို့အား ကူညီစောင့်ရှောက်ထားခြင်းလည်းဖြစ်ပါသည်။ ကျေးဇူးတရားဆိုသည်က ကျေးဇူးရှင် အခက်အခဲကြုံတွေ့ရစဉ် ကူညီထောက်ပံ့ပေးခြင်းဖြင့် ကျေးဇူးဆပ်ရာရောက်သည်ပင်မဟုတ်ပါလား။

သူရကျော်က အလုပ်ရှာပေးသဖြင့် အောင်မျိုးထိုက် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုတွင် အလုပ်ရခဲ့သည်။ ခြောက်လခန့်လုပ်မိလေသောအခါ ကိုယ့်ထမင်းအိုးကိုယ်တည်စားလာနိုင်သည်။ ထို့နောက် အိမ်ခန်းလေးတစ်ခန်းကို ငှားရမ်းနေထိုင်ကြရင်း နှစ်ကိုယ်တူ အိမ်ထောင်ရေးတစ်ခုကို တည်ဆောက်လာနိုင်ခဲ့ကြသည်။ သို့စဉ်တိုင်...



အနှီ သို့စဉ်တိုင်ဆိုသည့် စကားလုံးနောက်ဝယ် ဆန့်ကျင်ဘက် အကြောင်းတရားတစ်ခုကပ်ပါလာတတ်ပါသည်။ ထိုဆန့်ကျင်ဘက် အကြောင်းတရား၏ အနည်းအများကိုလိုက်၍လည်း အနှောင့်အယှက်၊ အဖျက်အဆီးများဖြစ်ပေါ်လာတတ်သည်မှာလည်း ဓမ္မတာသဘောတရားပင်ဖြစ်ပါလေ၏။ လူ့ဘဝ၏ ကံကြမ္မာကား ဆန်းကြယ်လှပါဘိတော့။ သူတို့လေးတွေ ရှေ့ဆက်လျှောက်လှမ်းရမည့် ခရီးလမ်းတစ်ဝက်မှာပင် ကံကြမ္မာ၏ယိုးမယ်ဖွဲ့ခြင်းက အမှောင်ဖုံးလွှမ်းလိုက်လေတော့သည်။

"မခင်ဆွေဝင်း ခင်ဗျားယောကျ်ား အလုပ်လုပ်ရင်း အပေါ်ထပ်ကလိမ့်ကျလို့ အဲဒါဆေးရုံကို လိုက်ခဲ့ပါ"

တစ်ရက်တွင် ဆောက်လုပ်ရေး လုပ်ငန်းခွင်က ကားလေးဖြင့် သူမအား လာခေါ်သည်။ ခင်ဆွေဝင်းမှာ မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ကားလေးပေါ်သို့ တက်လိုက် သွားရတော့သည်။ ကားပေါ်ရောက်တော့ အဆီအငေါ်မတည့်သော လေသံဖြင့်.....

"သူ....သူ....သူဘာများ ဖြစ်သွားသေးလဲရှင်၊ ကျွန်မ..... ကျွန်မတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ပါဘူးရှင်၊ သူ..... သူ....."

"သူ့ကိုကားနဲ့ ဆေးရုံကိုခေါ်သွားကြတယ်၊ အခြေအနေ ဘယ်လိုဆိုတာ ကျွန်တော်တို့လည်း ဆေးရုံရောက်မှ သိကြမှာ"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆိုမှုရောက်တော့ အခြေက သိသိသာသာ ထွက်ပေါ်လာတော့သည်။

"အောင်မျိုးထိုက်တစ်ယောက် ဆုံးသွားပြီ"

ခင်ဆွေဝင်း မျက်လုံးတွေပြူးသွားသည်။ သူမနှုတ်ခမ်းက အသံထွက်မလာတော့။ ပကတိ နှုတ်ဆိတ်နေသည်။ မျက်လုံးတွေက အနီးမှအရာများကို ဘာမှမမြင်ပါလေတော့။ ဟိုအဝေးဆီက တိမ်တိုက်တွေပေါ်သို့ အမြင်အာရုံတွေက စုရောက်နေသည်။ ရင်ထဲက

မျက်ဝန်းမှလည်း
မျက်ရည်စတွေ
စီးကျလာတော့၏။
စိတ်ထဲမှာလည်း
ကိုထိုက် ငါ့ကို တစ်
ယောက်တည်းထားခဲ့ပါ
ပေါ့လား၊
ငါဘယ်သူနဲ့နေရမှာလဲ
ကိုထိုက်ရယ်ဆိုသည့်
အသိဝင် လာသည်နှင့် .....

အကြောအခြင်တွေ လိပ်တက်လာပြီး မူးမေ့ချင်သလိုလို။

နောက်မှ ခင်ဆွေဝင်းက သူမအာရုံတွေအား စုစည်းယူလိုက်ရသည်။ ခဏလောက်အကြာ၊ တကယ့်ကို စက္ကန့်ပိုင်းလောက်အကြာမှ သူမနှုတ်ခမ်းဆီမှ ကျိတ်၍ငိုရှိုက်လိုက်သော အသံက မဝံ့မရဲ အသံသဲ့သဲ့လေးဖြင့်ထွက်လာသည်။ ထိုငိုရှိုက်လိုက်သည့်အသံနှင့်အတူ မျက်ဝန်းမှလည်း မျက်ရည်စတွေ စီးကျလာတော့၏။ စိတ်ထဲမှာလည်း "ကိုထိုက် ငါ့ကိုတစ် ယောက်တည်းထားခဲ့ပါပေါ့လား၊ ငါ ဘယ်သူနဲ့နေရမှာလဲ ကိုထိုက်ရယ်" ဆိုသည့် အသိဝင်လာသည်နှင့် မသိခြင်းဆိုသည်တို့ကို တစ်ပြိုင်တည်း ခံစားလိုက်ရသောအခါ သတိမေ့မြောခြင်းဆိုသည့်ဝေဒနာအား ခံစားလိုက်ရလေတော့သည်။

♛♛♛♛♛

နောက်ရက်ရောက်သည်နှင့် အောင်မျိုးထိုက်မိဘနှစ်ပါးနှင့် ခင်ဆွေဝင်းအဖေနှင့်အမေပါ ရောက်လာကြသည်။ နာရေးသတင်းဆိုတော့လည်း သက်ဆိုင်ရာ ဆောက်လုပ်ရေးကုမ္ပဏီမှ အမြန်ဆုံးဆက်သွယ် အကြောင်းကြားမှုပြုလုပ်ခဲ့သဖြင့် ယခုကဲ့သို့ အမြန်ဆုံးသိခွင့်ရရှိခဲ့ခြင်းလည်းဖြစ်ပါသည်။

ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျာက သေဆုံးသူ အောင်မျိုးထိုက်၏မိဘများအား ဦးစားပေးဆွေးနွေးခဲ့ကြသည်။ ကြီးကျယ်သော လုပ်ငန်းကြီးတစ်ခုတွင်လုပ်ခဲ့သော အလုပ်သမားတစ်ဦးဖြစ်သဖြင့် ထိုက်တန်သော နာရေးကုန်ကျစရိတ်အား ကုမ္ပဏီမှကျခံရန် တောင်းဆိုခဲ့ရာ ကုမ္ပဏီမန်နေဂျာမှ ငွေခုနစ်သိန်းကို ထုတ်ပေးခဲ့သည်။ ထိုငွေခုနစ်သိန်းဖြင့် အောင်မျိုးထိုက်၏အသုဘအား ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးခဲ့သည်။

နာရေးကိစ္စပြီးသွားပြီးနောက် အာမခံလျော်ကြေးငွေကို ထပ်မံထုတ်ပေးခဲ့ပြန်သည်။ သို့သော် ထိုလျော်ကြေးငွေကိုလည်း အောင်မျိုးထိုက်၏မိဘများက လက်ခံရယူခဲ့ပြန်သည်။ ကုမ္ပဏီမှပေးအပ်သောလျော်ကြေးငွေမှာ ကျပ်ဆယ်သိန်းဖြစ်ပါသည်။ ထိုငွေကို အောင်မျိုးထိုက်၏မိဘများကပင် လက်ခံရယူအပိုင်သိမ်းလျက် ချွေးမဖြစ်သူ ခင်ဆွေဝင်းအား တစ်စုံတစ်ရာမပြောဘဲ ရေငုံနှုတ်ပိတ်နေခဲ့ကြပြန်သည်။ ခင်ဆွေဝင်းမိဘများက အရိုးခံများဖြစ်သဖြင့် ဘာမှမပြောဘဲနေသည်။ သို့ပေမင့် ဤမျှတစ်ဖက်သတ်ဆန်စွာ လုပ်ဆောင်နေသည်ကို



www.burmeseclassic.com

www.burmeseclassic.com

တော်ဝန်းကျင်အသိုင်းအဝိုင်းမှ မခံ မရပ်နိုင် ဖြစ်လာကြတော့၏။ ပြော လျှင် အောင်မျိုးထိုက်၏ဘကြီး တော်စပ်သူ ကိုဝင်းထွန်းအောင်က ပင် သူ့နှမနှင့် ယောက်ဖလုပ်ကိုင် ပုံအား ကြားမှမကျေမနပ်ဖြစ်လာရ သည်အထိ ပြောဆိုလာကြသည်။

"ဒါကတော့ မတရားဘူးဗျာ၊ သူတို့သားနာရေးအတွက် အသုဘ စရိတ်ငွေ ခုနစ်သိန်းထုတ်ပေးတုန်း ကလည်း ဒီဘက်မိဘနဲ့ ဇနီးဖြစ်သူ ကို ဘာရှင်းတမ်းမှ ထုတ်ပြတာ လည်းမဟုတ်ဘူး၊ ထားတော့လေ၊ သူတို့သားကိစ္စဆိုတော့ ကုန်သည် ဖြစ်စေ၊ မကုန်သည်ဖြစ်စေ မရှင်း လင်းတာကို အပြစ်မပြောလိုပါဘူး၊ ခု လျော်ကြေးငွေဆိုတာကတော့ ဇနီးမယား ပိုင်ဆိုင်တာပဲမဟုတ် ဘူးလား၊ ဒီလျော်တဲ့ငွေကိုတော့ ခင်ဆွေဝင်းပဲ ပိုင်ဆိုင်သင့်တာပေါ့၊ ချွေးမက မနေသာလို့ပေးမှသာ သူတို့ယူသင့်တာ၊ ခင်ဗျားတို့ မိသားစုကလည်း ဒီအတိုင်း မနေဘူးဆိုတာ ကျုပ်တို့သိထား တာကလား၊ တကယ်ဆို အောင် မျိုးထိုက်က ကျုပ်တူအရင်းပါ၊ လိုက်ချင်းလိုက် ရင်သူတို့ဘက် ကလိုက်မှာပေါ့၊ ဒီကိစ္စကတော့ မတရားဘူးဗျ၊ အုပ်ချုပ်ရေးမှူး ကိုပြောဗျာ၊ ကျုပ်လိုက်မယ်၊ ဒီ အတိုင်းတော့ ငြိမ်မခံနဲ့၊ လာ..... သွားမယ်"

ဤသို့ဖြင့် ထိုအဖြစ်မှာ ရပ် ကွက်အုပ်ချုပ်ရေးမှူးထံ ရောက် သွားသည်။ အုပ်ချုပ်ရေးမှူးက လည်း အကြောင်းစုံသိထားပြီးသူ ဖြစ်နေ၍ မနေသာပါလေတော့။



အောင်မျိုးထိုက်မိဘများဖြစ်ကြ သည့် ဦးအောင်မောင်းနှင့် ဒေါ်အေး ရီတို့အား ခေါ်ယူ၍ ညှိနှိုင်းကြရ တော့သည်။

"ဒီမယ် အုပ်ချုပ်ရေးမှူးကြီး၊ သေသွားရတာ ကျွန်မသားအရင်း ခေါက်ခေါက်ပါနော်၊ သူတို့ကို လူ သိရှင်ကြား ကျွန်မတို့က ပေးစား ထားတာလည်းမဟုတ်ဘူး၊ သူနဲ့ ပေါင်းသင်းတာဆိုလို့ လေးငါးလ လောက်ပဲရှိသေးတာ၊ ကျွန်မသား သေတဲ့အတွက် ရတဲ့လျော်ကြေး ဟာ သူနဲ့ဘယ်လိုမှ ပတ်သက်တာ မဟုတ်ဘူး၊ သားလေးရဲ့အသုဘကို လည်း ကျွန်မတို့ပဲ အားလုံးစီစဉ် လုပ်ဆောင်ခဲ့တာ အုပ်ချုပ်ရေးမှူး ကြီးတို့ အသိပဲမဟုတ်လား"

"ဒီလိုတော့ မပြောပါနဲ့ဗျာ၊ ခင်ဗျားတို့သားနာရေးအတွက်ဆို တာ သူ့အလုပ်လုပ်တဲ့ ကုမ္ပဏီက ပဲ ထုတ်ပေးခဲ့တာမဟုတ်လား၊ ထားပါတော့လေ၊ အဲဒီကိစ္စကို မပြောလိုပါဘူး၊ ခု လျော်ကြေး ဆယ်သိန်းထပ်ပေးတာကိုတော့ ခင်ဗျားသားမိန်းမဖြစ်တဲ့ ခင်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းလည်း ရထိုက်တာပေါ့၊ မဟုတ် ဘူးလား"

"အလိုတော်....ဒီလိုသာပြောကြစတမ်းဆိုရင် လျော်ကြေးရမယ့်လူဆို လူတိုင်းလင်တော်ချင်ကြတော့မှာလား၊ နောက်ပြီး သူတို့အကြင်လင်မယားပါဆိုတာ ဘယ်မှာသက်သေပြနိုင်လို့လဲ။ သူ့ဘာသာ ကျွန်မသားနောက်လိုက်သွားတဲ့ဥစ္စာ၊ သားအတွက် ရတဲ့လျော်ကြေးကို မပေးနိုင်ပါဘူးတော်၊ မကျေနပ်လို့ကတော့ တိုင်ချင်ရာသွားတိုင်၊ ဒါပဲ၊ လာ...ကိုအောင်မောင်း"

အစ်ကိုဖြစ်သူ ကိုဝင်းထွန်းအောင်က သူကိုယ်တိုင်ဝင်မပြောသာသဖြင့် ငြိမ်နေခဲ့ရသော်လည်း နှမနှင့် ယောက်ဖလုပ်သူတို့ ပြောပုံဆိုပုံ သဘောထားများကိုကားလုံးဝမနှစ်သက်ပါချေ။ စိတ်ထဲမှလည်း အတော်လေးသံယောဇဉ်ကင်းမဲ့သော စကားလုံးများကြောင့် စိတ်မချမ်းမသာဖြစ်နေမိသည်။

အတ္တလွန်ကဲ လောဘဝဲဂယက်တွင် နစ်မျောနေသော နှမမအေးရီအတွက် စိတ်မကောင်းလည်းဖြစ်မိသည်။ ရှက်လည်းရှက်မိသဖြင့် သက်ပြင်းချရင်းသာ ငြိမ်နေလိုက်ရတော့သည်။

♛♛♛♛♛



အစောပိုင်းကတော့ ဦးအောင်မောင်းနှင့် ဒေါ်အေးရီတို့သဘောထားအမှားကို သိကြသော်လည်း မြန်မာလူမျိုးတို့ထုံးစံအရ ကိုယ်နှင့်မဆိုင်တော့ အသာထိုင်နေကြသည်သာ။ အုပ်ချုပ်ရေးမှူးက ညှိနှိုင်းပေးသည်ကိုပင် အတ္တစိတ်ကြီးမားစွာ ပြောခဲ့ကြသောစကားသံအားကြားလိုက်ရသောအခါ.....

"ဟယ်..ကြည့်စမ်းပါဦးတော့၊ သူတို့ပါးစပ်က ဒီအတိုင်းထွက်လာတယ်ဆိုတာကတော့ မကောင်းပါဘူးနော်၊ တကယ်ဆို ခင်ဆွေဝင်းတို့ဘက်ကလည်း ဒီအတိုင်းမနေပါဘူးလေ၊ ဟိုတလောက မမြစန်းနဲ့တွေ့လို့တောင် စကားစပ်မိလို့ပြောဖြစ်သေးတယ်၊ တကယ်လို့အောင်မျိုးထိုက်အတွက် ကုမ္ပဏီကလျော် ကြေးငွေပေးရင်တောင်တစ်ဝက်ကို သူ့မိဘများကို ကန်တော့မယ်ဆိုတာ ခင်ဆွေဝင်းကသူတို့ကို ပြောနေတယ်လို့ သိခဲ့ရသေးတယ်လေ၊ ခုလိုဆိုတော့ သူတို့ဘက်က မိုက်ရိုင်းတာပေါ့"

တစ်ယောက်စကား တစ်ယောက်နားဆိုသလို ကြားလိုက်ရသောအခါ အသိမိတ်ဆွေများက မကျေမချမ်း ပြောဆိုနေကြတော့



www.burmeseclassic.com

www.burmeseclassic.com



ပါ။ တစ်ယောက်တစ်မျိုး စကားနာထိုးသူကထိုး၊ လူရေးလူမှု မသိတတ်သူတို့အား အတင်းအဖျင်းပြောသူကပြော။ မခံချင်သူများကလည်း မကျေနပ်သည့်စိတ်များဖြင့် အကြံပေးကြသည်။

"ဟဲ့.....ဒါမျိုးဆိုတာ အမျိုးသမီးရေးရာကို တိုင်ရတယ်၊ မိန်းမသားတွေ နစ်နာတာဆိုရင် အမျိုးသမီးရေးရာက မနေဘူးအေ့၊ အဆင်ပြေအောင် လိုက်လုပ်ပေးတယ်လို့ ကြားဖူးတယ်"

နောက်ဆုံးတွင် တိုက်တွန်းမှုကြောင့် ခင်ဆွေဝင်း၏နစ်နာမှုမှာ အမျိုးသမီးရေးရာအဖွဲ့သို့ ရောက်သွားရပြန်တော့၏။ အမျိုးသမီးရေးရာအဖွဲ့မှ ကွင်းဆင်း၍ ဖြစ်စဉ်များအား စိစစ်စုံစမ်း မေးမြန်းလျက် ဦးအောင်မောင်းနှင့် ဒေါ်အေးရီတို့ ဇနီးမောင်နှံအား ခေါ်ယူဖျန်ဖြေပေးခဲ့ပြန်ပါသည်။ နောက်ဆုံးဝယ် အမျိုးသမီးရေးရာအဖွဲ့က ကုမ္ပဏီမှရရှိသော လျော်ကြေးငွေ ဆယ်သိန်းကို ဇနီးဖြစ်သူ ခင်ဆွေဝင်းအား ခုနစ်သိန်းသတ်မှတ်လျက် မိဘများကို သုံးသိန်းရယူကြရန် ဆုံးဖြတ်ပေးခဲ့သည်။ သို့ရာတွင် ဦးအောင်မောင်းတို့ ဇနီးမောင်နှံက သူတို့သားအတွက် ရရှိသော လျော်ကြေးငွေ

နောက်ဆုံးတွင်
တိုက်တွန်းမှုကြောင့်
တိုက်တွန်းသူများကြောင့်
ခင်ဆွေဝင်း၏
နစ်နာမှုမှာ
အမျိုးသမီးရေးရာအဖွဲ့သို့
ရောက်သွားရပြန်တော့၏။
အမျိုးသမီးရေးရာအဖွဲ့မှ
ကွင်းဆင်း၍ဖြစ်စဉ်များအား
စိစစ်စုံစမ်းမေးမြန်းလျက်
ဦးအောင်မောင်းနှင့်ဒေါ်အေးရီတို့
ဇနီးမောင်နှံအား.....

မှာ သူတို့သားရထိုက်ကြောင်းနှင့် အစောပိုင်းက လူသိရှင်ကြား စေ့စပ်ကြောင်းလမ်းခဲ့သော်လည်း အကြောင်းမညီညွတ်သဖြင့် ဖျက်သိမ်းခဲ့ကြောင်း၊ ယခုကဲ့သို့ သားဖြစ်သူ အောင်မျိုးထိုက်နှင့် မခင်ဆွေဝင်းတို့ တစ်နယ်တစ်ကျေးသို့ ခိုးယူပေါင်းသင်းနေသည်ကိုလည်း မသိရှိကြောင်း၊ သိရှိပါကလည်း သဘောမတူကြောင်း ငြင်းဆိုကာ သားအတွက် လျော်ကြေးငွေဆယ်သိန်းအား သူတို့အသိအမှတ်မပြုသည့် ဇနီးမယားဆိုသူ မခင်ဆွေဝင်းအား တစ်ပြားတစ်ချပ်မှ ဝေမျှမပေးနိုင်ပါကြောင်း ခါးခါးသီးသီး ငြင်းဆိုသွားခဲ့တော့သည်။

တစ်ဖက်သတ်အတ္တကြီးလွန်းသူ ဦးအောင်မောင်းနှင့် ဒေါ်အေးရီတို့မှာ သားနဲ့ညားတဲ့ မိန်းကလေးဟာ ငါတို့ရဲ့ချွေးမလေးပါလားဆိုသည့် သံယောဇဉ်နှောင်ကြိုးကသေးငယ်ခိုင်ခံ့မှု နည်းလှချေသည်တကား။

ထိုအသိများကြောင့် အခြေအနေအားလုံးအား သိထားကြသူများက ဦးအောင်မောင်းနှင့် ဒေါ်အေးရီတို့အပေါ် အခေါ်အပြောနည်းလာကြတော့သည်။ တရားဖက်သည့် လူကြီးသူမများအနေဖြင့်လည်း သံဝေဂတရားများဖြင့်သာ



www.burmeseclassic.com

www.burmeseclassic.com



ဥပေက္ခာပြုလိုက်ကြတော့သည်။

သို့သော်လည်း မြတ်စွာဘုရား ဟောကြားခဲ့သည့် တရားတော်အရ လူသားတို့၏ ပြုမူခြင်းကြောင့် ကံ, ကံ၏အကျိုးအတိုင်း ဖြစ်ပျက်ခံစား ကြရမည်မှာ အသေအချာပင်ဖြစ်ပေသည်။ မိမိကိုယ်ကျိုးအတွက် အတ္တကြီးမားလှသော ဦးအောင်မောင်းနှင့် ဒေါ်အေးရီတို့သည် မိမိပြုလုပ်သည့် အတ္တဆန်သော မကောင်းမှုအကျိုးသက်ရောက်ခြင်း ပေလား၊ တတ်ကျွမ်းသည့် ဗေဒင်အသိပညာရှင်၏ ကြိုတင်ဟောကိန်း မှန်ကန်မှုကြောင့်ပေလားဆိုသည်ကို တိတိပပ မပြောနိုင်သော်ငြား မိမိကိုယ်ကျိုးကိုသာ လိုလားသည့် တစ်ဖက်သတ်အတ္တစိတ်ကြီးမားလှသည့် ဒေါ်အေးရီမှာ လျော်ကြေးငွေ ခွဲတမ်းချသည့်ကိစ္စ မြို့နယ်ရုံးသို့ တင်ထားဆဲမှာပင်.....

စာရေးသူအနေဖြင့် သည်မျှလောက်သာ တင်ပြချင်သော်လည်း စာဖတ်သူများအနေဖြင့် မချင့်မရဲဖြင့် ဇာတ်လမ်းအဆုံးသို့မရောက်သေးဘဲ ဤမျှနှင့် အဆုံးသတ်လိုက်လျှင် ကျေနပ်နှစ်သိမ့်လိမ့်မည်ဟု မယူဆပါသဖြင့် ဆက်လက်ဖော်ပြရလျှင်.....

တစ်နေ့၌ ဒေါ်အေးရီတစ်ယောက် နေပူပူမှ အိမ်အပြန်တွင် ရေချိုးလိုက်မိသဖြင့် လေဖြတ်ကာ ယနေ့အချိန်ထိ အိပ်ရာထက်တွင် လူမမာကြီးတစ်ဦးဖြစ်ကာ ဆင်းရဲဒုက္ခရောက်နေရှာသည်ကို စိတ် မကောင်းစွာဖြင့် ဆက်လက်တင်ပြ လိုက်ရပါတော့သည်။ လောက တွင် ကံ,ကံ၏အကျိုးအား လူသား တိုင်း ခံစားကြရမည်သာဖြစ် သည်။ အတ္တလွန်ကဲ လောဘ ကြောင့် သားနှင့်ပတ်သက်သည် ချွေးမကို ပင် သံယောဇဉ်မဲ့ခဲ့ သော လူသားတစ်ဦး၏ ဖြစ်ရပ် အား သံဝေဂရစေရန် ရည်သ လျက် ရေးသားတင်ပြလိုက် ခြင်းဖြစ်ပါသည်။

**မေတ္တာရည်လျှ**

**သီဟ၊သန်း၊အောင်(**

www.burmeseclassic.com

# အောင်သာကျော်
# တွယ်ရာမဲ့ ပန်းဘဝ





www.burmeseclassic.com

www.burmeseclassic.com



# တွယ်ရာမဲ့ပန်းဘဝ



အောင်သာကျော်

မျှော်လင့်မထားမိပါဘဲလျက် စူးစူးစိုက်စိုက်လေး ပုံရိပ်ဖမ်းနေရှာသည့် မျက်နက်ဝန်းတစ်စုံနှင့် ဆုံလိုက်ရသည့်တွင် ကျွန်တော့်နှလုံးသား ဒိတ်ခနဲ တုန်ခါသွားဖြစ်၏။ လက်မှကိုင်လာသည့် ငွေလင်ပန်းဖြူလေးကို ထိန်းထားရင်း ဘီယာခွက်များနှင့် ကုန်းဘောင်ကြီးကြော်ထည့်လာသည့် ဘဲဥပုံ ကြွေပန်းကန်ပြားကြီးကို စားပွဲပေါ်သို့ချပေးလိုက်သည်။

"ဘာများထပ်လိုအပ်ပါသေးလဲခင်ဗျာ"

ကျွန်တော် တရိုတသေ ခါးညွတ်ရင်းက မေးလိုက်သည်။

"ရပြီ.....ရပြီ၊ လိုအပ်မှထပ်ခေါ်လိုက်မယ်"

အသက်ငါးဆယ်ဝန်းကျင်ခန့်ရှိသည့် ပုဂ္ဂိုလ်ကြီးက ပန်းနုရောင်ဝမ်းဆက် ဝတ်ဆင်ထားသည့် မိန်းမချောလေးမျက်နှာကို သာတစိုက်မတ်မတ်ကြည့်နေရာက လက်ဟန်လေးပြကာ ပြန်ပြောသည်။ ပုံရိပ်ဖမ်းနေရှာသည့် မိန်းမချောလေး၏ မျက်နက်ဝန်းအစုံက ကျွန်တော့်အား ကျော်ကျော်မဟုတ်လားဟင်ဟု မေးနေသယောင်ပင်။

ကျွန်တော်သည်ဟိုတယ်တွင် ဝိတ်တာဝင်လုပ်နေဖြစ်သည်မှာ ၆ လတာမျှ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ပုံရိပ်ဖမ်းလာသည့် မျက်နက်ဝန်းပိုင်ရှင် မိန်းမချောလေးနှင့် ကျွန်တော် ဝေးကွာဖြစ်ခဲ့ကြသည်မှာ နှစ်နှစ်တာကာလ ကြာမြင့်ခဲ့သော်လည်း ယနေ့တိုင် ဖြူနုနု မျက်နှာဝိုင်းလေး၏ တစ်ဖက်တစ်ချက်မှာ အထင်အရှားရှိနေခဲ့သည့် ပါးချိုင့်လေးများပိုင်ရှင် သဉ္ဇာလွင်ကို မြင်မြင်ချင်းပင် မှတ်မိနေသလို သဉ္ဇာလွင်ကလည်း မဟုတ်မခံ ဆတ်ဆတ်ကြဲစိတ်ဓာတ်ရှိနေသည့် ကျွန်တော့်အမည်ရင်း ကျော်ကျော်ဆိုသည်ကို သိနေမည်ပင်ဖြစ်သည်။



နုငယ်ကာ အလှသွေးကြွယ်နေသည့် သဉ္ဇာလွင်မှာ သူ့ဖခင်အရွယ် ပုဂ္ဂိုလ်ကြီးနှင့် ကလူကျီစယ်ရှိနေသည်။ ဘီယာဖန်ခွက်ကိုင်ထားသည့် ဖြူသွယ်သွယ် လက်ချောင်းတို့ဝယ် လင်းလက်ဝင်းပနေသည့် ရွှေထည်ပစ္စည်းများ၊ လည်



www.burmeseclassic.com

www.burmeseclassic.com



တိုင်ကြော့ကြော့လေးပေါ်က ရွှေဆွဲကြိုးကလည်း တစ်ကျပ်ခွဲသားသာသာခန့်ရှိနေသည်။ ဘီယာခွက်လေးမော့ချလိုက်၊ အရယ်အပြုံးလေးတွေနှင့် စကားကြွယ်ကာ ညုတုစာ ခရာတာတာ ပြုလျက်ရှိနေသည့် သန္တာလွင်၏ မျက်နှာဝန်းလေးတွေက တစ်ချက်တစ်ချက် ကျွန်တော့်ထံ ဝေ့ကာဝဲကာရောက်ရှိလာသည်ကိုလည်း တွေ့နေရသည်။

တစ်နာရီကျော်၊ နှစ်နာရီနီးပါး အကြည့်ဆိုက်ပြီးသည်နှင့် သန္တာလွင်တစ်ယောက် သူ့အဖေအရွယ် ပုဂ္ဂိုလ်ကြီး၏ လက်မောင်းကို အားရပါးရ ဖက်တွယ်လျှောက်လှမ်းရင်း ဟိုတယ်ခန်းမအတွင်းက ထွက်သွားသည်။ ကျွန်တော် အမှတ်မထင် လှမ်းကြည့်မိတော့ ချောကလက်ရောင် Surf ကားပေါ်သို့ တက်သွားသည်။ ကားတံခါးကူညီဖွင့်ပေးသော ဝိတ်တာလေးကိုပင် တစ်ထောင်တန်တစ်ရွက် ကမ်းပေးခဲ့သည်ကို လှမ်းမြင်လိုက်ရသည်။

♛♛♛♛♛

ကျွန်တော့်တာဝန်ချိန် ပြီးဆုံးသည်နှင့် ဝိတ်တာများအတွက် ဟိုတယ်ပိုင်ရှင်မှ ပေးထားသော အဆောင်ရှိရာသို့ လေးကန်သော ခြေလှမ်းများဖြင့် ပြန်လာမိစဉ် နောက်မှပြေးလိုက်လာသော လုပ်ဖော်ကိုင်ဖက်တစ်ဦးဖြစ်သူ ဝင်းလွင် သွက်သွက်လေးလိုက်လျှောက်လာရင်းက.....

"ဟေ့ကောင် ကျော်ကျော်၊ မင်းဘာဖြစ်တာလဲ၊ ဟိုစပွန်ဆာကြီးတစ်ယောက်နဲ့ ပန်းရောင်ဝမ်းဆက် ကောင်မလေးဝိုင်းကို ပြင်ပေးပြီးကတည်းက မင်းမျက်နှာကြီးက လငပုတ်ဖမ်းထားသလား အောက်မေ့ရတယ်၊ ဘာလဲ တစ်ဖိမန်းနီး နည်းနည်းပဲပေးသွားလို့လား"



"မဟုတ်ရပါဘူးကွာ၊ တစ်ဖိမန်းနီးက ထင်ထားတာထက်တောင် ပိုပေးသွားသေးတယ်"

"ငါသိပါတယ်ကွာ၊ ဦးမြင့်မားက လုပ်ငန်းကြီးသမားကွ၊ သူက အပေးအကမ်း ရက်ရောသလို သူတွဲကြည့်လို့ သူ့စိတ်ကြိုက်တွေ့သွားပြီဆိုရင် ရက်ရက်ရောရော စပွန်ဆာပေးတာကွ၊ သူတွဲပြီဆိုရင်လည်း အလန်းလေးတွေ၊ အပျံစားလေးတွေချည်းပဲ၊ သူက ခုခေတ်စကားနဲ့ ပြောရမယ်ဆိုရင် ခရိုနီလို့ဆိုရမှာပဲ၊ ရေကတော့ လျှံတယ် မောင်ရင်၊ အာကလည်းကောင်းတော့ လေကိုအရင်းအနှီးထားပြီး ပိုင်ရာဆိုင်ရာတွေနဲ့ ပေါင်းပြီး ရေလျှံနေခဲ့တော့တာပေါ့"

"ဟာ.....သွားပါပြီကွာ မင်း



www.burmeseclassic.com

www.burmeseclassic.com

ပြောသလိုဆို သူက ခရိုနီလူတန်းစားထဲကပေါ့၊ ခုနက သူတွဲလာတဲ့ ပန်းနုရောင်ဝမ်းဆက်နဲ့ ကောင်မလေး ဒီကိုမကြာမကြာပါလာတတ်လား''

''ဟကောင်ရ ငါကတော့ ဘယ်သတိထားမိပါ့မလဲကွ၊ နောက်တစ်ခေါက် လာမလာ မငံ့ဘာသာ မငံ့ သတိထားပြီးသာ စောင့်ကြည့်နေ၊ ဦးမြင့်မားက ရေလျှံသလို မိန်းမချောလေးတွေကို ထည်လဲတွဲတတ်တဲ့သူ၊ သူသိပ်စိတ်တိုင်းကျပြီဆိုမှ သူ့စပွန်ဆာအဖြစ်နဲ့ထားတာ''

ဝင်းလွင်၏ပြောစကားများက ကျွန်တော့်ရင်ကို လာရောက်ထိမှန်သည်။ သန္တာလွင်တစ်ယောက် ဦးမြင့်မားရဲ့ စပွန်ဆာများ ဖြစ်နေလေပြီလားဆိုသည့် အတွေးစနှင့် ဘုရားသိကြားမလို့ သန္တာလွင်တစ်ယောက် ဦးမြင့်မားရဲ့ စပွန်ဆာ မဖြစ်နေစေပါနှင့်ဟူသော အတွေးစ နှစ်စက ကျွန်တော်၏ ကိုယ်ပိုင်ည တစ်ညတာလုံးကို ဝင်ရောက်သိမ်းပိုက်သဖြင့် နံနက်လင်းအားကြီးမှသာ အိပ်ပျော်သွားခဲ့ရတော့သည်။

♛♛♛♛♛

အတွေးစတို့က အတိတ်စာမျက်နှာများကို လှန်လှောနေမိသည်။ သန္တာလွင်နှင့်ကျွန်တော် အထက်တန်းကျောင်းသားကျောင်းသူဘဝမှာ ဆုံကြုံခဲ့ရပုံများ၊ သန္တာလွင်၏ အကြင်နာအယုအယပါနေသည့် သံစဉ်တေးများကို မကြာမကြာ ကြားခွင့်ရခဲ့သလို သမုဒယနွှယ်သော အကြည့်စူးစူးလေးများနှင့်လည်း မကြာခဏ ဆုံဖြစ်ခွင့်ရခဲ့သည်။

အတွေးစတို့က အတိတ်စာမျက်နှာများကို လှန်လှောနေမိ သည်။ သန္တာလွင်နှင့်ကျွန်တော် အထက်တန်းကျောင်းသားကျောင်းသူဘဝမှာ ဆုံကြုံခဲ့ရပုံများ၊ သန္တာ လွင်၏ အကြင်နာအယုအယပါနေ သည့် သံစဉ်တေးများကို မကြာ မကြာ ကြားခွင့်ရခဲ့သလို သမုဒယ နွှယ်သော......

အယုအယနှင့် အနုအလှစုံလှသည်။ သမုဒယ မျှော်ရုံတောကို ခို လှုံကြပါမည်ဟု ကျွန်တော် တောင်းဆိုမိလေတိုင်း ဆယ်တန်းစာမေးပွဲကြီး နောက်ဆုံးဖြေပြီးသည့်နေ့ကျမှ ကမ်းလင့်အဖြေပေးပါမည်ဟုသာ ပါးချိုင့်လေးခွက်အောင်ပြုံးရင်း အဖြေပေးလေ့ရှိခဲ့သည်။

သန္တာလွင်နှင့် ကျွန်တော့်ဆုံစည်းမှုကို ကံကြမ္မာဒိုင်လူကြီးက ပွဲသိမ်းခရာမှုတ်ရင်း ပွဲသိမ်းပစ်လိုက်သည်။

မှတ်မှတ်ရရ ဖေဖော်ဝါရီလ အလယ်လောက်မှာပင် သန္တာလွင် ကျောင်းထွက်သွားခဲ့ရသည်။ သူ့မိဘနှစ်ဦးစလုံး ခရီးသွားရင်း ကားမှောက်ကာ သေဆုံးခဲ့ရသဖြင့် ရန်ကုန်တွင် အခြေချနေထိုင်လျက်ရှိနေသည့် သူ့အဒေါ်က လာရောက်ခေါ်သဖြင့် လိုက်ပါသွားခဲ့ခြင်းပင်ဖြစ်သည်။ မကွေးမြို့လေးမှ သန္တာလွင် ပျောက်ကွယ်သွားသည့်နောက်ပိုင်း မကွေးမြို့လေးသည် ကျွန်တော့်အတွက် ခြောက်သွေ့ရာဒေသတစ်ခုခုတွင် အသက်ရှင်ခွင့်ရနေမိရသည့်အလား ထင်မှတ်မှားမိရသည်။

သန္တာလွင်နှင့် တစ်ကမ္ဘာစီဝေးရပြီဆိုသည့်အသိက ရင်ထဲကိန်းအောင်းနေမိပြီဖြစ်သည့်နောက်

www.burmeseclassic.com



ပိုင်း ကျွန်တော့်စိတ်တို့သည် လေလွင့်လျက်သားရှိနေခဲ့သည်။

ဆယ်တန်းအောင်ခဲ့သည်ကို ပင် မိမိကိုယ်မိမိ အံ့သြနေမိရ၏။ သည်လိုနေလာရင်း ဘဝရပ်တည်မှုတစ်ခု ရှာသင့်ပြီဟု မိဘများနှင့် အပေါင်းအသင်းများက မကြာခဏ ပြောလာကြသည့် စကားလေးသည် မိမိအတွက် စေတနာဖြင့် ပြောကြခြင်းပါလားဟု လက်ခံလာမိသည်။

နောက်ပိုင်း အလွမ်းအဆွေး အယ်လ်ဘမ်လေးကို ဘဝရပ်တည်မှုဟူသော အခိုင်အခံ့သေတ္တာတွင်း ပိတ်သိမ်းထားလိုက်သည်။ ယခုတော့ ဝိတ်တာဘဝလေးဖြင့် ဘဝတစ်ဆင့်မြင့်ရေးအတွက် ငွေကြေးရှာဖွေစုဆောင်းနေမိခြင်းပင်ဖြစ်၏။

♛♛♛♛♛

မနေ့က ညနေစောင်းမှာပင် သန္တာလွင်နှင့် ဆုံဖြစ်ခဲ့သည်။ သန္တာလွင်အကြောင်းလေးတွေကိုသိချင် သည့်ဆန္ဒ ပြင်းပြလာခဲ့သည်။

အတိတ်ပုံရိပ်တို့သည် နှလုံးသားပိုင်နက်ကို ပြန်လည်နှိုးဆွလို့နေကြသည်။ သန္တာလွင်အကြောင်းများ စုံစမ်းကြည့်မည်ဆိုသည့် ဆုံးဖြတ်ချက်ချကာ ဟိုတယ်ဝင်းအတွင်း လျှောက်လာနေမိစဉ်မှာ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ စိုးသိန်းက.....

"ဟေ့ ကျော်ကျော်၊ မင်းကို မန်နေဂျာခေါ်နေတယ်၊ ဘာအရေးကြီးလဲမသိဘူး။ ရုံးခန်းထဲမှာ ရဲတွေလည်း ရောက်နေတယ်"

ထိုသို့ဆိုလာသဖြင့် ကျွန်တော် မန်နေဂျာရုံးခန်းဆီသို့ ခပ်သုတ်သုတ်လေး လျှောက်သွားလိုက်မိသည်။

မန်နေဂျာအခန်းသို့ဝင်လိုက်သည်နှင့် မန်နေဂျာက လှမ်းခေါ်သည်။

"လာ.....လာ ကျော်ကျော်ရေ၊ မနေ့ကညနေက တေဘယ်လ်(၈)မှာထိုင်သွားတဲ့ စုံတွဲအကြောင်း နည်းနည်းပါးပါး မေးမြန်းစရာရှိလို့တဲ့၊ မနေ့က မင်းက တေဘယ်လ်(၈)နဲ့(၉)ကို တာဝန်ယူထားတာဆိုတော့ မင်းအမြင်၊ အတွေ့နဲ့ နားစွန်နားဖျား ကြားတာလေးများရှိခဲ့ရင် ပြောပြပေးလိုက်ပါကွာ"

မန်နေဂျာက ထိုသို့ဆိုကာ ဒုရဲမှူးတစ်ဦးနှင့် မိတ်ဆက်ပေးခဲ့သည်။

ကျွန်တော် အံ့အားသင့်သွားမိရသည်။ ကျွန်တော် မြတ်နိုးတွယ်တာနေမိရသည့် သန္တာလွင်တစ်ယောက် လူသတ်မှုနှင့် ဆက်စပ်ပတ်သက်လို့နေပြီ။ အခန့်မသင့်ပါက တရားခံပင် ဖြစ်သွားနိုင်သည့်အနေအထားပင်ဖြစ်သည်။

ကျွန်တော်လည်း ဒုရဲမှူးရှေ့သို့ရောက်သည်နှင့်.....

"ကျွန်တော် ကျော်ကျော်ပါ၊ ကျွန်တော်ကတော့ စီကာပတ်ကုံး ပြောမပြတတ်ဘူး၊ ဆရာတို့သိချင်တဲ့ အချက်လေးတွေမေးရင်တော့ ကျွန်တော် အမြင်အကြား မှတ်ထားသမျှတွေနဲ့ တိုက်ဆိုင်နေသမျှ ဖြေပေးပါ့မယ်"

လှပစွာ စကားကို စတင်ပြောဖြစ်သည်။ ဒုရဲမှူးကလည်း သူသိလိုသမျှ မေးသည်။ ကျွန်တော်ကလည်း သိသမျှဖြေသည်။ ဒုရဲမှူးအဓိကသိလိုသည်က မနေ့ညက စားပွဲပိုင်းလေးတွင် သန္တာလွင်နှင့် ဦးမြင့်မားတို့အချင်းချင်း စိတ်ကတောက်ကဆတ်ဖြစ်ခဲ့၊ မဖြစ်ခဲ့ ဆိုသည်နှင့် ငွေကြေးကိစ္စ၊ အပေးအယူကိစ္စများ တင်းတင်းမာမာဖြစ်ခဲ့ခြင်း ရှိ၊ မရှိကိုပင်။

ကျွန်တော်သိသမျှ ဖြေပေးဖြစ်ခဲ့သည်မှာ သန္တာလွင်နှင့် ဦးမြင့်မားတို့ ကြည်ကြည်ဖြူဖြူပင်။ ဘီယာသောက်ခဲ့ကြရင်း သန္တာလွင်အမူးလွန်သွားချိန်တွင်မှ သန္တာလွင်ကို ပွေ့ဖက်တွဲထုတ်ကာ သူ၏ကိုယ်ပိုင်ကားဖြင့် ပြန်သွားခဲ့ကြောင်း၊ ည ၁၁ နာရီထိုးခါနီး ဆယ်မိနစ်အလိုတွင် ပြန်သွားခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြောင်း ပြောပြခဲ့သည်။ သန္တာလွင်တစ်ယောက် ငယ်ကျွမ်းဆွေ ကျွန်တော့်ကိုမြင်သွားသည်နှင့် ဘီယာကိုသာမက ဦးမြင့်မား သောက်နေသော ဘလက်(ခ်)လေဘယ်(လ်)ကိုပါ ယူသောက်ပြီး လောကကြီးနှင့် သတိလက်လွတ်ဖြစ်သွားရပါသည်ဆိုသည်ကိုတော့ ထည့်မပြောဖြစ်ခဲ့မိပေ။

အမှုစစ် ဒုရဲမှူးထံမှ သိခွင့်ရ လိုက်သည်က မနေ့က ည ၂ နာရီ တိတိတွင် --- ရိပ်သာတိုက်ခန်း၏ တိုက်ခန်း အမှတ် ၁၃၃(ခ)တွင် လူသတ်မှုဖြစ်ပွားကြောင်း တာဝန် သိပြည်သူ တစ်ဦးက ရဲစခန်းသို့ ဖုန်းဖြင့်အကြောင်းကြားခဲ့သည်ဆို ၏။ ထိုတိုက်ခန်းမှာ ဦးမြင့်မားက သန္တာလွင် အတွက် သန္တာလွင် အမည်ပေါက်ဖြင့် ဝယ်ပေးထားသော တိုက်ခန်းပင်ဖြစ်သည်။

သန္တာလွင်၏ အိပ်ခန်းအတွင်းရှိ ခုတင်ပေါ်ဝယ် သန္တာလွင်ကိုယ်ပေါ်တွင် ထိုင်းနိုင်ငံဖြစ် စောင်အဖြူပါးပါးလွှာလွှာလေးတစ်ထည်သာ လွှမ်းလျက်ရှိနေကာ အမူးမပြေနိုင်သေးသည့် အနေအထား ရောက်လျက်ရှိနေသည်ဆို၏။

ဦးမြင့်မားမှာ နံငယ်ပိုင်း ခြုံတဘက်လေးသာ ကိုယ်အောက်ပိုင်းတွင် ပတ်ထားသော်လည်း လူက မှောက်လျက်အနေအထားဖြင့် ရှိနေသည်။ ဝဲဘက်ကျောပြင်တွင် သေးငယ်သော ထိုးသွင်းဒဏ်ရာ



တွင်မှ သွေးစတို့ လျှံထွက်နေသည်။ သွေးစီးကြောင်းရာက အထင်းသား ရှိနေသော်လည်း အနီးအပါးတွင် ရုန်းကန်သတ်ပုတ်မှုကြောင့် ဖြစ် ပေါ်တတ်သော ဖရိုဖရဲဖြစ် ပျက်နေမှုများ မတွေ့ရသဖြင့် မှန်းဆရ ခက်နေသည်။

သန္တာလွင်၏အိပ်ခန်း၊ သန္တာလွင်၏ အိပ်စက်ရာခုတင်အနီးအပါးတွင် သန္တာလွင်က အိပ်ပျော်လျက်သားအသွင်သဏ္ဌာန်ဖြင့် ရှိ နေခဲ့လေရာ စဉ်းစားတွေးတောစရာ ဖြစ်နေတော့သည်။

♛♛♛♛♛

အလုပ်ကိုသာ လုပ်နေမိရသော်လည်း ကျွန်တော့် အစီအစဉ်က သန္တာလွင်ဆီကိုသာ ရောက်လို့နေသည်။ သန္တာလွင် သူ့ဘဝ ရှင်သန် ရပ်တည်နိုင်ရေး အတွက် ဖြစ်လာခဲ့ရသည့်အမှုကို မည်သို့ရင် ဆိုင်ဖြေရှင်းရှာလေမည်နည်း။ သူ့မှာ တိုင်ပင်ဖော်တိုင်ပင် ဖက်ကမရှိဆိုတော့ ပိုဆိုးသည်။ ထိုသို့ပူပင် သောကဝန်ထုပ်ကြီးကို နှစ်လကျော်ကြာမျှ ကြင်ကြင်နာနာ ထွေးပိုက်ထားမိသည်။ မှတ်မှတ်ရရ နှစ်လနှင့်ရက် (၂၀)အကြာမှာဖြစ်သည်။ လုပ်ဖော်ကိုင်ဖက် ဝင်းလွင်က.....

"ဟေ့ကောင် ကျော်ကျော် မင်းသန္တာလွင် သက်သာသွားပြီကွ အမှုမှန်ပေါ်သွားပြီ၊ လူသတ်သမားက သွေးအေးအေးနဲ့ ဝင်သတ်သွားခဲ့တာ၊ သူ့တူမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တွက် လက်စားချေတာလို့ ဝန်
ချက်ပေးသွားသတဲ့''

ကျွန်တော့်သူငယ်ချင်းက
မှု ဖြစ်စဉ်နှင့်ပတ်သက်၍
သိသမျှ ပြောပြတော့သည်။
ကျွန်တော်ပို သိချင်စိတ် ပြင်းပြ
သဖြင့် အလုပ်ချိန်ကုန်
သည်နှင့် ရဲစခန်းသို့ လိုက်သွားခဲ့
ကျွန်တော့်ကိုမေး မြန်းသွားခဲ့
သော ဒုရဲမှူးကို အသင့်ပင်
တွေ့ရသည်။

''လာ..ကျော်
ကျော်၊ ဘာလဲ မင်း
ရတဲ့ သန္တာလွင်
မှုလမ်းကြောင်း
လွတ်မြောက်
သွားတာ သိချင်
မဟုတ်လား၊
အမင်း ဖြေတဲ့
ထဲမှာ သန္တာ
လွင် အမှုးလွန်
အောင် သောက်
ပါပဲပါတာလေ၊
သန္တာလွင်ကိုစစ
တော့မှ မင်းကို သူ့ချစ်သူအဖြစ်
ဖြေပေးခါ နီးမှာ မင်းနဲ့ဝေး
ရတာတွေ၊ မင်းကို မမျှော်လင့်ဘဲ
တွေ့လိုက်ရတော့ သူများစပွန်
ဘာဝရောက် နေရတဲ့အချိန်
စိတ်ညစ်ညစ်နဲ့ သောက်လိုက်တာ၊
သူသတိရလာ တော့ ဦးမြင့်မား
မှောက်လျက်သေ နေတာတွေ့လို့
ရဲကို ပထမဆုံး သတင်းပေးတာက
သူပဲလို့ထွက် ဆိုသွားခဲ့တယ်''

''ဟုတ်လား ရဲမှူး''

''ငါတို့ ရဲအတတ်ပညာနဲ့



ပိုက်စိပ်တိုက် လေ့လာတဲ့အခါမှ
တစ်ချိန်က ဦးမြင့်မားရဲ့ကား
မောင်းခဲ့တဲ့ ဒရိုင်ဘာဟောင်း
မြဆောင်က ည ၁ နာရီခွဲကျော်
ကျော်လောက်မှာ သန္တာလွင်အခန်း
ဘက်က ထွက်လာတာကိုမြင်တဲ့
သက်သေတစ်ဦးရတာနဲ့ မြဆောင်
ကိုခေါ်စစ်တော့ သူ့တူမအရင်း
တစ်ယောက်ကို စပွန်ဆာပေးမလို
သွေးဆောင်ပြီး လှည့်စားသွားခဲ့လို့
အချိန်အခါကိုစောင့်ပြီး စပုတ်တံ
သံချွန်နဲ့ နောက်ကျော ကနေ
တစ်ချက်တည်းထိုးသတ်ခဲ့တာ''

အမှုစစ် ဒုရဲမှူးက ရှင်း
ပြသည်။ မြတ်ဗုဒ္ဓ အလို
မကျသည့် သူတစ်ပါး
၏ သမီးပျိုလေးတွေ
ကို စော်ကားကာ
စပွန်ဆာထား နေမှ
တော့ နောက်ဆုံးမှာ
အပေါက်ကျဉ်းဖြင့်
လမ်းဆုံးသွားခဲ့ရခြင်း
ပင်ဖြစ်ပါသည်။

ကျွန်တော့်ရင်သည်
သန္တာ လွင်အတွက်
လှုပ်ခတ်နေမိဆဲပင်
ဖြစ်ပါသည်။ သည်
တစ်ကြိမ် ဆုံစည်းပါ
က သန္တာလွင်ကို ဘဝ
တစ်ခုတည် ဆောက်ဖို့
လက်တွဲရန် ရင်ဖွင့်ကြည့်မိဦးမှာ
သေချာပါသည်။

**အောင်သာကျော်**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



## အကြွေဝန်းရဲ့ဒိုင်ယာရီ

ရှင်လွန်းမယ်

ကျွန်မနာမည်က အေးစု။ မိဘတွေက အချစ်တွေစုတဲ့ အဓိပ္ပာယ်နဲ့ ဒီနာမည်ကို ပေးခဲ့သလား၊ မပေးခဲ့သလား ကျွန်မ ဝေခွဲလို့ မသိခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့တွေက အမေမွေးပြီး အဘွားကကျွေးတဲ့ဘဝနဲ့ ရှင်သန်ကြီးပြင်းခဲ့ရလို့ပါ။ ကျွန်မတို့ဆိုတဲ့အထဲမှာ ကျွန်မအစ်မ အေးနုလည်း အပါအဝင်ပေါ့။

အစ်မနဲ့ ကျွန်မက အသက်နှစ်နှစ်ပဲကွာတော့ ကျွန်မက သူ့ကို အစ်မလို့ သိပ်မခေါ်ဘူး။ အများဆုံး အေးနုလို့ပဲခေါ်တော့ အဘွားက အဲဒီလိုခေါ်တိုင်း ကျွန်မကို ဆူငေါက်သား။ ကျွန်မအတွက်တော့ ပြင်လို့မရတော့တဲ့ အကျင့်ဆိုးတစ်ခုဆိုပါတော့။

ကျွန်မတို့နှစ်ယောက် ဘာကြောင့် အဘွားဆီကို ရောက်ခဲ့ရသလဲဆိုတာ ကျွန်မ အရင်ပြောပြချင်ပါတယ်။ ကျွန်မတို့အမေမှာ ညီအစ်မနှစ်ယောက်ရှိတယ်။ အမေ့အိမ်ထောင်ကျတော့ အမေ့အသက်က နှစ်ဆယ်၊ ဒေါ်လေးက ဆယ့်ငါးနှစ် မပြည့်တပြည့်။ ပြောစရာတစ်ခုက ကျွန်မတို့အဘိုးအဘွားက မောင်နှမသားချင်းနည်းလေ



တော့ ရှိတဲ့ကလေးတွေ အရွယ်ရောက်ချိန်မှာ တီတီတာတာပြောမယ့်သူတွေ မရှိတော့ဘူးလေ။

အမေ အေးနုကိုမွေးတော့ အေးနုက မအေနို့တောင် ဟုတ်တိပတ်တိ မစို့ရဘူးလို့ အဘွားကပြောတယ်။ အဘွားက အေးနုကို မြေးဦးမို့ အချစ်ပိုပြီး ဆယ်ရက်သားအရွယ် အေးနုကို အပြီးအပိုင်ခေါ်ထားတော့တာ။ ကျွန်မကိုတော့ လေးငါးလသားအရွယ်လောက်မှာ ခေါ်တာဆိုတော့ အေးနုနဲ့ ကျွန်မအပေါ် အမေကြီးက ခွဲခြားဆက်ဆံတယ်လို့ ယူဆမိတယ်။ အို..... ယူဆတာမဟုတ်ပါဘူး။ တကယ်ပါ။ အမေကြီးက ဘက်လိုက်လွန်းပါတယ်။

ကျွန်မတို့အောက်မှာ မောင်တစ်ယောက်နဲ့ ညီမနှစ်ယောက် ကျန်သေးတယ်။ စုစုပေါင်း မောင်နှမ ငါးယောက်ပေါ့။ ကျွန်မတို့က ငယ်ငယ်လေးကတည်းက အမေ

www.burmeseclassic.com

ကြီးနဲ့ပဲ နေခဲ့ရလို့လား မသိဘူး။ အမေက ကျွန်မတို့ကို သိပ်မချစ်သလို မောင်ညီမတွေကလည်း ကျွန်မတို့အပေါ် သိပ်မတွယ်တာကြဘူး။

အမေ့အိမ်ကို ကျွန်မတို့ သွားရင် အမေက ကျွန်မတို့ကို သူစိမ်းဧည့်သည်တွေလိုပဲ ခပ်စိမ်းစိမ်း။ ကျွန်မတို့ကိုယ်တိုင်ကလည်း ကိုယ့်အမေအိမ်ပဲရယ်လို့ ရဲရဲတင်းတင်း မဝင်ထွက်ဘဲ ဧည့်သွားဧည့်လာပုံစံမို့ အမေတို့အပေါ် စိမ်းသက်ခဲ့တယ်။



အမေ့ဆီက ငါ့သမီးတွေ အတွက်ဆိုပြီး မုန့်ဖိုးပေးတာ၊ အဝတ်အစားဆင်တာ ဘာမှမရှိခဲ့ဘူး။ ကျွန်မတို့က လိုအပ်သမျှ အမေကြီးဆီကတောင်းရတယ်၊ အမေကြီးက ကျွန်မတို့ရွာမှာ ရိုက်ဆံရှိစာရင်းဝင် သူဌေးဖြစ်လေတော့ ကျွန်မတို့အတွက် ဘယ်အရာမှ ရှားပါးတယ်ဆိုတာ မရှိဘူး။ လိုချင်သမျှရတယ်၊ စားချင်သလို စားရတယ်။

အယ်.....တစ်ခုဆိုးတာက အေးနုနဲ့ယှဉ်ရင် ကျွန်မက နောက်ရောက်ရောက်သွားတတ်တာတစ်ခုပဲ။ တစ်ခုဆိုပေမယ့်လည်း အဲဒီတစ်ခုက ဘဝတစ်ခုလုံးကို ပြောင်းပြန်လှန်စေလိုက်သလိုပဲလို့တော့ ကျွန်မ ယူဆမိတယ်။

အေးနုက အသားဖြူဖြူ၊ မျက်နှာဝိုင်းဝိုင်းနဲ့ ချောချောလေး။ ဝပေမယ့်လည်း လှတယ်။ သူ့အကျင့်က ဘာလဲဆိုတော့ ကိုယ်တိုင် လုပ်နိုင်တာ၊ မလုပ်နိုင်တာ အသာထား၊ အဘွားစိတ်ကြိုက် နှမ်းဖြူးတတ် လွန်းတယ်။ မလုပ်နိုင်ဘူး၊ မသွားနိုင်ဘူး မငြင်းဘူး။ တစ်နေရာကို သွားခိုင်းရင် လမ်းခုလတ်မှာ ထိုင်နေတယ်။ အချိန်တန် အိမ်ပြန်လာပြီး "အဘွားသူမရှိဘူး၊ ဘယ်သွားတယ်၊ ဘယ်လာတယ်"ဆိုပြီး လိမ်တော့တာ။

ကျွန်မကတော့ ကိုယ်မလုပ်နိုင်ရင် ငြင်းတယ်။ အဘွားက အဲဒါကို မကြိုက်ဘူး။ နင်က အေးနုလောက် အဖြစ်မရှိဘူးပြောရင် ကျွန်မ အသေနာတာ။ ဒါကြောင့်လည်း ရှေးလူကြီးတွေက ပြောတာပေါ့။ ငိုတတ်တဲ့ ကလေး နို့စို့ရတယ် ဆိုတဲ့ စကားလေ... ကျွန်မအတွက်တော့ အရမ်းကို မှန်တယ်... အဘွားသနားအောင်၊ အဝတ်အစား ဝယ်ပေးအောင် ပြောတတ်လွန်းလို့ ကျွန်မက သူ့ကို ပတီသီးလို့ ကွယ်ရာမှာခေါ်တယ်လေ။

အမြဲတမ်း သကျက်ကျက်

www.burmeseclassic.com

ရန်ဖြစ်နေတတ်တဲ့ ကျွန်မတို့ ညီအစ်မနှစ်ယောက် ရည်းစားထားကြတော့မှပဲ စည်းလုံးလိုက်တာ။ အဲဒီအချိန် ကျွန်မက ဆယ့်ကိုး၊ အေးနုက နှစ်ဆယ့်တစ်ပေါ့။ အသားအရေကလည်းဖြူ၊ အရပ်ကလည်းမြင့်ဆိုတော့ ကျွန်မတို့ ညီအစ်မနှစ်ယောက်က ရွာမှာ မိန်းမချောစာရင်းတော့ဝင်တယ်။ ဒီထဲမှာ ပြောတတ်ဆိုတတ်တဲ့ အေးနုကတော့ ပိုပြီးလူသိများတာပေါ့လေ။ ကျွန်မကတော့ ဘုနဲ့ဘောက် ပြတ်ပြတ်ပဲပြောတော့ ကာလသားတွေက ကျွန်မကိုလန့်တယ်။

ရည်းစားထားတာတောင် ကိုယ့်ရွာသားနဲ့မထားဘူး။ အတတ်ဆန်းပြီး တောင်ဘက်ကရွာသား ကျော်ညွန့်ကိုထားတာ။ အစ်မကတော့ ဝေးဝေးလံလံရှာဖို့ပျင်းတာလား၊ မျက်စိပဲ လျှမ်းထွက်တာလားတော့မသိဘူး။ အိမ်မှာသူရင်းငှားလုပ်နေတဲ့ ကိုအောင်စိုးနဲ့ကြိုက်တာလေ။

"အေးစု အမေမသိစေနဲ့နော်"

"အေးပါဟ၊ ငါသိပါတယ်"

အေးနုက သူ့ရည်းစား ကိုအောင်စိုးနဲ့ ချိန်းတွေ့တာ ကျွန်မသိလို့ နှုတ်ပိတ်ခဲ့တယ်။ ကျွန်မကလည်း ကိုယ်တိုင်အပြစ်မကင်းသူတစ်ယောက်ဆိုတော့ ဘာနှုတ်လုံ သလဲမမေးနဲ့။ ယောင်လို့တောင် မှားမပြောဘူး။ တစ်ခါတလေကျတော့လည်း အတွားကပြောသား။

"အေးနုနဲ့ အေးစု ဟုတ်တာ လုပ်လို့ နှုတ်လုံတာတော့ အကြောင်းမဟုတ်ဘူး။ တကျက်ကျက်နဲ့ ရန်ဖြစ်တတ်တဲ့ ညီအစ်မနှစ်ယောက် တစ်ဦးကိုတစ်ဦး တောက်ခံနေပြီဆိုရင် ဖောင်မမေးနဲ့ ငါ အတိအကျသိတယ်၊ ညည်းတို့ မဟုတ်တာလုပ်ထားလို့မဟုတ်လား"

ချောတာ၊ လှတာ တူပေမယ့် အေးနုနဲ့ကျွန်မရဲ့ အကျင့်စရိုက်က ကျတော့ တောင်နဲ့မြောက်လို့ပြောနိုင်စရာပဲ။ အေးနုက မိန်းကလေးသဘာဝအတိုင်း ဟိုဟာကြောက်ရတာနဲ့၊ ဒီဟာကြောက်ရတာနဲ့။ ကျွန်မကျတော့ ချောင်းထဲဆင်းမယ်၊ ငါးနှိုက်မယ်ဆို လာခဲ့။ သွေးသံရဲရဲနဲ့ နေရတာကိုပဲ ပျော်နေမိတာ။ ကျွန်မတို့ရွာက ကျိုက်လတ်မြို့အနီးမှာရှိတဲ့ တံငါရွာလေးတစ်ရွာဆိုတော့ မြစ်ချောင်းအင်းအိုင်ပေါတယ်။ သားငါးပုစွန်ပေါတယ်။ နွေအခါမှာဆိုရင် မြစ်ချောင်းအင်းအိုင်တွေထဲက အကြွင်းအကျန် ငါးပုစွန်တွေ နှိုက်ရတာကို ကျွန်မပျော်တယ်။

အဲဒီ လက်ကျန်ချောင်းထဲမှာ ငါးနှိုက်ပြီးပြီဆိုရင် ကျွန်မက ချောင်းထဲကနေပြီး ရသမျှငါးတွေကို ကမ်းပေါ်မှာရှိတဲ့ ခြင်းတောင်းထဲ လှမ်းပစ်ထည့်တာ။ ပစ်လို့ဝင်ရင်ဝင်၊ မဝင်လို့ကတော့ အဲဒီငါးသေဖို့သာပြင်ထား။ မဝင်တဲ့ငါးကို ကျွန်မ ကောင်းကောင်းကြီးဒဏ်ခတ်တော့တာပဲ။ အဲဒီငါးရဲ့ အမြီးကို တုတ်နဲ့ထောက်ဖိပြီး.....

"နင်က ပြေးချင်တယ်ပေါ့လေ၊ ပြေးလေ.....ပြေးစမ်းပါ"

ချောတာ၊ လှတာ တူပေမယ့်
အေးနုနဲ့ကျွန်မရဲ့
အကျင့်စရိုက်က ကျတော့
တောင်နဲ့မြောက်လို့
ပြောနိုင်စရာပဲ။
အေးနုက မိန်းကလေး
သဘာဝအတိုင်း
ဟိုဟာကြောက်ရတာနဲ့၊
ဒီဟာကြောက်ရတာနဲ့။
ကျွန်မကျတော့.....



www.burmeseclassic.com

www.burmeseclassic.com



ပယ်ပယ်နယ်နယ် ကြိမ်းမောင်းတော့တာပေါ့။ အမေကတော့ ကျွန်မကို.....

"အေးစု.....အေးစု နင်က တော်တော်သနေ့ဆိုးပါလား။ အကိုချိလိုအလုပ်ကို နင်မို့ မကြောက်မရွံ့ ဝင်လုပ်ညည်မှာ နင်မကြောက်ဘူးလား"

"အမေကလည်း၊ ကျွန်မ ဘာလုပ်လို့လဲ၊ လူတိုင်းက ဒီလိုလုပ်နေတာပဲ၊ ကျွန်မတစ်ယောက်တည်း အကုသိုလ်ဖြစ်ရောလား။ ဝင်လုပ်ညည်မှာ နောက်ဘာ"

"ရှေ့ကဘာ နောက်ဘာဝနေမှာ၊ ဝင်ရှုက နေမယ်များတဝင်နေသဘော။ သူများအထက်ကို မသွာမတာလုပ်၊ ကိုယ့်အတွည်ရောက်မှ ကုမယ်သူမရှိ တယ်မယ်သူမရှိဖြစ်လိမ့်မယ်၊ နားလည်တယ်"

"ဘာမှဝင်လည်စရာမရှိဘူး အဲဒီလိုဆိုရင် ငါးမယ်ဘဲ သူတို့ကို သွားကြပါ၊ မစားရက်ဘူးဆိုပြီး အောမှဲပေးရမှာလား အမေရဲ့"

"ကြည့်စမ်း...ကြည့်စမ်း ပြန်ခံပက်နေလိုက်တာ"

အမေက အိမ်ကပြင်ထောက်ကနေ ကုန်းထိုင် အားယူနေတဲ့ ကျွန်မက ကျပြင်ထောက်ကနေ ဝုန်းခနဲမှန်ချပြီး ပြောတော့တာပဲ၊ အမေက ခေါ်တစ်ခိုင်ခိုင်ဆိုတော့ တစ်နေရာသွားရွိုင်းရှိုင်း သူ့ခန္ဓာကိုယ်ကို ကြတက်အောင် မ,နေရတာက အရင်။ ဒါကြောင့် အမေက ဘယ်မှသိပ်မသွားဘူး။ အိမ်ကပြင်ထက်မှာထိုင်ပြီး လမ်းသွားလမ်းလာတွေကို အယောက်စေ့ စားပြီးပြီလား၊ ဘယ်သွားမှာလဲ အစရှိသဖြင့် မရိုးနိုင်၊ မမောနိုင် ပြောမယ်၊ ကျွန်မတို့ကို အေးနုဘာလုပ်ပေး၊ အေးစုဘာလုပ်ပေး ညွှန်ကြားမယ်။

♛♛♛♛♛

"အေးနု အိမ်ပေါ်တက်လာရဲ တက်လာကြည့်"

မားကြိမ်း ကြိမ်းနေတာက အမေ။ အေးနု ကိုအောင်စိုးနဲ့လိုက်ပြေးသွားလို့ ကြိမ်းနေတာ။ လိုက်သွားရတာလည်း ဘယ်သူ့ကြောင့်မှမဟုတ်ဘူး။ အမေ့ကြောင့်ပဲ။

ပြီးခဲ့တဲ့ ကဆုန်လပြည့်နေ့က အိမ်နောက်ဘက် စပါးပုံနားမှာ အေးနုတစ်ယောက် ကိုအောင်စိုးနဲ့ ချိန်းတွေ့နေခဲ့တာ။ အဲဒီနေ့က ကျွန်မလည်း သူတို့နဲ့မနီးမဝေးမှာ ကျွန်မရည်းစားနဲ့ ထိုင်နေတယ်ဆိုပါတော့။ အဘ ဟိုဘက်ရွာက အလှူကို မနက်ကတည်းကသွားပြီး ခုထက်ထိ ပြန်မလာသေး။ ဟိုဘက်ရွာက ပြန်အလာ ကျွန်မတို့ကို လှမ်းခေါ်တော့.....

"အေးနု.....အေးစုရေ"

"ရှင်....."

"ဟာ.....ဒုက္ခပဲ"

ကျွန်မရည်းစားက ကျွန်မပါးစပ်ကိုလည်း ပိတ်ဖို့အချိန်မရ။ ကျွန်မနှုတ်က ထူးသံလည်းထွက်တော့ အခြေအနေမဟန်မှန်း ရိပ်စားမိလေတော့ ကောက်ရိုးပုံနားကနေ ကွေ့ပတ်ပုန်းပြီး ပြေးလေပြီ။ ကျန်နေသေးတာက အေးနု။ ဘယ်လောက်တောင် ဇာတ်လမ်းကောင်းနေသလဲမသိဘူး။ ကျွန်မအနားအဘရောက်နေမှန်းတောင် မသိကြ။ ကျွန်မကို အဘက.....

"အေးစု ဘာလုပ်နေတာလဲ"

"အေးနုကို စောင့်နေတာ အဘ"

"အေးနု ဘယ်သွားနေလို့လဲ"

"ဟို....."

ဘာပြန်ပြောရမှန်းမသိလို့ ကျွန်မ လက်ညှိုးတယမ်းယမ်းနဲ့ ဟိုဆိုပြီး အေးနုတို့အတွဲရှိတဲ့ဘက်ကို ညွှန်ပြမိတော့တယ်။ ကျွန်မထင်တာက ဒီလောက်စကားသံတွေကြားနေရရင် ကိုအောင်စိုးတစ်ယောက်တော့ ပြေးလောက်ပြီမှတ်တာကိုး။

"အေးနု....."

အဘရဲ့အော်သံအဆုံး ခပ်ပုပုထိုင်နေကြတဲ့ အေးနုတို့အတွဲ ပြိုင်တူ မတ်တတ်ထရပ်တော့ အဲဒီမှာ ပွဲပြီးပါလေရော။ ကျွန်မတို့

www.burmeseclassic.com

www.burmeseclassic.com

ညီအစ်မနှစ်ယောက်ကို တစ်ခါမှ မရိုက်ခဲ့ဖူးတဲ့ အဘက ကျွန်မတို့ နှစ်ယောက်ကို ကြက်မွှေးနဲ့ လွဲလွဲ ပြီးရိုက်တယ်။ ကျွန်မကိုတော့ အလို တူအလိုပါဆိုပြီးရိုက်တာ။ ဒီကြား ထဲ အဘွားက ကိုယ့်သူရင်းငှားနဲ့ ဖြစ်ရပ်ပါ့မလားဆိုပြီး အေးနုရဲ့ပါးကို ရိုက်တယ်။ အေးနုကျတော့လည်း တစ်ခါမှ မရိုက်ဖူးဘဲ အခုမှရိုက် ရက်လေခြင်းဆိုပြီး အဘတို့ အမေ တို့အလစ်မှာ ကိုအောင်စိုးရဲ့နောက် ကို လိုက်ပြေးတော့တာပဲ။

ဘဖြစ်မယ်၊ ညာဖြစ်မယ် ကြိမ်းနေတဲ့ အမေ။ အေးနုတို့ပြန် ရောက်လာတော့ ခပ်တင်းတင်း။ နောက်တော့ သားမရှိလေတော့ ကို အောင်စိုးကို တစ်သားသားနဲ့ဖြစ် တော့တာပဲ။ ပုဆိုးဝယ်ပေးရတာနဲ့၊ ဖိနပ်ဝယ်ပေးရတာနဲ့။ အဆိုးဆုံးက တော့ ကျွန်မရဲ့ဝေစုကို ဖဲ့လာခြင်း ပါ။

ဒီအိမ်မှာ ကျွန်မက အငယ် ဆုံးဆိုတော့ ကျွန်မက အစားစား ချင်ရင် စားချင်သလောက်စား၊ ဟန့် တားမယ့်သူမရှိဘူး။ အခုတော့ ကျွန်မရဲ့ခေတ် ကုန်သွားပြီထင်ပါ ရဲ့။ ကျွန်မ ထမင်းစားနေတုန်း အမေက ကျွန်မရဲ့ပန်းကန်ထဲ ဝက် သားတစ်တုံးထည့်ပေးပြီး ဝက်သား ပန်းကန် သိမ်းသွားတော့.....

‘‘အမေ ဘာလို့ ဟင်းပန်း ကန်သိမ်းတာလဲ၊ ကျွန်မ စားလို့ မပြီးသေးဘူးလေ’’

‘‘အောင်စိုး အလုပ်ကပြန်လာ ရင်စားဖို့ ဟင်းမကျန်တော့မှာစိုး လို့’’

အမြဲတမ်း ဘာလုပ်လုပ်၊ ဘာ စားစား ဟန့်တားမယ့်သူမရှိတဲ့ဘဝ မှာ ကျွန်မ အမေ့ကိုလည်းမုန်း တယ်၊ ကိုအောင်စိုးကိုလည်း မုန်း တယ်။ အို.....အားလုံးကို ကျွန်မ မုန်းတော့တာပဲ။

နောက်တော့ ကျွန်မ အားလုံး ကို အရွဲ့တိုက်မိတယ်။ မလုပ်နဲ့ဆို ရင် ပိုလုပ်တယ်။ မသွားနဲ့ဆိုရင် ပို သွားတယ်။

ယနေ့အချိန်မှာ ကျွန်မ ဒုက္ခ တွေ ရောက်နေတာဟာ လူကြီး မိဘတွေကို အရွဲ့တိုက်လို့ ဒုက္ခ ရောက်ရတာလို့ သိပေမယ့် အဲဒီ တုန်းက နောင်တဆိုတာလည်းမရှိ ဘူး။ တွေဝေနေတယ်ဆိုတာလည်း မရှိဘူး။ အမေတို့က တစ်ခုခုပြော ရင် ကျွန်မက ကိုအောင်စိုးရောက် လာလို့ အဲဒီလို အပြောခံရတာဆို ပြီး ကိုအောင်စိုးကို မဲပြီးရန်ရှာ၊ အပြစ်တင်ပစ်လိုက်တယ်။ ကို အောင်စိုးကတော့ ကျွန်မအပေါ် စိတ်မှတ်မထားဘဲ ညီမလေးတစ် ယောက်လို သဘောထားလည်း ကျွန်မ ကြည့်မရခဲ့ဘူး။

ရန်ကုန်က ကျွန်မတို့အမေ တက်ကာ အစ်မ(ကျွန်မကြီးတော်) လာလည်တာဟာ ကျွန်မဘဝကို ပြောင်းလဲဖို့ဆိုတာ ကျွန်မ မသိခဲ့ ဘူး။ ဒုက္ခတောထဲ ရောက်ခဲ့မယ့် ဘဝမှန်းသိရင် ကျွန်မ ကြီးတော်နဲ့ လိုက်ဖြစ်ခဲ့မှာ မဟုတ်ပါဘူး။ အခု တော့.....

♛♛♛♛♛

‘‘ကောင်မ ဘူတာမှာ ပန်း လာရှိမယ့် ယောက်ျားသည်တွေကိုသွား ခေါင်းနေတယ်လို့ ပလီပလာနဲ့လိမ် ညာပြောနေတာကို ငါမသိဘူးထင် နေသလား’’

‘‘ဟဲ့.....ထွန်းဝေ၊ စကားကို ပရမ်းပတာ မပြောစမ်းနဲ့’’

‘‘အမေ ကျွန်တော်တို့ပြောနေ တာ ဝင်မပါပါနဲ့’’

‘‘ဟဲ့.....ခင်ကာ မဟုတ်တာကို စွတ်လည်းလုပ်ပြောနေတာကိုး။ ယူ ထားတဲ့မယား၊ မွေးထားတဲ့သားကို ရှာဖွေမကျွေးဘဲ တစ်နေ့တစ်နေ့ တယ်လိုရန်ရှာရမလဲ တွေနေတာ မင်းကိုပဲ ငါကလူမျှမှာတဲ့ နားလည် လား’’

ကျွန်မကို အကြောင်းမရှိ အကြောင်းရှာ ပြဿနာကြီးမားအောင် ရန်တွေ့နေတဲ့ ကိုထွန်းဝေကို သူ့ အမေ၊ ကျွန်မရဲ့ယောက္ခမက ငေါက်နေတာလေ။ ကျွန်မတော



www.burmeseclassic.com

www.burmeseclassic.com

ရေနစ်သူပီပီ ကောက်ရိုးတစ်မျှင်ကို အားကိုးရာသဖွယ် ဆွဲကိုင်ခဲ့ပေမယ့် အဲဒီအရာဟာ ကောက်ရိုးမဟုတ်ဘဲ မြွေပွေးဖြစ်နေတာကတော့ ကျွန်မဘဝရဲ့ မဟာမုန်တိုင်းတစ်ခုပါပဲ။

ကိုအောင်စိုးတို့အပေါ်ပဲ ဦးစားပေးနေတဲ့ အမေနဲ့နေရတာ မပျော်တော့သလို ကျွန်မကိုမွေးထားတဲ့ အမေ့အိမ်ကိုလည်း မသွားချင်ဘူး။ ရန်ကုန်က အမေ့ရဲ့အစ်မ၊ ကျွန်မတို့ကြီးတော် ရောက်လာတော့ ကြီးတော်ဟာ ကျွန်မရဲ့ထွက်ပေါက်ဖြစ်ခဲ့ရတော့တယ်။

ဒေါ်ကြီးပြန်တော့ ရန်ကုန်ကို လိုက်သွားဖို့ အမေ့ကို ခွင့်တောင်းသေးတယ်။ အမေက မထည့်ဘူးလို့မပြောဘဲ လိုက်ချင်လိုက်သွားလို့ ဆိုတာကို ကျွန်မစိတ်ထဲ ခုမိသွားခဲ့တယ်။ အခုတော့ ကျွန်မ ရှိခြင်း၊ မရှိခြင်းက သူတို့အတွက် အရေးမပါတော့ဘူးပေါ့လေ။ ရင်ထဲမှာ အားကိုးရာမဲ့သူတစ်ယောက်လို ဝမ်းနည်း နာကျင်ခဲ့ရတယ်။

ကျွန်မ ရန်ကုန်မှာ တစ်လကျော်ကြာတော့ အမေက ပြန်လာဖို့ ခေါ်သားပဲ။ ဒါပေမဲ့ မိဘမောင်ဖွားတွေထက် တွယ်တာမယ့်သူရှိလာတော့ ကျွန်မ အိမ်ထောင်ရေးနယ်ပယ်ထဲ ခြေစုံပစ်ဝင်ခဲ့မိတယ်။

ကလေးတစ်ယောက်ရကာမှ ငါ ဒီယောက်ျားကို ဘယ်လိုမျက်စိနဲ့ ကြိုက်ခဲ့မိပါလိမ့်လို့ အခါခါမေးယူခဲ့ရတယ်။ အရက်သောက်၊ ဖဲရိုက်နေတာမဟုတ်ပေမယ့် ကျွန်မယောက်ျားက လူပျင်းတစ်ယောက်ပါ။ ဘာအလုပ်ကိုမှ မလုပ်ချင်တဲ့၊ လက်ကြောမတင်းတဲ့ လူပျင်းတစ်ယောက်နဲ့ ယူမိမှတော့ ကျွန်မက အိမ်ကိုရှာဖွေကျွေးနေရတဲ့ အိမ်ထောင်ဦးစီးကြီး အလိုလိုဖြစ်လာခဲ့တယ်။

အပျိုဘဝက ပူပင်သောကဘာမှမရှိခဲ့တဲ့ ကျွန်မဘဝဟာ အိမ်ထောင်ကျတော့မှ သောကဟူသမျှ ကျွန်မဆီမှာပဲ စုနေရော့သလားလို့ အောက်မေ့ရတယ်။

အားကိုးလို့မရတဲ့ ယောက်ျားကို လင်အဖြစ် တော်စပ်ထားမိခဲ့တဲ့ ကျွန်မကိုယ်တိုင် အိမ်ထောင်ဦးစီးအဖြစ်နဲ့ လူလေးယောက်စာရဲ့ စားဝတ်နေရေးကို တစ်ယောက်တည်း ဖြေရှင်းနေရတဲ့သူ။ အလုပ်မလုပ်ဘဲ သူကနေနိုင်ပေမယ့် ဗိုက်ပြဿနာက နေလို့မရဘူးလေ။ တစ်နေ့မှာ ထမင်းသုံးနပ်ကို ဝမ်းဗိုက်ကတော့ အလိုလို တောင်းဆိုနေမှာပဲ။ အငတ်မခံနိုင်တဲ့ ကျွန်မက ရရာအလုပ် လုပ်ရတော့တာ။ အမေသိရင် ရင်ထုငိုလေမလား၊ ဒါမှမဟုတ် ဘိုးဘွားမိဘကို တော်လှန်ပုန်ကန်လို့ အခုလိုဖြစ်ရတာ နည်းသေးတယ် ဆိုလေမလား။ သိချာတာ

အားကိုးလို့မရတဲ့
ယောက်ျားကိုလင်အဖြစ်
တော်စပ်ထားမိခဲ့တဲ့
ကျွန်မကိုယ်တိုင်
အိမ်ထောင်ဦးစီးအဖြစ်နဲ့
လူလေးယောက်စာရဲ့
စားဝတ်နေရေးကို
တစ်ယောက်တည်း
ဖြေရှင်းနေရတဲ့သူ။
အလုပ်မလုပ်ဘဲ သူက
နေနိုင်ပေမယ့်
ဗိုက်ပြဿနာက .....

www.burmeseclassic.com



တစ်ခုက ဝမ်းရေးပြဿနာကို ဖြေရှင်းရတာနဲ့ အပျိုဘဝက ရွှေထီးဆောင်းခဲ့ရတဲ့ အခြေအနေကို သတိရဖို့ မအားတော့ပါဘူးလေ။

တစ်ခါတလေကျတော့လည်း ကိုယ်တိုင်ကိုယ်ကျ ရှာမကျွေး၊ ရှာကျွေးနေတဲ့ မယားကိုကျ မသနား၊ မသိတတ်လွန်းတဲ့အပြင် အပြစ်မရှိ အပြစ်ရှာ၊ နေ့စဉ်နေ့တိုင်း အိမ်ကို ဆူပူစေတဲ့ယောက်ျား။ မှတ်လောက်သားလောက်ဖြစ်အောင် ပြန်ခံသတ်ချင်သား။ အဲဒါဟာ စိတ်ကူးထဲမှာပဲဖြစ်ပြီး လက်တွေ့ဘဝမှာ ကျွန်မ အဲဒီလောက် သတ္တိမရှိဘူး။ ရန်ဖြစ်ပြီးတိုင်း ရှိက်နှက်ခံရသူ၊ ငိုရသူက ကျွန်မပေါ့။

ကျွန်မဟာ မိဘဆွေမျိုးများရဲ့ ငါးရာနှစ်ဆယ့်ရှစ်မေတ္တာမှာ ကံမကောင်းသူ၊ ထောင့်ငါးရာအချစ်မှာပါ ကံဆိုးသူဖြစ်ခဲ့တဲ့အတွက် ကျွန်မဘဝကို ကျွန်မ စိတ်နာတယ်။ ကျွန်မရဲ့ အတိတ်ဘဝတုန်းက ဘယ်လောက်ဆိုးတဲ့ အကုသိုလ်တွေကို လုပ်ခဲ့မိလို့လဲမသိဘူး။ ဒီဘဝမှာ အစစအရာရာကံမကောင်းခဲ့ရတာဟာလည်း ကံကြမ္မာဖန်တီးရှင် ဆရာရဲ့ အလိုကျထင်ပါရဲ့။

အခုလေ မနက်စောစော အင်းစိန်ဈေးမှာ ရောင်းဖို့ပန်းတွေ လှလှပပဖြစ်အောင် ပြန်ပြင်စည်းနေတဲ့ ကျွန်မကို သူက ရှေ့ဘက် ကွပ်ပျစ်ပေါ်မှာထိုင်ပြီး အကြောင်းတစ်ခုရှာ ရန်စလေပြီ။ သားလေး နေမကောင်းဖြစ်နေတာ အတော်ကြာပြီမို့ သားလေးကို ညနေတိုင်း ဆေးခန်းပို့ဖို့ငွေ အလျဉ်မီအောင် ရှာရ၊ သက်သာပါ့မလားလို့ စိုးရိမ်ပူပန်နေရတဲ့ မိခင်တစ်ယောက်ရဲ့ သောက၊ အို.....ပြောမပြနိုင်လောက်အောင် များပြားလွန်းတဲ့ သောကတွေကြားမှာ ကျွန်မ သူ့ကို ရန်တွေ့ချင်စိတ်တွေတောင် ကုန်ခန်းနေပြီ။

မနေနိုင်တဲ့ ကျွန်မယောက်ျားကတော့ ကျွန်မဘက်ကနေပြီး သူ့ကိုဝင်ဆူနေရင်း သူတို့သားအမိချင်း ပြဿနာဖြစ်၊ အော်ဟစ်နေကြတော့တာပေါ့။



"တစ်နေကုန် တစ်ရာ့ကိုး တစ်ရာ့တစ်ဆယ် လည်ပတ်ဖို့လောက်သာ သိနေတဲ့ကောင်၊ ကိုယ့်မိန်းမမှာ ဘယ်လိုဒုက္ခတွေနဲ့ စိတ်ဆင်းရဲနေရသလဲ မစဉ်းစားဘဲ ရမ်းကားနေတာ၊ မင်းကိုယ်မင်း မရှက်ပေမယ့် မင်းကိုမွေးထားတဲ့ ငါကတော့ ရှက်တယ်ဟဲ့ ထွန်းဖော်ရဲ့"

"တော်တော်ကြိုက်မွှေတဲ့မိန်းမ၊ ကဲကွာ....."

"အမယ်လေးတော်....."

သူ့အမေကို ဒေါသဖြစ်နေတဲ့ သူက မထင်မှတ်ဘဲ ကျွန်မရဲ့မျက်နှာကို ကွပ်ပျစ်ပေါ်ကနေ လှမ်းကန်လိုက်တော့ ကျွန်မ ခေါင်းထဲ မိုက်ခနဲဖြစ်သွားလိုက်တာ လောကကြီးနဲ့ ခဏအဆက်အသွယ်ပြတ်သွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သားအမိတွေ ဘယ်လိုဆက်ဖြစ်နေကြသလဲ ဘာမှကို မသိနိုင်တော့တဲ့ ကမ္ဘာတစ်ခုဆီသို့ ကျွန်မ ရောက်သွားခဲ့ရသလိုပါပဲ။

ကျွန်မ သတိရတော့ မျက်နှာတစ်ခုလုံး ရောင်ကိုင်းနေတယ်လို့ ထင်တယ်။ မေးကနေ ပင့်ကန်ခံလိုက်ရတော့ သွားချင်းရိုက်မိပြီး အတော့်ကို ခံရခက်တဲ့ နာကျင်မှုပေါ့။ ကျွန်မရဲ့သည်းခံနိုင်မှုအတိုင်းအတာဟာ ကုန်သွားပြီ။

"အမေ့ကို ကျွန်မ အမေအရင်းလို ချစ်ပါတယ်၊ ဒါပေမဲ့ ကျွန်မ သူ့ကို ဆက်ပြီးမပေါင်းနိုင်တော့ဘူး၊ ကျွန်မ သားလေးကိုခေါ်ပြီး ဒီအိမ်က ထွက်သွားပါရစေတော့ အမေ"

"အို.....ညည်းသွားစရာမလိုပါဘူး အေးစုရယ်၊ မလိမ္မာတဲ့သားမိုက်ကို အိမ်ပေါ်က မောင်းချလိုက်မယ်၊ ညည်းတော့အိမ်ပေါ်ကဆင်းစရာ မလိုပါဘူးအေ"

ချွေးမရယ်လို့ သဘောမထား၊ သမီးရင်းတစ်ယောက်လို သဘောထားတဲ့ ယောက္ခမကိုတော့ ကျေးဖူးတင်သား။ ဒါပေမဲ့ ကျွန်မက လူတစ်မျိုးရယ်။ ချစ်နေချိန် ဘယ်လောက်အပြစ်လုပ်လုပ် ခွင့်လွှတ်နိုင်သလောက် မုန်းပြီဆိုရင်လည်း (ကန်တော့ပါရဲ့)ချီးပုံပဲထိုင်ကြည့်ချင်တယ်။ အဲဒီလူရဲ့မျက်နှာကိုတော့ လုံးဝကြည့်ချင်တာမဟုတ်ဘူး။

ရွာကို အရှုံးတွေ၊ အရှက်ရစရာတွေပိုက်ပြီး မပြန်ချင်ဘူး။ ကောင်မ အခုတော့ ဘယ့်နှယ်ရှိစဆိုတဲ့ လူတွေရဲ့မေးငေါ့တာကိုလည်း နည်းနည်းမှ ခံနိုင်တာမဟုတ်ဘူး။ ဒီတော့ ကိုယ့်ဘဝကိုတောင် မရေရာတဲ့အခြေအနေနဲ့ သားလေးကို ဘယ်လိုခေါ်သွားဖြစ်မှာလဲ။ ဒါကြောင့် သားလေးကို ယောက္ခမဆီမှာ ထားခဲ့ပြီး အလုပ်အတည်တကျ တစ်ခုခုရရင် ကျွန်မ သားလေးကို ပြန်လာခေါ်မယ်လို့ ပြောခဲ့ပြီး အဲဒီအိမ်က ထွက်လာခဲ့တယ်။

ကြီးတော်ဆီရောက်တော့ ကျွန်မအတွက် ကံကောင်းခြင်းလား၊ ကံဆိုးခြင်းလားမသိ။ ကြီးတော်ရဲ့သမီးက မူဆယ်မှာအလုပ်သွားလုပ်ဖို့ အထုပ်အပိုးတွေ ပြင်ဆင်နေတာတွေ့ရတယ်။ ထမင်းဆိုင်မှာ စရိတ်ငြိမ်း တစ်လနှစ်သိန်းဆိုတော့ ကျွန်အတွက် ရေငတ်တုန်း ရေတွင်းထဲကျဆိုသလိုပေါ့။ ကြီးတော်ရဲ့သမီး၊ ကျွန်မညီမကလည်း.....

"မလေးလည်း လိုက်မယ်ဆိုရင် ညီမလည်း အဖော်ရတာပေါ့၊ လိုက်ခဲ့မလား မလေး"

"စိတ်ကောချရပ့ါမလားဟယ်"

"စိတ်ချရပါတယ် မလေးရဲ့၊ အဲဒီအန်တီက အမေ့ရဲ့သူငယ်ချင်းပဲဟာ၊ သူလည်း မူဆယ်မှာ





www.burmeseclassic.com

www.burmeseclassic.com

အထည်ဆိုင်ဖွင့်ထားတာတဲ့၊ ဝတ်ထားတဲ့ရွှေတွေများ ညွတ်အိနေတာပဲ''

''အင်း.....ငါက ရွာလည်းမပြန်ချင်၊ အလုပ်တစ်ခုကလည်း အပူတပြင်းလိုနေတော့ လိုက်မယ်ဟာ၊ တစ်နှစ်လောက်စုပြီးရင် ငါ့သားလေးကို ပြန်ခေါ်မယ်၊ ဆိုင်သေးသေးလေးတစ်ဆိုင် ဖွင့်ရရင်တော့ ငါတို့သားအမိတွေ စားလောက်မှာပါ''

မျှော်လင့်ချက်တွေနဲ့ ကျွန်မညီမနဲ့အတူ မူဆယ်မှာအလုပ်သွားလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

♛♛♛♛♛

ကျွန်မဘဝရဲ့ ပထမဆုံးအချိုးအကွေ့မှာ မိဘရင်ခွင်ထဲ မနေခဲ့ရဘဲ အဘွားရဲ့ရင်ခွင်မှာ ကြီးပြင်းခဲ့ရတယ်။ ဒုတိယအချိုးအကွေ့မှာ သောကကို ရင်မှာပိုက်၊ ဒုက္ခထဲမှာ ပျော်ပျော်ကြီး ကူးခတ်ရင်း မိဘမောင်ဖွားတွေကို မေ့ထားခဲ့တယ်။ တတိယအချိုးမှာတော့ ကျွန်မလုံးဝမမျှော်လင့်တဲ့ ဘဝကြီးထဲ သွတ်သွင်းခံလိုက်ရတယ်။ ကျွန်မညီမနဲ့ ကျွန်မဟာ ပွဲစားအဒေါ်ကြီးရဲ့ ယုတ်မာတဲ့လုပ်ရပ်ကို ခါးစည်းခံရတော့ ဘာက အမှောင်တကာ့အမှောင်

ကျွန်မတို့ညီအစ်မနှစ်ယောက်က မူဆယ်မြို့ထဲ ရောက်လို့ရောက်မှန်းမသိ။ ကြယ်ဂေါင်ထဲ ရောက်တော့မှ ကျွန်မတို့ ရောင်းစား ခံရမှန်း သိရတော့တယ်။ ဟိုမိန်းမကြီးကတော့ ကျွန်မတို့ကို အချိုသတ်ပြီး ပြေးတော့တာပေါ့။ ရောင်းစားခံရမှန်းလည်းသိရော အဲဒီမိန်းမကို.....

ဆုံး ဘဝပေါ့။

မူဆယ်မြို့ပေါ်ဆိုပြီး ခေါ်လာခဲ့တဲ့ ကျွန်မတို့ညီအစ်မနှစ်ယောက်က မူဆယ်မြို့ထဲ ရောက်လို့ရောက်မှန်းမသိ။ ကြယ်ဂေါင်ထဲ ရောက်တော့မှ ကျွန်မတို့ ရောင်းစားခံရမှန်း သိရတော့တယ်။ ဟိုမိန်းမကြီးကတော့ ကျွန်မတို့ကို အချိုသတ်ပြီး ပြေးတော့တာပေါ့။ ရောင်းစားခံရမှန်းလည်းသိရော အဲဒီမိန်းမကို အခဲရာတ်ပစ်ချင်တာ။ ငါးချွန်တစ်ချောင်းသာ ရခဲ့ရင် ယယ်ယယ်တန်းက ငါးတွေကို ငါးချွန်နဲ့ထိုးသလို အဲဒီမိန်းမကို လည်း ငါးတစ်ကောင်လို သဘောထားပြီး စိတ်ရှိလက်ရှိ ထိုးပစ်မှာ။

ကိုယ့်ဘဝကို ချိုးရာစက်ဆုံပြီး သတ်သေဖို့ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူး။ သူတို့က ကျွန်မတို့ရဲ့အသက်အရွယ်ကို မှန်းပုံ မခံနိုင်တာက ကျွန်မတို့ကို သနားလွန်း၊ ချစ်လွန်းလို့တော့ မဟုတ်ပါဘူး။ သူတို့ရဲ့ သွေးသားရောင်းဝယ်မှုဈေးကွက်ကြီး ပျက်ပြားသွားမှာ ကြောက်လို့ပေါ့။

နေ့စဉ်နေ့တိုင်း ကိုယ်မသိနားမလည်တဲ့ ဘာသာစကားတွေကြား ကိုယ်မရင်းနှီးတဲ့ အထိအတွေ့၊ အနံ့ အသက်တွေကြား မုန်းတီးနာကြည်း မွှယ်ကောင်းတဲ့ နေ့ရက်တွေ အလီလီ ဖြတ်ကျော်လာခဲ့ရတာက သေနှမပါဘဲ အသက်ရှင်နေရတဲ့ ဘဝပါ။ ရုပ်ပိုင်းဆိုင်ရာ အခွဲသတ်သတ်၊ စိတ်ပိုင်းဆိုင်ရာ ဗလာနတ္ထိနဲ့ ကျွန်မတို့ဘဝတွေဟာ စက်ရုပ်ပမာ။

ကုကယ်ရာမဲ့တဲ့ ဘဝတွေထဲမှာ ကျွန်မတို့ဟာ ထမင်းစားဖို့အတွက် အသက်ရှင်နေတာပေါ့။

www.burmeseclassic.com



ဆန္ဒမပါတဲ့ အမှောင်ညတွေထဲမှာ ရှင်သန်ဖို့သက်သက် အသက်ရှင်နေတာလား။

ကျွန်မညီမကတော့ သူ အတင်းခေါ်ခဲ့လို့ ဒီလိုဖြစ်ရတာပါဆိုပြီး ကျွန်မကို သနားမဆုံးရှိနေခဲ့တယ်။ အရာရာ ကျွန်မအပေါ် သက်ညှာခဲ့တာသိရတော့ ကျွန်မရင်နာမိတယ်။ အမှန်တကယ်ဆိုရင်သူက အပျို၊ ကျွန်မက အိမ်ထောင်သည်။ သက်ညှာရရင် ကျွန်မကပဲ သက်ညှာရမှာမဟုတ်လား။ ဆွေမျိုးမောင်နှမတွေဟာ ကျွန်မအပေါ် မကောင်းခဲ့ဘူးဆိုပြီး အရွဲ့တိုက်၊ လုပ်ချင်ရာလုပ်၊ ထင်ရာစိုင်းခဲ့တဲ့ အခြေအနေကနေ ညီမလေးရဲ့ မေတ္တာ၊ စေတနာ၊ အနစ်နာခံမှုတွေ ဟာ ကျွန်မကို တစ်သက်လုံး အရှက်ရစေတော့မှာပါ။

ကျဉ်းကျပ် ပိတ်လှောင်နေတဲ့ အခန်းထဲ ကိုယ့်ဘဝကိုကိုယ် မသတီတော့အောင် အော်ဂလီဆန်တဲ့နေ့ရက်တွေကို သက်မဲ့ဖြတ်သန်းရင်း ဒီနေ့ဘယ်သူ့ကို ခေါ်သွားတယ်၊ ဘယ်သူ့နာမည် လူကြိုက်များတယ်ဆိုတဲ့ စကားတွေကို ရင်တထိတ်ထိတ်နဲ့ဖြစ်နေဆဲ တစ်နေ့မှာ ကျွန်မတို့ မိန်းကလေးတွေအား လုံးအတွက် မျှော်လင့်ချက်အလင်း တန်းလေး ရောက်လို့လာခဲ့တယ်။

တရုတ်နိုင်ငံက ရဲတွေနဲ့ မြန်မာနိုင်ငံကရဲတွေ ပူးပေါင်းပြီး ပြည့်တန်ဆာလုပ်ငန်းတွေကို ရှောင်တခင်ဝင်ရောက် ဖမ်းဆီး



တဲ့ထဲမှာ ကျွန်မတို့ နေရာလေးပါ ပါသွားခဲ့တော့တယ်။ အချို့ကျ တော့လည်း ငါတို့ကို မြန်မာနိုင်ငံမှာ ထောင်ချတော့မယ်ဆိုပြီး ပူဆွေးသောကဖြစ်နေကြပေမယ့် ကျွန်မတို့အတွက်တော့ ကိုယ့်နိုင်ငံရဲ့ ဘယ်လိုနေရာမျိုးမှာ နေရနေရ ကျေနပ်ပြီမို့ ပျော်ရွှင်မှုတွေကို တိုင်းတာပြလို့တောင် မရနိုင်ဘူး။

ဒါပေမဲ့ ပူပင်နေသူတွေထင်သလို တစ်ခုမှဖြစ်မလာခဲ့ပါဘူး။ ကျွန်မတို့ကို မူဆယ်မြို့မှာရှိတဲ့ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့က အသိပညာပေး ဟောပြောဆုံးမပြီးတော့ အမျိုးသမီးရေးရာအဖွဲ့ဆီလွှဲပေးတယ်။ အမျိုးသမီးရေးရာအဖွဲ့က ကျွန်မတို့ထဲက ကိုယ့်ရပ် ရွာပြန်မယ့်သူတွေကို နေရပ်ရောက်အောင် ပို့ပေးမှာဖြစ်ပြီး ပြန်စရာ နေရာမဲ့နေသူတွေအတွက် အချုပ်အလုပ် သက်မွေးပညာရပ်တွေ သင်ကြားပေးပြီး သင့်တော်တဲ့ အလုပ်အကိုင် တွေပေးမယ် ဆိုတော့ ကျွန်မအတွက် ဝမ်းသာ စရာပါပဲ။

မတော်လောဘနဲ့ ငွေမက်ချင်တော့ဘူး။ ကျွန်မစက်ချုပ်တတ်ပြီဆိုရင် အပ်ချုပ်ဆိုင်လေး တစ်ဆိုင်ဖွင့်၊ သားအမိနှစ်ယောက် ရိုးသားအေးချမ်းတဲ့ ဘဝကို ဖြတ်ကျော်ဖို့အတွက် ကျွန်မဘဝရဲ့ စတုတ္ထအချိုးအကွေ့သည် ကောင်းသောအကွေ့ဖြစ်ဖို့ သေချာနေလေပြီ။

ရှင်လူခုံးမယ်




www.burmeseclassic.com

www.burmeseclassic.com

ခင်ဦး (မုတ်တားတာနီး)

# မိန်းမသား လှည့်ကွက်





www.burmeseclassic.com

www.burmeseclassic.com



**မိန်းမသားလူညီကျွက်** — **ဇော်ဦး (ပုလဲကုန်း)**

ကျောင်းသားလူငယ်လေးများသည် ကျောင်းအပ်ပြီးနောက် ကျောင်းသို့အဝင် ဂိတ်ဝမှ ဆီးကြိုနေသော စာတန်းကြီးမှာ "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ"ဟူသော ဆိုင်းဘုတ်စာလုံးကြီးများဖြစ်သည်။

လူသည် ငယ်စဉ်ဘဝမှ သေ သည့်တိုင် ဤသုံးလုံးသော စကားကြီးကို ကိုင်စွဲအသုံးပြုမှသာ "လူ" ဟူ၍ ပီသလာမည်ဖြစ်သည်။ လူပီသ သောသူသာ လူ့လောကအတွင်း လျှောက်လှမ်းရ အဆင်ပြေချောမွေ့မည်ဖြစ်သည်။



ကျောင်းကြီးမှထွက်၍ လူ့လောကထဲသို့ ခြေလှမ်းစသည်နှင့် လူသားတို့ ဂုဏ်ဒြပ်ကို ခွဲခြားသိမြင် နိုင်ပေသည်။ အတန်းအောင်ပြီး မြောက်သူ၊ မပြီးမြောက်ဘဲ ထွက်လာရသူ ထိုသူအမျိုးမျိုးတို့ အနက်ဘက်စုံပြည့်ဝလာသော အရေအတွက်မှာ နည်းပါးလှပါသည်။ ခံယူ ကျင့်သုံးသူအပေါ် မူတည်ပါသည်။

အချို့မှာ စိတ်ဓာတ်ကောင်းသည်၊ ကိုယ်ကျင့်တရားကောင်းသည်၊ ပညာဉာဏ်နည်း၏။ အချို့မှာ ပညာတော်၏၊ စိတ်ဓာတ်ညံ့ဖျင်း၏။ အချို့မှာ ပညာရေစည်းကမ်းပါ နိမ့်ကျ၏။ အချို့ကား စည်းကမ်းကြီးလွန်းသော်လည်း ပညာရေး၊ စိတ်ဓာတ်ပါ နည်းပါးပြန်၏။ ဘက်စုံပြည့်ဝသော လူသားတစ်ဦးအဖြစ် ကျင့်ပျိုးထောင်နေကြသော်လည်း ပတ်ဝန်းကျင်စရိုက် စီးပွား၊ လူမှုအခြေအနေအကြောင်း အမျိုးမျိုးကြောင့် ရာနှုန်းပြည့် မရနိုင်ပေ။ သို့သော် ပညာတတ်ပူ သာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးအနေဖြင့် များစွာဆင်ခြင် စဉ်းစားနိုင်သေး၏။

ထိုပညာတတ်ထဲတွင် ဦးကံထူးတစ်ယောက်ပါဝင်၏။ ပညာတတ်သော်လည်း သူ့ဗီဇ၊ သူ့စရိုက်ကား နိမ့်ပါးလှသည်။ ဗီဇနည်းပါးနိမ့်ကျသော ဝန်းကျင်မှ ပေါက်ဖွားလာသူဖြစ်၍ အရာရာ ပေါ့ပေါ့တန်တန်နေသည်။ ပေါ့ပေါ့တန်တန်တွေးသည်။ စည်းကမ်းစနစ် လျော့နည်းသည်။ ပျော့ပျော့နေတတ်သည်။ ရေရှည်မစဉ်းစား။ တာတိုအတွင်း ပြေလည်မှုကိုသာ ဦးစားပေးသည်။ ထို့ကြောင့် သူ့ဘဝ၌ အခက်အခဲများ၊ ပြဿနာများနှင့် အမြဲတစေ ကြုံတွေ့နေရရှာသည်။

''ဦးကံထူးကြည့်ရတာ ဘွဲ့ရပညာတတ်မှ ဟုတ်ရဲ့လားဗျာ''

''ဟုတ်ပါတယ်၊ သူ့အလုပ်ကလည်း သူ့ဘဝ၊ သူ့ပတ်ဝန်းကျင်ကို နိမ့်ကျစေသလို သူက နိမ့်ကျတဲ့ဝန်းကျင်နဲ့ အမြဲရင်ဆိုင် ကြုံတွေ့နေရတော့ အရောင်ပြောင်းတာပဲဖြစ်မယ်''

''အင်း.....အရက်ရောင်းစား နေရတော့ လူမျိုးစုံ လူ့စရိုက်တို့ တွေနဲ့ ကျင်လည်နေရတော့ သူလည်း တုံးအောက်ကပါပဲဗျာ''

''ဘာလဲ ပြောနေတယ်လို့ဆို လိုတာလား''

''မဟုတ်ဘူးဗျ နည်းနေတာ ကိုပြောတာ၊ အရောင်မှည့်နေတယ် လို့ပြောတာ''

''လာဗျာ၊ အရက်ဆိုင်ဘက် သွားကြမယ်''

''ဟာ.....လုပ်ပြီ ခင်ဗျားက လည်း''

''ဘာလဲ မလိုက်ဘူးလား''

''လိုက်မယ်.....လိုက်မယ်''

ဖိုးဝနှင့် ဝံသော်နှစ်ဦးသား ဦး ကံထူး၏အရက်ဆိုင်သို့ ဝင်ခဲ့ကြ တော့သည်။

''အသားချဉ်ကြော်၊ ပဲကြော် အမြည်းလေး တကြော်ပါဦးနော်၊ တစ် ထယ်နဲ့ နှစ်ခွက်တည်းမယ်''

အသားကြော်လာတော့ ဝိနိ ဝီစကီဖြင့် မျက်နှာလေး ကြည်လင် ရှုပ်လျှော့ အသက်သုံးဆယ်ခန့် မိန်းမတစ်ဦးမှာ အရက်ဆိုင်အတွင်း ကောင်တာနောက်၌ လည်းရောင်းနေ သည်။

''ဟဲ့.....အကြော်သည် လာ ဦး''

''ဟုတ်တဲ့ရှင်''

''ခင်အကြော်က ချော့ခဲ့လား''

''ကြော်.....ချော့ပါသေးသယ်



www.burmeseclassic.com

အစ်ကိုရဲ့၊ ဒီမှာကိုင်ကြည့်လေ”

“မှန်းစမ်း.....”

ဦးကံထူးက စားပွဲပေါ်သို့ အရက်ပုလင်းကိုချရင်း ထိုမိန်းမငယ်၏ ပခုံးကိုကိုင်၍ စမ်းလိုက်သည်။

“ဩော်.....ဦးလေးကြီးက လည်း အကြော်က ဗန်းထဲမှာ ပုဒ်မအတပ်ခံချင်တယ်ထင်တယ်”

“ဟေ.....နင်က သဘော ကောင်းမှန်းသိလို့ပါဟာ၊ ငါက နောက်တာပါ၊ နင်ကလှတာကိုး”

“ဦးလေးကြီးပြောမှ ကိုယ့် ကိုယ်ကိုယ် လှမှန်းသိတော့တယ်၊ ရော့.....စားဦးလေ”

မုန့်ထုပ်နှစ်ထုပ်ကိုယူ၍ ဦးကံထူးအား အတင်းကျွေးရာ ဦးကံထူးမှာ ပြုံးပြုံးကြီးလုပ်၍ ငြင်းပယ်လိုက်သည်။

“မစားရက်ပါဘူးဟာ၊ နင့်ကို သနားလို့ပါ”

“အမယ်.....သနားတယ်၊ မိထွေးလေးတို့က သူများသနားစရာ ဖြစ်နေပြန်ပြီ”

“ဟဲ.....ဟဲ.....ဟဲ”

ဣတ္ထိယခေါ် မိန်းမတို့မာယာကို ပုရိသတို့ ခွဲခြားမမြင်နိုင်ပါ။ မိထွေးလေးမှာ တကယ်တော့ မိန်းမသားစင်စစ်ဖြစ်၍ မိန်းမမာနတော့ ရှိရှာပါသည်။ ဘဝနံ့ချာလှ၍ ပြုသမျှ နုနေရသော်လည်း ဤဘဝမှ ရုန်းထွက်ချင်လှသည်။



ညားခဲ့သော ယောက်ျားက အရက်သမား၊ နှိပ်စက်လွန်း၍ ရှာဖွေကျွေးမွေးခဲ့ရသောဒဏ်ကြောင့် ပင်ပန်းဆင်းရဲခဲ့ရသည်။ အရက်ဖိုး တောင်းတိုင်း ဖြေရှင်းပေးရသည့် ဒုက္ခ၊ မိုးလင်းသည်နှင့် ဗိုက်ကို အစာဖြည့်ရန် ရှာဖွေရသည့်ဒုက္ခ များနှင့် ပင်လယ်ဝေရင်း ယောက်ျား အလထိုးခဲ့ပြန်သည်။

မုဆိုးမလေးဘဝဖြင့် ရုန်းကန်ရင်း ဆိုင်တကာ၊ လမ်းတကာလည်၍ အကြော်ရောင်းရင်း ဝမ်းဖြည့်နေရရှာသည်။ နာကျင်ခံစားရမှုတို့ကို ခါးသီးစွာခံစားရင်း ပစ္စုပ္ပန်ဒုက္ခတရားကို ပြေငြိမ်းရန် ရှာဖွေစားသောက်နေရသူလေးဖြစ်သည်။

“ဟဲ့...မိထွေး၊ အကြော်နှစ်ထုပ်တဲ့၊ ဝယ်နေတာ မမြင်ဘူးလား”

“ဩော်....ဟုတ် ဟုတ်ကဲ့”

♛♛♛♛♛

ညားခဲ့သော ယောက်ျားက
အရက်သမား၊ နှိပ်စက်လွန်း၍
ရှာဖွေကျွေးမွေးခဲ့ရသော
ဒဏ်ကြောင့်
ပင်ပန်းဆင်းရဲခဲ့ရသည်။
အရက်ဖိုး တောင်းတိုင်း
ဖြေရှင်းပေးရသည့် ဒုက္ခ၊
မိုးလင်းသည်နှင့် ဗိုက်ကို
အစာဖြည့်ရန်
ရှာဖွေရသည့်ဒုက္ခ များနှင့်
ပင်လယ်ဝေရင်း......

နောက်တစ်ပတ်ခန့်အကြာ ဦးကံထူးဆိုင်သို့ မိထွေးရောက်လာပြန်သည်။

“ဦးလေးရယ် မိထွေး မနက်ဖြန် ရောင်းရတော့မှာမဟုတ်ဘူး”

“ဟင်.....ဘာဖြစ်လို့လဲ”

“အရင်းပြုတ်နေပြီလေ၊ အဲဒါ ဦးလေးများ ကယ်တင်နိုင်မလားလို့

www.burmeseclassic.com



ဦးလေးက မိထွေးကို သနားတယ်ဆို"

"ဟဲ.....ဟဲ၊ သနားတော့ သနားတယ်၊ ငါ့လည်း ငွေမရှိဘူးဟ"

မိထွေးမှာ ဦးကံထူးထိုင်နေသော စားပွဲပေါ်သို့ ဇွန်းလေးကိုတင်ပြီး အနီးဆုံးခုံတစ်လုံးကို ဆွဲယူထိုင်လိုက်သည်။ ဦးကံထူးပခုံးနှင့် မိထွေးပခုံး ထိသွားသည်။

"ဦးလေးကြီး....ဦးလေးကြီး"

"ဘာလဲ"

"ဟိုလေ....ဦးလေးကြီးက အသက်ကြီးတယ်သာဆိုတယ်၊ နုပျိုတုန်းပဲ၊ မင်းသားလုပ်လို့ရသေးတယ်"

"တော်စမ်းပါ၊ နင်ကမြှောက်ပြီး ငွေချေးတော့မှာ၊ ငါသိတယ်"

"ဦးလေးကြီး သနားရင် ချေးပေါ့၊ ဦးလေးကြီးအပေါ်ပဲ မူတည်တာ၊ မိထွေးတို့က ကတိတည်တတ်ပါတယ်၊ ကျေးဇူးရှင်မှန်းလည်း သိတတ်ပါတယ်"

မိထွေးက ခေါင်းပေါ်မှ ပုဆိုးဟောင်းလေးအား ပစ်ချကာ ဖန်ခွက်များကို ပြေး၍ဆေးပါတော့သည်။

စားပွဲပေါ်မှ အစအနများ၊ အစများကို သန့်ရှင်းလိုက်သည်။ ပြီးနောက် ပန်းကန်ပြားလေးတစ်ခုပေါ်၌ အကြော်လေးနှစ်ခုကိုတင်ပြီး

> အရက်ဆိုင်၏
> စရိုက်အတိုင်းကြမ်းတမ်းသော
> စကားများဖြင့်
> ပျော်နေကြသူတို့အတွက်
> နားခံသာသော်လည်း
> လူကောင်းလူမှန်တို့အတွက်
> နားရှက်ဖွယ်ဖြစ်သည်။
> သို့သော်.....

ဦးကံထူးအား ကျွေးလေသည်။

"တယ်ပိုပြီး ဦးလေးကြီးရဲ့ မုန့်ဖိုးလေးရှိသေးတယ်"

"ဟင့်အင်း မစားဘူး"

"ကြော်.....စားရက်လို့ဆိုတာ မိထွေးသိတယ်၊ ငွေမချေးမှ မဟုတ်ပါဘူး၊ စိတ်ချ စားသောက်ပါ၊ စားပါ"

မိထွေးက မုန့်ကျွေးတော့မည် အလား အတင်းကျွေးရာ ဦးကံထူးမှာ တဟဲဟဲနှင့် မိထွေးလက်ကို အတင်းဆွဲဖယ်၍နေစဉ် စံခတို့ဝင်လာ၍ ကုလားထိုင်ပြန်ဆည်ပြီး ခပ်တည်တည်လုပ်နေလိုက်သည်။

"ဦးလေးကြီး တစ်ပိုင်းချဗျာ"

"ဟယ်...အစ်ကိုတို့၊ ကွမ်းနံမဟာလည်း ဝယ်စားဦးနော်"

"ဟာ.....မစားပါရစေနဲ့၊ နင့်ဟာကို"

"အကြော်ကို ပြောနေတာရှင့်"

"အေးလေ၊ ငါလည်းအကြော်ကိုပြောတာပဲ"

အရက်ဆိုင်၏စရိုက်အတိုင်း ကြမ်းတမ်းသောစကားများဖြင့် ပျော်နေကြသူတို့အတွက် နားခံသာသော်လည်း လူကောင်းလူမှန်တို့အတွက် နားရှက်ဖွယ်ဖြစ်သည်။ သို့သော် သူတို့စရိုက်၊ သူတို့အလေ့မို့ သူတို့မှာ မထူးခြား။ သာမန်ကိစ္စလေးများပင်ဖြစ်သည်။

ထိုစဉ် ကောက်ညှင်းထုပ်သည်မလေး ဝင်လာပြန်သည်။

"ကောက်ညှင်းထုပ်ပူပူလေး"

"လာဦး"

ဦးကံထူးက အရက်ခွက်ကို အောက်သို့ချရင်း ခေါ်လိုက်သည်။

"ဦးလေးကြီး ခါတိုင်းလိုပဲ နှစ်ထုပ်နော်"

"အေး..အေး နင်ရောရောင်းကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုပါပဲ ဦးလေးကြီး ရယ်၊ ဦးလေးကြီးရဲ့ပိုက်ဆံ ကျေရင် ဒို့ပြင် အလုပ် ပြောင်းလုပ်ကြည့်မလား လို့"

ထိုစဉ် အကြော်လည် ရောင်းနေသော မိထွေးမှာ ထိုစကားကို ကြားလိုက်ရ၍ ဦးကံထူးပခုံးအား အတင်း လှုပ်၍ ပြောဆိုတော့သည်။

"ဦးလေးကြီးက မိထွေး ထက် သနားရမယ့်သူ ရှိနေ ပြီးပြီကိုး၊ ဒါကြောင့် မိထွေးကို ငွေမချေးတာ မဟုတ်လား"

"တိုးတိုးပြောစမ်းပါ"

"ဒါဆို ပေးလေ၊ ၃၀၀၀ လောက်ရရင် တော်ပါပြီ၊ ပေးပါ ဦးလေးရယ်"

မျက်ဝန်းလေးထဲ၌ မျက်ရည်များဝဲလာရာ ဦးကံ ထူးမှာ မိထွေးလက်ထဲသို့ ငွေ ၃၀၀၀ထည့်ပေး လိုက်တော့ သည်။



မိထွေးမှာ ငွေရသည်နှင့် အပျော်ကြီးပျော်ကာ ဗန်းလေးကို ရွက်ပြီး ထွက်သွားလေတော့သည်။ သို့ဖြစ်၍ နေ့စဉ် အကြော်သည်မ လေးမှာ နှုတ်ခမ်းနီ၊ သနပ်ခါးပါး ကွက်ကျားလေးနှင့် အရက်ဆိုင် တကာလည်၍ ရောင်းနေတော့ သည်။

ဖိုးဝနှင့်စံခမှာ နေ့စဉ်လိုလို ရောက်နေကျဖြစ်၍ ဦးကံထူး အကြောင်း သိပြီးဖြစ်သည်။ ဦးကံ ထူး အလုပ်ပါးချိန် စကားစမြည် ပြောရင်း အချိန်ကုန်စေတတ်၏။

"ဦးလေးကြီး၊ ဦးလေးကြီးက ပျော်နေပုံပဲ"

"ဒီလိုပေါ့ကွာ၊ ငါ့ဘဝက ဒါ လေးတွေနဲ့ဖြည့်ပြီး ပျော်နေရတာ၊ ဘာရယ်လို့ မဟုတ်ပါဘူးကွာ"

"ဦးလေးကြီးက ငယ် ငယ်က ရည်းစားအတော်များ ခဲ့ပုံပဲ"

"နင့်အဒေါ်ကြီးကတော့ ငါ့ကို ချီးမွမ်းနေတယ်"

"ဘယ်လိုချီးမွမ်းနေလဲ၊ ဦး လေးကြီးရဲ့မိန်းမက"

"ရှင်ကလေ ဒီအသက် အရွယ် ကြီးရှိနေတာတောင် တစ်ခါပြောရင် တစ်ယောက်၊ ရည်းစားသစ် အကြောင်း ပေါ်လာပြန်ပြီလို့ပြော တယ်"

"ဟာ.....ဒါဆို ဦးလေး ကြီးက နှာဘူးအတော်ကျ တာပဲ"

"ဘာကွ....."

"ဟို.....ဟို စကား အဖြစ် ပြောတာပါ"

မည်သို့ဆိုစေ စံခတို့ပြော သည်မှာ အမှန်ပင်။ ဦးကံထူး မှာ စိတ်အလိုလိုက်နေခြင်းကို သူကိုယ်တိုင် သိသိကြီးနှင့် လုပ်နေ ခြင်းဖြစ်သည်။

သူ၏မိန်းမကြီးက စည်းကမ်း ရှိသည်၊ စိတ်ဓာတ်ကောင်းသည်၊ တည်ကြည်ဖြောင့်မတ်သည်၊ သြဇာလည်းရှိသည်။ တွေးတော ဆင်ခြင် နိုင်စွမ်းရှိသည်။ ထို့ကြောင့် သူ၏ ခင်ပွန်းအား မိန်းမများနှင့် ရောရော နှောနှောနေရန် အရက်ဆိုင်တွင် မိန်းမနှင့်ပတ်

www.burmeseclassic.com

သက်လာလျှင် ဒုက္ခရောက်တတ်ကြောင်း ဆိုဆုံးမလေ့ရှိသည်။ သို့သော်လည်း ဦးကံထူးမှာ ပိုနေမြဲ ကျားနေမြဲပင် နေလေ့ရှိသည်။

မကြာမီ ဆိုင်၌ ပြဿနာပေါ်လာသည်။ အကြော်လာရောင်းသော မိထွေးကို အရက်သမားတစ်ဦးက လက်ဆွဲ၍ မတော်တရော်စကားများပြောသဖြင့် ဦးကံထူးက လက်သီးနှင့်ထိုး၍ ရန်ပွဲလေးဖြစ်သွားကြောင်း ကြားလိုက်ရသည်။

ပြီးနောက် မိထွေးမှာ ဆိုင်သာတိုင်း မိန်းမတစ်ဦးဖြစ်နေပါလျက် အရက်ခိုးသောက်လာသည်။ နောက်ပိုင်း လူမြင်သူသိ အရက်ဝယ်သောက်တတ်လာသည်။

"ဦးလေးကြီး၊ အရက် ၁၀၀ ဖိုး ရောင်းပါ"

"နင်က အရက်သောက်ရအောင် မိန်းမ မဟုတ်လား"

"ကျွန်မ အသက်ပြည့်ပြီးသားပါ၊ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ မိန်းမ အရက်မသောက်ရဘူးလို့ ဥပဒေထုတ်မထားဘူး၊ စိတ်ညစ်တတ်တာ ယောကျာ်းတွေပဲလား၊ မိန်းမလည်း စိတ်ညစ်တတ်တာပဲ"

"သွား...နင့်ကိုမရောင်းဘူး"

"မရောင်းရင် အလကားတိုက်"



"တယ်လေ.....ငါ"

ဦးကံထူးမှာ မိထွေးပြဿနာကို ရှင်းနေရ၍ အလုပ်ရှုပ်နေ၏။ စိတ်လည်းမရှည်ချင်တော့ပေ။ ထိုစဉ် မိထွေးက အရက်ဝိုင်းတစ်ခုတွင် ဝင်ထိုင်၍ အတင်းအရက်ဝင်သောက်သည်။ နောက်ပိုင်းရက်များတွင် မိထွေးမှာ အရက်ဆိုင်တွင်း ဝိုင်းတကာလှည့်၍ အရက်တောင်းသောက်ရာ စားသောက်သူများက စိတ်မရှည်၍ ထပြန်သူ ပြန်ကြသည်။ ထို့ကြောင့် ဦးကံထူးမှာ စိတ်တိုသွားသည်။

"ဟဲ့.....မိထွေး၊ နင်ထွက်သွားစမ်း"

"မသွားနိုင်ဘူး၊ ကိုယ့်စိတ်နဲ့ကိုယ်နေတာ၊ ဘာလဲ မနာလိုလို့လား"

"ဟင်.....ကောင်မ၊ နင်က ဘာမို့လို့ ငါက မနာလိုရမှာလဲ၊ ရှုပ်ရှုပ်ယှက်ယှက်၊ သွားစမ်း"

"မသွားဘူး"

"သွားဆို၊ သွားလို့ပြောနေတာ"

"မသွားတော့ ရှင်ကဘာလုပ်မလို့လဲ"

"နင့်ကိုငါရိုက်မယ်"

"ရိုက်ရဲရင် ရိုက်လေ"

ဦးကံထူး၏စိတ်ကို ပို၍နှိုးဆွ



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရာ ဦးကံထူးမှာ အရက်ရောင်း နေရသည့်ကြားက ဈေးသည်မ အရှုပ်ကို ရှင်းမရဖြစ်နေသည်။ စိတ်တို၍ အနီးမှဝါးခြမ်းပြားနှင့်ကောက်၍ တစ်ချက်ခပ်ပြင်းပြင်းရိုက်လိုက်သည်။

"အမယ်လေး....."

မိထွေးမှာ စားပွဲနှစ်ခုံကျော်တွင် ပစ်လဲချလိုက်ပြီး မေ့ချင်ယောင်ဆောင်လိုက်သည်။ ဦးကံထူးကို စားသုံးသူများက တအံ့တဩ ဝိုင်းကြည့်နေသကဲ့သို့ လဲအိပ်နေသော မိထွေးကိုပါ စိုးရွံ့စွာကြည့်နေကြသည်။

ထိုအကြောင်းကို ဦးကံထူးမိန်းမကြီးကြားသော် ရှက်လွန်း၍ ငိုပါတော့သည်။ သို့ဖြင့် ဆိုင်၌ မိထွေးတစ်ခန်းရပ်သွားပြီဟု ထင်ကြသည်။

♛♛♛♛♛

သို့သော် မိထွေး အရက်ဆိုင်သို့ ပြန်လာချေပြီ။ လှလှပပ ဝတ်စားထားသည်။ အကြော်ဗန်းမပါချေ။ လက်ကိုင်အိတ်လေးနှင့် သပ်သပ်ရပ်ရပ် ဝတ်စားလာသည်။ အရက်ဆိုင်ထဲ၌ နံနက်ပိုင်းဖြစ်၍ လူစည်ကားနေသည်။ ယင်းနောက် ဆိုင်အတွင်းသို့ မိထွေးဝင်လာပြီး ဆိုင်နောက်ဖေးထက်မှ အလုပ်ရှုပ်နေသော ဦးကံထူးထံသို့ တိုက်ရိုက် သွားသည်။

"ဦးလေးကြီး နေကောင်းလား"

"နင်ဘာလာရှုပ်ပြန်ပြီလဲ"

"အရက်တစ်ခွက်ပဲတိုက်ပါ"

"အပိုလာလုပ်ပြန်ပြီ"

"ပေးပါဦးလေးရဲ့၊ ဗိုက်ဆာပြတ်နေလို့ပါ၊ အကြွေးမှတ်လည်း မှတ်ပေါ့"

> လူများအပြားမှာ အင်္ကျီလေးပြဲကာ ရင်သားမလုံ့တလုံ့ကို လက်ကလေးနှင့်အုပ်၍ ငိုနေသောမိထွေးကို ဧည့်သည်များက မြင်ကြရသည်။ ဦးကံထူးအား အမျက်ဒေါသဖြင့်....

"သွားစမ်း....ဖယ်စမ်း၊ ရှုပ်နေတာပဲ"

ဦးကံထူးက မိထွေးကို တွန်းထုတ်လိုက်သည်။ မိထွေးမှာ ရုတ်တရက် အင်္ကျီကို လည်ပင်းမှဆွဲဖြဲပစ်ပြီး ရုတ်တရက် အော်လိုက်၏။

"ကယ်ကြပါရှင်၊ ကျွန်မကို ဦးလေးကြီး စော်ကားနေပါတယ်"

"ဟာ....."

လူများပြေးလာရာ အင်္ကျီလေးပြဲကာ ရင်သားမလုံ့တလုံ့ကို လက်ကလေးနှင့်အုပ်၍ ငိုနေသော မိထွေးကို ဧည့်သည်များက မြင်ကြရသည်။ ဦးကံထူးအား အမျက်ဒေါသဖြင့် ဝိုင်းကြည့်နေကြသည်။

ထိုအထဲမှ လူငယ်တစ်ဦးက ခံကိုမပြီး ဦးကံထူးအား ပြေးရိုက်စဉ် လူကြီးတစ်ဦးက ဟန့်တားလိုက်သည်။ ဦးကံထူးမှာ လတ်တလောဖြစ်ပေါ်လာသောအမှုကို အံ့အားသင့်ရင်း မိထွေးအား စက်ဆုပ်ရွံရှာသောအကြည့်ဖြင့် ကြည့်နေမိသည်။

မကြာမီ ဈေးတာဝန်ခံလူကြီး၊ ရပ်ကွက်ရုံးမှ လူကြီးများ၊ ရဲများ ဝင်လာပြီး ဈေးအတွင်း ဆူညံ မိန်းမသားတစ်ဦးအား ကာယပိုင်ရှင် ဖျက်ဆီးမှုဖြင့် ဦးကံထူးအား ရဲစခန်း

www.burmeseclassic.com





သို့ ခေါ်သွားလေတော့သည်။

ပျော်ပျော်နေသော စရိုက်ရှိသူ ဦးကံထူးမှာ မပျော်ရွှင်နိုင်။ အင်အားကြီးသူနှင့် အင်အားနည်းသူတို့ပြိုင်ပွဲ၌ ဆင်းရဲသော မုဆိုးမငယ်လေးဘက်မှ လူတကာက ဝိုင်း၍သနားကြသည်။

"ဒီလူကြီးက ဖက်ိုရှိတာ၊ သူ့ကို နှာဘူးကြီးလို့ လူငယ်တွေက မြင်နေတာ၊ လုပ်ချင်လည်းလုပ်မှာ၊ ပြောလို့မရဘူး"

"ဟဲ့.....အဲဒီမိန်းမကရော မိန်းမကောင်းဟုတ်လို့လား"

"ဟယ်.....မိန်းမဆိုတာက ကောင်းကောင်း၊ မကောင်းကောင်း မိန်းမမာနတော့ ရှိတယ်ဟဲ့"

"ဟုတ်တယ်၊ တစ်ချိန်က သူ့ကို ဦးကံထူးက လူရှေ့မှာ ရိုက်ဖူးတယ်ပြောတယ်၊ အဲဒါကြောင့် အရှက်ခွဲပြီး လက်စားချေတာဖြစ်မှာ"

ဤသို့ အမျိုးမျိုး ဝေဖန်ပြောဆိုနေကြစဉ် ဦးကံထူး၏မိန်းမကြီးမှာ ရှက်လွန်း၍ သွေးတိုးရောဂါကို ခံစားရကာ ဆေးရုံသို့တင်ထားရသည်။

ဦးကံထူးမှာ အချုပ်ခန်းအတွင်းမှ သူ့ကိုယ်သူ အပြစ်တင်နေမိသည်။ အမှန်မှာ သူချစ်ရလွန်းသော သူ့ဇနီး ဒုက္ခရောက်ရသည်ကို မချိတင်ကဲဖြစ်မိ၍ဖြစ်သည်။ သူ့စိတ်၌ မဖောက်ပြန်ဘဲ ရိုးရိုးသားသား အပျော်အပြက်စိတ်ဖြင့် မိထွေးတို့ကို ဆက်ဆံခဲ့သော်လည်း သူ့ဘက်မှ အနာချည်းခံရသည်ကို အချုပ်ခန်းထဲမှ ဆင်ခြင်မိတော့သည်။

"ငွေလည်းဆုံးရ"

"အကျင့်သိက္ခာလည်းဆုံးရ"

"ထောင်လည်းကျရ"

ဘဝမှာ မဆင်မခြင်၊ ပေါ့ပေါ့တွေး၊ ပေါ့ပေါ့လုပ်ခဲ့သမျှ ယခုတော့ အလေးပင်ဆုံးသော လူ့သိက္ခာကျဆင်းမှုဒဏ်နှင့် ထောင်နန်းစံရဦးတော့မည်။

ဦးကံထူးမှာ ဘယ်သောအခါမှ မိန်းမများကို အရောတဝင်မနေတော့ပါဟု စိတ်ထဲမှ ပြောနေမိသည်မှာ အမှန်ပင်ဖြစ်ပေတော့သည်။

**ခင်ဦး (ပုတီးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သာမန် (စီးကုန်း)

အနွမ်းသန်းတစ်ရှုံ၏

ကုလဝင်

www.burmeseclassic.com





## အနှမ်းပန်းတစ်ပွင့်၏ရာဇဝင်

မောင်သာမန် (စီးကုန်း)

ခင်ပွန်းဖြစ်သူ ကိုမောင်မြင့် တစ်ယောက် ကျောက်ကပ်ရောဂါနဲ့ ဆုံးပါးသွားတော့ မခင်အေးမှာ ကလေးနှစ်ယောက်နဲ့ မုဆိုးမဖြစ်ခဲ့ရသည်။ ကိုမောင်မြင့်နှင့် ပတ်သက်၍ မွေးလာခဲ့သော ကလေးနှစ်ယောက်မှာ ဥမမည် စာမမြောက် အရွယ်များဖြစ်ကြ၍ သူတို့ကလေးတွေ၏ဘဝ ဆက်လက်ရှင်သန်နိုင်ဖို့ မခင်အေးတစ်ယောက် ဆောက်လုပ်ရေးလုပ်ငန်းတွင် အလုပ်ကြမ်း ဝင်လုပ်ရလေ၏။

လင်ယောကျ်ားမရှိသော်လည်း မခင်အေး၏ သဘာဝအလှအပ တရားသည် ပျိုရွယ်သူများ ထက်သာသည်ဟု ဆိုရမည်ဖြစ်သည်။ ဒုက္ခဆင်းရဲမှုများဖြင့် တန်ဆာဆင်အပ်သော လောကဓံတရားနှင့် ခတ်တည့်နေသလားဟု ဆိုရလောက်အောင် ပင်ပန်းမှုဒဏ်၊ နာဖျားမှုဒဏ် လုံးဝမရှိ။ အကောင်း ပကတိဟု ဆိုရမည်ဖြစ်သည်။ ဆိုဒ်ထဲမှ အင်ဂျင်နီယာ ပေါက်စ လူပျိုများကပင် မခင်အေးအား အပျိုများလားဟု ယုံမှားသံသယဖြစ်ကြရသည်။



အမှန်အားဖြင့် မခင်အေးနှင့် ကိုမောင်မြင့်တို့နှစ်ဦးသည် ကျောက် ပန်းတောင်းမြို့နယ်၊ အညာကျေးလက်တောရွာမှ ရန်ကုန်မြို့ကြီးသို့ ပြောင်းရွှေ့လာသောသူများဖြစ်ကြသည်။ ကျေးလက်တောရွာတွင် စားဝတ်နေရေး အဆင်ပြေနိုင်သည့် လုပ်ကွက်မရှိပေ။ လုပ်ကွက်ရှားပါးသည့်အတွက် စားဝတ်နေရေး ပြေလည်ခြင်းမရှိ။ သို့ကြောင့် မိဘများမရှိကြသော သူတို့နှစ်ယောက်သည်ကလေးနှစ်ယောက်ကို ချီပိုးလျက် ထန်းခေါက်

www.burmeseclassic.com



ဖာကိုပိုက်၍ ရန်ကုန်သို့ ဆင်းလာကြခြင်းဖြစ်သည်။ ပထမ သူတို့မိသားစုသည် ရန်ကုန်ရှိ ဆင်ခြေဖုံးရပ်ကွက်တစ်ခု၌ အိမ်ငှားနေထိုင်ကြ၏။ ခင်ပွန်းဖြစ်သူက ရေခဲချောင်းကို မြို့လုံးပတ်လည် လှည့်လည်ရောင်းချပြီး လောကခံထဲသို့ ချင်းနင်းဝင်ရောက်၏။ မခင်အေးကမူ ငယ်ရွယ်သော သားသမီးနှစ်ယောက်ကြောင့် အပြင်သို့ ထွက်၍ အလုပ်မလုပ်နိုင်။ အိမ်၌သာနေ၏။

ကိုမောင်မြင့်သည် အညာသားဖြစ်သည့်အားလျော်စွာ ပင်ပန်းခြင်းကို ဂရုမထား။ အလုပ်ဟူသမျှ အကုန်လုပ်၏။ မြေကြီးပေါက်၏၊ အိမ်သာကျင်းတူး၏၊ ရေထမ်းရောင်း၏။ ဈေးရောင်းခြင်းအပြင် ကြုံရာကျပန်း အကုန်လုပ်သဖြင့် သူသည် ငယ်ရွယ်စဉ်ကဖြစ်ခဲ့ဖူးသော ကျောက်ကပ်ရောဂါ ပြန်ထလာ၏။ ဆေးမြီးတို၊ ဗမာဆေးတို့ဖြင့် ကုပါသေးသည်။ သို့သော် မရ။ နောက်ဆုံး ဆေးရုံတင်လိုက်ရသည်။ လပေါင်းများစွာ ရှာဖွေစုဆောင်းထားလေသော ငွေစကြေးစများသည် ကိုမောင်မြင့်အား ဆေးကုသရာ၌ ကုန်ခမ်းသွားရ၏။ သည့်နောက် မခင်အေး၏ခင်ပွန်း ကိုမောင်မြင့်မှာ ရှာဖွေသော ငွေစများ ကုန်သည်နှင့် ဘဝတစ်ပါးသို့ပြောင်း ရွှေ့၍သွားလေတော့၏။ ကိုမောင်မြင့် မဆုံးပါးခင် ဇနီးဖြစ်သူ မခင်အေးအား မှာခဲ့ပါ၏။



"ခင်အေး ငါမရှိတော့ရင် ဒီမှာပေပြီးမနေနဲ့၊ ကလေးတွေခေါ်ပြီး ရွာကိုပြန်တော့၊ ရွာမှာ မိဘမရှိပေမယ့် ဆွေမျိုးတွေတော့ရှိသေးတယ်"

"ကိုရင်ကလည်း တစ်ခါလာလည်း ဒီစကားပဲပြောနေတယ်၊ ကိုရင် ဘာမှမဖြစ်ပါဘူးတော်"

ကိုမောင်မြင့်က အပြောရကျပ်လှသည့် မခင်အေးကို မသက်မသာ ငေးကြည့်လျက်

"ဒီမှာ ခင်အေး၊ ဒီလိုမြို့ကြီးပြကြီးမှာ လူမျိုးစုံတော့ ငါမရှိတော့ရင် ကလေးနှစ်ယောက်နဲ့ နင်ဒုက္ခ ရောက်မှာစိုးလို့ပါ၊ ဘာပဲပြောပြော ငါသေသွားခဲ့ရင် ကလေးနှစ်ယောက်နဲ့ ရွာကိုဆက်ဆက်ပြန်ပါတော့၊ ငါစိတ်ချမ်းသာအောင် ငါ့ကို နင်ကတိပေးပါ"

မခင်အေးတစ်ယောက် မျက်ရည်စက်လက်နဲ့ ခေါင်းညိတ်ခဲ့ပါသည်။ ယောကျ်ားဖြစ်သူ စိတ်ချမ်းသာစေရန် ခေါင်းညိတ်ခဲ့ရသော်လည်း ကိုမောင်မြင့်ဆုံးပါးသွားသောအခါ မခင်အေးက ကိုမောင်မြင့်စကား နားမထောင်ခဲ့ပါ။ ရန်ကုန်တွင် ဆက်လက်နေထိုင်၍ ဆောက်လုပ်ရေးဆိုဒ်ထဲတွင် အုတ်သယ်နေမြဲ ဘီလပ်မြေမဆလာ ရွက်နေဆဲပင်ဖြစ်သည်။ မခင်အေးအနေဖြင့် ကလေးနှစ်ယောက်နှင့် ရွာသို့ပြန်နိုင်ခြေရှိသော်လည်း ရန်ကုန်တွင်



www.burmeseclassic.com

www.burmeseclassic.com



သူတို့မိသားစုလေး အဆင်ပြေသည်ဟု ထင်မြင်မိပုံရသည်။ အလုပ်လည်းပေါ၍ ဝယ်ရခြမ်းရသည်မှာလည်း လွယ်ကူသည်။ ရွာတွင် ဆွေမျိုးများရှိသော်လည်း အလုပ်အကိုင်အခွင့်အလမ်း သိပ်မရှိလှ။ သို့ဖြင့် ရန်ကုန်၌ပင် ဆက်၍နေထိုင်လျက် ဆောက်လုပ်ရေးဆိုဒ်ထဲတွင် မခင်အေး ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ ဤသို့ဖြင့် မခင်အေးသည် ကလေးနှစ်ယောက်မိခင် မုဆိုးမဖြစ်သော်လည်း အရွယ်ကောင်းဆဲဖြစ်၏။ အရွယ်ကောင်းခြင်းကြောင့် ချွေးတစိုစိုဖြင့် ပြုံးတမြမြ အလုသွေးကြွယ်ဆဲမို့ ဆိုဒ်ထဲမှ အလုပ်သမားများ အာရုံပြုခြင်းကို ခံရပေသည်။

သို့သော် မခင်အေးသည် မည်သို့သော ပုရိသကိုမျှ ဂရုမပြုသော်လည်း အလုပ်သမား လူသစ်လေးတစ်ယောက်ကိုမူ ဂရုပြုမိသည်။ စိတ်ဝင်စားမိသည်။ မနေ့ကမှ ဆိုဒ်ထဲသို့ ဝင်ရောက်အလုပ်လုပ်နေသော မောင်လှနိုင်သည် မခင်အေးထက် သုံးနှစ်ငယ်သည်။

မောင်လှနိုင်သည် လူပျိုလူရွယ်ဖြစ်သဖြင့် ငယ်ဂုဏ်ရှိ၍ ပျိုမျစ်သည်။ ဆိုဒ်ထဲတွင် မောင်လှနိုင်၏ အခက်အခဲများကို တတ်နိုင်သလောက်ဖြေရှင်းလျက်၊ အကူအညီများပေးလျက်မှပင် မုဆိုးမလေး မခင်အေးတစ်ယောက် မောင်လှနိုင်အပေါ် ဆိုးရွားခဲ့သည်။ သွားလေသူ ကိုမောင်ရှိန်သည် ဆင်းရဲကျပ်တည်းခြင်းတော် မိမိခဲ့သည်ကြောင့် မခင်အေးအား တေးကချာများ မစွဲခဲ့၊ မသိကျခဲ့၊

မောင်လှနိုင်၏ စေတနာများ သိကျွမ်းခဲ့မှုများသည် မခင်အေး၏ တခွဲ အကြည်နူးဆုံး၊ စိတ်အမြဲဖြစ်ဆုံးသာ ဆိုရပေတော့မည်။ သို့ဖြင့် မောင်လှနိုင်တစ်ယောက် မခင်အေး၏အိမ်ခန်းထဲ၌ အတူတကွနေထိုင်လျက် တစ်ပက်တစ်သမ်းမှ

> မခင်အေး
> အမှန်တကယ်
> ချစ်ခင်ကြင်နာခြင်းမဟုတ်၊
> အသိမိတ်ဆွေရှားပါးသော
> နေရာစိမ်းတွင်
> လိုက်လျောဖော်ရွေသော
> မခင်အေး
> ကောက်ရိုးတစ်မျှင်နှယ်
> သဘောထား၍——

မိသားစုအရေး ကူညီဖြေရှင်းပေးလျက်ရှိ ပေသည်။ တစ်နည်းဆိုရချေသော် နှစ်ဦးသဘောတူ အတူတကွ နေထိုင်ခဲ့ကြသည်ဟု ဆိုရပေတော့ မည်။

❦❦❦❦❦

အမှန်စင်စစ် မခင်အေးအနေဖြင့် လူပျိုလူလွတ် မောင်လှနိုင်အား သံယောဇဉ်ဖြင့် ကြင်နာမြတ်နိုးမိခြင်းဖြစ်သော်လည်း မောင်လှနိုင်ကမူ မခင်အေးအား အမှန်တကယ် ချစ်ခင်ကြင်နာခြင်း မဟုတ်။ အသိမိတ်ဆွေရှားပါးသော နေရာစိမ်း၊ ဒေသစိမ်း၌ လိုက်လျောဖော်ရွေသော မခင်အေးအား ကောက်ရိုးတစ်မျှင်နှယ် သဘောထား၍ ကပ်ငြိနေခြင်းပင်ဖြစ်သည်။

"မမခင်အေးရဲ့ မေတ္တာစေတနာကို ကျွန်တော် တန်ဖိုးထားပါတယ်၊ နောက်ပြီး မမကိုလည်း ကျွန်တော် မြတ်နိုးမိပါတယ်"

မောင်လှနိုင်၏စကားတစ်ခွန်းသည် မခင်အေး၏နှလုံးသားအား အေးမြစေပါသည်။ သို့ကြောင့်ပင် မခင်အေးသည် တော်ရုံတန်ရုံဆိုသလို မောင်လှနိုင်အား အလုပ်မခိုင်း။ အိမ်မှာပင် သူမ၏သားသမီးများနှင့်နေစေသည်။ ပထမတွင် မောင်လှနိုင်အတွက် အဆင်



www.burmeseclassic.com

www.burmeseclassic.com

ပြေသလိုဖြစ်သော်လည်း ကြာလာသည့်အခါတွင် သူမ၏သားသမီးများနှင့် အဆင်မပြေတော့။

သူတစ်ပါးအပေါ်တွင် အပျော့ဆွဲ၍ အသာစီးယူတတ်သည့် မောင်လှနိုင်တစ်ယောက် မခင်အေးနှင့် သူမ၏သားသမီးများအပေါ် စိတ်ပျက်သွားသည်လားမပြောတတ်။ မခင်အေးအပါးမှ ခွာထွက်ရန်ကြိုးစားတော့၏။

"တကယ်တော့ ကျွန်တော်မှားခဲ့တာပါ၊ မမကို ဒီလိုပြစ်မှားမိခြင်းထက် သနားတာကပိုခဲ့တာကို အခုမှသိခဲ့ရတယ်"

မမျှော်လင့်သော မောင်လှနိုင်၏ နှုတ်ထွက်စကားကြောင့် မခင်အေး ရုတ်ခြည်းနား မလည်ခဲ့ပေ။ မောင်လှနိုင်၏စကားများမှ ဇာတိပြလာခြင်းအပေါ် တဖြည်းဖြည်းစဉ်းစား၍ သဘောပေါက်လာရသည်။

"ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော် မမခင်အေးကို မချစ်မိပါဘူး၊ ဆိုဒ်ထဲမှာ အတူတူ လုပ်ကိုင်ကြရင်း ရင်းနှီးလာပြီး ခင်မင်ခဲ့တာပါ၊ ကျွန်တော် ဒီ့ထက်မပိုခဲ့ဘူး၊ ဒါပေမဲ့ မမခင်အေး ကျွန်တော့်ကို အရမ်းဂရုစိုက်ခဲ့တာကြောင့် အားနာပြီး မမစိတ်ချမ်း သာပါစေတော့ဆိုပြီး....."

ထိုစကားသည် မောင်လှနိုင်ထံမှ ပြောရက်ခြင်းအပေါ် မူတည်၍ မခင်အေးတစ်ယောက် နာကျင်ခဲ့ရသည်။ ရင်နာခဲ့ရသည်။ သို့သော် သူ့ကို မမုန်းရက်ခဲ့ပေ။

"ပြောရက်လိုက်တာ မောင်ရယ်၊ အခုအချိန်ကျမှ ဒီလိုစကားပြောရသလားကွယ်၊ မမရဲ့ကလေးတွေကြောင့်သာမကဘူး၊ မမကိုယ်တိုင်က လင်သေမုဆိုးမ ဖြစ်ခဲ့လေတော့ မောင်ပြောတာကို မမ ရင်နာနာနဲ့ လက်ခံရမှာပါ၊ ဒါပေမဲ့ ဒီအချိန်မှာတော့ မမရဲ့အသည်းကို ခွဲသွားဖို့ မကြိုးစားပါနဲ့ မောင်၊ မမလေ ရင်ကွဲနာကျပြီး သေရပါလိမ့်မယ်၊ မမကိုပစ်ပြီးမသွားပါနဲ့နော်"

မောင်လှနိုင်သည် မိမိဘဝ၊ မိမိအခြေအနေ ကောင်းစားရေးကိုသာ အဓိကထားသည့် သူဖြစ်ခြင်းကြောင့် မခင်အေး၏စကားများ တိုးမပေါက်နိုင်။ သူ၏နှလုံးသားထိမရောက်။ နောက်ဆုံးပြောင်ဖွင့်ပြော၍မရပါက တိတ်တဆိတ်ထွက်ခွာရန် မောင်လှနိုင်ကြိုးစား၏။ တစ်နေ့တွင် မခင်အေး မသိလိုက်သည့်အချိန်တွင် မောင် လှနိုင်တစ်ယောက် သူ၏ဇာတိမြေသို့ ပြန်လည်ထွက်ခွာသွားပေ၏။ မခင်အေးတစ်ယောက် သူမထံပါးမှ မောင်လှနိုင်ထွက်ခွာသွားသည့်အကြောင်း သိရသည်နှင့် ရင်ကွဲ ပက်လက်ကျန်ခဲ့တော့သည်။



သူမအား ပစ်ခွာသွားသည့် တိုင်အောင် မောင်လှနိုင်အား မုန်းစိတ်မဝင်ခဲ့ပေ။ နာကြည်းစိတ်လည်း မရှိ။ သို့သော် ဝမ်းနည်းရ၏။ စိတ်မကောင်းခြင်းဖြင့် အသည်းကွဲမတတ် ခံစားရ၏။ မိမိသည် မုဆိုးမဖြစ်၍ အသည်းနှလုံးခံရမည်

www.burmeseclassic.com



ဖြစ်သော်လည်း တကယ်တမ်း ကျတော့ အသည်းမာ၍မရ။ သူမအနေဖြင့် သားသမီးနှစ်ယောက်နှင့် ပိုနေမြဲ ကျားနေမြဲ ဆက်လက်၍ ဟန်မပျက် လုပ်ကိုင်စားသောက်ရန်သာရှိသော်လည်း မခင်အေးအနေဖြင့် လုံးဝမဖြစ်နိုင်။ မည်သည့်အတွက် ဆိုသော် မောင်လှနိုင်နှင့်ပတ်သက်၍ မခင်အေး တစ်ယောက် ကိုယ်ဝန်ရခဲ့ပြီဖြစ်သည်။ သို့ကြောင့် မခင်အေး မျက်ရည် ပေါက်ကြီးငယ်ကျ ဆင်းရသည်။

"ရက်စက်လိုက်တာ မောင်ရယ်"

ထိုသို့ ညည်းတွားငိုရှိုက်ခြင်းသည် အမြဲတမ်းမဖြစ်နိုင်။ ချစ်၍ အလိုလိုက်မှုများသည် မခင်အေး အတွက် ဘဝပျက်ဖွယ်ဖြစ်နေရသည်။ ပေါက်တဲ့နဖူး မထူးတော့။ မည်သို့ပင်ဖြစ်ပါစေ သူမသာ အနစ်နာခံမည်။ မောင်လှနိုင် ပြောချင်ရာပြော၊ မောင်လှနိုင်၏ရင်သွေးလေး လူဖြစ်ရေးအတွက် မောင်လှနိုင်တို့ ဒေသမြို့သို့ လိုက်မည်ဟု ပိုင်ပိုင်ဆုံးဖြတ်လိုက်ပြီးနောက် ချစ်ရသော မောင်လှနိုင်ရှိရာသို့ သားအမိသုံးယောက် လိုက်လာကြတော့၏။

♛♛♛♛♛

ရန်ကုန်မှာသူမရှိဘဲ
မွေးရဲတဲ့သတ္တိမရှိပါဘူးရှင်၊
အောင်ကအစ
အလုပ်သမားအားလုံး
ကျွန်မနဲ့မောင်လှနိုင်ပေါင်းသင်းပြီး
အတူနေကြတာ
သိထားကြပေမယ့်
မောင်လှနိုင်သူ့ရွာကိုပြန်သွားတာ
မသိကြပါဘူး၊
သူမရှိဘဲကလေးမွေးတယ်ဆိုရင်
နောက်ပိုင်းကျွန်မကို
ပတ်ဝန်းကျင်က.......

မမျှော်လင့်ပါဘဲ ခြံဝိုင်းထဲသို့ ကလေးနှစ်ယောက်နှင့်ဝင်လာသော မခင်အေးအား ဒေါ်မေကြည်က တအံ့တသြငေးကြည့်နေမိသည်။ ဒေါ်မေကြည်က ရေနွေးကြမ်းကို တစ်ခွက်ငှဲ့သောက်လျက်.....

"ဘယ်သူနဲ့တွေ့ချင်လို့ပါလိမ့်"

ကလေးနှစ်ယောက်နှင့် အထုပ်အပိုးဆွဲလာသောမခင်အေးက.....

"အဒေါ်က မောင်လှနိုင်ရဲ့ အမေလားဟင်၊ ကျွန်မ မခင်အေး ပါ၊ မောင်လှနိုင်နဲ့ တွေ့ချင်လို့ပါ၊ ကျွန်မနဲ့ မောင်လှနိုင်က ရန်ကုန်မှာ အတူတူနေပြီး....."

မခင်အေး၏ပြောစကားများကို နားထောင်နေသော ဒေါ်မေကြည် တစ်ယောက် မျက်စိမျက်နှာပျက်နေရသည်။ နံဘေးအိမ်မှ ဒေါ်မေကြည်နှင့် ညီအစ်မဝမ်းကွဲတော်သော ဒေါ်ခင်မြက အိမ်ထဲသို့ဝင်လာ၏။ ဒေါ်မေကြည်ရော၊ ဒေါ်ခင်မြပါ သူမ၏စကားကို နားထောင်လျက် မျက်နှာမကောင်း။ မခင်အေးက မျက်ရည်စများကို အင်္ကျီလက်စဖြင့် သုတ်လိုက်ပြီး.....

"သူနဲ့ရတဲ့ကိုယ်ဝန်ကို ရန်ကုန်မှာ သူမရှိဘဲ မွေးရဲတဲ့သတ္တိမရှိပါဘူးရှင်၊ အေအီးကအစ အလုပ်သမားအားလုံး ကျွန်မနဲ့မောင်လှနိုင် ပေါင်းသင်းပြီး အတူနေကြတာ သိထားကြပေမယ့် မောင်လှနိုင် သူ့ရွာကိုပြန်သွားတာ မသိကြပါဘူး၊ သူမရှိဘဲ ကလေးမွေးတယ်ဆိုရင် နောက်ပိုင်း ကျွန်မကို ပတ်ဝန်းကျင်က ဘာပြောကြမလဲ၊ အဒေါ်တို့ စဉ်းစားကြည့်ပါရှင်"

ဒေါ်မေကြည်မှာ မျက်နှာပျက်နေရာမှ တင်းမာလာပြီး.....

"နေစမ်းပါဦး၊ ဒီအကြောင်းတွေကို လှနိုင်က ငါ့ကို တစ်စွန်းတစ်စတောင် ဖွင့်မပြောခဲ့ပါလား၊ ငါ ဘယ်လိုယုံရမှာလဲ၊ ငါ့သားကို



www.burmeseclassic.com

www.burmeseclassic.com



ငါ ကောင်းတယ်လို့မပြောလိုပါဘူး၊ နင့်ကိုလည်း မိန်းမချင်း ကိုယ်ချင်း စာနာတယ်၊ အဲဒီတော့ ငါ့သား အပြင်သွားနေလို့ သူနဲ့တွေ့ချင် တယ်ဆိုရင် ညနေလောက်မှလာ တွေ့ပေါ့အေ”

ဒေါ်မေကြည်ပြောစကားကို ဒေါ်ခင်မြက ဟန့်တားလိုက်ပြီး....

“ဟဲ့..မေကြည်၊ မိန်းမချင်း ကိုယ်ချင်းစာတယ်ပြောပြီး လှနိုင် ကို ညနေမှလာတွေ့ဆိုတော့ ဒီ ကလေးမသားအမိ ဘယ်သွား ရမှာလဲ၊ စဉ်းစားပါဦး ဟယ်”

“ဟုတ်ပါတယ်ရှင်၊ မောင်လှနိုင်က ဘယ်မြို့ ဘယ်ရွာမှာ သူနေတယ်လို့ တစ်ခါ က ပြောခဲ့ဘူးလို့ မှတ်သားပြီးလာ ခဲ့တာပါ၊ ဒီမြို့ကို ဒီတစ်ခါတည်း ရောက်ဖူးပြီး အသိမိတ်ဆွေ၊ ဆွေ မျိုးသားချင်း မရှိပါဘူး၊ တကယ်လို့ ကျွန်မတို့သား အမိတွေ မောင်လှ နိုင်ပြန်အလာကို ခဏလေး ဒီမှာမစောင့်ရဘူးဆိုရင် ဘူတာကို ပြန်ပြီး စောင့်ရမှာပါရှင်”

ဒေါ်ခင်မြမှာ စိတ်မရှည်တော့။ ဒေါ်မေကြည်အား.....

“‘အခု နင် သူတို့ကို လက် မခံနိုင်ဘူးဆိုရင် ငါ့အိမ်ဘက်မှာ စောင့်ခိုင်းလိုက်မယ်’’

ဒေါ်မေကြည်သည် အစ်မဖြစ်သူ ဒေါ်ခင်မြအား ငယ်ကြောက် ဖြစ်သည့်ကြောင့်.....

“မထူးပါဘူး အစ်မရယ်၊ သူ တို့တွေ ဒီမှာပဲနေပြီး လှနိုင်ကို စောင့်ပါစေတော့”

ပြော၍ပင်မပြီးသေး။ ‘အပြင် ထွက်နေသော မောင်လှနိုင်တစ်



ယောက် အိမ်သို့ပြန်လည်ရောက် ရှိလာသည်။ ရုတ်တရက် မခင်အေး တို့သားအမိအား တွေ့လိုက်ရသော မောင်လှနိုင်မှာ မျက်စိမျက်နှာပျက် စွာဖြင့် ရှောင်ပြေးရန် ကြိုးစားပြန် ၏။ သို့သော် မိခင်ဒေါ်မေကြည် ထက် ကြီးတော်ဖြစ်သူ ဒေါ်ခင်မြ အား ကြောက်ရသူမို့ ဒေါ်ခင်မြ

အမိန့်ကို နာခံ၍ ရှေ့တစ်လှမ်းမတိုး ရဲတော့။ ဒေါ်မေကြည်မှာ သားဖြစ် သူအား အသာကြည့်နေပါ၏။ ဒေါ် ခင်မြက.....

“ဘယ်လိုလဲဟေ့ လှနိုင်၊ နင့် ရဲ့လုပ်ရပ်တွေက မိကောင်းဖခင် သားသမီးမဆန်လှပါလား၊ ငါတို့ ဆွေမျိုးတွေ လူပုံအလယ် ရှက်ရ မယ့်အလုပ်တွေကို လုပ်လာပါ လား”

“သားရှင်းပြပါ့မယ် အမေ၊ သားအမေနဲ့ အဆင်မပြေဖြစ်ပြီး ရန်ကုန်ကိုထွက်သွား တော့ ဆောက်လုပ် ရေး ဆိုဒ်တစ်ခုမှာ သူနဲ့တွေ့ခဲ့ကြတာ ပါ၊ မခင်အေး၏ ကူညီစောင်မမှုနဲ့ အလုပ် ဆက်လုပ်ခွင့်ရပြီး သူတို့နဲ့ပဲ အတူနေခဲ့တာ၊ လကြာလာတော့ နဲ့အမှု သားဆိုဒ်ထဲမှာ မလုပ်ချင် တာနဲ့ ပြန်လာခဲ့တာပါ”

ဒေါ်မေကြည်မှာ သားဖြစ်သူ အပေါ် စိတ်ဆိုးနေခြင်းထက် မခင် အေးတို့မိသားစုကို ပို၍စိတ်ဆိုးနေ ပုံရသည်။

“ဟဲ့.....လှနိုင်၊ နင်ပြောတာ က ဖြောင့်လှချည်လား၊ ... ကောင်မလေးပြောတာက နင်နဲ့သူ ညားခဲ့ကြလို့ ကိုယ်ဝန်တောင်ရှိ...

www.burmeseclassic.com



ပြီလို့ဆိုပါလား''

ဒေါ်မေကြည်၏စကားများကြောင့် လှနိုင် မျက်နှာပျက်သွားပြီး ခေါင်းငုံ့သွားရသည်။

''လှနိုင် မှန်မှန်ပြောနော်၊ ယောကျ်ားဆိုတာ လုပ်ရဲရင် ခံရဲရတယ်၊ မလုပ်ရင်တော့ မခံရဘူးပေါ့''

ဒေါ်ခင်မြကလည်း မိန်းကလေးချင်း စာနာစိတ်ဖြင့်မေးရာ လှနိုင်မှာ စကား ထစ်ထစ်ငေါ့ငေါ့ဖြင့်.....

''သူနဲ့ကျွန်တော် အတူနေခဲ့ကြတာ မှန်ပါတယ်၊ ဒါပေမဲ့ ဒီလိုဖြစ်မယ်မှန်းမသိလို့.....''

''တော်စမ်း လှနိုင်၊ တစ်ဖက်မိန်းမသားရဲ့စေတနာကို မထောက်ထားဘဲ ယုတ်မာလှချည်လား၊ ကိုယ်ယုတ်မာတဲ့ မိန်းကလေးရဲ့ သားသမီးမျက်နှာတွေမှ မထောက်၊ အခုသူဟာ လင်သေမုဆိုးမဖြစ်လို့ နင့်ရှေ့က ငါကာကွယ်ခဲ့ရင် ငါအမေလည်း ယုတ်မာတဲ့သူ ဖြစ်မှာပဲ၊ ဒီလိုတော့ ငါအဖြစ်မခံနိုင်လို့ နင်သူနဲ့ပဲ ပေါင်းရလိမ့်မယ်''

''ဟာ....အမေ ကျွန် တော် မပေါင်းချင်.....''

လှနိုင်၏စကား မဆုံးလိုက်။ သူ၏ ပါးပေါ်သို့ ဒေါ်မေကြည်၏လက်ဝါး 'ဖြန်း'ခနဲ ကျသွားရသည်။

''နင် လူဆိုရင် လူလို ကျင့်၊ လူယုတ်မာအလုပ် မလုပ်နဲ့၊ မိကောင်းဖခင်သားသမီး ပီသဖို့ နင်သူ့ကို ပေါင်းရမယ်''

လှနိုင်တစ်ယောက် မကျေနပ်သော်လည်း ဆက်၍မပြောတော့။ မခင်အေးမှာလည်း မျက်ရည်များဝေလျက်.....

''မမ သိပါပြီ မောင်ရယ်၊ မောင့်ရဲ့စေတနာအမှန်ကိုသိရလို့ မမ ကျေနပ်ပါတယ်၊ တစ်ဖက်က

ယတိပြတ်ပြောလာသဖြင့်
လူကြီးမိဘများ
အပေါ်မလွန်ဆန် ဝံ့သော
လှနိုင်တစ်ယောက်
မခင်အေးနှင့် ပေါင်းသင်း၍
တစ်လခန့်ကြာသော်
မှူဆယ်၊ ရွှေလီတွင်
သွားရောက်
အလုပ်လုပ်မည်ဟု
မိခင်နှင့် မခင်အေးအား
အချိုသတ်လျက်....

ကြည့်ရင်လည်း မမလည်း တော်တော်မှားသွားပါတယ်၊ ဒီတစ်ခါတော့ မမမှာရှိနေတဲ့ မောင့်ရဲ့ရင်သွေးလေးကို လူ့ဘဝထဲရောက်အောင် မွေးဖွားခွင့်ပေးနိုင်ဖို့ ဖခင်တစ်ယောက်အနေနဲ့ ရပ်တည်ပေးဖို့ မမ တောင်းပန်ပါတယ်၊ ရင်သွေးလေး လူ့ဘဝထဲရောက်လာရင် မမတို့သားအမိတစ်တွေ ဇာတိအညာပြန်ဖို့ ဆုံးဖြတ်ထားပါတယ်''

ပြောလျက်မှပင် မခင်အေး၏ ပါးပြင်၌ အတောမသတ် မျက်ရည်များ စီးကျ၍နေပေ၏။ ကလေးနှစ်ယောက်သည်လည်း မျက်နှာငယ်လေးများဖြင့် သနားစဖွယ်။

''ဟော့.....လှနိုင်၊ နင့်ရဲ့ဆင်ခြေတွေ မကြားချင်တော့ဘူး၊ ဒီကလေးမကို မိသားဖသားပီပီ ပေါင်း၊ တို့ဆွေမျိုးထဲမှာ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး နာမည်ပျက်မရှိဘူးဆိုတာ နင်သိတယ်နော်''

နောက်ဆုံးတွင် ဒေါ်ခင်မြကလည်း ယတိပြတ်ပြောလာသဖြင့် လူကြီးမိဘများအပေါ် မလွန်ဆန်ဝံ့သော လှနိုင်တစ်ယောက် မခင်အေးနှင့် ပေါင်းသင်း၍ တစ်လခန့်ကြာသော် မူဆယ်၊ ရွှေလီတွင် သွားရောက်အလုပ်လုပ်မည်ဟု မိခင်နှင့် မခင်အေးအား အချိုသတ်လျက် မူဆယ်သို့ ထွက်ခွာ



www.burmeseclassic.com

www.burmeseclassic.com

သွားတော့၏။ ကျန်ရစ်လေသော မခင်အေးသည် သူမ၏ ကလေး နှစ်ယောက်သာမက ယောက္ခမ ဒေါ်မေကြည်နှင့် လှနိုင်၏အစ်ကို အေးလှိုင်ကိုပါ လမ်းအလုပ်ဆိုဒ် ထဲဆင်း၍ ရှာဖွေကျွေးမွေးရ တော့၏။

လှနိုင်၏အစ်ကို အေးလှိုင်သည် အလွန်ပျင်း၏။ အပျော်ကြူး၏။ မိခင် ဒေါ်မေကြည်မှ ဆူပူလေ့ ရှိသော်လည်း အေးလှိုင်ကား တုတ် တုတ်မျှမလှုပ်။ သို့ဖြစ်၍ အေးလှိုင် အပေါ် မိခင်ဖြစ်သူက စေတနာ မရှိ။ တစ်နေ့တွင် ဒေါ်မေကြည်နှင့် မခင်အေးတို့သား အမိများ စားပွဲဝိုင်း၌ ထမင်း စားနေကြ၏။ အပြင်မှ ပြန်ရောက်လာသော အေးလှိုင်သည် ပန်းကန်ဆွဲ၍ ထမင်းဝိုင်းသို့ဝင်၏။ မခင်အေးကား ခဲအိုဖြစ်သူအား ဝက်သားဟင်း ခပ်ထည့်ပေးရန် ပြင်လိုက်သည်။ ဒေါ်မေကြည်က မခင်အေးအား လက်ကာပြ၍ သားဖြစ်သူ အေးလှိုင်အား.....



"တို့တစ်တွေ ဒီလိုနပ်မှန်အောင် ထမင်းစားနိုင်တာ ဟောဒီ ငါ့ချွေးမ မခင်အေးကြောင့်ဆိုတာ နင်သိတယ်နော်၊ နင်အလုပ်မလုပ်တဲ့အတွက် ဟောဒီဝက်သားဟင်းဟာ နင့်အတွက်မဟုတ်ဘူး၊ နင်စားချင်ရင် ငါးပိချက်ပဲစား"

အေးလှိုင်သည် မခင်အေးရှေ့၌ မိခင်၏အဆူအပူခံရသဖြင့် အရှက်ရလျက် ဝုန်းခနဲထလျက် ထမင်းဝိုင်းမှ ထွက်သွားတော့သည်။ မခင်အေးသည် အညာသူ ပီသစွာ စိတ်နှလုံးကောင်း၍ စေတနာထက်သန်သူ ဖြစ်လေသည်။ သို့သော် မိခင်ဖြစ်သူက သားအရင်းခေါက် ခေါက်အား ကျွေးမွေးလိုခြင်းမရှိခြင်းအပေါ် စိတ်ထွေဖြစ်ခဲ့ရတော့၏။ ဒေါ်မေကြည် အပေါ်၌ မခင်အေး သည်.....

"အင်း သားအရင်းကို အလုပ်မလုပ်လို့ဆိုပြီး ဟင်းမကျွေးတာကို ကြည့်ရင် အခုလောလောဆယ် ငါအလုပ်လုပ်နေလို့ ငါနဲ့ ငါ့ကလေးတွေကို ကျွေးနေတာများလား၊ တကယ်လို့များ ငါမီးဖွားရင် အလုပ်မလုပ်နိုင် တော့ဘူး၊ အဲဒီအခါကျရင် ငါနဲ့ ငါ့ကလေးတွေကို....."

သို့ဖြင့် မခင်အေးသည် ရက်မပျက် အလုပ်လုပ်၏။ သူမအတွက် အရေးမကြီး။ သူမ၏ ကလေးများ ပုံမှန်စားသောက်နိုင်ရေးအတွက် နေ့စဉ်ဝင်ငွေရရန် ဆိုဒ်ထဲတွင် အများနည်းတူ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ာိုင်၍နေ၏။ သူမ၏ စိတ်ထဲတွင် ွဲကပ်နေသည်မှာ သူမ အလုပ် ာုပ်ရန်ပင်ဖြစ်သည်။ မရပ်မနား ာုပ်၏။ သို့မှသာ ဒေါ်မေကြည် ာ ပုံမှန်ထမင်းကျွေးမည် ဟူသော ယူဆမှုတို့ဖြင့် ပင် ာန်းကြီးစွာ လုပ်ခဲ့ပါ၏။

တစ်လနီးပါးကြာသော အခါ ဆိုဒ်ထဲတွင် အလုပ် လုပ်နေရာမှ ခင်အေး တစ်ယောက် ိုယ်ဝန် နှစ်လဖြင့် ိုက်အောင့်ဝေဒနာ ရုတ် ာရက် ဖြစ်ပေါ်ကာ ာတိမေ့လဲကျ သွားရ ာည်။ ကုသစရာ ငွေမရှိသဖြင့် နောက် ာစ်ရက်တွင် မခင်အေး ကွယ်လွန်အနိစ္စရောက်ခဲ့ရ ာည်။ လူမမည်ကလေး ာ် ယောက်အား ဒေါ်မေကြည်က ာတနာမပါ ပစ်ပစ်ခါခါ လုပ်ခဲ့မှု ကြောင့် ဒေါ်ခင်မြကခေါ်၍ ထိန်း ိမ်းထားရ၏။ မကြာမီရက် ာတွင်း မခင် အေး၏ဆွေမျိုးများ ို အကြောင်းကြားသဖြင့် လိုက် ာကြပြီးနောက် ကလေးနှစ်ဦး ား ခေါ်သွားကြတော့၏။

အလုပ်မှ နစ်နာကြေးအဖြစ် ခင်အေးအတွက် ငွေကျပ်တစ် သိန်းခွဲ ရရှိခဲ့ပါ၏။ သို့သော် ဒေါ်မေကြည်က ကွယ်လွန်သူ မခင် အေးအတွက် ကောင်းမှုကုသိုလ် လုံးဝမလုပ်ခြင်းနှင့်ပတ်သက်၍ သားကြီးအေးလှိုင်နှင့် မိခင်ဒေါ်မေ ကြည်တို့ ကတောက်ကဆတ်ဖြစ် လျက် သားဖြစ်သူက သူတစ်ပါး၏ နစ်နာကြေးအား တလွဲသုံးစွဲနေခြင်း အတွက် ဒေါ်မေကြည်အား ပြော ဆိုပြီး မိခင်အိမ်မှ အပြီးတိုင်ထွက် ခွာသွားတော့သည်။

မခင်အေး၏ ချစ်လှစွာသော မောင်လှနိုင်မှာ တစ်ဖက်နိုင်ငံသို့ ရောက်ရှိသွားပြီးနောက် လူကုန် ကူးခြင်းခံရသည်ဟု သိုးသိုးသန့် သန့် ကြားသိရသည်။ ထိုသို့ လူကုန်ကူးခြင်းခံရရာမှ လွတ်လပ် ခြင်းကိုနှစ် သက်သော မောင်လှ နိုင်မှာ လူဆိုးဂိုဏ်းမှ လွတ်မြောက် အောင် ရုန်းထွက်ရန် ကြိုးစားခဲ့၏။



သို့သော် ရွှေ လီမြို့စွန် တစ်နေ ရာတွင် အမည်မသိ လူတစ်ယောက် ရက်စက်စွာ အသတ်ခံရသည့် သတင်းသည်သတင်း စာ၊ ဂျာနယ်များ၌ ဓာတ်ပုံနှင့်တကွ ဖော်ပြခဲ့သည်။ မောင်လှနိုင်တို့ နေထိုင်သောရွာမှ ရွာသားများကမူ ထို သတင်းစကားများ ကြောင့် ရက်စက်စွာ အသတ်ခံရ၍ သေဆုံး သောသူမှာ မောင်လှနိုင်မှလွဲ၍ မည်သူမျှ မဖြစ် နိုင်ဟု ပြောစမှတ်ပြုနေကြတော့ သည်။

နှစ်များစွာကြာသည့်တိုင် မောင်လှနိုင်မှာ ဇာတိရွာသို့ ပြန် လည်ရောက်ရှိခြင်း မရှိတော့မှ မောင်လှနိုင် သေဆုံးသွားသည့် သတင်းမှာ အမှန်ဖြစ်ကြောင်း လက်ခံလိုက်ကြတော့သည်။

**မောင်သာမန်(ဗိုလ်)**

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# ငြိုးမာန်ဖွဲ့မိုး

● အောင်ကျော်ဇော

"ဟဲ့....မိဖွန် နင်စဉ်းစားပြီးပြီလား"

"ဘာကိုစဉ်းစားရမှာလဲ"

"နင့်ကို အေးထွန်းက အဖြေတောင်းတဲ့ကိစ္စလေ"

မေဖွန်နှင့် အိသဲပိုတို့မှာ ရန်ကုန်ဆင်ခြေဖုံးမြို့နယ်၏အစွန် ရွာတစ်ရွာတွင်နေကြသူများဖြစ်သည်။ ငယ်သူငယ်ချင်းများဖြစ်၍ ကျောင်းနေဖက်များလည်းဖြစ်သည်။

၁၀ တန်းဖြေပြီးနောက် နှစ်ဦးစလုံး အောင်စာရင်းစောင့်ရင်း အလုပ်လုပ်ရန် စဉ်းစားနေကြချိန်လည်းဖြစ်သည်။

မေဖွန်က အသားဖြူဖြူ၊ ကိုယ်လုံးသွယ်သွယ်၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းပါးနှင့်မို့ မိန်းမချောဟု သတ်မှတ်ခံရသည်။ ရင်းနှီးသူများက မော်ဒယ်လ်လုပ်ရန် အကြံပြု ကြသည်။



မေဖွန်ကလည်း မော်ဒယ်လ် အလုပ်ကို စိတ်ဝင်စားသည်။ မော်ဒယ်လ်ဖြစ်လျှင် ထင်ပေါ်ကျော်ကြားမည်၊ ကျော်ကြားမှုကို အရင်းအနှီးပြု၍ အဆိုတော်လည်းလုပ်နိုင်သည်၊ ရုပ်ရှင်သရုပ်ဆောင်လည်း လုပ်နိုင်သည်ဟု မျှော်လင့်ချက်ထားသူဖြစ်သည်။

သို့ရာတွင် မေဖွန်၏မိသားစုများမှာ လယ်ယာစိုက်ပျိုးသူများဖြစ်၍ ထိုအခြေအနေမှ ရုန်းထွက်ရန် အမြဲကြိုးစားနေသူဖြစ်သည်။

မေဖွန့်ကို တစ်ရွာတည်းသား အေးထွန်းက ချစ်ရေးဆိုထားသည်။ အေးထွန်းမှာ ကွန်ပျူတာဒီဇိုင်းပညာရှင်ဖြစ်သည်။ လူငယ်မို့ အပေါင်းအသင်းများနှင့် ဘီယာသောက်ရုံမှလွဲ၍ အပျော်အပါးကင်းသူဖြစ်သည်။

အေးထွန်းက အရပ်ရှည်သည်။ အသားဖြူ၍ ကိုယ်လုံးကိုယ်ထည် တောင့်တင်းသည်။ ရင်အုပ်ကျယ်နှင့် ဗလကောင်းသူဖြစ်၍ မိန်းကလေးများ၏ စိတ်ဝင်စားမှုခံ ရသူဖြစ်သည်။

သို့သော် အေးထွန်းကို မေဖွန်က စိတ်ဝင်စားမှုမရှိ။ မေဖွန်က ရည်ရွယ်ချက်ကြီးမားသည်။ ရုပ်ရည်အားကိုးဖြင့် ချမ်းချမ်းသာသာ နေထိုင်ခွင့်ရရန် မျှော်လင့်နေသူဖြစ်သည်။ အေးထွန်းက အိသဲပို၏ အကူအညီဖြင့် မေဖွန့်ကို ချစ်ရေး

www.burmeseclassic.com



ဆိုခဲ့သည်။ အိသဲပိုက အောင်သွယ် ဖြစ်သည်။

"အေးထွန်းများဟယ်၊ သူ့ကို စိတ်ကူးထဲတောင် ထည့်မတွက်ဘူး"

"ဟဲ့.....သူက ကွန်ပျူတာ ဒီဖိုင်းပညာရှင်ဟဲ့"

"ဒီဖိုင်းပညာရှင်ဆိုတာ လက်ခံတယ်၊ ဒါပေမဲ့ သူများဆီမှာ အလုပ်လုပ်နေရတဲ့ လခစားလေ၊ နဲ့သမားလို လူစားပါဟယ်"

"နင်ကလည်းဟယ် ကြိုးစားရင် ချမ်းသာလာမှာပါ"

"ချမ်းသာဖို့ အချိန်တွေအများကြီး ကြာဦးမယ်၊ တို့ကမိန်း ကလေးလေ၊ ကြိုက်သလို ဖန်တီး နိုင်စွမ်းရှိတယ်"

"နင်ပြောတာ ငါသဘော မပေါက်ဘူး မိဇွန်"

"ယောကျ်ားတို့ရဲ့ ဥစ္စာက ပညာ၊ မိန်းမတို့ရဲ့ဥစ္စာက ရုပ်ရည်တဲ့၊ တို့မိန်းကလေးတွေက စစ်ဗိုလ်၊ အင်ဂျင်နီယာ၊ ဆရာဝန်၊ သူဌေး ကြိုက်တာကိုယူ၊ ချက်ချင်း ဘဝက မြင့်သွားမယ်၊ ယောကျ်ားလေးဆိုတာ မိန်းမကို ရှာကျွေးဖို့ သဘာဝက ဖန်တီးပေးထားတာ၊ တို့ရဲ့ဘဝမှာ ရုပ်ရည်က ဘဝအနိမ့်အမြင့်ကို နေ့ချင်းညချင်း ဖန်ဆင်းနိုင်တဲ့ အခွင့်အရေးရှိတယ်"

"မိဇွန်ရယ် နင့်သီအိုရီက ခေတ်ဟောင်းမှာ ကျန်ခဲ့ပါပြီဟာ"

"နင်မယုံရင် စောင့်ကြည့်လေ"

အိသဲပိုမှာ အေးထွန်းအတွက် အကျိုးဆောင်မှုကို လက်လျှော့လိုက်ရသည်။ မေဇွန်က သူမရည်ရွယ်ချက်အတိုင်း နေ့တိုင်းအဆက်အသွယ်ရှာနေခဲ့သည်။



ရန်ကုန်မြို့ထဲသို့ ထွက်လာသော မေဇွန်မှာ မင်္ဂလာဒုံမြို့နယ်၊ ကျိုက္ကလို့ဘုရားရှိရာသို့သွားရောက်၍ ကောင်းမှုကုသိုလ်ပြုရင်း ဆုတောင်းသည်။

ဘုရားရှိခိုးပြီး တန်ဆောင်းထဲမှထွက်လာသော မေဇွန်က ဘုရား၏ အရှေ့တောင်ဘက်ရှိ ရေကန်ရှိရာသို့ စိတ်အပန်းဖြေရန် ထွက်လာခဲ့သည်။

"အို....."

မေဇွန်က အလျင်စလိုဖြင့် လျှောက်လာခဲ့ရာ ခြေချော်ပြီး လဲကျမလိုဖြစ်ချိန်၌ အနီးရှိလူတစ်ဦးကို အမှတ်မထင် ဆွဲကိုင်လိုက်မိသည်။

မေဇွန်ဆွဲကိုင်လိုက်မိသူမှာ သူမကဲ့သို့ပင် ငယ်ရွယ်သည့် လူချောလေး တစ်ယောက်ဖြစ်သည်။ အပြန်အလှန် တောင်းပန်ကြရင်း တစ်ခဏအတွင်း ရင်းနှီးသွားခဲ့သည်။

"ကိုယ့်နာမည်က နေမျိုးအောင်ပါ၊ အင်ဂျင်နီယာ ကန်ထရိုက်တာပါ"

"ဟုတ်ကဲ့ရှင်၊ ကျွန်မနာမည်က မေဇွန်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မေဖွန်က မော်ဒယ်လ်လိုလှပြီး ရုပ်ရှင်မင်းသမီးထက်တောင် ချောသေးတယ်"

မေဖွန်က သဘောကျသွားသော်လည်း ကျနော့ဆယ်ရင်းအပြုံးဖြင့် တုံ့ပြန်ခဲ့သည်။ သူတို့နှစ်ဦး ချက်ချင်းမိတ်ဆွေဖြစ်သွားခဲ့သည်။

မေဖွန်အနေဖြင့် နေမျိုးအောင်ကို အပိုင်ကိုင်ထားနိုင်က သူမ၏ဘဝသည် နေ့ချင်းညချင်း ပြောင်းလဲသွားနိုင်သည်ဟုတွေးခဲ့မိသည်။

နေမျိုးအောင်၏ ဖိတ်ခေါ်ချက်ကို လက်ခံ၍ နေမျိုးအောင်စီးနင်းလာသော ကားဖြင့်လိုက်ပါရင်း (၈)မိုင်လမ်းဆုံရှိ စားသောက်ဆိုင်တွင် နံနက်စာအတူစားခဲ့သည်။

နံနက်စာစားပြီးနောက် နေမျိုးအောင်က ၎င်းတာဝန်ယူဆောက်လုပ်နေသော ရန်ကင်းမြို့နယ်ရှိ ဆောက်လက်စတိုက်သို့ လိုက်ပါလေ့လာရန် ဖိတ်ခေါ်ခဲ့သည်။

ရန်ကင်းမြို့နယ်ရှိ ဆောက်လုပ်ဆဲတိုက်မှာ (၇)လွှာဖြစ်၍ အချောကိုင်နေဆဲဖြစ်သည်။ နေမျိုးအောင်က အခန်းတစ်ခန်းထဲသို့ခေါ်သွားပြီး ညွှန်ပြခဲ့သည်။ နေမျိုးအောင်က အချက်ပြခဲ့၍ မည်သည့် အလုပ်သမားကမှ အနှောင့်အယှက် မပေးဘဲ ရှောင်



ပေးခဲ့ကြသည်။

နေမျိုးအောင် ယာယီရုံးခန်း လုပ်ထားရာအခန်းထဲတွင် အတူထိုင်ရင်း စကားပြောကြသည်။ ထို့စဉ် နေမျိုးအောင်က ချစ်ရေးဆိုခြင်းကို မေဖွန်က လက်ခံခဲ့ခြင်းဖြင့် ၎င်း၏ဘဝရေချိန် သာယာရေးကို စိတ်ကူးယဉ်ခဲ့မိသည်။

နေမျိုးအောင်က လူငယ်ဆိုသော်လည်း အတွေ့အကြုံရင့်သူဖြစ်ဟန်တူသည်။ မေဖွန်ကို အနုနည်းဖြင့် ထိတွေ့ရာမှ အတွေ့အကြုံမရှိသေးသော မေဖွန်၏ စိတ်လှုပ်ရှားမှုကို အခွင့်ကောင်းယူလိုက်သဖြင့် မေဖွန်မှာ နေမျိုးအောင်ပြုသမျှ နုခဲ့ရသူဖြစ်ခဲ့တော့သည်။

မေဖွန်က နေမျိုးအောင်ကို သူမဘဝ၏ လှေကားထစ်တစ်ခုအဖြစ် သဘောထားရင်း ဘဝချင်း အပေးအယူပြုလုပ်ခဲ့သည်။

မေဖွန်အိမ်ပြန်ချိန်တွင် နေမျိုးအောင်က သူမောင်းနှင်သောကားဖြင့် လိုက်ပို့သည်။

"ဒီလက်စွပ်က ကိုယ့်နှလုံးသားကိုယ်စားပါ"

နေမျိုးအောင်ဝတ်ဆင်ပေးသော လက်စွပ်ကို မေဖွန်က သဘောတူလက်ခံခဲ့သည်။ အတွေ့နီးရင်းကြောင့် မေဖွန်က နေမျိုးအောင်ကို အတည်တကျ လက်ထပ်လိုသည့်ဆန္ဒ ဖြစ်ပေါ်ခဲ့သည်။

"ကို မေဖွန်ကိုချစ်ရင် လက်ထပ်ရမယ်နော်"

"လက်ထပ်ဖို့ ရည်ရွယ်ပြီးသားပါ"

"အခုအခြေအနေကို ကို့ဘက်က တာဝန်ယူရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အပြည့်အဝ တာဝန်ယူတယ်"

"အဲဒီလိုဆိုရင် မေဖွန်က ကို့နောက်ကို အပြီးလိုက်ခဲ့ရတော့မှာလား"

နေမျိုးအောင်က စဉ်းစားသည်။ သုံးရက်အချိန်ပေးရန်ပြောသည်။ သုံးရက်မြောက်နေ့ နံနက်(၉)နာရီတွင် ကျိုက္ကလို့ဘုရား၌ ပြန်လည်တွေ့ဆုံရန်နှင့် ထိုနေ့တွင် ခိုးရာ လိုက်ပါရန် အစီအစဉ်ဆွဲခဲ့၏။

သူတို့နှစ်ဦး ခွဲ ခွာချိန်တွင် အတွေး ကိုယ်စီနှင့် ကျောခိုင်းခဲ့ကြ၏။

♛♛♛♛♛

မေဖွန်က နေမျိုးအောင်ချိန်းဆိုသည့်နေ့တွင် ကျိုက္ကလို့ဘုရားသို့ သွားခဲ့သည်။ နံနက်(၉)နာရီတွင် နေမျိုးအောင် ရောက်လာခဲ့သည်။

နေမျိုးအောင် မောင်းနှင်ယူဆောင်လာသောကားဖြင့် မေဖွန်က လိုက်ပါသွားခဲ့သည်။ နေမျိုးအောင်က လှိုင်မြို့နယ်ထဲရှိ တည်းခိုခန်းတစ်ခုသို့ ခေါ်ဆောင်သွားပြီး နှစ်ယောက်အိပ်အခန်းတစ်ခန်း ငှားခဲ့သည်။

ထိုအခန်းတွင် အချစ်၏ရွှေတော်ပြေးခရီးအစဖြင့် နှစ်ယောက်အတူ ပျော်ရွှင်စွာ နေထိုင်အနားယူ ခဲ့သည်။ ညနေ (၄)နာရီခန့်တွင် နေမျိုးအောင်က နေ့စားအလုပ်သမားများအား လုပ်အားခရှင်းပေးရန်ရှိနေကြောင်းပြောပြီး မေဖွန်၏ခွင့်ပြုချက်ယူ၍ ထွက်သွားခဲ့သည်။

ဖွန်လေပထမပတ်ဖြစ်၍ မိုးကသဲသဲမဲမဲ ရွာချလာခဲ့သည်။

မေဖွန်ဆိုသော မိန်းကလေးမှာ ဖွန်လတွင် ရွာသွန်းသောမိုးကြောင့် အတွေးကျယ်ကျယ်ဖြင့် အဆွေးတလည်လည်ဖြစ်ရတော့သည်။

နေ့စားအလုပ်သမားများအား လုပ်အားခငွေရှင်းပေးရန် ထွက်သွားသည့် နေမျိုးအောင်မှာ ညဉ့်နက်သည်အထိ မေဖွန်ရှိရာသို့ပြန်ရောက်လာခြင်း မရှိခဲ့။

နေမျိုးအောင်က မေဖွန်အတွက် ငွေကျပ်သုံးသိန်း ပေးထားခဲ့၍ ထိုငွေဖြင့် အစားအသောက်မှာရကောင်းနိုးနိုး ဖြစ်နေခဲ့သည်။ နေမျိုးအောင်၏ လက်ကိုင်ဖုန်းနံပါတ်ကို မေမေ ထားမိ၍ ဖုန်းမဆက်သွယ်နိုင်ခဲ့။

ညဉ့်နက်သန်း ခေါင်ချိန်ပင်ကျော် လွန်သွားခဲ့သည်။

နေမျိုးအောင်က ပေါ်မလာခဲ့။

"ကားအက်ဆီး ဒင့်များဖြစ်လို့များ လား"

မေဖွန်က နေမျိုးအောင်အပေါ်ယုံကြည်မှုဖြင့် ဖြစ်နိုင်ဖွယ်ရှိသည့် စိုးရိမ်စိတ်ဖြင့် ရင်ပူနေရသည်။ တစ်ညလုံး အိပ်၍မရ။

ချစ်စခင်စဖြစ်ပါလျက် သတင်းအစအန ပျောက်သွားမှုကို စဉ်းစားမရအောင် ဖြစ်ခဲ့ရသည်။

"သူ့မိဘတွေ သိသွားလို့များလား"

နေမျိုးအောင်ကို အင်ဂျင်နီယာ ကန်ထရိုက်တာဟု သိထား၍ ငွေကြေးချမ်းသာသော မိဘများက ချုပ်ထိန်းထားကြပြီလားဟု စိုးရိမ်စိတ်ပိုနေခဲ့မိသည်။

"သူက လုပ်ငန်းရှင်ပဲ၊ သူ့ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်"

သူမ၏ ဖြည့်စွက်အတွေးက စိတ်သက်သာရာရရှိမှုဖြင့် အားပြုနေခဲ့သည်။ အဆိုးဆုံးအခြေအနေနှင့် အကောင်းဆုံးအခြေအနေများကို အပြန်အလှန်တွေးတောရင်း မေဖွန်၏ရင်ထဲ၌ သောကမီးများ တဟုန်းဟုန်းတောက်လောင်ခဲ့ရသည်။

တစ်ညလုံးမအိပ်ရ၊ မစားရဘဲ မိုးလင်းလာသည်။

နံနက်မိုးလင်းသည်နှင့် မေဖွန်က တည်းခိုခန်းမန်နေဂျာရှိရာ ကောင်တာစားပွဲသို့ သွားခဲ့သည်။



www.burmeseclassic.com

"ဘာများလုပ်ပေးရမလဲဟင်"

"ကျွန်မယောက်ျားရဲ့ မှတ်ပုံတင်ကို ကြည့်ချင်လို့ပါ"

"သူပြန်သွားချိန်မှာ မှတ်ပုံတင် ပြန်ယူသွားခဲ့တယ်"

"လိပ်စာဘယ်လိုပေးထားခဲ့သလဲ"

"မော်လမြိုင်၊ ရပ်ကွက်(၃)၊ ဦးမောရစ်သရက်ခြံပါ"

မေဖွန်က နေမျိုး အောင်၏ လိပ်စာကို ကူးယူ မှတ်သားလိုက် သည်။ ၎င်းနောက် သူငယ်ချင်းဖြစ်သူ အိသဲပိုထံ ဖုန်းဆက်ပြီး သူမရှိရာသို့ လာတွေ့ရန် ခေါ်လိုက်၏။



နံနက် ၇ နာရီခွဲ ခန့်တွင် အိသဲပို ရောက်ရှိလာသည်။ အိသဲပိုကို အကျိုးအကြောင်း ပြောပြလိုက်တော့ အိသဲပိုက အံ့သြတကြီးဖြင့် အပြစ်ပြောတော့သည်။

မေဖွန်က သူမ၏ရည်ရွယ်ချက် ကြီးမားမှုကို ရှင်းပြရင်း သူမဆုံးဖြတ်ချက်က သူမ၏ရင်ကို သောကမီးတောက်လောင်စေခဲ့ကြောင်း ရှင်းပြသည်။

အိသဲပိုက အပြစ်မပြောရက်၍ နေမျိုးအောင်ရှိရာသို့ သွားရောက်ရှာဖွေရန် အကြံပေးခဲ့သည်။ မေဖွန်ကလည်း ရေနစ်သူ မြက်ပင်ဆွဲကိုင်သည့် အားကိုးမှုမျိုးဖြင့် နေမျိုးအောင်ရှိရာသို့သွားရန် သဘောတူ ဆုံးဖြတ်ခဲ့သည်။

ရန်ကင်းမြို့နယ်ထဲသို့ တက္ကစီငှားပြီး သွားကြသည်။ နေရာကို အတိအကျမသိ၍ တဝဲလည်လည် ဖြစ်ခဲ့ရသည်။ ယာဥ်မောင်းသူက မိဘအရွယ်ဖြစ်သည်။ စိတ်ရှည်ရှည် ထားပြီး မှတ်မိသော လမ်းအနေအထားကိုမေး၍ ရှာပေးသည်။

"ဟုတ်ပြီ ဦးလေး၊ ဟိုရှေ့က ဆောက်လက်စတိုက်ပဲ"

မေဖွန်က သူမ ရောက်ဖူးခဲ့သည့် ဆောက်လုပ်ဆဲတိုက်ကို မှတ်မိသွားသည်။ အလုပ်သမားများက အပြီးသတ် အချောကိုင်နေသည့် တိုက်တွင် ရေ၊ မီး ဆင်နေကြသည်၊ အခန်းဖွဲ့နေကြသည်။

မေဖွန်ဦးဆောင်ပြီး တိုက်ထဲဝင်ခဲ့သည်။ တိုက်ထဲတွင် အလုပ်သမားများအား စီစဥ်ညွှန်ကြားနေသူတစ်ဦးကို တွေ့လိုက်ရသည်။

"ကျွန်မ ဒီမှာအလုပ်လုပ်တဲ့ အင်ဂျင်နီယာ ကို နေမျိုးအောင်နဲ့ တွေ့ချင်လို့ပါ"

"အင်ဂျင်နီယာက ကျွန်တော်ပါ၊ ကျွန်တော့်နာမည်က ကိုကိုဦးပါ"

"အင်ဂျင်နီယာ နေမျိုးအောင် ဆိုတာ မရှိဘူးပေါ့"

အိသဲပိုက အခြေအနေကို ရိပ်မိ၍ မေးလိုက်သည်။ အင်ဂျင်နီယာ ဦးကိုကိုဦးကမရှိကြောင်း ပြောပြခဲ့သည်။ မေဖွန်က သူမရောက်ဖူးသည့် အခန်းအနေအထားကို ရှင်းပြလိုက်၏။

အင်ဂျင်နီယာ ဦးကိုကိုဦးက ဆပ်ကန်ထရိုက်ကို ခေါ်မေးသည်။ ဆပ်ကန်ထရိုက်က ဝေထွန်းဖြစ်သည်။ ဆပ်ကန်ထရိုက် ဝေထွန်း

www.burmeseclassic.com

ပြောပြမှ အဖြစ်မှန်ကို သိရတော့၏။

"ဒီမိန်းကလေး မေးနေတာက သံပန်း၊ သံတံခါးဆင်တဲ့အဖွဲ့က လင်းဦးဖြစ်လိမ့်မယ်၊ လင်းဦး ခေါ်လာတုန်းက ကျွန်တော်အမှတ်မထင် တွေ့လိုက်မိတယ်၊ အဲဒီတုန်းက လင်းဦးက သူ့မိန်းမပါလို့ ပြောပြခဲ့ဖူးတယ်"

မေဖွန်အဖို့ အရှက်ကွဲသည့် အခြေအနေဖြစ်နေသည်။

ပြဿနာကို အစအဆုံး ဖြေရှင်းရမည့် အခြေအနေဖြစ်နေ၍ အိသဲပိုက လင်းဦးအကြောင်းကိုမေးကြည့်သည်။

"လင်းဦးအကြောင်းသိချင်ရင် သံပန်းသံတံခါးလုပ်တဲ့ ဦးအောင်စိန်လင်းကို မေးမှသိမယ်၊ လင်းဦးက သူ့အလုပ်သမားပါ"

"ဦးအောင်စိန်လင်းက ဘယ်မှာနေတာလဲ"

ဆပ်ကန်ထရိုက် ဝေထွန်းက ဦးအောင်စိန်လင်းမှာ ကြည့်မြင်တိုင် ကမ်းနားလမ်းတွင်နေကြောင်းပြောပြပြီး လိပ်စာပေးသည်။

မေဖွန်နှင့် အိသဲပိုတို့ ခရီးဆက်ရပေဦးမည်။

အိမ်ထဲမှအထွက်၌ လေပြင်းတိုက်ခတ်လာပြီး လေနှင့်အတူ မိုးကပါလာသည်။ သဲသဲမဲမဲရွာနေသော မိုးရေများကြားမှ မေဖွန်က ပြေးထွက်ခဲ့ရသည်။ အရှက်ကွဲခဲ့၍ မနေဝံ့သောအရပ်ဖြစ်၍ဖြစ်သည်။

♛♛♛♛♛

မိုးက သဲသဲမဲမဲ အဖြိုးကြီးရွာ ရွာနေသည်။

မိုးနှင့်အပြိုင် မျက်ရည်မိုးရွာနေသည့် မေဖွန်က ဦးအောင်စိန်လင်း၏နေအိမ်ကို ရှာခဲ့သည်။ အခက်အခဲမရှိ ရှာတွေ့ရသော်လည်း မေဖွန်တို့နှစ်ဦးစလုံး မိုးရေများဖြင့် ရွဲရွဲစိုနေကြသည်။

အဖြိုးကြီးရွာ ရွာသွန်းနေသော မိုးရေစက်များအောက်တွင် အချစ်၏ဆန့်ကျင်ဘက် မုန်းမာန် အငြိုးဖြင့် ခြေရာကောက်၍ ရှာဖွေနေသော မေဖွန်၏ဒေါသများမှာ မိုးကိုအနိုင်ယူနေသလိုပင်။

ဦးအောင်စိန်လင်းနှင့် တွေ့ဆုံချိန်တွင် နေမျိုးအောင်၏ လှည့်စားမှုမှာ ဘွားခနဲပေါ်လာတော့၏။

"လင်းဦး (ခ) နေမျိုးအောင်ဆိုတာက ကျွန်တော်ကားစီးနေတဲ့ ကားဒရိုင်ဘာပါ၊ သူက ခေတ်ပညာတတ်ပါ၊ သူ့ကိုယုံလို့ ကျွန်တော့်အလုပ်ထဲမှာပါ တွဲခိုင်းထားခဲ့ပါတယ်၊ ငွေရေးကြေးရေးပါ ယာယီလွှဲအပ်ခဲ့ပါတယ်၊ အခု အလုပ်ထဲက ငွေသုံးသိန်းပါယူပြီး ရှောင်နေတယ်"

"အဲဒီ နေမျိုးအောင်က ဘယ် မှာနေတာလဲ"

"ဒလမြို့နယ်၊ ပျော်ဘွယ်ကြီး မှာနေတယ်လို့ပဲ သိရတယ်"

အိသဲပိုက မေဖွန်ကို တွဲခေါ်ရင်း ဦးအောင်စိန်လင်း၏ လုပ်ငန်းလုပ်ရာအိမ်ထဲမှ ပြန်ခဲ့ကြသည်။

"ငါ အိမ်ကို ဘယ်လိုပြန်ရမလဲ သူငယ်ချင်း"

လမ်းတွင် မေဖွန်က ငိုရင်းပြောသည်။ အိသဲပိုပင် မည်သို့ပြန်ပြောရမည်မှန်းမသိ။ မေဖွန်ပျောက်သွားသဖြင့် မေဖွန်၏မိဘများက မေဖွန် လင်နောက်လိုက်သွားသည်ဟု ယူဆနေကြသည်။

ရုပ်ကိုအားကိုးပြုခဲ့သော မေဖွန်မှာ မျှော်မှန်းချက်ခရီး ကုန်းအတက်မှာပင် ခြေချော်၍ တလိမ့်ခေါက်ကွေး ပြုတ်ကျခဲ့လေပြီဖြစ်သည်။

"ကဲ.....အိမ်ပဲပြန်မယ်၊ သူငယ်ချင်းတွေခေါ်လို့ လိုက်သွားမိတယ်၊ အိမ်ကိုမပြောဝံ့လို့ မပြောခဲ့တာပါလို့ ပြောပေါ့၊ ငါလည်းဝိုင်းပြောပေးမယ်"

အိသဲပိုနှင့် မေဖွန်တို့ အတူ ပြန်ခဲ့ကြသည်။

မေဖွန်၏နှလုံးသားထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

အချစ်မြားက စိုက်ဝင်နေပြီဖြစ်၍ တဆစ်ဆစ်နာကျင်နေခဲ့၏။ တစ်နေကုန် မိုးစိုထား၍ အဖျားဝင်ချင်သလိုလို ဖြစ်လာသည်။ လမ်းခရီးမှာပင် မေဖွန်မှာ သတိလစ်မေ့လဲသွားခဲ့၏။

အိသဲပိုက မေဖွန်ကို ရန်ကုန်ဆေးရုံကြီး၊ အရေးပေါ်ဌာနသို့ တက္ကစီငှားပြီး ပို့ခဲ့ရသည်။ အရေးပေါ်ဌာနသို့ ရောက်ရှိနေချိန်၌ပင် မထင်မှတ်ဘဲ အေးထွန်းနှင့် ဆုံတွေ့လိုက်ရ၏။

အေးထွန်းက မေဖွန်တို့ကို တွေ့သည်နှင့် အပြေးတစ်ပိုင်းဖြင့် ရောက်လာခဲ့သည်။ အေးထွန်းမှာ မေဖွန့်ကိုတွေ့သည်နှင့် အကြီးအကျယ် စိတ်လှုပ်ရှားနေခဲ့သည်။

"ကိုအေးထွန်း ဒီကိုဘာလာလုပ်တာလဲ"

အိသဲပိုက မေးသည်။ အိသဲပို၏ရင်ခွင်ကိုမှီပြီး လဲနေသည့် မေဖွန်က အေးထွန်းကို မဝံ့မရဲဖြင့် လှမ်းကြည့်လိုက်သည်။

"ကျွန်တော် ကားတိုက်ခံရတဲ့သူကို လာပို့တာ"

"ဘယ်သူဘာဖြစ်လို့လဲ"

"မင်္ဂလာဈေးဘက်လာရင်း လမ်းဖြတ်ကူးတဲ့လူကို ကားတိုက်သွားတာ၊ ကူညီရင်း ဒီကိုလာပို့ပေးတာ"

"ဟုတ်လား၊ ဘာဖြစ်သွားသေးလဲ"

"ဆေးရုံရောက်ချိန်မှာပဲ သေသွားတယ်၊ သေသွားတဲ့လူငယ်က လူချောလေးဗျ။ နေမျိုးအောင်လို့ သူ့မှတ်ပုံတင်မှတ်တမ်းအရ သိရတယ်"

နေမျိုးအောင်ဟုဆိုသဖြင့် မေဖွန်က သူ့အသိတရားများကို စုစည်းလိုက်သည်။ အခြေအနေကို သိရှိနိုင်ရန် အေးထွန်းကို မေးလိုက်၏။

"နေမျိုးအောင် ဟုတ်လား"

"ဟုတ်တယ် မေဖွန်၊ ဒီကောင်က ရုပ်ချောတယ်၊ ပိုက်ဆံရှိမယ်ထင်တဲ့ မိန်းကလေးတွေကို ပိုင်းလုံးလုပ်တဲ့လူလို့ သတင်းကြားသိလို့ ဆေးရုံကိုရောက်လာတဲ့ သူ့သူငယ်ချင်းက ပြောပြတယ်"

"သူက ဘာအလုပ်လုပ်လဲ"

"ကားဒရိုင်ဘာလို့လည်းပြောတယ်၊ သူ့သူငယ်ချင်းရဲ့ ပြောပြချက်အရ နေမျိုးအောင်က အရမ်းချမ်းသာချင်တဲ့သူတဲ့၊ သူဌေးသမီးနဲ့ညားရင် သူဌေးဖြစ်မယ်လို့ ယုံကြည်နေတဲ့သူတဲ့"

မေဖွန်မှာ သူမ၏ရုပ်ရည်ကို အားကိုးပြီး ထင်ပေါ်ကျော်ကြားလို စိတ်ကို အေးထွန်းက ဘယ်စောင်းမြောင်းပြောနေသည်ဟု ထင်လိုက်မိသေး၏။

အိသဲပိုက အေးထွန်းအား သူတစ်ပါး၏ ဂုဏ်သိက္ခာကို မထိခိုက်စေလို၍ စကားကို ဆင်ခြင်ပြောရန် သတိပေးလိုက်၏။

"ကျွန်တော်သိလာသမျှကို ပြောတာ အိသဲပို၊ အခု ကျွန်တော့်ကိုပြောပြတဲ့ သူ့သူငယ်ချင်းဆိုတာက ငယ်ရာက အတူကြီးလာတဲ့ ကျောင်းနေဖက်တဲ့၊ နေမျိုးအောင်က (၁၀)တန်းအောင်ပြီးသားတဲ့၊ သူက ရုပ်ရှင်မင်းသားလုပ်ဖို့တောင် ကြိုးစားခဲ့သေးတယ်တဲ့"

မေဖွန်၏ရည်ရွယ်ချက်နှင့်တူနေသော နေမျိုးအောင်ကို မေဖွန်က သနားရမလိုလို၊ မုန်းရမလိုလို ဝေခွဲမရ ဖြစ်နေခဲ့မိသေး၏။ စူးဝင်ထားသော အချစ်မြားကြောင့် နေမျိုးအောင်အပေါ် ရှုမြင်မှုသည် မသဲမကွဲ ဖြစ်နေခဲ့မိ၏။

"ထားပါတော့၊ မေဖွန် အိမ်ကပျောက်သွားတယ်ဆို၊ အခု ဘယ်ကတွေ့လာတာလဲ"

"သူငယ်ချင်းတွေနဲ့ မန္တလေးကို လိုက်သွားတာပါဟယ်၊ သူ့အိမ်က မသိဘဲ လင်နောက်လိုက် သွားတယ်လို့ ထင်ခဲ့တာ"

"ရပ်ကွက်ထဲမှာလည်း အဲဒီလိုပဲ ပြောနေကြတယ်"

မေဖွန်မှာ သူမ ပျောက်သွား



www.burmeseclassic.com

www.burmeseclassic.com

သည့်အတွက် ပတ်ဝန်းကျင်၏ ထင်မြင်ချက်အမျိုးမျိုးကို ရင်ဆိုင်ရတော့မည်ဟု သိနေခဲ့သည်။

မေဖွန်အား အရေးပေါ်ဌာနက စစ်ဆေးပြီး ထိုးဆေးထိုးပေးထား၍ သက်သာစပြုနေပြီဖြစ်၏။ ဆရာဝန်က ခေတ္တ အနားယူနေရန် ညွှန်ကြားခဲ့၍ အရေးပေါ်ဌာန၌ပင် ခဏအနားယူနေစဉ် အေးထွန်းနှင့် ဆုံခဲ့ကြခြင်းဖြစ်သည်။

"ဒါဖြင့် မေဖွန်က လင်နောက်လိုက်တာ မဟုတ်ဘူးပေါ့"

"ဟယ်.....အေးထွန်းရယ် ငါ့စကားကို မယုံလို့လား"

အိသဲပိုက ဟန်ဆောင် ကောင်းကောင်းဖြင့် အသံပြတ်ကို သုံးခဲ့၍ အေးထွန်းမှာ ငြိမ်ကျသွား ခဲ့ရသည်။

"ဒါဆိုရင် မေဖွန်က ဘာလုပ်မလဲ"

"ကိုအေးထွန်း ဘာကိုပြောတာလဲ"

"မိဘနဲ့ ပတ်ဝန်းကျင်ရဲ့ စွပ်စွဲမှုကိုပါ"

မေဖွန်က သက်ပြင်းချရင်း အေးထွန်းကို လှမ်းကြည့်သည်။

အိသဲပိုက မေဖွန်ကို ဘာမှ မပြောရန် လက်ကိုကိုင်ထားရင်း သတိပေးကာ အေးထွန်းကို မေးလိုက်၏။



"ကိုအေးထွန်းက မေဖွန့်ကို ချစ်တယ်ဆို"

အေးထွန်းက ရှက်စိတ်ဖြင့် ခေါင်းကိုငုံ့ထားခဲ့၏။

"ပတ်ဝန်းကျင်ရဲ့ ကဲ့ရဲ့မှုနဲ့ မိဘရဲ့အပြစ်ဆိုမှုကကင်းအောင် ကို အေးထွန်းက မေဖွန့်ကို....."

"ရတယ်၊ ဖြစ်တယ်၊ မပြောနဲ့တော့၊ လက်ခံတယ်"

အိသဲပို၏စကားမဆုံးမီ အေးထွန်းက ရှက်စိတ်ကို ဖျောက်၍ သူ၏ချစ်စိတ်ကို သိသာစေရန် ရင်ဖွင့်ခဲ့သည်။

အိသဲပိုအနေဖြင့် မေဖွန်၏ ကိုယ်ပွားကိစ္စကို တွေးပူ၍ ချစ်တတ်သူ အေးထွန်းအား မေးခဲ့မိခြင်းဖြစ်သည်။ မေဖွန်က ဘာပြန်ပြောရမှန်းမသိ။

ရုပ်ရည်ကို ရှေ့တန်းတင်ခဲ့မိသော သူမ၏အမှားများကိုမည်သို့ ကုစားရမည်ကို စဉ်းစားမိသည့် အခါတိုင်း အချစ်သမား အေးထွန်းအတွက် ရင်ထဲတွင်နာကျင်မှုဖြစ်ခဲ့ရသည်။

မည်သို့ဆုံးဖြတ်ရတော့မည် မသိ။

အငြိုးကြီးစွာရွာနေ မိုးနှင့်အတူ သူမ၏ရင်ထဲ လည်း ငြိုးမာန်ဖွဲ့ကာ အမုန်းမိုး များက ရွာနေဆဲဖြစ်၍ ဆိတ်ဆိတ် နေခဲ့မိတော့သည်။

● စာသသစ္စာဖြင့်



www.burmeseclassic.com

www.burmeseclassic.com

သရက်တန်း

# စိုးရွှေ ([illegible])

# ကျော့မှတ်ရည်လည်း မသုတ်နိုင် မြမျက်ရည်လည်း မဟုတ်နိုင်






www.burmeseclassic.com

www.burmeseclassic.com





**ကျမျက်ရည်လည်းမသုတ်နိုင်**
**မြမျက်ရည်လည်းမဟုတ်နိုင်**

**သရက်တန်းစိုးမြွေ**
**(မြစ်ငယ်)**

ကျမျက်ရည်တဲ့။ စိုစွတ်တဲ့ရေတစ်စက် မျက်ဝန်းထက်မှကျတော့ မျက်ရည်ပေါ့။ အဲဒီမျက်ရည်တစ်စက် ကျွန်တော့်မျက်ဝန်းထက်မှာ ဝဲခိုတတ်နေပြီ။ ဒီမျက်ရည်ရဲ့ ဒိုင်ယာရီဟာ လွမ်းတာ၊ ဆွေးတာ၊ ကြေကွဲတာ၊ နောက်ပြီး ချစ်ခဲ့မိလွန်း တာတွေ လှပစွာ သီတွဲလျက်ပေါ့။ ခံစားမှုမိုးတိမ်မှ ရွာကျလာသော ဒီမျက်ရည်၊ အဲဒီမျက်ရည်လည်း မသုတ်နိုင်၊ နောက်ပြီး မြမျက်ရည်လည်း မဟုတ်နိုင်ပါဘူးလေ။

ကာလရဲ့ခြေရင်းမှာ သက်ဆင်းခဲ့တဲ့ အပြုံအမှုစုရပေါင်းကို ဘဝဟုခေါ် ဆိုလျှင် သူနှင့်ကျွန်တော် စတွေ့ခဲ့တဲ့ ဘဝအစ ကာလ တစ်ခုက သမုဒ္ဒရာဝမ်းတစ်ထွာ အတွက်သာမက ဝမ်းပေါင်းများစွာ အတွက် တိုက်ပွဲဝင်ခဲ့တဲ့နေ့တွေပေါ့။ သူနဲ့ကျွန်တော့်ဘဝ မိုးနဲ့မြေလို ကွာခြားတယ်လို့တော့ မဆိုနိုင်ပါ။ တစ်မိုးအောက်တည်းမှာ တူညီစွာပညာ သင်ခွင့်ရခဲ့တဲ့ အတွက်ပေါ့။ ကွာဟသည့်အရာ တစ်ခုကတော့ သူက အလုပ်ရှင်ရဲ့ သမီးဖြစ်ပြီး ကျွန်တော်က သူတို့ရဲ့ အလုပ်သမားဘဝမို့ပင်။



အလုပ်ရှိရာဌာနမှာ အလုပ်သမားရှိတာ မဆန်းလှပါ။ ဆန်းသည်က ကျောင်းအားရက်တိုင်းမှာ အလုပ်လုပ်ခွင့်ပေးထားသည့် ကျေးဇူးတရားပင်။ ဤကျေးဇူးကြောင့် ပင်ဆင်းရဲသားမိသားစုတစ်စုရဲ့ ဘဝပြေလည်ရုံမျှ နေထိုင်နိုင်ခဲ့ခြင်းပေါ့လေ။ ဘာတွေဘယ်လိုဖြစ် နေနေ သူနဲ့ကျွန်တော်ရဲ့ရင်တွင်းမှာ ချစ်ခြင်းကိုမွေးဖွားပေးနိုင်သည့် ရင်ခုန်သံက တိုယ်စီ တိတ်တခိုး ပိုင်ဆိုင်ထား ကြပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ရှိရင်းစွဲမေတ္တာကို သိမ်ငယ်မှုနဲ့ ပေါင်းစပ်လိုက်တဲ့အခါ ရဲဝံ့ခြင်း မရှိသော အကြည့်နှင့် ရင်ခုန်ခြင်း အသိတို့ ဆက်ခါဆက်ခါ ခံစားရပေသည်။ ဒါသည်ပင် အချစ်လို့ ကျွန်တော် စတင်သိလိုက်မိပါသည်။ သို့ဆိုလျှင် ကျွန်တော် သူ့ကိုချစ်နေသည်က နေ့စဉ်နှင့်အမျှလို့ ဆိုနိုင်သလို ချစ်နေသည့်အကြောင်းကို ရင်ထဲတွင် တိတ်တခိုးပြောနေသည်က အကြိမ်ရာပေါင်းများစွာ ရှိခဲ့လေပြီ။ သို့ပေမယ့် ရင်ထဲမှ စကားသူ့နားနှင့်ကြားနိုင်အောင် ပြောပြဖို့ အခွင့်အရေးက ဘယ်သောအခါမှ ပေါ်လာနိုင်မည် မသိပါ။

ကျွန်တော် တိတ်တခိုးချစ်ရသောသူ၊ သို့မဟုတ် ကျွန်တော့်ရဲ့ ယမင်းသူကတော့ ကျွန်တော့်ကိုခင်မင်ပေသည်။ ယမင်းသူမိဘများက ကျွန်တော့်ကို ငွေရှင်းခါနီးတိုင်း ပြောဆိုသည့်စကားက "မင်းသူငယ်ချင်း ယမင်းသူဆီ သွားရှင်းလိုက်ပါ"ဟု သူငယ်ချင်းဟူသော စကားကို နာမ်စားအဖြစ် သုံးမြဲ ပြောမြဲ ခင်မင်ဆဲပေါ့လေ။

ခက်သည်က ကျွန်တော်ပင်။ ကျွန်တော့်ရဲ့အသိနှင့် နှလုံးသားကို ဖုံးထားသည်က အလုပ်သမားနှင့် အလုပ်ရှင်။ ယောကျ်ားတစ်ယောက်၏ ဖွဲ့ သတ္တိနှင့် မာနပင်။ ရွှေပင်နားမှ ရွှေကျေးမဖြစ်လိုပါ။ ရွှေပင်ကို ကိုယ်တိုင်ဖန်တီးချင်သူသာပင်။ ကျွန်တော့်ရင်ထဲက အချစ်ဆိုတဲ့ ဒြပ်မဲ့အရာကို နှုတ်မှဖွင့်မပြောနိုင်စေတဲ့ အကြောင်းအရာတွေက စကားပုံများနှင့် ပတ်ဝန်းကျင်ပင်။

"သားရေပေါ်အိပ်၊ သားရေနားစား"၊ "အနူလက်နှင့် ရွှေခွက်နှိုက်သူ"၊ "ဒီယုန်မြင်လို့ ဒီချုံထွင်သူ"၊ "ထဘီနားခိုစားသူ"ဆိုတဲ့ စကားပုံတွေပင်။ ကျွန်တော် ရွှေလက်နှင့် ရွှေခွက်သာနှိုက်နိုင်အောင် ကြိုးစားရမည်ပေါ့။

ရင်ထဲကခံစားချက်တို့ပေါက်ကွဲထွက်သည့်အချိန်မှာ တက္ကသိုလ် ဝင်တန်း တက်စဉ်ကာလပေါ့။ လှတာမြင်လျှင် ချစ်ချင်ကြသည်။ လူ့သဘာဝအရ ယမင်းသူကို ပိုးပန်းရင်း နောက်ပြောင်ကြသည့်သူကို တွေ့လျှင် ရင်တွင်းမှာ ဒေါသဖြစ်လျက် အခံရခက်တဲ့ဝေဒနာ အကြိမ်ကြိမ် အခါခါ ပေါ်ခဲ့ပြီလေ။ ကောက်ရိုးပုံကိုစောင့်သောအဖြစ် မဟုတ်ဘဲ အချစ်များဖြင့် ကာရံပေးထားချင်တာ ကျွန်တော့်ရဲ့ဆန္ဒပါ။ တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသလို ကျွန်တော့်ရင်တွင်းမှ ခံစားချက်နှင့် အပြုအမူကို ယမင်းသူ ကောင်းကောင်းသိနေကြောင်း သူ့အကြည့်က အဖြေပေးနေပြီလေ။ မြင်သာမြင်ရပေမယ့် ကြင်ခွင့်ရဖို့အတွက် အထပ်ထပ်အခါခါ ကြိုးစားရဦးမှာပါတကား။

တက္ကသိုလ်ဝင်တန်းမှာ ကြိုးစားခြင်းယန္တရားဖြင့် ပစ်ခတ်မှုကြောင့် ယမင်းသူရော ကျွန်တော်ပါ စာမေးပွဲအောင်ခဲ့ပါပြီး အဲဒီနှ



www.burmeseclassic.com

www.burmeseclassic.com



ကပေါ့။ ယမင်းသူ ကျွန်တော့်ကို ခေါ်ပြီး လက်ဆောင်တစ်ခုပေးအပ်ခဲ့သည်။ လက်ဆောင်၏အဓိပ္ပာယ်ကို ရှင်းပြရင်းက ကျွန်တော့်ဘဝတစ်သက်တာအတွက် အားမာန်ဖြည့်ပေးခဲ့တယ်လေ။

ယမင်းသူ ကျွန်တော့်ကိုပေးအပ်သည်က လှပသည့် ပစ်တိုင်းထောင်ရုပ်ကလေးပင်။ သူ့အရုပ်ကိုပေးရင်း လေးနက်စွာ ရှင်းပြပြောဆိုသည်က ဆယ်တန်းအောင်တဲ့အမှတ်တရပေါ့တဲ့။ ပစ်တိုင်းထောင်ဆိုတာ ပစ်လိုက်တိုင်းထောင်တတ်တဲ့ ဗမာ့သူရဲကောင်းအရုပ်တစ်ခုပင်။ ကန်ပါကျောက်ပါ မမှုပါဘဲနဲ့ ဒူးမထောက်တတ်တဲ့ အရုပ်တစ်ခုပဲ။ ခေါင်းမော့ရင်ကော့ပြီး လောကဓံကို အပြုံးမပျက် အန်တုရဲတဲ့သူတဲ့။ ပစ်တိုင်းထောင်လိုပဲ ကျွန်တော့်ကို ဖြစ်စေချင်ပါတယ်တဲ့။ ကျွန်တော် ယမင်းသူကို စူးစိုက်စွာဖြင့် ကြည့်မိလိုက်ပါသည်။ ကျေးဇူးတင်ခြင်း၊ ကတိပေးခြင်းတို့ ပါဝင်နေသော အကြည့်။ ပြီးတော့ ဘဝအတွက် အားမာန်တစ်ခုနှင့် ဆုံးဖြတ်ချက်တစ်ခု ရလိုက်ပြီပေါ့လေ။

လမ်းကြောင်းတစ်ခုမှာ ရည်ရွယ်ချက်နှင့် ပန်းတိုင်ဟာ အဓိကကျသည့်အရာမို့ လုပ်ငန်းနှင့်ပန်းတိုင်ကို ဘောင်ခတ် တစ်သမတ်တည်း ကြီးထွားရပြီလေ။ နွေအပူအတွင်းမှာ လေနုအေးဟာ အဖိုးတန်သလို ဘဝအခက်အခဲတွေကြားတွင် ယမင်းသူရဲ့ အားပေးစကားတို့က နိုးကြားတက်ကြွစွာဖြင့် အောင်မြင်မှုဆီသို့ ဆွဲခေါ်ခဲ့ပြီလေ။

♛♛♛♛♛

ကျွန်တော်က အလုပ်လုပ်ရင်း အဝေးသင်တက်ခဲ့ပေမယ့် ယမင်းသူက ဒေးတက်ခဲ့တယ်လေ။ လှပခမ်းနားပြီး သာယာလှသည့် ရတနာပုံတက္ကသိုလ်မှာပင်ဖြစ်၏။ တောင်သမန်အင်း၊ ဦးပိန်တံတားတို့နှင့် မျက်နှာချင်းဆိုင်လျက်သား အနာဂတ်ရင်ခွင်သို့ ဝင်ရောက်မည့် လူငယ်တို့ကို ကြည့်နေသယောင်ပင်။ တောင်သမန်အင်းပတ်လည် ကန်ပေါင်တွေဆီဝယ် လွတ်လပ်ခြင်းများစွာဖြင့် ပျော်ရွှင်နေသော ရတနာပုံသားတို့ပင်။ သာယာလှသည့် ရတနာပုံရင်ခွင်တွင် ကျွန်တော်တိတ်တခိုးချစ်ရသည့် ယမင်းသူကိုပင် စိတ်မချသလိုမျိုး ခံစားခဲ့ရလေပြီ။ မပိုင်သည့်ပန်း လှတင့်ဆန်းကို ခြွေဖမ်းယူမှာ စိုးရွံ့မိနေပေပြီ။ မျှော်လင့်ချက်ဟူသည် ဘဝတစ်ခုအတွက် အထောက်အပံ့ကြီးမားသော အားတစ်ခုဆိုလျှင် ကျွန်တော့်ရဲ့မျှော်လင့်ချက်ဖြစ်တဲ့ ယမင်းသူဟာ ကျွန်တော့်ရဲ့အားပဲဖြစ်မှာပေါ့လေ။

> အနာဂတ်ရင်ခွင်သို့
> ဝင်ရောက်မည့်လူငယ်တို့ကို
> ကြည့်နေသယောင်ပင်။
> တောင်သမန်အင်းပတ်လည်
> ကန်ပေါင်တွေဆီဝယ်
> လွတ်လပ်ခြင်းများစွာဖြင့်
> ပျော်ရွှင်နေသော
> ရတနာပုံသားတို့ပင်။
> သာယာလှသည့်
> ရတနာပုံရင်ခွင်တွင်......

ရင့်မှည့်သောအသီး ပေါက်ကွဲခြင်းနှင့် ပုပ်သိုးခြင်းသို့ ရောက်တတ်၏ဆိုတဲ့အတိုင်း ကျွန်တော့်ရင်ထဲမှအချစ် ဖွင့်လှစ်စေတဲ့ နေ့တစ်နေ့ပင်။

အဲဒီနေ့က ကျွန်တော် Assignment ရတနာပုံတက္ကသိုလ်သို့ သွားတင်သောနေ့ပင်။ [illegible]အစဉ်တွင် လွတ်လပ်ခြင်း ပျော်ရွှင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် တက္ကသိုလ်ရင်ခွင်၏ သားငယ် ပီပီ ပေါ့ပါးနေပြီပေါ့။ ယမင်းသူတို့ တက်သည့်အခန်း စိတ်ပညာဌာန (၁၂)သို့ ကျွန်တော်သွားခဲ့ပါပြီ။ ဦး တည်သောခြေလှမ်းတိုင်း ရည်ရွယ် ချက်ရှိမည်ဆိုလျှင် ကျွန်တော့်ခြေ လှမ်းတို့သည် ယမင်းသူထံပင် ဦး တည်နေမည်ပေါ့။

အထင်နှင့် အမြင်သည် ထာဝစဉ်မမှန်တတ်ပေ။ ယမင်းသူ စိတ်ပညာအခန်းတွင်မရှိပါ။ ကျွန် တော် ကျောင်းသူတစ်ဦးကို မေး ကြည့်လိုက်သည်။ Friend ကဖေး တွင် ရှိမည်ထင်တယ်တဲ့။

ကျွန်တော် Friend ကဖေးကို သွားခဲ့ပါသည်။ ပြည့်လျှံနေသော စားပွဲဝိုင်းတိုင်းကို လိုက်လံကြည့်ရှု မိပါသည်။ ယမင်းသူကို ကျွန်တော် တွေ့ပါပြီ။ ထို့အတူ ကျွန်တော့်ရင် ထဲတွင် အဏုမြူဗုံး အလုံးတစ်ရာ မက ဖောက်ခွဲခံလိုက်ရသလို ခံစား လိုက်ရပြီး ခန္ဓာကိုယ်အတွင်းမှ အကြောအားလုံး ဒေါသဖုံးလို့ တောင့်တင်းစေခဲ့ပြီလေ။

ကျောင်းသားတစ်ယောက်နှင့် ပြုံးရွှင်စွာ စကားပြောနေတဲ့ ယမင်း သူ။ ကြည်ဖြူသော မျက်လုံးတို့ ကိုယ်စီနဲ့တကား။

ကျွန်တော် ယမင်းသူတို့စားပွဲ ကို သွားခဲ့ပါပြီ။ ကျွန်တော့်ကိုမြင် သော ယမင်းသူက အူတူတူမျက်

**ထိုင်လေဆိုသည့်စကားသံ**
**ယမင်းသူထံမှမကြားရခင်**
**ငါနဲ့ခဏလိုက်ခဲ့ဦးဟု**
**ယမင်းသူကို ပြောလိုက်မိပါသည်။**
**ရည်းစားလူလု အူနုကျွဲခတ်တဲ့။**
**ရည်းစားမဟုတ် သေးသော**
**ယမင်းသူကို သူများနှင့်.....**



နှာထားနှင့် အံ့ဩနေပေသည်။

ထိုင်လေဆိုသည့်စကားသံ ယမင်းသူထံမှ မကြားရခင် "ငါနဲ့ ခဏလိုက်ခဲ့ဦး"ဟု ယမင်းသူကို ပြောလိုက်မိပါသည်။ ရည်းစားလူလု အူနုကျွဲခတ်တဲ့။ ရည်းစားမဟုတ် သေးသော ယမင်းသူကို သူများနှင့် တွေ့ကာရှိသေး ကျွန်တော့်ရဲ့အူနု သာမက ခန္ဓာကိုယ်အနှံ့ ဒဏ်ချက် ပြင်းစွာ ခံစားမိပြီလေ။

ယမင်းသူ ကျွန်တော်နှင့်လိုက် ခဲ့ပါသည်။ သူ၏အဖော်ဖြစ်သူမှာ Friend ကဖေးတွင် ထိုင်နေဆဲပင်။ ဒေါသစွမ်းအင်သည် ပတ်ဝန်းကျင် ကို ဂရုမထား၊ အတ္တများအတွက် သာ လုပ်ဆောင်ရဲတတ်၏။ သို့ သော် ဆင်ခြင်မှုမဲ့သောအသိ၊ မချို သော အမူနှင့် တွေ့သမျှလူကို လောင်ကျွမ်းစေပါတကား။

ယမင်းသူ ကျွန်တော့်နောက် သို့ လိုက်လာခဲ့သည်။ အံ့ဩသော စိတ်၊ ဝေဝါးသောသိလိုမှုတို့ဖြင့် လိုက်လာခဲ့သော ယမင်းသူက စကားစပြောလိုက်သည်။

"နင်ဘယ်ကလာတာလဲ"

ဒေါသလွှမ်းသောစိတ်မှာ နူရွ သောစကားတို့ မသီကုံးနိုင်ပါ။ ကျွန် တော် ဒေါသနှင့် ပြောချလိုက်၏။

"ငါ ကျောင်းကိုလာတာ၊ နင့် အခန်းထဲလည်း ဝင်ခဲ့သေးတယ်၊ နင်က Friend ကဖေးမှာ ကြည်နူး နေတာပေါ့လေ"

မချိုသာသော စကားတို့ကို ဒေါသနှင့်ရောကာ ပြောလိုက်မိပါ သည်။

ယမင်းသူက မချိုမချဉ်မျက် နှာဖြင့်.....

"ဒါများဟာယ် အဆန်းလုပ်လို့ ရတနာပုံရဲ့ရင်ခွင်ထဲမှာ Friend ကဖေးရယ်၊ မယ်ဇယ်တင်ရယ်၊

www.burmeseclassic.com

ဦးပိန်တံတားရယ်မှာ မထိုင်ဖူးသူ ခပ်ရှားရှားပါဟယ်၊ တစ်ခုတော့ရှိတယ်၊ အတွဲနဲ့ထိုင်တာ၊ တစ်ယောက်တည်းထိုင်တာ၊ သူငယ်ချင်းတွေနဲ့ထိုင်တာ၊ ဒါပဲကွာတယ်၊ ဒါပေမဲ့ဟာ ရတနာပုံကျောင်းသူဖြစ်တဲ့ငါလည်း Friend ကဖေးမှာ ရည်းစားနဲ့ထိုင်မိရင်လည်း ထိုင်မိမှာပေါ့"

ကျွန်တော်ဒေါသထွက်လာပါသည်။ မချိသောဝေဒနာ၏တွန်းအားက ချစ်စကားတို့ ထွက်ခဲ့မိလေသည်။

"နင်ဘယ်သူ့ကိုမှ မချစ်ရဘူး၊ ငါ နင့်ကို ငယ်ငယ်ကတည်းကချစ်လာတာ၊ ငါ့မှာ ချစ်ခွင့်ပန်နိုင်တဲ့အခွင့်အရေးမရှိသေးလို့ အိုဟာ.... ဘာပဲဖြစ်ဖြစ် နင့်ကိုငါချစ်တယ်၊ ငါ့ ကိုနင်ချစ်ရမယ်ဟာ"


ခပ်မာမာ၊ ခပ်ပြတ်ပြတ် အမိန့်သံထွက်နေသော ချစ်စကားက ဦးပိန်တံတားဝန်းကျင်ကို လွှမ်းမိုးစေခဲ့တယ်လေ။

♛♛♛♛♛

ယမင်းသူက ပြုံးစစဖြင့်.....

"နင့်ရည်းစားစကားက ကဗျာဆန်လှချည်လား၊ ဘယ်သူ့စာသားတွေ ကျက်ထားတာလဲ"

ကျွန်တော် အခုမှ သတိဝင်ခဲ့ပါပြီ။ ခပ်ရှက်ရှက်မျက်နှာဖြင့် လေပူတစ်ချက်မှုတ်၊ သက်ပြင်းတစ်ချက်ချရင်း ယမင်းသူကို ကြည့်နေမိပေသည်။



ယမင်းသူက နားလည်စွာပြုံးရင်း သူ့နောက်လိုက်ရန် ခေါ်ပြန်ပါသည်။ သူ့ခြေလှမ်းက Friend ကဖေးဆီ ဦးတည်နေလေသည်။ ဒီတစ်ခါ ဝေဝါးသောစိတ်ဖြင့် လိုက်ခဲ့ရသူက ကျွန်တော်ပင်။ Friend ကဖေးတွင် ယမင်းသူ၏အဖော်က ထိုင်နေဆဲပင်။ ကျွန်တော်တို့ကိုမြင်တော့ သူက ပြုံးပြသည်။ ယမင်းသူက ထိုခုံတွင်ပင် ထိုင်သည့်အတွက် ကျွန်တော်လည်း ထိုင်ခဲ့ရပေသည်။

မမျှော်လင့်သောအရာ၊ မထင်သောအလုပ်တစ်ခုကို ယမင်းသူ လုပ်ပြခဲ့ပေသည်။ သူ့အဖော်ဖြစ်သူနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးလေသည်။

"သူ့နာမည် နန်းမျိုးဝင်း၊ စိတ်ပညာက"

ကျွန်တော် သူ့ကိုပြုံးပြလိုက်ပါသည်။ တစ်ဖန် ယမင်းသူက နန်း မျိုးဝင်းဆိုသူကို ပြောလိုက်ပြန်သည်။

"နန်းမျိုးဝင်း၊ ဒါ ငါ့ချစ်သူပဲဟ၊ နင်နဲ့ငါနဲ့ကို အထင်လွဲနေတဲ့ သမုဒယဥမ္မတ္တကကြီးပေါ့"

လောကကြီးသည် လင်းကျင်းသွားသလိုဖြစ်သွား၏။ အံ့သြမှု ထိန်းမရတော့။ ဝမ်းသာမှု ဒီရေ

www.burmeseclassic.com



လိုတက်လာခဲ့ပြီလေ။ ခန္ဓာကိုယ်က မွန်းကျပ်သလို ခံစားရပြီး လက်သီး လက်မောင်းတန်းကာ ပြေးချင်နေမိပေသည်။ ဩော်.....အချစ်သည် ခွန်အားကြီးမားပေစွတကား။

နန်းမျိုးဝင်းဆိုသူက နားလည်စွာပြုံးပြရင်း အထင်မလွဲရန် ပြောနေပေသည်။

"နင်တို့ကြားမှာ ငါက ကားတွေကြားထဲ ဆိုက်ကား ကန့်လန့်ကန့်လန့်ဖြစ်နေပြီ၊ သွားစရာရှိတာ သွားကြလေ"

ထိုသို့ပြောရင်း နောက်ပြောင်နေပေသည်။ ကျွန်တော်နှင့်ယမင်းသူ နန်းမျိုးဝင်းကိုနှုတ်ဆက်ပြီး ဦးပိန်တံတားဘက်သို့ ထွက်လာခဲ့ကြလေသည်။ ယမင်းသူက ကျွန်တော့်ကို မှီတွဲလမ်းလျှောက်သလို ကျွန်တော်က ယမင်းသူလက်ကိုတွဲလျက်ပေါ့။

မွေးကာစကလေးငယ်ကို အငိုဘယ်သူသင်သနည်း၊ အချစ်စိတ်သည် ဘယ်ကပေါက်ဖွားသနည်း၊ အရက်တရားကို ဘယ်တန်ခိုးရှင်ဖန်ဆင်းခဲ့ပါသနည်း။ ဦးပိန်တံတား၏ အလယ်ဇရပ်ပေါ်တွင် ယမင်းသူက ကျွန်တော့်ရင်ခွင်သို့ မှီထားလေသည်။

ကမ္ဘာသည် လှပနေ၏။ မယ်ဒယ်ပွင့် ရနံ့သင်းနေ၏။ ငှက်မောင်နှံတို့ ပျော်မြူးနေ၏။ တောင်သမန်အင်းထဲတွင် ငှက်လှေစီးနေသော ကျောင်းသားနှင့် ညှို့သည်များ ကြည်နူးမှုတို့လွှမ်းနေ၏။

အချစ်များနှင့်ကမ္ဘာသည် ပီပြင်စွာရေးဖွဲ့ထားသော လက်ရာမြောက်ပန်းချီကားတစ်ချပ်ပင်ဖြစ်နေပါတော့သည်။

ကာလဟူသည် ဆွဲလို့မရ။ ပန်းတို့သည် ပွင့်မြဲကြွေ၏။ နေ့ရက်၊ လတို့က ပုံမှန်လမ်းလျှောက်ပြိုင်ပွဲလို စည်းကမ်းတကျသွားနေ၏။ ယမင်းသူနှင့်ကျွန်တော်ရဲ့အချစ်က သံမဏိကြိုးမျှင်မျှ ခိုင်မြဲပြီး မေတ္တာတရားက အလင်းနှစ်လိုကမ္ဘာကို အကြီးဆုံးအလျင်နှင့် စံချိန်ယူထားသလိုပေါ့။

အချစ်စစ်သည် ဖြောင့်ဖြူးသလော၊ ကွေ့ကောက်သလော။ ဘဝဆိုတဲ့တောထဲမှာ ကျွန်တော့်ချစ်သူကို ရွှေဘုံနန်းထက် ခန်းလျက် ပန်းမန်ကာရံ ကောင်းခြင်းများစွာဖြင့် ထားချင်သူပါလေး။

လူ့အသိုင်းအဝိုင်းတွင် စည်းစောင်နှင့် ပတ်ဝန်းကျင်သည် ကောင်းသလော၊ ကျွန်တော့်အတွက်တော့ မကောင်းနိုင်ပါ။ ချစ်ခြင်းပန်းနဲ့ ကမ္ဘာဖုံးအောင် ဖန်ဆောင်သယ်ယူသူက ပတ်ဝန်းကျင်လေ။ ကျွန်တော်နှင့် ယမင်းသူအကြောင်း ကောင်းကောင်းသတင်းပေးသည့် ပတ်ဝန်းကျင်ကြောင့် ယမင်းသူ မိဘများက အစမှအဆုံး အားလုံးကိုအလွတ်ရနေပေသည်။ နွားသည် ဦးချိုကိုအားကိုး၏၊ မိကျောင်းသည် အမြီးကိုအားထား၏။ သတ္တဝါနှင့်တကွ လူသားတိုင်း ပိုင်ဆိုင်ရာ၊ ကြီးမားရာဖြင့် တိုက်ပွဲဝင်ကြစမြဲပါလေ။

ငွေကြေးပြည့်စုံသည့် ယမင်းသူ၏မိဘတို့က အချက်ကျကျ ဗျူဟာဆင်နေလေပြီ။ ခြင်္သေ့သည် မြက်မစား၊ ငှက်များသည် မြေမလျှို၊ ခေါင်မိုးသည် အောက်မရောက်သင့်ဘူးတဲ့။ ရွေးဇာတ်၊ ရွေးထုံး၊ ရွေးအသုံးမှာသာ ဝတ္ထုဆန်ဆန်ဖွဲ့ပါစေ။ အခုနေ လက်တွေ့ဘဝမှာ သူတို့သမီး ယမင်းသူဟာ ဆင်းရဲသားအလုပ်သမားနှင့် ညားခြင်းကိုမလို။ အတင်းဆိုစရာကိစ္စကို ပိတ်နေအောင် ပိတ်မည်၊ ရအောင်တားမည်တဲ့။

တောင်တန်းကာဆီး မြင့်မြင့်ကြီးက ပြင်းစွလေကို မမှုပါတဲ့။ ကျွန်တော်နှင့်ယမင်းတို့၏ စစ်မှန်သောအချစ်က ဘယ်မျှခဲ့ခဲ့ မကွဲအမှန် တည်တံ့ရန်လို့ ခံယူထားကြပြီလေ။ ယမင်းသူက ကျွန်တော့်ကိုနားလည်၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ယမင်းသူကို အပြစ်မမြင်တတ်။ နားလည်ခြင်းနှင့် အပြစ်မမြင်ခြင်းတို့ ပူးပေါင်းပါက ကြီးမားသော အချစ်စွမ်းအင် ပေါ်ထွက်လာလိမ့်မည်ဟု နှစ်ဦးလုံး မျှော်လင့်ထားကြတယ်လေ။

''ကံ''ဆိုတာ အလုပ်မို့ အဟုတ်ကြိုးစားဖို့တော့လိုတာပေါ့လေ။ လိပ်၏သွားနှုန်းနှင့် ယုန်၏ သွားနှုန်း မတူညီနိုင်ပါ။ လေယာဉ်ပျံ၏ သွားနှုန်းနှင့် ကြိုလ်တု၏သွားနှုန်း မနှိုင်းသာပါ။ ဖြစ်ချင်တာနဲ့ ဖြစ်နေတာ တခြားစီမို့ လက်နဲ့တို့ ရုံနှင့် ပါလာနိုင်တဲ့ သဲတစ်ပွင့် ဆင်နဲ့ဆွဲသလို ဖြစ်နေပြီပေါ့လေ။

♛♛♛♛♛

လူနှင့်သတ္တဝါတိုင်း ကိုယ့်အလုပ် ကိုယ်လုပ်နေ၏။ ကျွန်တော် ကျောင်းပြီးသွား၏။ အလုပ်ကြိုးစား၏၊ နီးကြား၏၊ ယမင်းသူကိုချစ်၏။ ဒါ့အပြင် အမှန်ကိုနီးစပ်ချင်၊ လက်တွဲချင်ပါ၏။ ရွှေအိမ်ဆောက်ဖို့ ရွှေပန္နက်ရိုက်နေတဲ့ ကျွန်တော့်ကို ခဏကလေးရပ်ပြီး တနန်းထက်မှာ ယာယီလက်တွဲဖို့ အခြေအနေတစ်ခု ဖန်လာခဲ့ပါပြီ။

ယမင်းသူနှင့် ကျွန်တော့်ရဲ့ အချစ်တောင်ကို ပကာသနဒိုင်းနမိုက်နှင့်ခွဲဖြိုထင်ပါတယ်လေ။ ယမင်းသူ၏မိဘတွေက ယမင်းသူကို အထက်တန်းလွှာထဲက အင်ဂျင်နီယာတစ်ယောက်ဖြစ်တဲ့ ကိုသောင်းမြိုင်ဆိုသူနှင့် စေ့စပ်ပြီး လက်ထပ်ပေးမည်တဲ့။

ရာဇဝင်စာတော်ထဲမှာလို ကျွန်တော်နဲ့ ယမင်းသူဟာ သိပ်ချစ်ကြတဲ့ ကြိုးကြာမောင်နှံဆိုလျှင် ကိုသောင်းမြိုင်ဆိုသူက လေးပစ်သမား လုရမ်းကားပေါ့။

ယမင်းသူက ကျွန်တော့်ကို ပေးတဲ့ စာတစ်စောင်။ စေ့စပ်ခြင်းဆိုတဲ့ စည်းတောင်မခြားခင် တရားဝင်လက်မှတ်ထိုးနိုင်ဖို့ လိုတယ်တဲ့။ မနက်ဖြန်မနက်မှာ ကိုသောင်းမြိုင်ဆိုသူနှင့် စေ့စပ်ရမှာမို့ ဒီကနေ့ ဒီအချိန်ကစပြီး ၂၄ နာရီအတွင်းဟာ



ကျွန်တော်တို့ဘဝရဲ့ လုပ်ပိုင်ခွင့်၊ ကြိုးစားခွင့်ပဲတဲ့။

ကျွန်တော် သဘောပေါက်လိုက်ပါပြီ။ ကျွန်တော် ယမင်းသူကို ဒီကနေ့ ခိုးရမည်ပေါ့။ တစ်နည်းအားဖြင့် ချစ်သူကို ချစ်ခြင်းကမ္ဘာဆီလိုက်ခဲ့ဖို့ သွားခေါ်ရမည်ပေါ့။

♛♛♛♛♛

သတ္တိဟူသည် လက်ရှိအခက်အခဲကို ဖြေရှင်းရဲတဲ့ စွမ်းရည်ပဲလေ။ ကျွန်တော် ဒီကနေ့ည ယမင်းသူကို ခိုးဖို့ရန်အတွက် အချိန်းအချက်လုပ် နိုင်ခဲ့ပြီလေ။ ရွာထိပ်ကညောင်ပင်မှာ ထာဝစဉ်စောင့်နေမယ်လို့ပေါ့။ ပျော်၏၊ စိတ်လှုပ်ရှား၏။ ထို့အတူ အကြီးမားသော စိုးရိမ်ခြင်းတို့က ကျွန်တော့်ကို လွှမ်းမိုးနေပြီလေ။ သက်ပြင်းတစ်ချက်ချရင်း လက်နှစ်ဖက်ဦးတင်ကာ ဘုရားရှင်ထံ ဆုတောင်းမိလိုက်တာက ''ဒီကနေ့ည အဆင်ပြေပါစေဘုရား''လို့။

တောင်းသောဆုတို့ မပြည့်ခဲ့ပါ။ ကောင်းသောအမှုနှင့် ကျေးဇူးဟူသည် ထာဝရပေးဆပ်မကုန်နိုင်ပါ။ ဒီကနေ့၊ ဒီညမှ ဖြစ်ရသည်က ကျွန်တော့်အမေပင်။ ပေတာမိခင်

www.burmeseclassic.com




ကျေးဖူးရှင် ဂန္ဓဝင်မေမေ၊ ကောင်းကင်မေမေ၊ မြင်းမိုရ်မေမေ ဒီအမေကို ပိုးထိ(မြွေကိုက်)လိုက်ပေသည်။

အမေ၏အသက်၊ တစ်ဖက်က ချစ်သူ။ ကျွန်တော် အတူတူ လုပ်၍မရပါ။ အမေ့ကို ဆေးရုံပို့ရပါပြီ။ မြွေဆိပ်ဖြေဆေးအတွက် ကုသနေရပြီလေ။ တစ်ဖက်တွင်လည်း ချစ်သူ ရင်ပူစွာစောင့်နေပြီ ထင်ပါတယ်လေ။

ဆရာဝန်တို့၏အစွမ်းဖြင့် အမေသက်သာခဲ့ပါပြီ။ အချိန်သည်လည်း နံနက် ၄ နာရီခွဲနေပေပြီ။ ကျွန်တော် ရွာကိုခဏပြန်ကာ ချစ်သူမျှော်နေရာ ညောင်ပင်ဆီ အပြေးလာခဲ့ပါပြီ။

တွေ့ပါပြီ။ ကျွန်တော့် ချစ်သူ ယမင်းသူတော့ မဟုတ်။ ကျွန်တော့် အမည်နှင့် ယမင်းသူ အမည်ရေးထားသည့် ပစ်တိုင်းထောင် ရုပ်နှစ် ရုပ်ပင်။ ကျွန်တော် ပစ်တိုင်းထောင်ရုပ်ကို ကောက်ယူကာ ယမင်းသူတို့အိမ်သို့ အပြေးလာခဲ့ပါပြီ။ ရှုပ် ထွေးနေသော အသံ၊ များပြားသော လူတွေ။ ယမင်းသူ သေပြီတဲ့။

ယမင်းသူ ဘဝကို အရှုံးပေးသွားခဲ့ လေပြီ။ ကျွန်တော့် နားဝမှာ ပူလောင် သွား၏။ ခန္ဓာကိုယ်တို့ ခွေယိုင်ကျသွား၏။ လှိုက်ဖိုမှု၊ ငိုကြွေးမှုတို့ ပြိုင်တူထွက်မလာ။ ဆို့ကာဆို့ကာဖြင့် နားထဲတွင် ပဲ့တင်ထပ်နေသည့် အသံက ယမင်းသူသေပြီ၊ ယမင်းသူ သေပြီတဲ့.....



ကျွန်တော့်ချစ်သူ ယမင်းသူ ကျွန်တော်နှင့် လောကကြီးကို ထာဝရ စွန့်ခွာသွားပြီပေါ့။ သူ့စိတ်၊ သူ့အတွေးမှာ ကျွန်တော်ဟာလေ တာဝန်မဲ့တဲ့ လူတစ်ယောက်လို့ မှတ်သွားခဲ့ပြီပေါ့။ ကျွန်တော့်ချစ်သူ ယမင်းသူက လောကကို ဂရုမပြုတော့။ ငြိမ်သက်နေ၏။

အချစ်နှင့် သစ္စာအတွက် အသက်ကို သက်သေပြခဲ့၏။ လောကသည် အကျည်းတန်နေ၏။ နေသည်ပူလွန်း၏။ ငှက်သံသည် နားငြီးဖွယ်ရာ။ လူဟူသမျှ ကျွန်တော့်နားမှာ မနေကြပါနှင့်။

ဆို့နင့်နင့်အသံနဲ့ ကျွန် တော် ငိုနေဆဲပဲ။ ငိုနေဦးမှာပဲ။ ကြေကွဲနေဦးမှာပဲ။ ယမင်းသူရဲ့ ဝိညာဉ် ကျွန်တော့်ဘေး မှာဟု ထင်နေမိ၏။ ကျွန် တော့်ကို သူခွင့်မလွှတ်ပါဘူး လေ။ ခွင့်လည်းမလွှတ်ပါ နှင့်လေ။

အခု ကျွန်တော့်မျက်ရည်တွေ မျက်ဝန်းထဲမှာအပြည့်။ ပါးပြင်ပေါ်လျှံကျ မြင်မြင်သမျှ ဝေဝါးနေပြီလေ။ ဒီမျက်ရည်၊ ယမင်းသူအတွက် မျက်ရည်။ ကျွန်တော့်ချစ် သူအတွက် မျက်ရည်၊ ကျွန်တော့် အပြစ်ကို သက်သေပြတဲ့ မျက်ရည်။

အဲဒီမျက်ရည်တွေ ကျွန်တော် ဘယ်တော့မှမသုတ်ဘူး။ ကျမျက်ရည်တွေ ကျကြစမ်းပါ။

ကျွန်တော်လေ “ကျမျက်ရည်လည်းမသုတ်နိုင်ပါ။ ထို့အတူ မြမျက်ရည်လည်း မဟုတ်နိုင်ပါဘူးလေ”။

**သရက်တန်းစိုးရွှေ**

**(မြစ်ငယ်)**



www.burmeseclassic.com

www.burmeseclassic.com





# အကျွန်သည့် သူခိုး
# သူခိုးအပေါက်ကျွံကျခဲ့မှုကြောင့်ဖမ်းဆီးရမိမှု

တရုတ်နိုင်ငံ၊ ချန်ဒူးမြို့တွင်နေ အိမ်တစ်လုံးသို့ အသက်(၃၅)နှစ်အရွယ် ယီဖူဆိုသော သူခိုးတစ် ယောက်က ဖောက်ထွင်းဝင်ရောက်ပြီး အပေါက်ကျွံကျမှုကြောင့် ပြန်မထွက်နိုင်ဘဲ ဖမ်းဆီးခြင်းခံခဲ့ရသည်။

ယီဖူသည် ကိုယ်အလေးချိန် ၂၆၆ ပေါင်ရှိပြီး ခါးတစ်ချောင်းကိုင်ကာ ဖောက်ထွင်းကိရိယာများဖြင့် နေအိမ်တွင်းသို့ ဝင်ရောက်ခဲ့သည်။ ယီဖူသည် အသုံးမပြုတော့သော ခါတ်လှေကားမှ အိမ်ခေါင်မိုးပေါ်သို့တက်ရန် ကြိုးစားသော်လည်း ခါတ်လှေကားအပေါက်ဝတွင် ခြေကျွံကျသွားခဲ့သည်။

ကိုယ်အလေးချိန် များလွန်းသောကြောင့် ခြေထောက်ကို ဆွဲထုတ်၍မရဘဲ တစ်ညလုံးငိုကြွေးနေခဲ့သည်။ နံနက်မိုးလင်း၍ အိမ်ရှင်မှ ငိုသံကြားပြီး ယီဖူ၏အဖြစ်ကို မြင်တွေ့ကာ ရဲများထံ အကြောင်းကြားပြီး ကယ်တင်ခဲ့ရသည်။ ကယ်ဆယ်ရေးအဖွဲ့၏ ကယ်ဆယ်မှုကြောင့် ယီဖူမှာ အပေါက်ကျွံမှုမှ လွတ်မြောက်ခဲ့ပြီး ယီဖူအား ကိုယ်အလေးချိန်လျှော့ချရန် စနောက်ခဲ့သည်။

**ဆောင်းဖော**

Ref: China Crime News

29-6-2014



www.burmeseclassic.com

www.burmeseclassic.com






အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့၊ Wadala,Bhakti Park တွင် တည်ရှိသော ရေကူးကန်သည် လူအများ၏ အမြင်အာရုံကို ပုံမှန်ထက်ဆန်းသစ်အောင် ဖန်တီးထားသည်။ နယူးယောက်မြို့ကို ကောင်းကင်ယံမှ ဓာတ်ပုံရိုက်ကူးထားပြီး ရေကူးကန်ကြမ်းပြင်တွင် ပုံရိပ်ကိုရေးဆွဲထားသည်။

ထိုသို့ပြုလုပ်ရခြင်းမှာ ကမ္ဘာကြီးပူနွေးလာကာ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုတို့ကြောင့် နောင်နှစ်ပေါင်းများစွာ ကြာမြင့်လာသောအခါ ကမ္ဘာပေါ်ရှိမြို့များမှာ ပင်လယ်ရေအောက်သို့ ရောက်သွားမည်ကို ပုံဖော်ရေးဆွဲထားခြင်းဖြစ်သည်။

**ဆောင်းဟေမန်**

Ref: World interesting News;6-7-2014



www.burmeseclassic.com

www.burmeseclassic.com



# Musk Ox ဟုခေါ်သည့် ကျွဲရိုင်း

Musk Ox ဟုခေါ်သည့် နွားသိုး၊ နွားရိုင်း၊ ကျွဲရိုင်းသည် ထူပြောလှသော အမွေးအမှင်များရှိပြီး ကနေဒါနှင့် ဗြိတိန်နိုင်ငံ တောင်ပိုင်းဒေသများတွင် ရှင်သန်ပေါက်ဖွားကြသည်။

အရွယ်အစားမှာ ၄ပေမှ ၅ပေအထိ ရှည်လျားပြီး ပေါင် ၉၀၀ အထိ အလေးချိန်ရှိသည်။ အပူဒဏ်၊ အအေးဒဏ်တို့ကို ခံနိုင်ရည်ရှိပြီး အထီးမှာ အမွေးအမှင် ပိုမိုထူထပ်သည်။ ၎င်းကျွဲရိုင်းများ၏ ကောင်ရေမှာ အမဲလိုက်ခြင်းနှင့် ကျွဲရိုင်းသတ်ပွဲတို့ကြောင့် အကောင်အရေအတွက် နည်းပါးလာကြောင်း သိရသည်။ မွေးကင်းစ အကောင်ငယ်ပုံကို ပုံတွင်ဖော်ပြထားသည့်အတိုင်း တွေ့မြင်ရသည်။

**ဆောင်းဟေမန်**


Ref: World interesting News

2-7-2014



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

### ခေါက်ဆွဲတောင်းစားတာမပေးလို့

# ရင်ခွဲသတ်ခဲ့တဲ့လူသတ်မှု

## တရုတ်နိုင်ငံမှာဖြစ်ပွားခဲ့

တရုတ်နိုင်ငံ၊ တူဘီကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရှီဖူအရပ်တွင် အသက် ၂၉ နှစ်အရွယ် ဘိုတန်ဆိုသူက ခေါက်ဆွဲတောင်းစားရာမှ အခြေအတင် စကားများရန်ဖြစ်စဉ် ဘိုတန်က ဒေါသမထိန်းနိုင်ဘဲ သူ့အားခေါက်ဆွဲမကျွေးသူကို လူမြင်ကွင်းတွင် ဓားဖြင့်ရင်ဘတ်ကိုခွဲကာ နှလုံးကိုဆွဲထုတ် သတ်ဖြတ်ခဲ့သည်။

သေဆုံးသူမှာ အသက်(၄၉) နှစ်အရွယ် ဂူလယိုဖြစ်၍ စားလက်စ ခေါက်ဆွဲကို တောင်းခံသူဘိုတန် အားပေးရန် ငြင်းဆန်ခဲ့သဖြင့် သူတို့နှစ်ဦး အပြန်အလှန်စကားများ ရန်ဖြစ်ကြစဉ် ဘိုတန်က ဒေါသအလျောက် အနားတွင်ရှိသောဓား ကိုယူကာ အရက်စက်ဆုံးလူသတ်မှု ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဆို၏။

ရဲများ အခင်းဖြစ်နေရာသို့ရောက်ရှိလာချိန်တွင် ဘိုတန်မှာပြန်လည်ခုခံခြင်းမရှိဘဲ အဖမ်းခံခဲ့သည်။ ဒေသခံပြည်သူများက ယခုကဲ့သို့ ရက်စက်သည့်ဖြစ်မှုများ ထပ်မံကျူးလွန်ခြင်းမရှိစေရန် လုံခြုံရေးတိုးမြှင့်ပေးရန် တောင်းဆိုနေကြသည်။

**ဆောင်းဟေမန်**

Ref: China Crime News

29-6-2014

www.burmeseclassic.com



# စကော့တလန်မှ အရက်ကြောင်နေသူ အမျိုးသားတစ်ဦးရဲ့ ထိတ်လန့်ဖွယ် အပြုအမူ

စကော့တလန်တွင် အမျိုးသားတစ်ဦးက အရက်အလွန်အကျွံသောက်ထားပြီး အရက်ကြောင် ကြောင်၍ ပြုမူခဲ့သည့်လုပ်ရပ်သည် အမျိုးသမီးနှစ်ဦးအား လွန်စွာမှ အထိတ်တလန့်ဖြစ်စေခဲ့သည်။

စကော့တလန်၊ ပီစလေတွင် နေထိုင်သော အသက် ၄၄ နှစ်အရွယ် မားရစ်ရော်ဂျစ်သည် အမျိုးသမီးနှစ်ဦးနေထိုင်သည့် နေအိမ်အပြင်ဘက်ရှိ စာတိုက်ပုံးအထဲသို့ စာအိတ်အတွင်းထည့်ထားသည့် သူ၏ငယ်ပါကို အပေါက်ထဲသို့ မရမက အတင်းသွတ်သွင်းနေခဲ့သည်ဆို၏။

မားရစ်အနေဖြင့် လူမြင်ကွင်း၌ ထိုကဲ့သို့ မဖွယ်မရာ ပြုလုပ်ခဲ့ခြင်းအပေါ် အမျိုးသမီးနှစ်ဦးမှာ ထိတ်လန့်တုန်လှုပ်ခဲ့သည်။ မားရစ်ကလည်း အပြစ်ရှိကြောင်း ဝန်ခံခဲ့သည့်အတွက် ဥပဒေအရ အရေးယူခံရမည်ဖြစ်သည်။

**ဆောင်းဟေမန်**

Ref: World Crime News

6-7-2014



www.burmeseclassic.com

www.burmeseclassic.com



# တာမွေ(၁၄၉)လမ်းအတွင်း ဆိုင်ကယ်စီး ဒုစရိုက်သမားက ငွေကျပ်(၁၃)သိန်းပါအိတ်ကိုလုယူထွက်ပြေးသွားခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ပျားရည်ကုန်း ရပ်ကွက်၊ (၁၄၉)လမ်းတွင် ဈေးဝယ်ပြီး လမ်းလျှောက်ပြန်လာသော အမျိုးသားတစ်ဦး၏ ချိုင်းကြားတွင် ညှပ်ထားသည့် လက်ကိုင်အိတ်အား ဆိုင်ကယ် စီးနင်းလာသူနှစ်ဦး အနက် အနောက်မှထိုင်စီး သူက လုယူ ထွက်ပြေးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၅-၇-၂၀၁၄ ရက်နေ့ ည၇နာရီ၃၀မိနစ် အချိန်က ဦးတင့်ထွေး(၄၈နှစ်) (အထည်ရောင်း)၊ မြိုင်သာယာရပ်ကွက်၊ မော်လမြိုင်မြို့ နယ်နေသူသည် တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်းမရှိ ကုန်တိုက်မှ သူငယ်ချင်းဖြစ်သူနှင့်အတူ ဈေးဝယ်ပြီး နေထိုင်ရာအိမ်သို့ လမ်းလျှောက်၍ပြန်လာခဲ့ သည် ဆို၏။

ထိုသို့ ပြန်လာခဲ့ရာ တာမွေမြို့နယ်၊ ပျားရည်ကုန်း ရပ်ကွက်၊ (၁၄၉)လမ်းအတွင်း လမ်းလျှောက်လျက်ဝင်လာစဉ် မော်တော်ဆိုင်ကယ်သံကြားရ၍ လမ်းဘေးသို့ရှောင်တိမ်းပေးစဉ် ဆိုင်ကယ်စီးနင်းသူ အမျိုးသား နှစ်ဦးအနက် နောက်မှ ထိုင်စီး သူ တစ်ဦးက ဦးတင့်ထွေး၏ ဘယ်ဘက်ချိုင်းကြားအတွင်း ညှပ်ထားသော စုစုပေါင်း တန်ဖိုးငွေကျပ်(၁၃) သိန်းထည့်ထားသည့် အလျားရှစ်လက်မ ခန့်၊ အနံ သုံးလက်မခန့်ရှိ အနက်ရောင် လက်ကိုင် အိတ် အား လုယူပြီး ဆိုင်ကယ်ကို အရှိန်မြှင့်တင် မောင်းနှင်၍ ထွက်ပြေးသွားခဲ့၏။

ဦးတင့်ဆွေက တာမွေ မြို့မရဲစခန်းသို့ သွားရောက်၍ ယာဉ်အမှတ်၊အရောင်(မမှတ်မိ) ဆိုင်ကယ်စီးနင်းသူ အမည်မသိ အမျိုးသားနှစ်ဦးအား စုံစမ်း အရေးယူ ပေးရန် တရားလိုပြု လုပ်၍ တိုင်တန်းခဲ့၏။

ဖြစ်စဉ်နှင့်ပတ်သက်၍ တာမွေမြို့မရဲစခန်းက (ပ) ၃၅၁/၂၀၁၄၊ ပြစ်မှုပုဒ်မ၃၈၂ ဖြင့် အမှုဖွင့်ပြီး အမှုစစ် ဒုရဲအုပ် ရန်မင်းလွင်က ဖမ်းဆီးရမိရေး စုံစမ်း ဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိသည်။

BURMESE CLASSIC

# ရည်းစားစကား ပြောတာ လက်မခံလို့ ပါးနမ်းပြီး ထွက်ပြေးခဲ့သူ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်အတွင်း ကြက်ခြံတွင် သန့်ရှင်းရေးလုပ်ကိုင်သူ အမျိုးသမီးငယ်တစ်ဦး အား ကြက်ခြံလုပ်သားအမျိုးသားက ရည်းစားစကားပြောဆိုသည်ကို လက်မခံသည့်အတွက် အမျိုးသမီးငယ်၏ပါးအား နမ်း၍ထွက်ပြေးပြီး ကာယိန္ဒြေ ပျက်စီးအောင်ပြုမှုခဲ့ကြောင်း သတင်းရရှိခဲ့သည်။

ဖြစ်စဉ်မှာ ၂၉-၆-၂၀၁၄ ရက်နေ့ ညနေ၄နာရီအချိန်၌ မ----(၁၆နှစ်)၊ ကြက်ခြံ သန့်ရှင်းရေး၊ တွံတေးမြို့နယ် နေသူသည် ကြက်ခြံတွင် သန့်ရှင်းရေး အလုပ်လုပ်ကိုင် ဆောင်ရွက်နေခဲ့သည် ဆို၏။

ထိုစဉ် အထွန်း(ခ)ဖိုးကဲ (၂၃နှစ်)၊ ကြက်ခြံလုပ်သား၊ တွံတေးမြို့နယ်နေသူမှာ ကြက်ခြံပေါ်သို့ရောက်ရှိလာပြီး မ---၏လက်အား ဆွဲ၍ ချစ်ကြိုက်ကြောင်း ရည်းစားစကားပြောခဲ့သည်။

မ---က လက်မခံဘဲ လက်ကို ပုတ်ထုတ်ခဲ့ရာ အထွန်း(ခ)ဖိုးကဲက အတင်းဆွဲ ဖက်၍ မ----၏ ဝဲဘက်ပါးကို နမ်းကာ ထွက်ပြေးသွားခဲ့သည်ဆို၏။

မ----က တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ တွံတေးမြို့မရဲစခန်း(ပ)၂၅၁/၂၀၁၄၊ ပြစ်မှုပုဒ်မ၃၅၄ဖြင့် အမှုဖွင့်ပြီး အမှုစစ် ရဲအုပ်သောင်းရွှေက ပြစ်မှုကျူးလွန်သူ အထွန်း(ခ) ဖိုးကဲအား ဖမ်းဆီးရမိရေးစုံစမ်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## ၁၄နှစ်အရွယ် သမီးကို မိခင်ရင်းက ကုန်သည်တစ်ဦးနဲ့

# အကြိမ်ကြိမ်ပြည့်တန်ဆာလုပ်ခိုင်းခဲ့လို့

# ရပ်/ကျေးအမျိုးသမီးရေးရာဥက္ကဋ္ဌကအမှုရေးဖွင့်ခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ရွှေနံ့သာကျေးရွာအုပ်စုတွင် မိခင်ဖြစ်သူက အသက်(၁၄)နှစ်အရွယ် သမီးဖြစ်သူအား အသက်(၄၅)နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် အကြိမ်ကြိမ် ကာမဆက်ဆံမှုပြုလုပ်စေခဲ့ရာ အမျိုးသမီးငယ်၏အင်္ဂါတွင် ဒဏ်ရာအနာတရဖြစ်စေခဲ့မှုကို ရွှေနံ့သာကျေးရွာ အုပ်စု၊ အမျိုးသမီးရေးရာ ဥက္ကဋ္ဌက မိခင်နှင့်အတူ ထို အမျိုးသာအား အမှုဖွင့်အရေး ယူခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ၆-၇-၂၀၁၄ ရက်နေ့ ညနေ၃နာရီအချိန်က မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြ ကျေးရွာအုပ်စု၊ ပေါင်းငူညဏရပ်ကွက်ကျေးရွာခွဲ တာဝန်ခံရာအိမ်မှူးဦးမြင့်ဆွေက ရပ်ကွက်အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်ရင်ရင်မာအား အမျိုးသမီးကိစ္စရှိ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်ရန် အကြောင်းကြားသဖြင့် သွားရောက်ခဲ့သည် ဆို၏။

ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိသောအခါ ဒေါ်မိုးမိုးခိုင်(၃၂နှစ်)(ဈေး ရောင်း)၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ထောက်ကြန့်၊ မင်္ဂလာဒုံ မြို့နယ်နေ သူ၏သမီး မ---(၁၄နှစ်)အား တွေ့ရှိရ၍ မေးမြန်းခဲ့သည် ဆို၏။

မ---က ၎င်း၏မိခင်ဒေါ်မိုးမိုးခိုင်မှ အရုပ်ရောင်းချရန်အတွက် အရုပ်သွားဝယ်မည်ဟု ပြောဆိုကာ ၂၅-၆-၂၀၁၄ရက်နေ့ ညနေ၆နာရီ ၃၀မိနစ်အချိန်က အတူသွားရောက်ခဲ့ကြပြီး မြောက်ဥက္ကလာပမြို့ နယ်၊ (၆)ကွေ့အနီးရှိ လက်ဖက်ရည်ဆိုင်တွင် မောင်စိုး(ခ)တင်မောင်စိုး(၄၅နှစ်)၊ အရောင်းအဝယ်၊ ပေါင်းငူညဏကျေးရွာ၊ ဒေါ်ငိုတံတားအနီး၊ ရွှေနံ့သာ ကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်နေသူထံ ထည့်ပေးလိုက်သည် ဆို၏။

မောင်စိုး(ခ)တင်မောင်စိုးက အနီးရှိ နှစ်ထပ်တိုက်၊ အမည်မသိ တည်းခိုခန်းသို့ ခေါ်ဆောင်သွားပြီး သားမယားအဖြစ် ပြုကျင့်ခဲ့သည်ဆို၏။

၂၇-၆-၂၀၁၄ရက်နေ့ ညနေ၃နာရီအချိန်တွင် မ---၏မိခင်ဖြစ်သူက မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံသို့ အကြွေးတောင်းစရာရှိသည်ဟု ပြောဆိုခေါ်ဆောင်သွားပြီး လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင် ထားခဲ့သည် ဆို၏။

ထိုစဉ် မောင်စိုး(ခ)တင် မောင်စိုး ရောက်ရှိလာပြီး တည်း ခိုခန်းတစ်ခုသို့ ထပ်မံခေါ်ဆောင်ကာ သားမယားအဖြစ် ပြုကျင့်ခဲ့သည် ဆို၏။ ၂၉-၆-၂၀၁၄ရက်နေ့ ညနေ ၆နာရီအချိန်တွင် မိခင်ဖြစ်သူက စားသောက်ဆိုင်သွား မည်ဟု ခေါ်ဆောင်သွားပြီး ခေါက်ဆွဲ ကြော်စားနေစဉ် မောင်စိုး(ခ)တင်မောင်စိုးမှ ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး မ---တို့ သားအမိအား ဆိုင်ကယ်ဖြင့် တင်ဆောင်သွားခဲ့၏။ မင်္ဂလာဒုံမြို့နယ်၊ သယ်နီးကျွန်းကျေးရွာ၊ ညောင်ပင်မှတ်တိုင်အနီးရှိ တည်းခိုခန်းသို့ ခေါ်ဆောင်သွားပြီးနောက် ထပ်မံ၍ သားမယားအဖြစ် ပြုကျင့်ရာ မ---၏အင်္ဂါစပ်မှာ ကွဲပြဲသွားသည့် ဒဏ်ရာရရှိခဲ့ကြောင်း ပြောပြခဲ့သည် ဆို၏။

မောင်စိုး(ခ)တင်မောင်စိုးနှင့် မမိုးမိုးခိုင်တို့အပေါ် အရေးယူပေးရန် ရပ်/ကျေး အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်ရင်ရင်မာက တရားလိုပြုလုပ်တိုင်တန်း၍ မင်္ဂလာဒုံမြို့မရဲစခန်းက (ပ) ၂၈၂/၂၀၁၄၊ ပြစ်မှု ပုဒ်မ ၃၇၆/၃၇၂ဖြင့် အမှုဖွင့်ပြီး အမှုစစ် ဒုရဲမှူးဝင်းမြင့်က မိခင်ရင်းဖြစ်သူနှင့် အဓမ္မပြုကျင့်သူတို့ကို ဖမ်းဆီးစစ်ဆေးလျက် ရှိကြောင်း သတင်းရရှိသည်။

**လင်းဦး(လှည်းတူး)**

www.burmeseclassic.com



# (၇) ရက်သားသမီး တစ်လတာကံကြမ္မာ

## တနင်္ဂနွေ

ယခုကာလသည် ဘာပဲလုပ်လုပ် နောက်မဆုတ်နှင့်၊ ဘာပဲကြုံကြုံ ရှေ့သို့ရောက်အောင်ကြံပါ။ မဟုတ်မခံစိတ်လျှော့ပါ။ မာန်မာန ဒေါသသည် မည်သည့်အခါမှ ကောင်းကျိုးမပေးဘူးဟု သင်မှတ်ထားပါလေ။ ဝင်ငွေထွက်ငွေမမျှဖြစ်နေသည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေး ညှံ့နေမည်။

**ကံကောင်းအရောင်။** ။ မရမ်း၊ ခရမ်းရောင်ထဲမှာ အဖြူပန်းပွင့်ပါသောအရောင်။
**ကံညံ့အရောင်။** ။ နီ၊ ဝါ၊ ပြာ၊ စိမ်း ရောယှက်ရောင်အားလုံးရှောင်ပါ။
**အချစ်ရေး။** ။ အချစ်ရေးကံကောင်းသည်။ လက်ထပ်ကိန်းမြင်သည်။
**အိမ်ထောင်ရေး။** ။ ထာဝရလက်တွဲပြီး သက်ဆုံးတိုင် ချစ်ရတတ်သည်။
**ထီထိုးရန်။** ။ (က) ၇-၂၊ (ခ) ၅-၄၊ (ဂ) ၈-၁။
**ယတြာ။** ။ မွေးနံထောင့်တွင် သကြားဆွဲမိန်၊ ပျားရည်ဆွမ်း ကပ်လှူပေးပါ။

## တနင်္လာ

ယခုကာလသည် ပညာသင်များ စာမေးပွဲကို ထိပ်ဆုံးအဆင့်မှအောင်မည်။ လူမှုရေးသင့်ပါသည်။ ဆရာ့ကျေးဇူး ကျေအောင်ဆပ်ပါ။ အိုးအိမ်၊ သံထည်၊ သွပ်၊ အလှအပဆိုင်ရာ မိတ်ကပ်သင်တန်း စသည်တို့ မိမိဘဝတွင် အကျိုးပေးမှုရှိပြီး ဝင်လာမစဲ တသဲသဲဖြစ်မည်။

**ကံကောင်းအရောင်။** ။ ကာကီရောင်၊ မိုးပြာရောင်ဝမ်းဆက် ဝတ်ဆင်ပါ။
**ကံညံ့အရောင်။** ။ မိုးအုံ့ရောင်၊ နှံ့သာရောင် ရှောင်ပါ။
**အချစ်ရေး။** ။ လမ်းခွဲလေးက နှုတ်ဆက်သွားတတ်သည်။ လွမ်းနေရဦးမည်။
**အိမ်ထောင်ရေး။** ။ လင်မယားနှစ်ဦး သဘော၊ လေ အပျော်စီး ခရီးသွားရမည်။
**ထီထိုးရန်။** ။ (င) ၆-၂၊ (စ) ၆-၄၊ (ဆ) ၆-၇။
**ယတြာ။** ။ အိမ်ဘုရားတွင် ရွှေပန်းခိုင်၊ ငွေပန်းခိုင် သုံးခိုင်စီ လှူပေးပါ။

## အင်္ဂါ

ယခုကာလသည် သူတစ်ပါးကိစ္စ ဝင်ရောက်စွက်ဖက်မှုကြောင့် မိမိကို သံသယမျက်လုံးများနှင့် လူအပေါင်းက အထင်အမြင်လွဲမှားတတ်သည်။ ဘာမဟုတ်သည့် ကိစ္စသေးသေးလေးမှ အကြီးကြီးဖြစ်မည်။ အဖမ်းအဆီးခံရမည်။ သတိထားပါ။

**ကံကောင်းအရောင်။** ။ ဖက်ဖူးရောင်၊ နီပြာစိမ်း ရောယှက်အားလုံးဝတ်ဆင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



**ကံညွှန်းအရောင်။** ။ အဝါထဲမှာ အနက်ကွက်ကျဲရောင် ရှောင်ပါ။
**အချစ်ရေး။** ။ ဝါဝင်ပြီးဖြစ်ပေမယ့် လူပျိုကြီးဘဝပဲကောင်းပါသည်။
**အိမ်ထောင်ရေး။** ။ လင်မယားနှစ်ဦး မကြာခဏ ရန်ဖြစ်နေတတ်သည်။
**ထီထိုးရန်။** ။ (တ) ၅–၆၊ (ထ) ၅–၇၊ (ဒ) ၅–၉။
**ယတြာ။** ။ မွေးနံ့ထောင့်တွင် ဆွမ်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပေးပါ။

**ရာဟု**

ယခုကာလသည် အကြံထူး၊ ဉာဏ်ထူးများပေါ်လာပြီး တီထွင်ကြံဆ နည်းလမ်းရဆိုသလို မိမိထုတ်လုပ်မည့် ဒီဇိုင်းပညာ၊ ပန်းအလှစိုက်ပညာ၊ ဆံပင်မိတ်ကပ်ပညာတို့နှင့် တစ်သက်တာ ထမင်းစားရလောက်အောင် ရွှေ၊ ငွေ၊ စိန်၊ နေကြာတို့ ဝင်လာလိမ့်မည်။

**ကံကောင်းအရောင်။** ။ စိမ်း၊ နီ၊ ဝါ ရောယှက်ရောင်ထဲတွင် မိုးပြာသံဆန်ခါကွက်။
**ကံညွှန်းအရောင်။** ။ ဆီးရောင်၊ အရိုပ်ပန်းပါသောအရောင် ရှောင်ပါ။
**အချစ်ရေး။** ။ ချစ်ရေးဆိုထားလျှင် သေချာပြီမှတ်လိုက်ပါ။
**အိမ်ထောင်ရေး။** ။ လင်မယားနှစ်ဦး စိတ်တူကိုယ်တူ ကြည်ဖြူနေမည်။
**ထီထိုးရန်။** ။ (ယ) ၃–၅၊ (ရ) ၃–၉၊ (လ) ၃–၇။
**ယတြာ။** ။ အိမ်ဘုရားတွင် ဟာလဝါ၊ ကောက်ညှင်းပေါင်း ကပ်လှူပါ။

**ကြာသပတေး**

ယခုကာလသည် ဘာပဲလုပ်လုပ် ရန်ဘက်၊ ပြိုင်ဘက်၊ အနှောင့်အယှက်၊ အတိုက်အခိုက်များနေမည်မှတ်ပါ။ စနေ၊ သောကြာသားသမီး သတိထားပါ။ ကျန်းမာရေးသင့်ပြီး လူမှုရေးညံ့ကာ စီးပွားရေးကတော့ အထူးကံကောင်းတတ်ပါသည်။ ဂူတွင်းယရှောင်ပါ။ တစ်ခုလပ်၊ မုဆိုးမရှောင်ပါ။ ပြဿနာတက်ကိန်းမြင်သည်။

**ကံကောင်းအရောင်။** ။ အဖြူဆွတ်ဆွတ်၊ အပြာနု၊ မဲနယ်ရောင်ဝမ်းဆက် ဝတ်ဆင်ပါ။
**ကံညွှန်းအရောင်။** ။ အနီရဲရဲ၊ မဟော်ဂနီရောင်ရှောင်ပါ။
**အချစ်ရေး။** ။ ကံမကောင်းသေးပါ။ ဆက်လက်ကြိုးစားပါ။
**အိမ်ထောင်ရေး။** ။ လင်မယားနှစ်ဦး သဒ္ဓါထူး၍ အလှူကြီးပေးရမည်။
**ထီထိုးရန်။** ။ (န) ၈–၁၊ (ပ) ၇–၂၊ (ဖ) ၆–၄။
**ယတြာ။** ။ မွေးနံ့ထောင့်တွင် စွန်ပလွန်ယို၊ သရက်ယို၊ နာနတ်ယို ကပ်လှူပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

**သောကြာ**

ယခုကာလသည် ဘာပဲလုပ်လုပ် ပြဿနာတက်တတ်သည်။ စီးပွားရေးအညွှံ့ရှိနေသည်။ အပြိုင်အဆိုင်၊ အတိုက်အခိုက်၊ အနှောင့်အယှက်များတတ်၍ အပြောအဆို၊ အနေအထိုင် ဆင်ခြင်ပါ။ မဆင်ခြင်က ဘေးတွေ့တတ်သည်။ မေတ္တာပို့၊ ပုတီးစိပ်၊ သက်သတ်လွတ်စားပါက ကံပြန်တက်လာမည်။ မင်္ဂလသုတ်၊ ရတနသုတ် ရွတ်ဖတ်ပေးပါ။ သုဂတောသိဒ္ဓိဟုရွတ်ဆို၍ ပုတီးစိပ်ပါ။

**ကံကောင်းအရောင်။** ။ စိမ်းပြာ၊ သစ်ခက်၊ ကျောက်ပွင့်ရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**ကံညံ့အရောင်။** ။ မဟူရာ၊ ဆန္ဒင်းတက်ရောင် အထူးရှောင်ပါ။

**အချစ်ရေး။** ။ ဦးစားမပေးပါနှင့်။ ပညာဆက်လက်သင်ကြားပါ။

**အိမ်ထောင်ရေး။** ။ စိတ်သဘောထားတိုက်ဆိုင်မှုနည်းတတ်သည်။

**ထီထိုးရန်။** ။ (က) ၁–၄၊ (ခ) ၁–ရ၊ (ဂ) ၁–၅။

**ယတြာ။** ။ အိမ်ဘုရားတွင် ဖရုံယို၊ နာနတ်ယို၊ စပျစ်သီးခြောက် ကပ်လှူပေးပါ။

**[illegible]**

ယခုကာလသည် ဘယ်မှမသွားဘဲ အိမ်၌ နားနားနေနေ နေသင့်ပါသည်။ အမောဆို့၊ နှလုံးတုန်၊ ရင်ခုန်ရောဂါ သတိထားပါ။ အသက်အန္တရာယ်မြင်သည်။ အနန္တငါးပါး မမေ့ပါနှင့်။ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားလိုက်ပါ။ ရွှေ ငွေထွက်မည်။ သားသမီးတို့ မိဘကို လုံးဝပြန်မကြည့်ဘဲ ပစ်ထားတတ်ပါသည်။

**ကံကောင်းအရောင်။** ။ အညို၊ အဖြူ၊ ပန်းရောင် ဝတ်ဆင်ပါ။

**ကံညံ့အရောင်။** ။ အစိမ်းရင့်၊ အပြာရင့်ရောင် ရှောင်ပါ။

**အချစ်ရေး။** ။ ချစ်သူနှစ်ဦး အဆင်ပြေသွားတတ်သည်။ ကံကောင်းလိမ့်မည်။

**အိမ်ထောင်ရေး။** ။ လုံးဝကွဲကွာ၊ ခွဲခွာနေရတတ်သည်။ သဘောထားချင်းမတိုက်ဆိုင်ပါ။

**ထီထိုးရန်။** ။ (ပ) ၆–၅၊ (ဖ) ၆–၉၊ (ဗ) ၆–၂။

**ယတြာ။** ။ မွေးနံ့ထောင့်တွင် သုဂတောသိဒ္ဓိဟု ကိုးခေါက်တိတိရွတ်ဆိုပါ။

**စမ်းလိုအောင်၍ ပန်းလိုမွှေးပါစေ။**
**သစ္စာ၊ မေတ္တာ ဆရာထွန်းလင်းကျော်**
**နက္ခတ်ဗေဒင် လက္ခဏာပညာရှင်**

www.burmeseclassic.com